



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၀၈၇၃၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၁၂၉၁၀၆၁၁

❖

ပုံနှိပ်ခြင်း

ဒုတိယအကြိမ် ▸ (၂၀၀၇၊ မတ်လ)

အုပ်ရေ ▸ (၅၀၀)

❖

မျက်နှာဖုံး ▸ မောင်မောင်သိုက်

ကွန်ပျူတာစာစီ ▸ *Quality*

အတွင်းဖလင် ▸ *Quality*

❖

ပုံနှိပ်သူ

ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)

အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

❖

ထုတ်ဝေသူ

မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)၊

၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး ▸ ၉၀၀ - ကျပ်

BURMESE CLASSIC .com

## ကျွန်ုပ်ရလိုက်သော အမွေ

ကျွန်ုပ် ဝေမင်းအိမ်သည် မြစ်ဝကျွန်းပေါ်ဒေသရှိ တောမြို့ကလေး တစ်မြို့တွင် မွေးဖွားလူလားမြောက်ခဲ့ပြီးနောက် အစဉ်အတိုင်း ကျောင်း နေ၍လာခဲ့ရာ တစ်နှစ်တစ်တန်း အောင်မြင်ခဲ့သဖြင့် အသက် (၁၆) နှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်ခဲ့ရလေရာ ရန်ကုန်တက္ကသိုလ်မှ ဘီအေဘီ အက်စ်စီဘွဲ့ကို အပ်နှင်းခြင်းခံရလေ၏။

ဤနေရာတွင် နောင်လာနောက်သားများအား အနည်းငယ် ရှင်း ပြရန် လိုပေလိမ့်မည်။ ကျွန်ုပ်တို့ တက္ကသိုလ်တက်ရောက်စဉ် ဘွဲ့နှင်းရာတွင် ယခုကဲ့သို့ မဟုတ်ဘဲ ကျောင်း၌ ဝိဇ္ဇာပညာ၊ သိပ္ပံပညာအားလုံး သင်ယူကြရ သဖြင့် ဘွဲ့ပေးသောအခါတွင်လည်း ဘီအေဘွဲ့ကို ဦးစွာ ချီးမြှင့်၍ တစ်ပတ် ကြာသောအခါ ဘီအက်စ်စီဘွဲ့ကို ချီးမြှင့်လေ၏။ ထို့ကြောင့် ကျွန်ုပ်၏ ဘွဲ့မှာ ဘီအေဘီအက်စ်စီဘွဲ့ ဖြစ်နေခြင်း ဖြစ်တော့၏။

ဘွဲ့ရပြီးသောအခါ ကျွန်ုပ်သည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ် ဌာနတွင် ဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သော်လည်း တစ်နှစ်ခန့်သာ ကြာခဲ့လေ၏။ ထို့နောက် ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုတွင် ဇာတ်ညွှန်းခွဲပေးခြင်း၊ ဒါရိုက်တာကွင်းမန်နေဂျာ လုပ်ပေးခြင်းကို လုပ်ကိုင်ခဲ့သေး၏။ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ကဲ့သို့ ခပ်အေးအေး နေလိုသော လူတစ်ယောက်အတွက် ထိုအလုပ်တွင် ပျော်ပိုက်မှု သိပ်မရှိသဖြင့် အလုပ်မှ ထွက်ခဲ့တော့၏။

ရုပ်ရှင်ကုမ္ပဏီမှ ထွက်လာပြီးနောက် ကျွန်ုပ်သည် မည်သည့်အလုပ်မှ မဝင်တော့ဘဲ အင်္ဂလိပ်စာပြဆရာတစ်ယောက်အဖြစ်နှင့် ကြေးရတတ်မိဘများ၏ သားသမီးများကို အိမ်သို့လိုက်၍ စာသင်ပေးသော အလုပ်ကိုသာ ဖောက်ချလုပ်ကိုင်ခဲ့တော့၏။

ထိုသို့ အင်္ဂလိပ်စာပြဆရာတစ်ယောက်အဖြစ်နှင့် အသက်မွေးနေစဉ် စာအသင်အပြတော်သည်ဟု တစ်စတစ်စ နာမည်ရလာရာ ကျွန်ုပ်အား စာသင်ပေးရန် လာရောက်ငှားရမ်းသော မိဘများမှာ တစ်နေ့တခြား များလာခဲ့တော့၏။

ကျွန်ုပ်လည်း အော်စတင်ကား တစ်ပတ်နွမ်းကလေးတစ်စီးကို ဝယ်ယူပြီး ဦးဘောလုံးဟု အမည်ရသော ဒရိုင်ဘာကြီး တစ်ယောက်ကို ငှားကာ ရန်ကုန်မြို့အတွင်း အိမ်တကာ လှည့်၍ သင်ရလေတော့၏။

ကျွန်ုပ် စာပြပေးရသော အိမ်များအနက် ဝင်ဆာလမ်း (ယခု ရှင်စောပုလမ်း)မှ လမ်းမင်းကြီး ဦးဘိုးသိန်း၏ အိမ်လည်း အပါအဝင် ဖြစ်လေ၏။ လမ်းမင်းကြီး ဦးဘိုးသိန်း၏ သားအငယ်ဆုံး မောင်မင်းအောင်ကို တစ်ပတ်လျှင် သုံးရက်တိတိ အင်္ဂလိပ်စာ ပြပေးရလေရာ တစ်စတစ်စ လမ်းမင်းကြီးနှင့်' ရင်းနှီးလာခဲ့ရုံမကဘဲ မင်းကြီးကတော် ဒေါ်ခင်မကြီးနှင့် ရင်းလမ်းမင်းကြီး၏ သားအကြီး စိုက်ပျိုးရေးဝန်ထောက် ကိုသင်းအောင်၊ သူ့ဇနီး မဝင်နီတို့ကိုပါ ရင်းနှီးခင်မင်ခဲ့ရတော့၏။

လမ်းမင်းကြီးသည် ကျန်းမာရေး မကောင်းသောကြောင့် အလုပ်မှ အသက် မပြည့်မီပင် ပင်စင်ယူထားရလေရာ အပြင်သို့ သိပ်သွားသည်မရှိဘဲ အိမ်မှာသာ အနေများလေ၏။

အသက် လွန်စွာကြီးသော အဘိုးကြီးတစ်ယောက် မဟုတ်သော်လည်း ကျန်းမာရေးချူချာလွန်းသောကြောင့် အရွယ်နှင့်မမျှ ပို၍အိုစာနေတော့၏။





မောင်မင်းအောင်မှာလည်း စာအလွန် ကြိုးစားသော လူငယ်တစ်ယောက် ဖြစ်လေရာ မက်ထရစ်စာမေးပွဲကို နှစ်ချင်းပေါက် အောင်နိုင်သည် သာမကဘဲ ထူးထူးချွန်ချွန် အောင်မြင်နိုင်သူ ဖြစ်လေရာ ကျွန်ုပ် သင်သလောက် တိုးတက်မှုရှိခဲ့လေ၏။ ထိုအတွက်ကြောင့်လည်း ကျွန်ုပ်မှာ လမ်းမင်းကြီး၏အိမ်တွင် မျက်နှာရသော ဆရာတစ်ယောက် ဖြစ်ခဲ့လေ၏။

ကျွန်ုပ် စာသင်ပြီးတိုင်း လမ်းမင်းကြီးနှင့် ထိုင်ကာ စကားပြောခြင်း၊ စစ်တုရင် ကစားခြင်းများ ပြုလေရာ လမ်းမင်းကြီးသည် ကျွန်ုပ်အပေါ်၌ ခါတိုင်းထက်ပို၍ ခင်မင်လာခဲ့လေတော့၏။ တစ်ခါတစ်ရံတွင် လမ်းမင်းကြီးသည် ရှေးဟောင်းနှောင်းဖြစ်များကို ပြောပြတတ်လေ၏။

တစ်နေ့သောအခါ လမ်းမင်းကြီးသည် ကျွန်ုပ်နှင့် စစ်တုရင်ထိုးနေစဉ် ကျွန်ုပ်ကို အောက်ပါအတိုင်း ပြောပြလေ၏။

“ကျောင်းဆရာရေ လူဆိုတာ ကြိုးစားရင် ဘုရားဖြစ်တယ်ဆိုတာ အဟုတ်ပဲ။ ဘုရားဖြစ်အောင် မကြိုးစားနိုင်တောင်မှ ဘဝမှာ တင့်တောင့်တင့်တယ် နေနိုင်အောင်တော့ လူတိုင်း ကြိုးစားနိုင်ပါတယ်ဗျာ။ ကျုပ်အဖေဆိုရင် လူပျိုကြီးဗျ၊ လူပျိုကြီးဘဝနဲ့ အရိုးထုတ်သွားတယ်။ မသေခင်မှာ စွန့်စားသွားလာပြီး လူ့အကျိုးပြုလုပ်ငန်းတွေ လုပ်၊ လှူခဲ့တန်းခဲ့တာလည်း မနည်းပါဘူးဗျာ”

ကျွန်ုပ်လည်း လမ်းမင်းကြီး၏ စကားကို ကြားရသောအခါ အံ့သြသွားရုံမကဘဲ လမ်းမင်းကြီးသည် ကျန်းမာရေးမကောင်းသဖြင့် တလွဲတချော် စကားများ ပြောလေသလားဟု စိတ်ထဲမှာ တွေးလိုက်မိလေ၏။ ကျွန်ုပ် ထိုသို့တွေးလိုက်သည်ကို အကင်းပါးလှသော လမ်းမင်းကြီး ဦးဘိုးသိန်းက ရိပ်မိသွားပုံဖြင့် –

“ဘယ့်နှယ့်လဲ ကျောင်းဆရာရဲ့၊ ကျုပ်စကားကို ကြားရတော့ နားတွေးသွားတယ် မှတ်တယ်။ ဒီလိုလေ ကျောင်းဆရာရယ်၊ ကျုပ်အဖေဦးတောအုပ်က လူပျိုကြီးဗျ။ သူက ကျုပ်ကို မွေးစားပြီး ပညာတွေ သင်ပေး၊



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကို လွှတ်၊ ဘွဲ့ယူနိုင်းဆိုတော့ ကျုပ်က အရာရှိကြီး ဖြစ်ခဲ့ရတာပေါ့ ဗျာ'

ဟု ရှင်းပြလိုက်တော့မှ ကျွန်ုပ်လည်း နားရှင်းသွားခဲ့တော့၏။

ထို့နောက်တွင် လမ်းမင်းကြီးက ဆက်၍ ပြောပြန်၏။

"ကျုပ်အဖေ ဦးတောအုပ်က ကျုပ်လို လူအေးလူပျော့သမား မဟုတ်ဘူးဗျို့။ နိုင်ငံအတော်များများကို ရောက်ဖူးတဲ့လူပဲ၊ ရောက်ဖူးတာမှ သာမန်ရောက်ဖူးတာ မဟုတ်ပေဘူး ကျောင်းသားရဲ့။ အဲဒီနိုင်ငံတွေရဲ့ တောတွေ တောင်တွေထဲအထိကို နှံ့နေအောင် ရောက်ခဲ့ဖူးတာ။

သူ့မှာ ဆရာရှိတယ်။ သူ့ဆရာကလည်း သူ့လို လူပျိုကြီးဆိုပဲ။ အဲဒီကတော့ တကယ့်ကို လူစွန့်စားကြီးတစ်ယောက်ပဲ။ ကျုပ်အဖေက သူနဲ့တွဲပြီး စွန့်စွန့်စားစား အလုပ်တွေ တော်တော်လုပ်ခဲ့တာ"

ဤသို့ဖြင့် ကျွန်ုပ်နှင့် လမ်းမင်းကြီးသည် အချိန်ရတိုင်း စကားလက်ဆုံဝင်တတ်လေရာ လမ်းမင်းကြီးက သူ၏ မွေးစားအဖေ ဦးတောအုပ်၏ စွန့်စားခန်းများကို မကြာမကြာ ပြောပြတတ်လေ၏။ ကျွန်ုပ်လည်း အလွန်ပင် စိတ်ဝင်စားခြင်း ဖြစ်ခဲ့လေ၏။

တစ်နေ့တွင် လမ်းမင်းကြီးသည် ကောက်ခါငင်ကာ အပြင်းဖျားလေတော့၏။ သူတို့မိသားစုလည်း ကုနေကျ ကုလားဆရာဝန်ကြီးကို အိမ်သို့ပင့်ကာ ကုသကြလေ၏။ ထိုသို့ ဂရုတစိုက် ကုသနေသည့် ကြားမှပင် နှလုံးမှ ဖောက်ပြန်လာလိုက်၊ သွေးတိုးနှုန်းက ဖောက်ပြန်လာလိုက် ဖြစ်နေသဖြင့် နောက်ဆုံးတွင် ကုလားဆရာဝန်ကြီးလည်း စိုးရိမ်လာပြီး ဆေးရုံတက်နိုင်းလိုက်လေတော့၏။

ဆေးရုံတွင်တင်၍ ကုသသော်လည်း လမ်းမင်းကြီးမှာ သက်သာလာခြင်း မရှိဘဲ သုံးရက်မြောက်သောနေ့တွင် အနိစ္စတရားကို ရင်ဆိုင်သွားရလေတော့၏။ ကျွန်ုပ်လည်း များစွာ စိတ်မကောင်း ဖြစ်မိလေ၏။

လမ်းမင်းကြီး၏ ရျာပနကို ကောင်းမွန်စွာ သဂြိုဟ်ပြီးနောက် ရက်လည်ပြီးသောအခါ ကျွန်ုပ်လည်း မောင်မင်းအောင်ကို စာသင်ပေးရန်





လမ်းမင်းကြီး၏အိမ်သို့ ပြန်သွားရလေ၏။ ထိုနေ့မှာမှ လမ်းမင်းကြီး၏ သားအကြီးဖြစ်သော ကိုသင်းအောင်က –

"ဆရာရေ၊ ဖေဖေ မသေခင်က ဆရာနဲ့ပတ်သက်ပြီး ကျွန်တော့်ကို ဘာစ်ခု မှာသွားတာရှိတယ်"

ဟု ပြောလာလေရာ –

"ဟင် . . . ဟုတ်လား၊ ဘာများ မှာသွားသလဲ ကိုသင်းအောင်"

ဟု ကျွန်ုပ်က ပျာပျာသလဲ မေးမိလေ၏။

ကိုသင်းအောင်မှာ ကျွန်ုပ်နှင့် ရွယ်တူဖြစ်သည့်အပြင် တစ်ယောက်နှင့်တစ်ယောက်လည်း ခင်မင်နေကြပြီဖြစ်ရာ ရင်းရင်းနှီးနှီးပြုံး၍ ကျွန်ုပ်အား

"တခြားမဟုတ်ပါဘူး ဆရာရယ်။ သူ သေသွားရင်တဲ့၊ သူ့စာဖတ်ခန်းထဲက ကျွန်းသေတ္တာကြီးကို ဆရာ့အတွက်ထားခဲ့တာမို့ ဆရာ့ကို ပေးလိုက်ပါတဲ့ဗျာ"

ဟု ပြောလေ၏။

ကျွန်ုပ်လည်း အံ့သြသွားကာ လမ်းမင်းကြီးပေးခဲ့သော ကျွန်ုပ်အတွက် အမွေကို ကြည့်ရန် စာဖတ်ခန်းသို့ ရောက်လာရတော့၏။ လမ်းမင်းကြီး၏ စာကြည့်ခန်းမှာ အတန်အသင့် ကျယ်ဝန်းသော အခန်းဖြစ်၍ နံရံပတ်လည်တွင် မှန်ဗီရိုများ အပြည့်ရှိနေကာ စာအုပ်များ အစီအရီ ထည့်ထားသည်ကို တွေ့ရ၏။ ထိုစာအုပ်များမှာ သူ၏မွေးစားဖခင် ဦးတောအုပ်လက်ထက်ကတည်းက စုဆောင်းထားခဲ့သော စာအုပ်များနှင့် သူ့လက်ထက်တွင် ထပ်မံစုဆောင်းထားသော စာအုပ်များ ဖြစ်လေ၏။

ကိုသင်းအောင်သည် ကျွန်ုပ်အား လမ်းမင်းကြီး ပေးခဲ့သော ကျွန်းသေတ္တာကြီးကို လက်ညှိုးထိုးပြကာ နံရံမှ သော့တစ်ချောင်းကို ဖြုတ်ပေးလေ၏။

သေတ္တာကြီးမှာ အလျားလေးပေ၊ အမြင့်နှစ်ပေခန့်ရှိပြီး ဗျက်မှာလည်း နှစ်ပေခန့်ရှိသော ရှေးကျသည့် လက်ရာဖြင့် ပြုလုပ်ထားသည့် သေတ္တာဟောင်းကြီး ဖြစ်လေ၏။ ကျွန်းသားဖြင့် ပြုလုပ်ထားသဖြင့်သာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ယခုလောက် တာရှည်ခံခဲ့ပုံရ၏။ အခြားသစ်သားများဖြင့်သာ ပြုလုပ်ခဲ့ပါက ကိုင်၍ပင် ရနိုင်တော့မည် မဟုတ်ပေ။

ကျွန်ုပ်လည်း ကိုသင်းအောင် လှမ်းပေးသော သော့တံနှင့် သေတ္တာတွင် ခတ်ထားသော သော့ခလောက်ကြီးကို ဖွင့်လိုက်ကာ သေတ္တာဖုံးကို ခပ်ဖြည်းဖြည်း မ,ယူလိုက်လေ၏။

သံချေးကိုက်နေသော ပတ္တာနေရာမှ 'ဂျွတ် ဂျွတ်' ဟု မြည်သွားပြီးလျှင် သေတ္တာဟောင်းကြီး ပွင့်သွားတော့၏။ ကျွန်ုပ်လည်း သေတ္တာအတွင်းသို့ ကြည့်လိုက်ရာ အင်္ဂလိပ်လို ပုံရိုက်ထားသော စာအုပ်များကို တွေ့ရလေ၏။ စာအုပ်တိုင်း၏ ရှေ့ခံစာရွက်လွတ်တွင် 'မောင်တောအုပ်' ဟူသော အမည်နှင့် လက်မှတ်ကိုလည်းကောင်း၊ စာအုပ်ဝယ်သော ရက်စွဲနှင့် ဝယ်ယူသော နိုင်ငံမြို့များကို ပြည့်ပြည့်စုံစုံ ရေးထားသည်ကို တွေ့လိုက်ရတော့၏။

ဒါဟာ လူစွန့်စားကြီး ဦးတောအုပ်ရဲ့ စာအုပ်သေတ္တာပဲဟု ကျွန်ုပ်လည်း သဘောပေါက်သွားကာ အပေါ်ယံမှ စာအုပ်များကို ထုတ်ယူ၍ ကြည့်လိုက်သောအခါ သားရေဖုံး ဖိုင်တွဲများကို တွေ့ရလေ၏။ ထိုဖိုင်တွဲများ၏ အတွင်း၌ ဝါကျင်နေပြီဖြစ်သော စာရွက်များပေါ်တွင် ရေးထားသည့် ဦးတောအုပ်၏ ခရီးစဉ်မှတ်တမ်းများကို တွေ့ရလေရာ ကျွန်ုပ်မှာ နဂိုကပင် လမ်းမင်းကြီး ပြောပြထားသဖြင့် ဦးတောအုပ်ဆိုသော လူကြီးကို စိတ်ဝင်စားနေသည်ဖြစ်ရာ ယခုကဲ့သို့ သူကိုယ်တိုင် ရေးထိုးထားခဲ့သော မှတ်တမ်းများကို တွေ့လိုက်ရသောအခါ လွန်စွာ ဝမ်းသာသွားမိလေတော့၏။

ကိုသင်းအောင်ကို အလွန်ကျေးဇူးတင်သည့်အကြောင်း ပြောဆိုကာ မင်းကြီးကတော်ကိုလည်း အလွန်ကျေးဇူးတင်ကြောင်း သွား၍ ပြောရလေ၏။ မင်းကြီးကတော်လည်း မျက်ရည်တစမ်းစမ်းဖြင့် ကြားမှပင် ကျွန်းသေတ္တာကြီးကို ကျွန်ုပ်အား ကြည်ဖြူစွာ ပေးလိုက်လေတော့၏။

ထိုနေ့က ဝမ်းသာနေသဖြင့် မောင်မင်းအောင်ကိုပင် ပြောင့်ဖြောင်တန်းတန်း စာမပြနိုင်အောင် ရှိနေတော့၏။ စာပြပြီးသောအခါ ကျွန်ုပ်လည်း ဒရိုင်ဘာ ဦးဘောလုံးကို ခေါ်၍ ကျွန်ုပ် အမွေရလိုက်သော ကျွန်း





သေတ္တာကြီးကို နှစ်ယောက်သား ကားပေါ်သို့ ထိုးတင်ကာ ကျွန်ုပ် ငှားရမ်းနေထိုင်သော ကမာရွတ်ဘက်မှ ခြံကြီးသို့ ဝမ်းသာအားရ ပြန်လာခဲ့လေတော့၏။

ကျွန်ုပ်သည် ဦးတောအုပ်၏ မှတ်တမ်းများကို စတင် ဖတ်ရှုသည့်နေ့မှစ၍ ခါတိုင်းကဲ့သို့ အပြင်ကို သိပ်မသွားတော့ဘဲ စာသင်ရုံသာ ထွက်ခဲ့လေ၏။ စာသင်ပြီးသည်နှင့် တစ်ပြိုင်နက် ခြံထဲသို့ ပြန်လာကာ အခန်းအောင်း၍ မှတ်တမ်းကြီးများကို ဖတ်လေတော့၏။

ဦးတောအုပ်၏ မှတ်တမ်းများမှာ ဖတ်လေဖတ်လေ ပို၍ ပို၍ စိတ်ဝင်စား လာလေလေ ဖြစ်လေတော့၏။ သူ၏ မှတ်တမ်းများမှာ အလွန်ဘရာ ထူးဆန်းသော အဖြစ်အပျက်များ၊ တော်ရုံတန်ရုံ လူကို ပြန်ပြောပြလျှင်တောင်မှ ယုံကြည်နိုင်ဖွယ်ရာမရှိသော အကြောင်းများ၊ သာမန် ယောကျ်ားတစ်ယောက်အနေနှင့် ယောင်၍ပင် စိတ်မကူးဝံ့သော စွန့်စားမှုများကို ဖတ်ရသောအခါ ကျွန်ုပ်သည် ကျွန်ုပ် ဖတ်ရှုရသော အံ့သြဖွယ်မှတ်တမ်းများမှ အကြောင်းအရာ အဖြစ်အပျက်တို့ကို အခြားသူတို့အား ပြန်ပြောပြလိုသည့် ဆန္ဒများ မျိုသိပ်၍မရနိုင်လောက်အောင်ပင် ကြီးမားလာခဲ့လေရာ နောက်ဆုံးတွင် မည်သူ့အား သွားပြောရပါ့မလဲဟု တွေးတောမိပြန်၏။ ကျွန်ုပ်နှင့်အတူ ကလပ်တက်ဖက် မိတ်ဆွေများမှာလည်း လူပေါ့ လူပျော်များသာ ဖြစ်လေရာ ကျွန်ုပ် ပြန်ပြောပြမည့် မှတ်တမ်းကြီးများထဲမှ အဖြစ်အပျက်များကို ယုံကြည်ရန် ဝေးစွ။ ကျွန်ုပ်အား အိမ်တွင်းအောင်းကာ စာချည်းဖတ်နေသဖြင့် စိတ္တဇတစ်မျိုးမျိုးစွဲကပ်နေပြီဟု ပြောကြမည်မှာ သေချာနေတော့၏။

ဤသို့ဖြင့် နောက်ဆုံးတွင် ကျွန်ုပ်လည်း ဤအကြောင်းအရာများကို မည်သူ့မျှ ပြောပြမနေတော့ဘဲ စာအုပ်အဖြစ် ချရေးရန် ဆုံးဖြတ်လိုက်မိတော့၏။ စာဖတ်သူများအနေနှင့်မူ ဦးတောအုပ်၏ မှတ်တမ်းများကို မယုံသူရှိသလို ယုံသူလည်း ရှိပေလိမ့်မည်ဟု ကျွန်ုပ်တွေးမိသောကြောင့် ဦးတောအုပ်၏ ပထမဆုံး ရေးသားသော မှတ်တမ်းမှစတင်ကာ ပြန်လည်ရေးသားလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရေးသားရာတွင် စာဖတ်သူများအနေနှင့် ဖတ်၍ ကောင်းရှိမှုသာ ဝါကျများကို ချောမွေ့အောင် ပြုလုပ်ပေးသည်မှလွဲ၍ ဦးတောအုပ်၏ အဖိုးတန်မှတ်တမ်းများကို ဖြတ်တောက်ပြုပြင်မှု လုံးဝ မလုပ်ခဲ့ပေ။

စာဖတ်သူများအနေနှင့် ရှေ့တွင် ဆက်လက်ဖတ်ရှုရမည့် အကြောင်းအရာများမှာ ဦးတောအုပ်၏ အမြတ်တနိုး ရေးသားသွားခဲ့သော အဖြစ်မှန် မှတ်တမ်းများသာဖြစ်ကြောင်း သိစေလိုပါသည်။

စာရေးသူ

## ဦးတောအုပ်၏ မှတ်တမ်းအစ

ကျွန်ုပ် မောင်တောအုပ်သည် လယ်သမား မိဘနှစ်ပါးမှ မွေးဖွားလာခဲ့သူတစ်ယောက် ဖြစ်လေသည်။ ကျွန်ုပ်အား မွေးဖွားစဉ်က မိခင်ကြီးမှာ ကိုယ်ဝန်အရင့်အမာနှင့် ဖြစ်နေသော်လည်း ဆင်းရဲသော တောင်သူလယ်သမားတို့၏ ထုံးစံအတိုင်း နားနေ၍ မရသောကြောင့် လယ်ထဲသို့ဆင်းကာ ဖခင်ကြီး စပါးရိတ်သိမ်းသည်ကို ဝိုင်းကူ၍ ကောက်လှိုင်းစည်းပေးခြင်း၊ ကောက်လှိုင်း တိုက်ပေးခြင်းများကို ပြုလုပ်ခဲ့ရလေ၏။

ထိုသို့ ပြုလုပ်နေစဉ် ကမ္ဘာလေ လှုပ်ရှားလာပြီး ရွာသို့ ပြန်ရန်ကလည်း အလှမ်းဝေးနေသောကြောင့် လယ်ကွင်းအစပ်တွင်ရှိသော တောအုပ်ကလေးအတွင်းမှာပင် ပါလာသော ပုဆိုးများ၊ စောင်များ ကာ၍ အရေးပေါ်မီးနေခန်း ပြုလုပ်ကာ လယ်သူမ အချင်းချင်းမှ လက်သည် လုပ်၍ ကျွန်ုပ်အား မွေးဖွားလိုက်ရလေ၏။

ကျွန်ုပ်၏အမည်ကို မှည့်ခေါ်ရာတွင်လည်း တောအုပ်အတွင်းတွင် မွေးဖွားရသည်ကို အစွဲပြုကာ မောင်တောအုပ်ဟု မှည့်ခေါ်ခဲ့ကြလေသည်။

---

ဆုပြည့်စုံထွန်းစာပေ

www.burmeseclassic.com



ကျွန်ုပ် ဆယ်နှစ်သားခန့်တွင် ကျွန်ုပ်၏ မိဘများသည် ဝမ်းရောဂါဖြစ်ကာ နှစ်ယောက်စလုံး ရုတ်တရက် ကွယ်လွန်သွားခဲ့လေတော့၏။ ထိုအချိန်တွင် ကျွန်ုပ်၏မိဘများ ကိုးကွယ်သော ရွာဦးကျောင်း ဆရာတော်မှ ကျွန်ုပ်အား ခေါ်ယူမွေးစားကာ မိဘများ ကျန်ရစ်ခဲ့သည့် လယ်ယာများကိုလည်း ဆရာတော်၏ ဩဇာဖြင့် ထိန်းသိမ်းပြုလုပ်စေခဲ့ပြီး ရရှိသော သီးစားခကို ကျွန်ုပ်အား ပညာသင်ပေးရန် စုဆောင်းထားခဲ့လေ၏။

ကျွန်ုပ်အား မွေးစားသော ဆရာတော်မှာ မွန်လူမျိုး ဖြစ်ပြီး ပညာအလွန်တော်သည်ဟု ကျွန်ုပ်တို့နယ်တွင် ကျော်ကြားခဲ့လေသည်။ ဆရာတော်သည် ကျွန်ုပ်အား သားအရင်းကဲ့သို့ ချစ်ခင်တွယ်တာသွားသည့်အပြင် မြို့ကျောင်းသို့ပို့ကာ ပညာသင်စေခဲ့၏။ နွေရာသီကျောင်းပိတ်သော ရက်များတွင် ဆရာတော်၏ညီက ကိုယ်ခံပညာကို စနစ်တကျ လေ့ကျင့်ပေး ခဲ့လေရာ ကျွန်ုပ် ဆယ်တန်းအောင်သော နှစ်တွင် ကျွန်ုပ်သည် လက်သိုင်း၊ ဓားသိုင်းတွင်သာမက ဗန်တိုပညာကိုပါ ကျွမ်းကျင်စွာ တတ်မြောက်ခဲ့လေ၏။

ဆရာတော်၏ ဆန္ဒအရ ကျွန်ုပ်သည် ကာလကတ္တား ယူနီဗာစီတီတွင် ဆက်လက်၍ ပညာသင်ကြားခဲ့သော်လည်း တစ်နှစ်ခန့်ကြာသောအချိန်တွင် ကျွန်ုပ်၏ ကျေးဇူးရှင် မွန်ဆရာတော်ကြီး ပျံလွန်တော်မူခဲ့သဖြင့် ကျွန်ုပ်လည်း ယူနီဗာစီတီကို ဆက်မတက်တော့ဘဲ မြန်မာပြည်သို့ ပြန်လာခဲ့လေ၏။

မြန်မာပြည်သို့ ပြန်ရောက်သောအခါ စိုက်ပျိုးရေးဘက်တွင် အလုပ်ဝင်လုပ်သော်လည်း အထက်အရာရှိဖြစ်သူ မျက်နှာဖြူတစ်ယောက်နှင့် စကားအကြီးအကျယ်များကာ အလုပ်မှ ထွက်ခဲ့ရလေ၏။

ထို့နောက်တွင် ကျွန်ုပ်သည် လယ်မှရသော သီးစားခလေးဖြင့် ရန်ကုန်တွင် သွားလာပျော်ပါးနေရာ အပေါင်းအသင်း များသည်ထက်များလာပြီး အရက်မရှောင်၊ ဖဲမရှောင်ဘဝသို့ ရောက်လာကာ တစ်ခါတစ်ရံ အဖော်ကောင်းလျှင် ဘိန်းခန်းသို့ပင် ရောက်ရောက်သွားတတ်ချေ၏။





ဤသို့ဖြင့် ကျွန်ုပ်၏ဘဝသည် ထိန်းသိမ်းမည့်သူမဲ့ကာ ပျက်စီးစပြုနေချိန် အလွန်အေးလှသော ဆောင်းညတစ်ညတွင် ဆူးလေဘုရားလမ်းမှ ဘရုတ်ပျော်ပွဲစားရုံတစ်ခုတွင် ချိန်းဝိုင်းကောင်းသဖြင့် ဖဲဝင်ချလေ၏။ ထိုညက ကျွန်ုပ် ကံလိုက်နေသောကြောင့် ဖဲဝိုင်းအပြီးတွင် ငွေသား အတော်များများနိုင်လိုက်လေ၏။ ညဥ့်လည်း အတော်နက်ပြီဖြစ်သဖြင့် လန်ချားပင် ငှား၍ရနိုင်ဖွယ် မရှိတော့ပေ။ ကျွန်ုပ်လည်း ဖဲနိုင်သော ငွေစများကို ကျစ်ကျစ်ပါအောင်ထုတ်ကာ ဆူးလေဘုရားလမ်းမှ ကျွန်ုပ် ခေတ္တတည်းခိုနေထိုင်သော ဝိုင်အမ်စီအေအသင်းတိုက်သို့ လမ်းလျှောက် ပြန်ခဲ့ရလေတော့၏။

ဒါလဟိုစီလမ်းကြီးအတိုင်း ကျွန်ုပ် လျှောက်လာခဲ့ရာ ရိုးကမ့်ဗဏီအလွန်လောက် ရောက်သောအခါ ပန်းဆိုးတန်းထိပ်ရှိ ကြေးနန်းရုံးကြီးအောက်မှ လူတစ်စုသည် မှောင်ရိပ်ခို၍ ကျွန်ုပ်ရှိရာသို့ တရွေ့ရွေ့ လာနေကြသည်ကို တွေ့လိုက်ရသောကြောင့် ကျွန်ုပ်လည်း သတိထားနေလိုက်မိတော့၏။

ထိုလူများမှာ အားလုံး ငါးယောက် ဖြစ်ပြီး ကျွန်ုပ်ရှေ့မှ ကာပြီး ရပ်နေကြလေ၏။

"ဒီည နိုင်သွားတဲ့ ငွေထုပ်ကြီး ဒီရှေ့ကို ပစ်ချပြီးရင် မောင်ရင်လေး ကြိုက်တဲ့ဆီကို သွားနိုင်ပါပြီ"

ဟု ခေါင်းဆောင်ဖြစ်ပုံရသော ခပ်ထွားထွား လူကြီးက အသံသြသြကြီးဖြင့် ကျွန်ုပ်ကို ပြောလေ၏။ လက်စသတ်တော့ ပျော်ပွဲစားရုံက ကောင်တွေ၊ လူမိုက်တွေကို လက်ထောက်ချလိုက်တာပဲဟု ကျွန်ုပ် သဘောပေါက်သွားတော့၏။ လူငါးယောက်ကို ကျွန်ုပ် တစ်ချက်ဝေ့ပြီး အကဲခတ်ကြည့်လိုက်သည်။

"ကဲ . . . မောင်ရင် မြန်မြန်ထ ငွေထုပ်ချခဲ့ပါ။ ရွှေစရာလမ်းလည်း ရှိတော့တာမှ မဟုတ်တာ"

ဟု လူထွားကြီး ထပ်ပြောလိုက်လျှင် သူ့တပည့်လေးယောက်က ရှေ့သို့ ခြေတစ်လှမ်းတိုးလာကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း ရှေ့ဆုံးမှ တိုးဝင်လာ သူ၏ မျက်နှာကို လက်ထဲမှ ငွေစများ ထည့်ထားသော အိတ်နှင့် တအားလွှဲရိုက်ချလိုက်လေတော့၏။ တိုက်ပွဲကား စလေပြီ။ ကျွန်ုပ်ကား တစ်ယောက်။ သူတို့က ငါးယောက်။ သို့ရာတွင် ကျွန်ုပ်၏ စိတ်ထဲတွင် ဆရာတော်ညီ တစ်သက်လုံး သင်ပေးသွားတဲ့ ဗန်ဒိုပညာကို ဒီနေရာမျိုးမှာမှ ထုတ်မသုံးရင် ဘယ်တော့ သုံးရတော့မှာလဲဟု တွေးလိုက်မိကာ ခြေအနုတ်အသိမ်း အရှောင်အတိမ်းကို သတိထား၍ လှုပ်ရှားလိုက်လေတော့၏။

"အား"

တစ်ယောက်တော့ ချက်ကောင်းထိသွားပုံရ၏။ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ နောက်သို့ ဆုတ်သွားလေပြီ။ လာခဲ့စမ်း နောက်တစ်ယောက်။

"ဘုန်း ... အင့် ... အား"

အရိုက်တည့်တည့်ကို ညာခြေစောင်းဖြင့် ထိထိမိမိ ကန်သွင်းလိုက်၏။ အော်သံ အဆုံးမှာ ဘုန်းခနဲ လဲကျသွားလေတော့၏။

ခေါင်းဆောင်လူထွားကြီးက မဝင်သေးဘဲ လက်ကြီးပိုက်ကာ ဟန်ပါပါနှင့် ကြည့်နေလေ၏။ ထိုအချိန်မှာ တိုက်ပွဲ အခြေအနေက ပြောင်းသွားလေ၏။

ကျွန်ုပ်လည်း ပို၍ သတိထားကာ နေလိုက်ရတော့၏။ ခဏကြာမှ ထိုသူမှာ လူမိုက်များဘက်မှ မဟုတ်ဘဲ ကျွန်ုပ်ဘက်မှ ဝင်ကူတိုက်သူ ဖြစ်နေကြောင်း သိလိုက်ရပြီး ကျွန်ုပ်လည်း စိတ်ထဲတွင် အားရှိသွားကာ ကျွန်ုပ်၏ ဗန်တိုကွက်များဖြင့် လှလှပပ ရှောင်တိမ်း၍ မိမိရရ ထိုးသွင်းတော့၏။

ကျွန်ုပ်အား ဝင်ရောက်ကူညီသူသည် အင်္ဂလိပ်လက်ဝှေ့ကို ကျွမ်းကျွမ်းကျင်ကျင် တတ်လေရာ လူမိုက်ခေါင်းဆောင်မှာ နောက်သို့ချည်း ဆုတ်ပေးနေရလေ၏။

နောက် ခဏကြာသောအခါ ခေါင်းဆောင်လူထွားကြီးသည် သူ့လူများကို အချက်ပေး၍ ဆုတ်ခွာသွားပြီး ပန်းဆိုးတန်း အောက်ဘက်သို့ မှောင်ရိပ်ခိုကာ ပျောက်ကွယ်သွားကြလေတော့၏။





(ထိုအချိန်က RET ကုမ္ပဏီမှ လျှပ်စစ်မီးများပေးခြင်း မပြုရသေးသောကြောင့် လမ်းမီးတိုင်များမှာ ရေနံဆီမီးအိမ်များသာ ထွန်းထားရသေးသည့်အတွက် အလင်းရောင်အား သိပ်မကောင်းသေးပေ။) ထို့ကြောင့်လည်း လူမိုက်တစ်စုသည် မှောင်ရိပ်ကိုအားပြုကာ သုတ်ခြေတင်သွားကြခြင်း ဖြစ်သော၏။

လူမိုက်များ မရှိတော့သည့်အခါတွင်မှ ကျွန်ုပ်အား ဝင်ရောက်ကူညီသူကို သေသေချာချာ ကြည့်မိတော့၏။ လမ်းမီးတိုင်၏ လေးဘက်လေးတန် ကာထားသော ရေနံဆီမီးအိမ် အလင်းရောင်ဖြင့် မြင်နေရသော ထိုသူ၏ မျက်နှာမှာ အလွန်ကြည့်ကောင်းသော မျက်နှာဖြစ်သည်ကို ကျွန်ုပ် သတိထားလိုက်မိလေ၏။ အရပ်မှာ ၅ ပေ ၁၀ လက်မခန့်ရှိ၍ ခန္ဓာကိုယ်တစ်ခုလုံးတွင် အသားပိုဟူ၍ မရှိဘဲ ကျစ်လျစ်၍ ယောကျ်ားတစ်ယောက်၏ ရှိသင့်သော အသွင်သဏ္ဌာန်အတိုင်း ခံ့ညား၍ရှုချင်ဖွယ်ဖြစ်သော ကိုယ်ကာယပိုင်ရှင်တစ်ယောက် ဖြစ်နေတော့၏။

မျက်နှာမှာ ဝါဝင်းသော မြန်မာစစ်စစ် အသားအရည်၊ ဖြောင့်စင်းနေသော နှာတံ၊ ပိရိသေသပ်သော နှုတ်ခမ်းများ၊ လေးနက်တည်ကြည်မှုကို ဖော်ပြနေ၍ မဟူရာသဖွယ် နက်မှောင်နေသော မျက်လုံးနှစ်လုံးဖြင့် ပေါင်းစပ်ထားသည့်အပြင် မေးစေ့၏ ဘယ်ဘက်ထောင့်တွင်ရှိသော မီးခြစ်ဆံအရွယ်ခန့်ရှိ မည်းနက်နေသည့် မှဲ့နက်ကလေးတစ်လုံးတို့ကြောင့် မျက်နှာမှာ ပို၍ ခံ့ညားထည်ဝါသွားလေတော့၏။

ထိုသူ၏ မျက်နှာမှာ မိန်းမတိုင်း ငေးမောထိုက်သော မျက်နှာဖြစ်သည့်အပြင် ယောကျ်ားများပင်လျှင် အားကျငေးမောလောက်သော မျက်နှာတစ်ခုဖြစ်ပေတော့၏။ သူဝတ်ထားသော လောင်းကုတ်အင်္ကျီရှည်ကြီးမှာ ဆောင်းလေအထွေတွင် တဖျတ်ဖျတ် လှုပ်ခတ်နေလေ၏။ ထိုသူက ခေါင်းတွင် ဆောင်းထားသော ရိုးကာမ္ဗဏီ ထုတ်သက္ကလပ်ဦးထုပ်ပျော့ကို ဟန်ပါပါ ချွတ်လိုက်ရင်း ကျွန်ုပ်ဘက်သို့ တိုးလာခဲ့လေသည်။ သည်တော့မှ ကျွန်ုပ်လည်း သတိဝင်လာကာ –

www.burmeseclassic.com



"ဒီက မိတ်ဆွေကြီး အခုလို ဝင်ကူညီတာ သိပ်ကျေးဇူးတင်တယ် ဗျာ။ ဒီအကောင်တွေ တော်တော် အတင့်ရဲတာပဲ။ ကျွန်တော့်မှာ ဒီည ဖဲ နိုင်လာတဲ့ ငွေစကလေး အတော်များများ ပါလာတာကို ဘယ်က သတင်းရ သွားတယ် မသိပါဘူး မိတ်ဆွေရာ။ တစ်ခါတည်း ရှေ့ကနေ ပိတ်စောင့်နေ တော့တာပါပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ –

"ငါ့ညီက ဆူးလေဘုရားလမ်းက တရုတ်ပျော်ပွဲစားရုံမှာ သွား ကစားတာ ထင်တယ်။ အဲဒီက အလုပ်သမားတချို့က မရိုးသားဘူးကွ လူမိုက်တွေနဲ့ပေါင်းပြီး လက်ထောက်ချတတ်တယ်။ အခု မင်း ရင်ဆိုင်လိုက် ရတဲ့ လူမိုက်တွေက ခေသူတွေ မဟုတ်ဘူးကွ။ လူမိုက်သိန်းမောင်ကြီးတို့ အဖွဲ့ပဲ၊ ဒီကောင်တွေ ခါးပိုက်နှိုက်အုပ်စုတွေလေ။ ဒါပေမယ့် ဒီလိုအချောင် ပေါက် တွေ့ရင်လည်း အုပ်စုနဲ့ အနိုင်ကျင့်ပြီး လုလိုက်တာပဲကွ။ ငါ့ညီရဲ့ ဗန်ဒိုပညာ အလွန်ကောင်းပါတယ်၊ ဒါပေမယ့် ရေရှည်သွားရင်တော့ ငါ့ညီ ထိသွားနိုင်တယ်။ ဒါကြောင့် ကျုပ် ဝင်ကူလိုက်တာပါ"

ဟု လူချောလူခန့်ကြီးက ပြန်ပြောလေ၏။

"ဟာ ကျေးဇူးတင်ပါတယ်ဗျာ၊ မိတ်ဆွေကြီး ပြောတာ မှန်ပါ တယ်။ ရေရှည်သွားရင် ကျွန်တော် ခံသွားရနိုင်ပါတယ်။ ဒါထက် မိတ်ဆွေရဲ့ နာမည်လေး သိခွင့်ရှိရင် တဆိတ်လောက် သိပါရစေဗျာ"

"သိရပါတယ် ငါ့ညီ၊ ကျုပ်နာမည် သံဟိတ်ပါ။ ဒါထက် ငါ့ညီက တော့ နာမည် ဘယ်လိုခေါ်သလဲကွယ့်"

"ကျွန်တော့် နာမည် တောအုပ်ပါ။ လောလောဆယ်တော့ ဝိုင် အမ်စီအေမှာ နေပါတယ်၊ နေရာအတိအကျ မရှိသေးပါဘူးဗျာ။ အလုပ်တစ်ခု အခြေကျတော့မှပဲ နေရာအတည်တကျ နေဖို့ စိတ်ကူးထားလို့ပါ"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်သည်။

"သြော် ... မောင်တောအုပ်က အလုပ်အကိုင် အတည်တကျ မရှိသေးဘူးကိုး၊ ကျုပ်က ဆိပ်ကမ်းသာလမ်းထဲက ချစ်တီးထမင်းဆိုင် အပေါ်





ထပ်မှာ နေတယ်။ ဒါဆိုရင် ဒီလိုလုပ်ပါလား၊ အခု ကျုပ်အခန်းကို လိုက်ခဲ့ပါ။ မောင်တောအုပ်ရဲ့ မျက်နှာမှာ ခုနက ရုပ်ထိသွားတဲ့ ဒဏ်ရာကလေးတွေက များပေမယ့် ဆေးကလေး ဘာကလေး ထည့်လိုက်ရင် ကောင်းမယ် ထင်လို့ပါ။ မောင်တောအုပ် ဖဲနိုင်လာတဲ့ ငွေထုပ်ကြီးအတွက် ကျုပ်ကို စိတ်ချတယ် ဆိုရင်ပေါ့လေ"

ဟု ကိုသံဟိတ်ဆိုသူက ကျွန်ုပ်ကို အကဲခတ်သလို ကြည့်ပြီး ပြောလေ၏။

"ဟား ... ကိုသံဟိတ်ကို မျက်နှာမြင်ရုံနဲ့ လူကောင်းသူကောင်း မှန်း ကျွန်တော် သိပါတယ်ဗျာ။ ကျွန်တော် စဉ်းစားနေတာက ကိုသံဟိတ်ကို ယုံလို့ မဟုတ်ပါဘူး။ စိတ်ထဲမှာ အားနာနေလို့ပါ၊ အချိန်တလည်း သိပ် ရှိတော့ ကိုသံဟိတ်ရဲ့ မိသားစုကို နှောင့်ယှက်ရာ ရောက်မှာစိုးလို့ပါ"

"အိုး ... မရှိဘူး မရှိဘူး။ ကျုပ်မှာ ဘာမိသားစု မရှိပါဘူး။ ကျုပ်က အိမ်ထောင်ရက်သားရှိတာ မဟုတ်ပါဘူး။ တစ်ယောက်တည်း နေတာပါ"

ဟု ပျာပျာသလဲ ပြောလေ၏။

"သြော် ... ဒီလိုဖြင့် လိုက်ခဲ့ပါ့မယ်ဗျာ"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်ရာ ကိုသံဟိတ်က ကျွန်ုပ်အား မိတ်ဆွေအဖြစ် အသိအမှတ်ပြုသည့်အနေနှင့် လက်ဆွဲ နှုတ်ဆက်လေ၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်၏ ကယ်တင်ရှင် လူချောကြီးကို လှိုက်လှိုက်လှဲလှဲ ကြီး၍ နှုတ်ဆက်လိုက်လေတော့၏။

ထိုအချိန်တွင် တိတ်ဆိတ်ငြိမ်သက်နေသော မဟာဗန္ဓုလလမ်းမ ကြီးတစ်လျှောက်၌ ကျွန်ုပ်တို့နှစ်ယောက်၏ ရှုးဖိနပ်သံ 'တခွပ်ခွပ်' သည် ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့လေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

# ကိုသံဟိတ်၏ အခန်းသို့

ဆိပ်ကမ်းသာလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်မှ နာမည်ကျော် ချစ်တီးထမင်းဆိုင်ကြီး၏ အပေါ်ဆုံးထပ်တွင် ကိုသံဟိတ်၏ အခန်းရှိေ သည်။ အခန်းမှာ တစ်ယောက်တည်းသမားဖြစ်သော ကိုသံဟိတ်အတွက် ကျယ်လွန်းတောင်နေသည်ဟု ကျွန်ုပ်စိတ်ထဲတွင် ထင်လိုက်မိလေသည်။

အိမ်ခန်းကြီးကို လှည့်ပတ်၍ အကဲခတ်ကြည့်လိုက်သောအခါ အိပ်ခန်းနှစ်ခန်း ဖွဲ့ထားပြီး ညှော်ခန်းကျယ်ကြီးထဲတွင် ညှော်သည်ထိုင်ရန် ဆိုဖာခုံကြီးများ ချထားသည်ကို တွေ့ရလေ၏။ အခန်းနံရံပတ်ပတ်လည်တွင် မှန်ဗီရိုများနှင့် ထည့်ထားသော စာအုပ်စာတမ်း မြောက်မြားစွာကို တွေ့ရ လေ၏။ စာအုပ် အတော်များများမှာ အင်္ဂလိပ်စာအုပ်များ ဖြစ်လေ၏။

အချို့သော မှန်ဗီရိုများထဲတွင် ရှေးဟောင်းပစ္စည်းမျိုးစုံကို လှလှပပ စီစီရီရီ ထည့်ထားသည်ကို တွေ့ရလေ၏။ ကြေးနီပစ္စည်းများ၊ ကြေးဝါ ပစ္စည်းများ၊ ငွေနှင့် လုပ်ထားသော ပစ္စည်းများအပြင် ကနုတ်ပန်းအမျိုးမျိုး ထွင်းထားသည့် ဓားမြှောင်များ၊ ဓါးရခါးစစ်သားများ ကိုင်လေ့ရှိသည့် ခွတ် ကရိုးဓါး ဓားကောက်များအပြင် ပန်းပွားတတ်ထားသည့် လှံတိုများကိုလည်း တွေ့ရလေသည်။





ဗီရိုတစ်လုံးထဲတွင် တောကောင် အမျိုးမျိုးတို့၏ ခေါင်းခွံများ၊ သော တိရစ္ဆာန်အရေခွံများ၊ အစာသွတ်ထားသော ငှက်ရောင်စုံများနှင့် ဆတ်အဆက်ဆက် အသုံးပြုခဲ့သည့် ယမ်းမှုန့်သိပ် ပစ်ရသော သေနတ် မှစ၍ ခြောက်လုံးပြူး သေနတ်အဟောင်းမျိုးစုံကို လှလှပပ ချိတ်ထား သည့်အပြင် ဝင်ချက်စတာ ရိုင်ဖယ်ကြီးနှစ်လက်ကို ပြောင်လက်နေအောင် ကျချိတ်ထားသည်ကို တွေ့ရလေ၏။

ကျွန်ုပ်လည်း အံ့သြစွာဖြင့် ဗီရိုကြီးများကို ငေးမောကြည့်ရှုနေမိ သည်မှာ မည်မျှကြာသွားသည်ပင် မသိလိုက်တော့ပေ။

"မောင်တော်အုပ် လာဟေ့၊ မင်း ဒဏ်ရာတွေ ရေနွေးနဲ့ ဆေးကြီး

ဟူသော အသံကြားမှ နောက်သို့ လှည့်ကြည့်လိုက်မိတော့၏။

ကိုသံဟိတ်သည် ရေနွေးဇလုံးတစ်ခုကို ကိုင်၍ ဆိုဖာပေါ်မှ စောင့် နေသည်ကို တွေ့လိုက်ရ၏။ ကျွန်ုပ်လည်း ကိုသံဟိတ်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်လေတော့၏။ ကိုသံဟိတ်သည် ကျွန်ုပ်၏ မျက်နှာမှ တဖြည်း ဖြည်း ရောင်လာနေသော ဒဏ်ရာများကို ရေနွေးဖတ်ဖြင့် ဆေးကာ ဆေးများ သေသေချာချာ ထည့်ပေးလေ၏။

ဆေးထည့်ခြင်းကိစ္စပြီး သွားသောအခါတွင်မှ သူ၏ မီးခိုးရောင် အင်္ကျီရှည်အိတ်ထဲမှ ကုလားအုပ်စီးကရက်ဘူးကို ထုတ်ကာ စီးကရက် တစ်လိပ်အား မီးညှိ၍ ဖွာရှိုက်လေ၏။ ပြီးလျှင် စီးကရက်ဘူးကို ကျွန်ုပ်အား ကမ်းပေးကာ -

"ရော့ ... သောက် မောင်တောအုပ်"

ဟု ပြော၏။ ကျွန်ုပ်လည်း ဆေးလိပ်တစ်လိပ်ကို မီးညှိကာ ဖွာ လိုက်တော့၏။

"ဘယ်လိုလဲ မောင်တောအုပ်ရဲ့၊ ကျုပ်အခန်းထဲမှာ စိတ်ဝင်စား စရာတွေ တွေ့နေလို့လား"

ဟု မဲ့နက်ကလေး လှုပ်အောင် ပြုံးလိုက်ပြီး မေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကိုသံဟိတ်ရေ မှန်ဗီရိုတွေထဲက ရှေးဟောင်းပစ္စည်တွေနဲ့ သေနတ်မျိုးစုံကို ကျွန်တော် သိပ်စိတ်ဝင်စား နေပြီဗျို့"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်လျှင် ကိုသံဟိတ်က –

"ကျုပ် ရောက်ခဲ့တဲ့ နိုင်ငံတွေက ယူလာခဲ့တဲ့ အမှတ်တရ ပစ္စည်တွေပါ မောင်တောအုပ်။ ဟိုသေနတ်တွေထဲမှာတော့ ပင်လယ်ဓားပြကြီးတွေကိုင်သွားတဲ့ သေနတ်တွေလည်း ပါတယ်ကွယ့်။ ဟို ဝင်ချက်စတာရိုင်ဖယ်ကြီတွေကတော့ အင်္ဂလိပ်အစိုးရက လိုင်စင်နဲ့တကွ ထုတ်ပေးထားတဲ့ အမဲပသေနတ်ကြီးတွေပေါ့။ နိုင်ငံတော်တော်များများမှာ ကျုပ် အမဲလိုက်ခဲ့ဖူးတယ်"

ဟု ကိုသံဟိတ်က ပြောလျှင် ကျွန်ုပ်သည် အလွန် အံ့သြအထင်ကြီးသွားလေတော့၏။

ထိုအချိန်က ကျွန်ုပ်၏အသက်မှာ အစိတ်ခန့်ရှိပြီဖြစ်၍ ကိုသံဟိတ်၏ အသက်မှာ ၃၅ နှစ်ခန့်ရှိမည်ဟု ကျွန်ုပ် ခန့်မှန်းမိလေ၏။

ဤအသက်အရွယ်မျှနှင့် နေရာ ဒေသအစုံရောက်ခဲ့ပြီး စွန့်စွန့်စားစားသွားလာလုပ်ကိုင်ခဲ့သော ကိုသံဟိတ်ကို ကျွန်ုပ်အနေနှင့် စိတ်ထဲမှ ကြိတ်ကာချီးမွမ်းမိလေသည်။

"ဒါထက် မောင်တောအုပ်က ခုထိ ဘာအလုပ်မှ မလုပ်သေးတာဘာကြောင့်လဲကွယ့်"

ဟု ကျွန်ုပ်ဘက်သို့ လှည့်ကာ မေးလေ၏။

ကျွန်ုပ်လည်း ကျွန်ုပ်၏ ဘဝဇာတ်ကြောင်းကို အသေးစိတ် ပြောပြလိုက်ရလေ၏။

"ဒီလို မောင်တောအုပ်ရဲ့၊ မောင်တောအုပ်တို့လို အရွယ်တွေဟာ အလုပ် တစ်ခုခု လုပ်နေတာ အကောင်းဆုံးပဲ။ အဲဒီလို အလုပ်တစ်ခုက်စိတ်မြှုပ်ပြီး လုပ်မနေဘူးဆိုရင် အပျော်အပါး အသောက်အစားဘက်ကိရောက်သွားတတ်တယ်။ အခုလည်း မောင်တောအုပ် လမ်းလွဲစပြုနေမဟုတ်လား။ ဒါထက် စောစောက မောင်တောအုပ် လူမိုက်တွေကို ရှုပ်ရှုပ်ခွ





ဘိုက်ခိုက်နေပုံကို မြင်တော့ ကျုပ်မှာ အားရလိုက်တာ မပြောပါနဲ့တော့။ နဲ့ ကျုပ်လည်း မောင်တောအုပ်ကို စိတ်ဝင်စားသွားတော့တာပါပဲ။ အခုလို တ်ကြောင်းစုံ သိလိုက်ရပြန်တော့ မောင်ရင့်အတွက် ပိုပြီးတောင် စိုးရိမ်သွားသေးတယ်ကွယ့်"

ဟု ပြောလိုက်ပြီး ကိုသံဟိတ်က စီးကရက်ကို ဖွာနေပြန်၏။ မျက်နှာတွင်လည်း တစ်စုံတစ်ခုကို စဉ်းစားနေပုံရလေ၏။

"ဒါဆိုရင် ဒီလိုလုပ်ကွယ်၊ မောင်တောအုပ် အခုနေတဲ့ ဝိုင်အမ်စီအေမှာ ဆက်မနေတော့ဘဲ ဒီကိုသာ ပြောင်းလာခဲ့ပေတော့။ ဒီရောက်တော့ မှပဲ အလုပ်တစ်ခုကို ဖြည်းဖြည်း ရှာကြတာပေါ့။ ကျုပ်မှာလည်း အဆက်အလမ်း ရှိသင့်သလောက် ရှိပါတယ်။ ဒီလိုမှ အလုပ်မဝင်ချင်သေးရင်လည်း ကျုပ်နဲ့ပဲ လျှောက်လိုက်နေပေါ့။ ကျုပ်က တစ်ကိုယ်ရေသမားပါ၊ လယ်တွေ အများကြီး ရှိပါတယ်။ ကျုပ်ရဲ့ ဆွေမျိုးတွေကိုပဲ သီးစားပြန်ပေးထားရတယ်။ ဒီတော့ ကျုပ်နဲ့နေလို့ စားဖို့သောက်ဖို့ ဘာမှ အားနာစရာ မလိုဘူးဆိုတော့ မောင်တောအုပ်ကို ကျုပ်က ကြိုပြောထားချင်တယ်။

အဲ ... ကျုပ်က ဘာအလုပ်လုပ်သလဲဆိုတော့ သူများတွေ ဒုက္ခကို ကျုပ်ဒုက္ခလို့ သဘောထားတယ်။ အခကြေးငွေ တစ်ပြားတစ်ချပ်မှ မယူဘဲ လိုက်ကူညီတယ်။ တစ်ခါတလေမှာ အသက်ကိုတောင် စွန့်ပြီး ကူညီတဲ့အခါ ကူညီတယ်။ ပြီးတော့ မြန်မာတွေရဲ့ နန်းစဉ်ပစ္စည်းတွေ၊ ရှေးဟောင်း အမွေအနှစ်တွေကို အခုလို ကျုပ်တို့ သူ့ကျွန်ဘဝရောက်နေချိန်မှာ အကြောင်လိုလူတွေက လူမျိုးခြားတွေနဲ့ ပေါင်းပြီး နိုင်ငံရပ်ခြားတွေကို ခိုးထုတ်ပစ်နေကြတယ်။ အဲဒါတွေကို ကျုပ် သတင်း အနံ့ခံပြီး လိုက်တယ်။ ပြန်ဝယ်သင့် ဝယ်တယ်၊ လုတန် လုယူတယ်၊ ခိုးတန် ခိုးယူတယ်၊ နောက်ဆုံး တယ်လိုမှ ယူလို့ မရရင်တော့ လူသတ်ပြီး ရအောင်ယူတယ်။ ကျုပ်အခန်းထဲမှာ သံသေတ္တာကြီးတွေနဲ့ အဖိုးတန်နန်းစဉ်ရတနာတွေ သိမ်းထားတာ မနည်းတော့ဘူး မောင်တောအုပ်ရဲ့။ အဲ ... အဲဒီအလုပ်တွေ ဘာမှမရှိတဲ့အခါတော့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် တောပစ်ထွက်တယ်။ ဒီက တောတွေ တောင်တွေ တော်တော်များများ ကျုပ် အမဲလိုက်ခဲ့ဖူးပါပြီ''

ဟု စကားကို အဆုံးသတ်လိုက်သောအခါတွင် ကျွန်ုပ်သည် လူထူးလူဆန်းကြီး ကိုသံဟိတ်ကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိလေတော့၏။

''ကျုပ်ရဲ့ ဇာတိဇာစ်မြစ်နဲ့ အရင်က ကျုပ် ဘာတွေလုပ်ခဲ့သေးတယ်ဆိုတာကိုတော့ မနက်ဖြန် မောင်တောအုပ် ကျုပ်ဆီကို အပြီးပြောင်းလာတော့မှပဲ ဆက်ပြောပြတော့မယ်။ မောင်တောအုပ် ကျုပ်ဆီကို ပြောင်းလာလိမ့်မယ်လို့ ကျုပ်တော့ ထင်တာပဲလေ။ ဘယ်နှယ့်လဲ မောင်တောအုပ်ရဲ့ ကျုပ်အထင် မှန်ရဲ့လား''

ဟု အလွန်ကျက်သရေရှိလှသော အပြုံးကို ပြုံးကာ ကျွန်ုပ်ကို မေးဆတ်၍ မေးလေ၏။

''သိပ်ကို မှန်တဲ့အထင်ပါ ကိုသံဟိတ်၊ ဒီလို လူမျိုးကို တွေ့လို့မှ မပေါင်းဖော်ရင် ပြီးတော့ ဆရာ မတင်ရင် ကျွန်တော့်လောက် မိုက်တဲ့လူ ဒီကမ္ဘာမှာ ရှိမှာ မဟုတ်တော့ဘူးလို့ ကျွန်တော် ထင်တယ်။ တစ်ခုတော့ ပြောပါရစေဗျာ၊ ကျွန်တော် တခြားအလုပ်တွေ လျှောက်မလုပ်ပါရစေနဲ့တော့။ ဆရာကိုသံဟိတ်ရဲ့ အလုပ်တွေမှာပဲ အတူလက်တွဲစွန့်စားစမ်းပါရစေ။ ကျွန်တော့်အနေနဲ့ ချမ်းလည်း မချမ်းသာချင်ပါဘူးဆရာ။ ထမင်းမငတ်အောင် စားနေရပြီး စွန့်စွန့်စားစား လုပ်နေရရင် ကျွန်တော့်အတွက် ဒီဘဝဟာ နေပျော်ပြီလို့ မှတ်ယူပါရဲ့ဗျာ''

ဟု ကျွန်ုပ်က ပြန်ဖြေလျှင် ကိုသံဟိတ်သည် ဝမ်းသာအားရနှင့် ထလာကာ ကျွန်ုပ် လက်ကို ဆွဲ၍ နှုတ်ဆက်လေ၏။

''နေရာကျလိုက်လေ မောင်တောအုပ်ရယ်၊ ကျုပ်ကလည်း ဒီလို တပည့်မျိုးတစ်ယောက်ကို တမ်းတခဲ့တာ ကြာလှပါပြီကွယ်၊ ကဲ ... အခုတော့ ဝိုင်အမ်စီအေကို ပြန်ပေဦးတော့။ မနက်မှသာ ကျုပ်အခန်းကို ပြောင်း





လာခဲ့ပေါ့။ နို့ ... ဒီအချိန်ကျမှ ဝိုင်အမ်စီအေက မောင်တောအုပ်ကို ဝင်ခွင့်ပြုပါဦးမလား၊ မပြုလည်း ဒီမှာပဲ အိပ်လိုက်လေ''

''ပြုပါတယ် ဆရာ၊ အစောင့်ကုလားကြီးက ကျွန်တော့်ကို အလွန်ခင်ပါတယ်။ အချိန်မရွေး ဝင်ထွက်ခွင့်ပေးပါတယ်''

ဟု ကျွန်ုပ်က ပြန်ပြောပြီးနောက် ဆရာကိုသံဟိတ်ကို နှုတ်ဆက်ကာ ပေါ့ပါးသွက်လက်စွာဖြင့် မဟာ့ချုလလမ်းကြီးအတိုင်း ဝိုင်အမ်စီအေသို့ ခပ်သုတ်သုတ် လျှောက်ခဲ့လေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## လက်ဖတင်နှင့်ကိုသံဟိတ်

နောက်တစ်နေ့မှာပင် ကျွန်ုပ်သည် ဗိုင်အမ်စီအေမှ ထွက်ခွာလာခဲ့ပြီး ကိုသံဟိတ်၏ အခန်းသို့ ပြောင်းလဲခဲ့လေတော့၏။ ကျွန်ုပ်တွင် ပစ္စည်းများများ စားစား မပါဘဲ သံသေတ္တာတစ်လုံးနှင့် တောက်တိုမယ်ရထည့်သော ထင်းရှူး သေတ္တာတစ်လုံးသာ ပါရှိလေရာ ရထားလုံးတစ်စီးငှား၍ ပြောင်းလိုက်ရုံနှင့် အဆင်ပြေသွားခဲ့လေ၏။ ကျွန်ုပ်ရောက်သွားသောအခါ ကိုသံဟိတ်သည် အပြင်မှ ပြန်လာကာစ ရှိသေးပုံရ၏။

ကျွန်ုပ်သည် သေတ္တာများကို ကုလီ နှစ်ယောက်ငှား၍ ထမ်းနိုင်းကာ အပေါ်ထပ်သို့ တက်ခဲ့သည်ဖြစ်ရာ ကျွန်ုပ်အား မြင်သည်နှင့် ကိုသံဟိတ်သည် ဝမ်းသာ အားရ ဆီးကြိုလေ၏။ သေတ္တာထမ်းလာသော ကုလီများကိုလည်း ခြေရင်းဘက်မှ အခန်းသို့ သေတ္တာများ တစ်ခါတည်းပို့ခဲ့ရန် နိုင်းစေလေ၏။

ကျွန်ုပ်လည်း ကျွန်ုပ်နေရမည့် အခန်းသို့ လိုက်ဝင်ခဲ့လေရာ တစ်ယောက်အိပ် ခုတင်တစ်လုံး၊ ဗီရိုခပ်သေးသေးတစ်လုံး၊ စာရေးစားပွဲနှင့် ကုလားထိုင်နှစ်လုံးအပြင် မီးတိုင်လေးပါ စာရေးစားပွဲတွင် အဆင်သင့် တွေ့ရ လေ၏။





ကျွန်ုပ်လည်း မီးတိုင်လေးကို အသင့်ပါလာသော မီးခတ်နှင့် ထွန်း လိုက်ပြီး ကုလီများကို သေတ္တာများချနိုင်းကာ ကျသင့်သည့် အခကြေးငွေကို ပေးလိုက်လေ၏။

ထိုညက ကျွန်ုပ်ရောက်သော အထိမ်းအမှတ်အဖြစ် ကိုသံဟိတ် သည် ရန်ကုန်ပျော်ပွဲစားရုံမှ အစားအသောက်များနှင့် ဝီစကီအကောင်းစား များကို မှာယူ၍ ညှော်ခံကျွေးမွေးလေသည်။ ကျွန်ုပ်လည်း ကိုသံဟိတ် တည်ခင်းသော ညစာကို အားရပါးရစားရင်း စကားစမြည်များ ပြောကြရာတွင် ကိုသံဟိတ်၏ဘဝဇာတ်လမ်းကို အသေးစိတ် သိခဲ့ရလေတော့၏။ ကိုသံ ဟိတ် ပြောပြခဲ့သော သူ၏ဘဝဇာတ်ကြောင်းမှာ အောက်ပါအတိုင်း ဖြစ် လေ၏။

●

ကျွန်ုပ်မောင်သံဟိတ်၏ မိဘများသည် ရွှေဘိုနယ်၊ မုဆိုးချိုရွာ သားများ ဖြစ်ကြလေရာ ကျွန်ုပ်၏ ဖခင် ဦးဘတူမှာ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ သွေးပါသည်ဟု ကျွန်ုပ်တို့ ရွာသားများ ပြောလေ့ရှိသည့် အတိုင်း အလွန်ပင် သတ္တိကောင်းသူတစ်ယောက် ဖြစ်လေ၏။

တောထဲတောင်ထဲတွင် တစ်ယောက်တည်း စွန့်စွန့်စားစားဖြင့် ဒူးလေး တစ်လက်ကိုင်ကာ အမဲလိုက်ရသူ ဖြစ်လေ၏။ ခေတ်မကောင်းသော သမယ တွင် ရွာသို့ လူဆိုးသူခိုးများ ဝင်ရောက်ပါက ကျွန်ုပ် ဖခင်ကြီးလက်ချက် ကြောင့် သေကုန်ကြသည်ချည်း ဖြစ်လေသည်။ ထို့ကြောင့်လည်း နောင်အခါ တွင် ရွာသို့ ဓားပြသူခိုးများ ဝင်ရောက်ခြင်း မပြုဝံ့ကြတော့ပေ။

ထိုသို့နေလာရာမှ ကျွန်ုပ်အသက် ၈ နှစ် ၉ နှစ်အရွယ်တွင် ကျွန်ုပ်၏ မိခင်ကြီးသည် မမျှော်လင့်ဘဲ ကွယ်လွန်သွားခဲ့သဖြင့် ဖခင်သည် ရွာတွင် ဆက်၍နေလိုစိတ် မရှိတော့ဘဲ သူ၏ ခင်မင်ရင်းနှီးသော မိတ်ဆွေ တစ်ယောက်၏ အဆက်အသွယ်ဖြင့် ကသာနယ်မှ သစ်တောအရေးပိုင် မစ္စတာစမစ်၏ အိမ်တွင် မာလီအလုပ်သမားအဖြစ် ဝင်ရောက်လုပ်ကိုင်လေ၏။

ကျွန်ုပ်လည်း မစ္စတာစမစ်၏ ထိုအိမ်ကြီးတွင် လိုက်ပါနေထိုင်ရ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထိုစဉ်အခါက နှစ်သစ်ကူးညများတွင် မစ္စတာ စမစ်၏ ခြံကြီးထဲတွင် ကြက်ဆင်သား ချက်၍ ပါတီပေးခဲ့သည်များကို ယခုတိုင်အောင် ကျွန်ုပ် သတိရနေတော့၏။ အတီးအမှုတ် အစုံအလင်နှင့် အလွန်ပျော်စရာကောင်းသော ညများ ဖြစ်ခဲ့လေ၏။

အရေးပိုင်ကြီး မစ္စတာစမစ်၏ ထူးခြားသော ဝါသနာမှာ အမဲလိုက်ခြင်းဖြစ်လေရာ အမဲလိုက်ကျွမ်းကျင်၍ သတ္တိ အလွန်ကောင်းသော ကျွန်ုပ်၏ ဖခင်မှာ မစ္စတာစမစ်၏ လက်စွဲတော်တစ်ဦး ဖြစ်သွားခဲ့ရလေတော့၏။

မစ္စတာစမစ်သည် ကသာတောကြီး၊ မဲဇာတောကြီးများအတွင်း ဖခင်နှင့်အတူ မကြာမကြာ အမဲလိုက်ထွက်လေ့ရှိလေ၏။

တစ်ခါသော် မိုးဦးကျအချိန်ကာလတွင် မဲဇာတောကြီးထဲမှ ဝါးမျှစ်များကို လာ၍စားသောက်ကြသော တောဝက်များ ပစ်ခတ်ရန် ဖခင်ကြီးအပါအဝင် အရေးပိုင်ကြီးတို့အဖွဲ့သည် ထွက်ခွာသွားကြလေသည်။

ညနေစောင်းလတ်သော် တောဝက်ပစ်သော အဖွဲ့သည် တောဝက်အသေကြီးကို တုတ်နှင့်လျှိုထမ်းကာ ပြန်လာကြလေ၏။ အရေးပိုင်ကြီးမှာ မျက်စိမျက်နှာပျက်ကာ ကျွန်ုပ်ကိုသာ ငေးကြည့်နေလေ၏။ နောက် ခပ်လှမ်းလှမ်းတွင် 'တာအီအီ' နှင့် မောင်းလာသော နွားလှည်းကြမ်းကြီးပေါ်တွင်ကား စောင်ကြမ်းကြီးတစ်ထည်အုပ်၍ ပက်လက်ကြီးပါသည်က ကျွန်ုပ်၏ ဖခင်ကြီး ဦးဘတူ၏ အသက်မဲ့နေသော ရုပ်အလောင်းကြီး ဖြစ်လေတော့၏။

ကျွန်ုပ်လည်း တစ်လောကလုံးတွင် တစ်ယောက်တည်းသော အားကိုးရာဖြစ်သည့် ဖခင်ကြီး ယခုကဲ့သို့ ရုတ်တရက် ကွယ်လွန်သွားသော အခါ ချုံးပွဲချငိုကြွေးရုံမှတစ်ပါး အခြားဘာမှ မတတ်နိုင်ခဲ့ပေ။

နောက်ရက်များတွင် ဖခင်ကြီး၏ ဆွေမျိုးများသည် ဖခင်ကြီး သေဆုံးကြောင်း သတင်းကြားသဖြင့် လိုက်လာကြပြီး ကျွန်ုပ်ကို ပြန်ခေါ်ကြလေ၏။ ထိုအခါ အရေးပိုင်ကြီး မစ္စတာစမစ်က –

"မောင်မင်းတို့ ဒီကလေးကို ခေါ်သွားကြမလို့လား"

ဟု ဖခင်ကြီး၏ ဆွေမျိုးများကို မေးလေ၏။





"ဟုတ်ပါတယ် မင်းကြီး"

ဟု ဆွေမျိုးများက ဖြေဆိုကြလေ၏။

"လူကလေး မောင်သံဟိတ်နဲ့ ပတ်သက်ရင် ကျွန်ုပ်မှာ လုံးဝ တာဝန်ရှိ သွားပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ဖခင် မောင်ဘတူဟာ ကျွန်ုပ်ရဲ့ အသက်ကို ကယ်ဖို့ တောဝက်ကို လှံနဲ့ ဝင်ထိုးတာ ဖြစ်ပါတယ်။ ဒီမှာတင် ကျွန်ုပ်ကို မဲလိုက်နေတဲ့ တောဝက်ဟာ မောင်ဘတူကို လှည့်ပြီး ပက်လိုက်လို့ မောင်ဘတူခမျာ နေရာမှာတင် ပွဲချင်းပြီး သေသွားခဲ့ရတာ။ ဒီတော့ ကျွန်ုပ်ရဲ့ အသက်ကိုကယ်လိုက်တဲ့ မောင်ဘတူရဲ့ သားကလေးကို ကျွန်ုပ် ကိုယ်တိုင်ပဲ ကျွေးမွေးစောင့်ရှောက်ရပါလိမ့်မယ်၊ ပြီးတော့ ဒီကလေးကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပညာတွေ သင်ပေးရပါလိမ့်မယ်။ ဒီလိုမှ မလုပ်ရင် ကျွန်ုပ်ကို ဘုရားသခင်က ခွင့်လွှတ်တော့မှာ မဟုတ်ဘူး"

ဟု အရေးပိုင်ကြီး မစ္စတာစမစ်က ပြန်ပြောလေ၏။

ဖခင်ကြီး၏ ဆွေမျိုးများကလည်း ကျွန်ုပ်၏ ဘဝကောင်းစားရေးအတွက် မျှော်တွေးကာ ကျွန်ုပ်အား အပြီးအပိုင် ပေးခဲ့လေတော့၏။ အရေးပိုင်ကြီးလည်း ဖခင်ကြီးအတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ပေးပါဟုဆိုကာ ငွေများ ပေးလိုက်လေ၏။

ဤသို့ဖြင့် ကျွန်ုပ်သည် သစ်တော အရေးပိုင် မစ္စတာစမစ်၏ မွေးစားသားဖြစ်ခဲ့ရလေတော့၏။ အရေးပိုင်ကြီးသည် သူ၏ အသက်ကို အသက်ပေး၍ ကယ်သွားခဲ့သော ကျွန်ုပ်၏ ဖခင်ကြီးအပေါ် တာဝန်ကျေပွန်သည်ဟုပင် ဆိုရပေမည်။

ကျွန်ုပ်အား အင်္ဂလိပ်စကား သင်ပေးခြင်း၊ စာသင်ပေးခြင်းတို့ကို သူကိုယ်တိုင် ပြုလုပ်ပေးခဲ့လေသည်။ ကျွန်ုပ်အနေနှင့် အင်္ဂလိပ်စာနှင့်စကားကို ကောင်းစွာ တတ်မြောက်လာသောအခါ ရန်ကုန်သို့ပို့၍ အင်္ဂလိပ်ကလေးများနှင့် ကပြားကလေးများသာ တက်ရသော အင်္ဂလိပ်ကျောင်း ကြီးတစ်ကျောင်းတွင် ကျောင်းထားပေးလေသည်။ ထိုသို့ ထားပေးရာတွင် ကျွန်ုပ်အနေနှင့် လွယ်လွယ်ကူကူ ကျောင်းဝင်ခွင့်ရခဲ့သည် မဟုတ်ပေ။ အရေးပိုင်ကြီးအနေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်ခံ ဆာကုတ်ဘတ္တလာထံသို့ အကျိုးအကြောင်း ရှင်းပြကာ အသနားခံစာတင်မှသာ ဘုရင်ခံ၏ မေတ္တာရပ်ခံချက်ဖြင့် ကျွန်ုပ်အား လက်ခံခဲ့ခြင်း ဖြစ်လေ၏။

ဤသို့ဖြင့် ကျွန်ုပ် မက်ထရစ်တန်းအောင်သော နှစ်မှာပင် အရေးပိုင်ကြီးလည်း ဘိလပ်သို့ ပြန်ရလေတော့၏။ ထိုအခါ အရေးပိုင်ကြီးသည် ကျွန်ုပ်အား ဘိလပ်သို့ တစ်ပါတည်း ခေါ်သွားလေ၏။ ဘိလပ်သို့ ရောက်သောအခါ ကျွန်ုပ်အား ယူနီဗာစီတီဆက်တက်ရန် တိုက်တွန်းလေ၏။

သို့သော် ကျွန်ုပ်သည် ရွှေဘိုနယ်၊ မုဆိုးခြုံရွာသား ဖခင်ကြီး ဦးဘတူ၏ သွေးအပြည့်ပါသူ ဖြစ်နေသောကြောင့် ပညာကို ဆက်လက်သင်ကြားရန် မလိုလားဘဲ စွန့်စွန့်စားစား အလုပ်များကိုသာ ပြုလုပ်လိုသဖြင့် ကျွန်ုပ်၏ မွေးစားဖခင် မစ္စတာစမစ်သည် ကျွန်ုပ်အတွက် ကြံရပြန်တော့၏။

နောက်ဆုံးတွင် သူ၏သားအရင်းအဖြစ် အမွေစား အမွေခံထားကာ အင်္ဂလိပ်စစ်တပ်သို့ သွင်းပေးလေ၏။ ကျွန်ုပ်သည် စစ်သင်တန်းသို့ (၆) လ တက်ရလေ၏။ သင်တန်းဆင်းသောအခါ ကျွန်ုပ်အား အာဖရိကမြောက်ပိုင်းသို့ ပို့လိုက်လေ၏။ ကျွန်ုပ်လည်း အင်္ဂလိပ်စစ်တပ်တွင် ဆာဂျင်တစ်ယောက်အနေဖြင့် ဘယ်လ်ဂျီယားရှိ နိုင်ငံပေါင်းစုံစစ်တပ်သို့ ရောက်သွားလေ၏။

ကျွန်ုပ်တို့၏ တပ်မှာ အင်္ဂလိပ်၊ အမေ ရိကန်၊ ဘယ်လ်ဂျီယံ၊ စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ အာရပ်နှင့် အင်ဒီယန်းများ စသည်ဖြင့် လူမျိုးစုံပါဝင်သလောက် အတိုက်အခိုက်မှာလည်း အလွန်နာမည် ကျော်ကြားခဲ့ပေ၏။ ကျွန်ုပ်လည်း ထိုစစ်တပ်နှင့်အတူ မြေထဲပင်လယ်ဒေသတစ်ဝိုက်တွင် လှည့်လည်သွားလာရင်း စစ်ပွဲကြီးများကို စွန့်စွန့်စားစား တိုက်ခဲ့ရလေသည်။

စွန့်စားမှုကို အလွန်လိုလားသော ကျွန်ုပ်မှာ စစ်တပ်ထဲတွင် အလွန်ပျော်ရွှင်ခဲ့လေ၏။ စစ်ပွဲမရှိသော အချိန်များတွင် ကျွန်ုပ်သည် အလွန်ပျင်းရိနေတတ်ပြီး ပစ်သံခတ်သံများ ကြားလိုက်ရသည်နှင့် ကျွန်ုပ်မှာ အလွန်ပျော်ရွှင်ခဲ့လေ၏။





ဤသို့ဖြင့် လစ်ဗျား၊ ဂျော်ဒန်၊ အီဂျစ်နှင့် အာရေဗျအထိ ကျွန်ုပ်ရောက်ခဲ့လေသည်။ ကျွန်ုပ်၏ ဘဝကို တစ်ဆစ်ချိုး ပြောင်းသွားစေခဲ့သော အဖြစ်အပျက်မှာ အာရေဗျမှ သဲကန္တာရတိုက်ပွဲကြီး ဖြစ်လေ၏။

တစ်နေ့သ၌ ကျွန်ုပ်တို့ရဲဘော်တစ်စုသည် ကိုင်ရိုမြို့ရှိ စစ်ရုံးကြီးဘေးပတ်လည်မှ ဘားဆိုင်များအတွင်း အေးချမ်းစွာ အနားယူနေကြစဉ် အရေးပေါ် ခရာမှုတ်သံကြောင့် အီကွစ်မင့် အပြည့်အစုံဝတ်ကာ စစ်ရုံးကြီးရှေ့ရှိ တလူလူ လွင့်ထူနေသော ယူနီယံဂျက်အလံတော်ကြီးအောက်တွင် တန်းစီကြရလေ၏။ ထိုအချိန်တွင် စစ်ရုံးကြီးထဲမှ ကာနယ်ဝီလျံဘာလဲသည် ဟန်ပါပါဖြင့် ထွက်လာပြီးနောက် စစ်ဌာနချုပ်၏ အမိန့်ကို ဖတ်ပြလေတော့၏။

ထိုအမိန့်အရ ကျွန်ုပ်တို့တပ်ဖွဲ့များသည် အာရေဗျသို့ ချက်ချင်းထွက်သွားကြရမည် ဖြစ်လေ၏။ ထိုအမိန့်ဖြင့်ပင် ကျွန်ုပ်တို့တပ်များသည် အာရေဗျသို့ ရောက်ခဲ့လေ၏။ အာရေဗျသို့ ရောက်လျှင်ရောက်ချင်းပင် အာရပ်စစ်စခန်းကြီး တစ်ခုကို စတင်တိုက်ခိုက်ရန် လူရွေးသောအခါ ရှေ့ပြေးတပ်ခွဲတွင် ကျွန်ုပ် ပါဝင်ခဲ့လေ၏။ ကျွန်ုပ်တို့တိုက်ရမည့် ရန်သူစခန်းကြီးမှာ သဲကန္တာရကြီးကို ဖြတ်ကျော်သွားရမည်ဖြစ်လေရာ ကုလားအုတ်များကို စီစဉ်ပေးလေသည်။ အချို့ကုလားအုတ်များပေါ်သို့ ရိက္ခာများတင်၍ ရေကိုလည်း အလုံအလောက် စီစဉ်ပေးလေ၏။

ယူသွားရမည့် ခဲယမ်းမီးကျောက်များကို တင်ဆောင်ကြပြီးနောက် ကပ္ပတိန်စကော့က တပ်ခွဲကို ဦးဆောင်ခဲ့လေ၏။

ကျွန်ုပ်တို့တပ်ခွဲသည် သဲကန္တာရခရီးကို ညမိုးချုပ်သည်နှင့် ကြယ်ရောင်ကို အားပြုကာ ထွက်လာခဲ့ကြလေ၏။ တစ်ညလုံး မနားတမ်း ချီတက်လာခဲ့ကြရာ နံနက်နေထွက်စတွင် ခေတ္တရပ်နားကြပြီး ပါလာသော ရိက္ခာခြောက်များကို စားသောက်ကြရလေသည်။ ရေကိုမူ အလွန်ချွေတာ၍ သောက်ကြရလေသည်။

ပြီးလျှင် နေမမြင့်မီ ခရီးဆက်ထွက် ကြရပြန်၏။ နေ့လယ် ၁၂ နာရီခန့်တွင် ကျောက်တောင်ကြီးများအနီးသို့ ရောက်လာသောအခါ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်များ၏ အရိပ်တွင် ကပ်ကာ နေခိုၡ၍ နားကြရလေ၏။ အချို့လည်း သဲများကိုကျင်းတူးကာ ဆူးပင်များကို ခုတ်၍ ကျင်းပေါ်တွင် အရိပ်အဖြစ် မိုးကာ ကျင်းထဲသို့ ဝင်နေကြရလေ၏။

ဤသို့ဖြင့် နေဝင်သွားသောအခါ ကြယ်ရောင်များကို အားပြုကာ လမ်းပြ၏ နောက်မှ ကျွန်ုပ်တို့တပ်ခွဲ လိုက်ပါခဲ့ကြရလေ၏။ ထိုည (၃) နာရီခန့်တွင် ရန်သူ့စခန်းကြီးနှင့် အနီးဆုံးနေရာသို့ ကျွန်ုပ်တို့ ရောက်ခဲ့လေ၏။ ကျွန်ုပ်တို့လည်း ကုလားအုတ်များကို သဲတောင်ကုန်းများအောက်တွင် ဝပ်နိုင်းကြရလေ၏။

ပြီးလျှင် တိုက်ပွဲစရန် ကပ္ပတိန်က အစီအစဉ် ဆွဲလေတော့၏။ ရန်သူ့စခန်းမှာ အလွန်ကြီးမားလှပြီး ကင်းမျှော်စင်ကြီးများလည်း ငါးခုခန့် တွေ့ရလေရာ ကပ္ပတိန်စကော့က ကျွန်ုပ်အပါအဝင် လက်ရွေးစင် ခုနစ်ယောက်ကို ရွေးချယ်လိုက်ပြီး ကင်းမျှော်စင်ပေါ်မှ အစောင့်များကို အသံတိတ် ရှင်းပစ်ရန် တာဝန်ပေးအပ်လေ၏။

ကျွန်ုပ်တို့ကိုစွပြီး၍ အချက်ပြလိုက်ပါက ကျန်တပ်ဖွဲ့များက စခန်းကြီးအနားသို့ ကပ်လာပြီး စက်သေနတ်ကြီးများကို အရင်ပစ်၍ ရှင်းပစ်မည်ဖြစ်ကြောင်း အစီအစဉ် ဆွဲကြပြီးနောက် ကျွန်ုပ်တို့ ရွေးပြေး ခုနစ်ယောက်သည် သဲပြင်ကြီးပေါ်တွင် လှုပ်သည်ဆိုရုံမျှ တွားသွားကာ ရန်သူ့ စခန်းကြီးသို့ ချဉ်းကပ်ခဲ့လေ၏။

ကျွန်ုပ်တို့ ရောက်သွားသောအချိန်မှာ သဲကန္တာရအတွင်း၌ အအေးဓာတ် လွှမ်းမိုးနေချိန်ဖြစ်သဖြင့် တစ်နေ့လုံး အပူဒဏ် ခံစားရသည့် အာရပ်စစ်သားများသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြပုံ ရလေ၏။ ကျွန်ုပ်တို့လည်း သွက်လက်စွာဖြင့် ကင်းမျှော်စင်များပေါ်သို့ တက်ကာ ငိုက်မြည်းနေသော ကင်းသမားများကို ရှင်းပစ်လိုက်ကြလေ၏။

ပြီးလျှင် ကင်းမျှော်စင်များပေါ်မှ လက်နှိပ်ဓာတ်မီး အသေးစားကလေးများဖြင့် အချက်ပြလိုက်ကြလျှင် ကျွန်ုပ်တို့၏ တပ်ဖွဲ့များသည် စခန်းကြီးအတွင်းသို့ ခြေသံလုံစွာ ပြေးဝင်လာလေတော့၏။





ထိုအချိန်တွင် စက်သေနတ်ကြီး သုံးလက်ရှိသည့်အနက် နှစ်လက်မှ အာရပ်များကို အသံတိတ်ရှင်းနိုင်သော်လည်း တတိယ စက်သေနတ်ဆင်ထားသော ကတုတ်ကျင်းမှ အာရပ်စစ်သားကြီးများ နိုးလာပြီး သူ၏ စက်သေနတ်ကြီးကို ဆွဲလိုက်ရာ စစ်စခန်းကြီးတစ်ခုလုံး နိုးကြားပြီး ပစ်ခတ်သံများ ဆူညံသွားလေတော့၏။

သို့သော် ကျွန်ုပ်တို့ တပ်ခွဲတစ်ခုလုံးသည် အတွင်းသို့ ရောက်ရှိနေပြီး နေရာကောင်းများ ယူထားပြီဖြစ်သဖြင့် ရှက်ဖျင်တဲကလေးများထဲမှ ပြေးထွက်လာသော အာရပ်စစ်သားများသည် ရိုင်ဖယ်သေနတ်ရှည်ကြီးများ ကာရမ်းရမ်းနှင့် ဟိုချိန် သည်ချိန် လုပ်နေစဉ်မှာပင် အတုံးအရုန်း ကျကုန်ကြသေ၏။

နောက်ဆုံးတွင် အာရပ်တို့သည် သူတို့၏ သေနတ်များကို ပစ်ချလိုက်ပြီးနောက် သူတို့၏ ခါးတွင်ချိတ်ထားသော ခွတ်ကရိုး ဓားကောက်ကြီးများကို ဆွဲထုတ်၍ ကျွန်ုပ်တို့အား လှုချင်းဝင်လုံးကြတော့၏။

ကျွန်ုပ်တို့သည် ထိုသို့ပြုလုပ်လိမ့် မည်ဟု ထင်မထားသောကြောင့် ခဏတ္တမျှ ကြောင်သွားကြလေ၏။ ထိုအချိန်တွင် ကျွန်ုပ်တို့ဘက်မှ ရဲဘော်အချို့မှာ အာရပ်တို့၏ ခွတ်ကရိုးဓားများတွင် အသက်များ ပါသွားကြလေသော့၏။

ကျွန်ုပ်တို့ သတိပြန်ဝင်လာသောအခါ လုံ့ခွပ်များကို အမြန်တပ်၍ ခုခံကြရလေ၏။ ထိုအချိန် ကပ္ပတိန်စကော့သည် ရန်သူ၏ လက်နက်တိုက်ထဲသို့ ဒိုင်းနမိုက်များ ပစ်သွင်းပြီးနောက်သို့ အဆုတ်တွင် ဓားကောက်များကိုင်ထားသော အာရပ် (၇) ယောက်က သူ့ကို ဝိုင်းထားလိုက်ကြလေ၏။ ကပ္ပတိန်စကော့လည်း မျက်နှာတွင် သွေးမရှိတော့သကဲ့သို့ ဖြစ်သွားကာ မလှုပ်ရဲအောင် ဖြစ်သွားလေတော့၏။ ထိုအချိန်တွင် အာရပ်တို့၏ လက်နက်တိုက်ကြီးသည် 'ဂိုမ်း'ခနဲ မြည်ကာ ပေါက်ကွဲသွားတော့၏။ ဒိုင်းနမိုက်ပေါက်ကွဲသော အသံကြောင့် အာရပ်များ ရုတ်တရက် ကြောင်သွားကြစဉ် ကျွန်ုပ်သည် ကြောင်တစ်ကောင်ခုန်လိုက်သည့်နှယ် ပေါ့ပါးစွာဖြင့် အာရပ်များကြားသို့



www.burmeseclassic.com

www.burmeseclassic.com



ခုန်ဝင်လိုက်ကာ ကပ္ပတိန်စကော့၏ ခါးမှ သာတိအိတ်ဗို့ စပါယ်ရှယ်ခြောက်လုံးပြူးကြီးကို ဆတ်ခနဲ ဖြုတ်ယူ၍ မြေပေါ်တွင် လှဲချလိုက်ပြီး ချာလပတ်လှည့်ကာ အာရပ်များကို ခြောက်ချက် ဆက်တိုက်ပစ်ချလိုက်လေရာ အာရပ်ကြီးများ ဒူးညွတ်ကျသွားလေတော့၏။ ထိုအချိန်တွင် ကျန်နေသော အာရပ်ကြီးတစ်ယောက်က ကျွန်ုပ်အား သူ၏ ဓားကောက်ကြီးဖြင့် ဝင်၍ တိုက်လေတော့၏။

"ကပ္ပတိန် ဆောဖယ်"

ဟု ကျွန်ုပ်က အော်လိုက်ပြီး အာရပ်ကြီး၏ ဓားချက်များကို သတိဖြင့် ရှောင်တိမ်းကာ နေရလေတော့၏။ အာရပ်ကြီးလည်း မျက်လုံးကြီးပြူးကာ ကျွန်ုပ်အား ဓားကောက်ကြီးဖြင့် လွှဲ၍ လွှဲ၍ ခုတ်လေတော့၏။ တစ်ချက်တွင် ကျွန်ုပ် ငုံ့ရှောင်လိုက်စဉ် 'ခွပ်'ခနဲမြည်ကာ ကျွန်ုပ်ခေါင်းမှ သံခမောက်သည် လွင့်ထွက်သွားလေ၏။

အာရပ်ကြီးလည်း ဓားအရှိန်နှင့်အတူ ပါသွားကာ ဟန်ချက်ပျက်သွားလေ၏။ ထိုအချိန်ကို အခွင့်ကောင်းယူ၍ စစ်ဖိနပ်ဦးဖြင့် ရင်ဝသို့ တအားပိတ်ကန်လိုက်ရလေ၏။

"ဘုန်း ... အင့်"

ဟူသော အသံကြီးနှင့်အတူ အာရပ်ကြီးမှာ ဒူးညွှတ်ကျသွားလေ၏။ ထိုအခါတွင် ကျွန်ုပ်သည် လဲနေသော အာရပ်တစ်ယောက်၏ လက်ထဲမှ ဓားကောက်ကြီးကို ပြေးဆွဲကာ အားအပြည့်ထည့်၍ လွှဲခုတ်ချလိုက်လေရာ ရင်ဝကိုလက်ဖြင့် ဖိရင်း ညည်းညူနေသော အာရပ်ကြီးသည် လွင့်စဉ်ထွက်သွားလေတော့၏။

ကျွန်ုပ်လည်း ကပ္ပတိန်ကို လှည့်ကြည့်လိုက်ရာ ဖလှမ်းမကမ်းနေရာတွင် ရပ်၍ မျက်လုံးကြီးပြူးကာ ကြည့်နေသည်ကို တွေ့လိုက်ရတော့၏။ ကျွန်ုပ်လည်း ဓားကောက်ကြီးကို ပစ်ချလိုက်ပြီး ကပ္ပတိန်၏ ခြောက်လုံးပြူးကို ကောက်ယူ၍ ကျွန်ုပ် ပစ်ချခဲ့သော ရိုင်ဖယ်သေနတ်ကြီးကိုပါ ကောက်ယူလိုက်ရလေ၏။





ပြီးလျှင် ကပ္ပတိန်ကို လှုပ်ရမ်း၍ –

"ကပ္ပတိန် ကပ္ပတိန်"

ဟု ခေါ်လိုက်တော့မှ ကပ္ပတိန်သည် သတိပြန်ဝင်လာကာ ကျွန်ုပ်အား သိုင်းဖက်လိုက်လေတော့၏။

"လူကလေး သံဟိတ်၊ မင်း အားကြီး သတ္တိရှိတယ်။ မင်းသာ မကယ်ရင် ငါ့ခေါင်းဟာ ဟိုအာရပ်ကြီးခေါင်းလိုပဲ ဘောလုံး ကန်သလို ထိမ့်သွားမှာ သေချာတယ်"

ဟု တုန်တုန်ယင်ယင်နှင့် ပြောလေ၏။

ထိုညအဖို့ မိုးမလင်းခင်မှာပင် ကျွန်ုပ်တို့တပ်ဖွဲ့များက အာရပ်စစ်စခန်းကြီးကို အငိုက်ဝင်၍ သိမ်းပိုက်လိုက်နိုင်လေ၏။

ထိုညတိုက်ပွဲနှင့် ပတ်သက်ပြီး အထက်သို့ အစီရင်ခံစာ ရေးသောအခါ ကပ္ပတိန်စကော့သည် ကျွန်ုပ်နှင့် ပတ်သက်၍ သာသာထိုးထိုး ထောက်ခံလိုက်လေရာ ရက်အနည်းငယ်ကြာသောအခါ ကျွန်ုပ်သည် စကင်းလက်ဖတင်နင်တစ်ယောက်အဖြစ် ရာထူးတိုးပေးခံရလေတော့၏။ နောက်သုံးလကြာသောအခါ ကျွန်ုပ်တို့တပ်သည် ကိုင်ရိုသို့ ပြန်ရောက်လေ၏။ ထိုအချိန်တွင် ကာနယ်ဝီလျံဘလည်း ကိုယ်တိုင် ဂုဏ်ပြုပွဲပြုလုပ်၍ ကျွန်ုပ်တို့အား ရာထူးများ တိုးပေးပြန်လေသည်။ ကျွန်ုပ်လည်း စကင်းလက်ဖတင်နင်အတွက် ဝိတိုရိယဘုရင်မပုံပါသော ရွှေတံဆိပ်ကိုပါ ထပ်မံ ချီးမြှင့်ခံရပြန်ရာ မော်ဂျာဖြစ်သွားသည့် ကျွန်ုပ်တို့၏ ကပ္ပတိန်ကြီးစကော့က ကျွန်ုပ်အား ပြေး၍ဖက်ကာ နမ်းရှုံ့လေ၏။ ထိုအချိန်မှစ၍ တပ်ထဲတွင် ကျွန်ုပ်၏ အမည်သည် အလွန်ကျော်ကြားသွားခဲ့ရကာ လက်ဖတင်နင်သံဟိတ်ဟူသော အမည်ကို မသိသူရှိသလောက် ဖြစ်ခဲ့ရလေ၏။

စစ်ကြီးပြီးသွားချိန်တွင် အင်္ဂလန်၌ ကျန်ခဲ့သော ကျွန်ုပ်၏ မွေးဇာတိ ခင်ကြီးမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ကျွန်ုပ်လည်း အင်္ဂလန်သို့ မပြန်တော့ဘဲ စစ်တပ်မှ အငြိမ်းထွက်လိုက်ကာ ကိုယ့်ဇာတိမြေ ဖြစ်သော မြန်မာပြည်သို့ ပြန်လာခဲ့လေတော့။ ထိုသို့ စစ်တပ်မှ မထွက်မီတွင် ကျွန်ုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယစစ်တပ်၌ နှစ်နှစ်ခန့် အမှုထမ်းခဲ့ရသေးရာ စစ်တပ်မှ ထွက်ချိန်တွင် အိန္ဒိယမှ သင်္ဘောစီးလာရုံဖြင့် မြန်မာပြည်သို့ လွယ်လင့်တကူ ပြန်ရောက်ခဲ့လေ၏။ အင်္ဂလန်ဘုရင်မကြီးသည် ကျွန်ုပ်အား ခံစားခွင့်အနေဖြင့် ပဲနွယ်ကုန်းဘက်၌ လယ်ကေတစ်ရာကို ဂရမ်စာရွက်စာတမ်းဖြင့် ပေးအပ်ခဲ့သည့်အပြင် ကျွန်ုပ်၏ လျှောက်ထားမှုကြောင့် မြန်မာပြည်နှင့် အိန္ဒိယပြည်တွင် အမဲလိုက်ခွင့်နှင့် အမဲပစ် သေနတ်ကိုင်ဆောင်ခွင့်လိုင်စင် ထုတ်ပေးခဲ့လေ၏။

အင်္ဂလိပ်စစ်တပ်၌ လက်ဖတင်နင် ဗိုလ်တစ်ဦး ဖြစ်ခဲ့ဖူးသော ကျွန်ုပ်အား အင်္ဂလိပ်အရာရှိတော်တော်များများက အသိအမှတ်ပြု၍ သူတို့၏ ပါတီပွဲများသို့ အမြဲလို ဖိတ်ကြားတတ်သည့်အပြင် ကျွန်ုပ်လည်း မကြာမကြာ တောပစ်ထွက်လေ့ရှိသဖြင့် ကျွန်ုပ်သည် ရန်ကုန်မြို့တွင် မင်းပေါက်စိုးပေါက် စစ်ပြန်တစ်ဦး ဖြစ်နေရလေတော့၏။

●

## သတင်းတစ်ခု၏ အနံ့

ကိုသံပတိတ်၏ အခန်းသို့ ကျွန်ုပ် ပြောင်းလာခဲ့ပြီးနောက် တစ်လခန့် ကြာသောအခါ ကျွန်ုပ်တို့နေသော အခန်းသို့ ပုံပန်းသဏ္ဌာန် ခပ်ဆန်းဆန်းရှိသော လူကြီးတစ်ယောက် ရောက်ရှိလာခဲ့လေ၏။

တံခါးခေါက်သံကြားသဖြင့် ကျွန်ုပ်သည် ဧည့်ခန်းရှိ ဆိုဖာပေါ်တွင် ထိုင်၍ သတင်းစာဖတ်နေရာမှ တံခါးသွားဖွင့်ပေးလိုက်ရလေ၏။ တံခါးဝတွင် အရပ်မြင့်မြင့် ထွားထွားကြိုင်းကြိုင်း လူကြီးတစ်ယောက်သည် တောင့်တောင့်ကြီး ရပ်နေသည်ကို တွေ့လိုက်ရလေ၏။ ကျွန်ုပ်လည်း ထိုလူကြီးကို အကဲခတ်လိုက်ရာ သျှောင်တစ်စောင်းထုံးထားပြီး ပုဆိုးကွက်တုံးကြီးကို ကျကျနနဝတ်ထားသော အင်္ကျီမှာ ရိုးကုမ္ပဏီထုတ် ပဒုမ္မာအင်္ကျီအဖြူ ခပ်ပွပွကြီး ဖြစ်တော့၏။ ဆံပင်နှင့် ခုံညားလှသော နှုတ်ခမ်းမွေးကျင်စွယ်တို့မှာ နက်မှောင်နေသကဲ့သို့ မျက်လုံးများသည်လည်း နက်မှောင်နေသောအရောင် တဖျပ်ဖျပ်တောက်နေသည်ဟု ထင်ရလေ၏။

ပခုံးတွင် လွယ်အိတ်ဖောင်းဖောင်းကြီးတစ်လုံးတွင် ထားပြီး လက်တွင် လမ်းလျှောက် တုတ်ကောက်ကို ဟန်ပါပါ ကိုင်ထားသည့် အသက်ငါးဆယ်ကျော်ခန့်ရှိ လိမ့်မည်ဟု ခန့်မှန်းရသော လူထွားကြီးက တစ်ချက်ပြုံးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"စစ်ပိုလ်ကြီးရှိသလား လူကလေး"

ဟု မေးလိုက်လေ၏။ ကျွန်ုပ်လည်း ရုတ်တရက် ကြောင်သွားပြီး ကိုသံဟိတ်ကို မေးမှန်း သဘောပေါက်သွားသဖြင့် –

"ဩော် ... ရှိပါတယ် ခင်ဗျာ၊ တွေ့ချင်ရင်တော့ အိမ်ထဲ ကြွပါ"

ဟု ရှိရှိသေသေ ပြောလိုက်လေ၏။

"သာဓုဗျာ သာဓု သာဓု စစ်ပိုလ်ကြီးနဲ့ တွေ့ချင်လို့ အဝေးကြီးက လာခဲ့ရတာဗျ"

ဟု ပြောလိုက်ပြီးနောက် အိမ်ထဲသို့ ဝင်လာလေ၏။ ပြီးလျှ ဆိုဖာ၌ ဝင်ထိုင်လိုက်၏။ ထိုအချိန်တွင် ကိုသံဟိတ်သည် အိမ်နောက်ဘက် ထွက်လာလေရာ ထိုလူကြီးက ကိုသံဟိတ်ကို ပြုံး၍ နှုတ်ဆက်လိုက်ပြီး နောက် –

"စစ်ပိုလ်ကြီး ထင်ရဲ့"

ဟု မေးလိုက်၏။ ကိုသံဟိတ်က ထိုလူကြီးကို ခြေဆုံးခေါင်းဆုံး အကဲခတ် လိုက်ကာ –

"အရင်တုန်းကတော့ ဟုတ်ပါတယ်။ အခုတော့ စစ်ထဲက ထွ ခဲ့တာ ကြာပြီဆိုတော့ မဟုတ်တော့ပါဘူး"

"ဘာပဲဖြစ်ဖြစ်လေ၊ သူတို့ကတော့ လူကလေး မောင်သံဟိတ်ကို စစ်ပိုလ်ကြီးလို့ပဲ ခေါ်နေကြတာပါပဲ"

ဟု ထိုလူကြီးက ပြောလိုက်လေ၏။ ကိုသံဟိတ်လည်း ဆို အလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီးနောက် ကုလားအုတ် စီးကရက် တ လိပ်ကို ယူ၍ မီးညှိလေသည်။ ထို့နောက် ပြုံးနေသော လူကြီးကို ကိုသံဟိ က အကဲခတ်သလို တစ်ချက်ကြည့်လိုက်ပြီးလျှင် –

"ဦးမင်းက ဘယ်သူပါလဲ ခင်ဗျာ။ သူတို့ဆိုတာကရော၊ ဘယ်သူ တွေပါလဲ။ ပြီးတော့ ကျွန်တော်နဲ့ တွေ့ချင်တဲ့ ကိစ္စက ဘာများရှိပါသလဲ"

ဟု ထိုလူကြီးကို လေးလေးစားစား မေးလေ၏။





"ကျုပ်က အမရပူရ အရှေ့ဘက်က ရွာကလေးတစ်ရွာကပါ။ အမည်က ကိုလုံးလို့ ခေါ်ပါတယ်။ သူတို့ဆိုတာကတော့ ကျုပ်ရဲ့ အိပ်မက်ထဲက လူတွေကို ပြောတာပါ။ ကျုပ်လာရတဲ့ကိစ္စကို ဆက်ပြောပါရစေ စစ်ပိုလ်ကြီးရယ်။ ဒီလိုပါ၊ ကျုပ်တို့ရဲ့ ဘဝရှင် မင်းတရားကြီးမှာ မိဖုရားငယ် လေးတွေ ရှိခဲ့တာ စစ်ပိုလ်ကြီးသိမှာပါ။ အဲဒီအထဲက ရှင်ဝိုင်းလို့ အမည်ရတဲ့ ထေင်မရှား မိဖုရားငယ်လေးတစ်ပါးအပေါ် မင်းကြီးက မြတ်နိုးတော်မူလွန်းလို့ နန်းတော်မဝန်ကို တိုးတိုးတိတ်တိတ် ခေါ်ယူပြီး ရှင်ဝိုင်းအတွက် ရတနာမျိုးစုံ ခြယ်တဲ့ ဒေဝစ္စရာနတ်သမီး ရုပ်ကလေးတစ်ရုပ်ကို ရွှေသားအစစ်နဲ့ လုပ် ပေးခဲ့တယ်။ အဲဒီ အရုပ်ကလေးမှာ မြှုပ်ထားတဲ့ ပတ္တမြားတွေဟာ အလွန်မှကို အဖိုးတန်တယ် စစ်ပိုလ်ကြီးရဲ့။ နောက်ကျတော့ မင်းကြီးလည်း နတ်ရွာစံ၊ မိဖုရားလေးလည်း အသက်တွေ ကြီးလာတော့ အမရပူရအရှေ့ဘက်က သူ့ရဲ့ဇာတိ ရွာကလေးတစ်ရွာမှာရှိတဲ့ တောင်ကုန်းကလေးပေါ်မှာ လှမ်းစေတီ လေးတစ်ဆူတည်ပြီး အဲဒီဒေဝစ္စရာရုပ်ကလေးကို ဌာပနာလိုက်တယ်ဗျ။ မိဖုရား ရှင်ဝိုင်းလည်း အဲဒီဘုရားနားမှာပဲ ကျောင်းသင်္ခမ်းလေး ဆောက်ပြီး တရားအားထုတ် နေသွားတော့တယ်။ ဒီအကြောင်းကို သိတဲ့လူ အလွန်ပဲ နည်းပါတယ်။ အခုတော့ ဘယ်လိုက ဘယ်လို သိသွားတယ် မသိပါဘူး စစ်ပိုလ်ကြီးရယ်၊ အဲဒီဘုရားရဲ့ ဌာပနာတိုက်ကို ဖောက်ပြီး ဒေဝစ္စရာရုပ်ကလေး ကို ယူသွားကြတော့တာပါပဲ"

"ဟင်"

ဟု ကျွန်ုပ်က အံ့သြပြောဆိုလိုက်လေရာ ကိုသံဟိတ်ပင် ကျွန်ုပ်ကို လှည့်ကြည့်မိလေ၏။

"ဟုတ်ပါတယ် စစ်ပိုလ်ကြီးရယ်၊ ကျုပ်က အဲဒီ ရှင်ဝိုင်းရဲ့ ဇာတိရွာ ကလေးမှာ နေတာပါ။ အသက်ကလေးကလည်း ရလာ၊ သားမယားက လည်း မရှိလေတော့ အဲဒီတောင်ပေါ်က မိဖုရားရှင်ဝိုင်းရဲ့ ဘုရားကလေး အနီးက ဇရပ်ကလေးမှာပဲ နေထိုင်ပြီး တရားအားထုတ်နေခဲ့တာ ကြာပါပြီ။ လိုတာလေးရှိရင် ရွာထဲမှာ ဆင်းအလှူခံတယ်။ ပြီးရင် တောင်ပေါ်ဇရပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေး ပြန်ပြီး တရားအားထုတ်နေတယ်။ ဇရပ်နဲ့ ဘုရားလေးကိုလည်း ကျုပ်ပဲ ပြုပြင်ထားတာပေါ့ဗျာ။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတော့ လူသုံးယောက် ရောက်လာတယ်။ မြန်မာက တစ်ယောက်၊ ကုလားဖြူကနှစ်ယောက်ဗျ။ မြန်မာကောင်က လမ်းပြပေးပုံရတယ် စစ်ဗိုလ်ကြီးရဲ့။ ကုလားဖြူနှစ်ယောက်က ဘုရားလေးရဲ့ ဌာပနာတိုက်ကို ဖောက်တော့တာပဲဗျာ။ ကျုပ်လည်း အတင်းပြေးပြီး တားတာပေါ့။ ဒါပေမယ့် သုံးယောက်နဲ့ တစ်ယောက်လည်း ဖြစ်ပြန်၊ ကျုပ်က အသက်အရွယ်ကလည်း ကြီးနေပြီဆိုတော့ သူတို့ကို ဘယ်လိုမှ မခုခံနိုင်ဘဲ ကျုပ်ကို ရိုက်ပုတ်ပြီး ကြိုးနဲ့တုပ်ထားတာ ခံလိုက်ရတာပါပဲ။ ကျုပ် သတိလစ်သွားပြီးတော့ ပြန်သတိရတဲ့အချိန်မှာ ဘယ်သူမှ မရှိကြတော့ဘူး။ ကျုပ်လည်း တုပ်ထားတဲ့ ကြိုးကို မရမက ဖြေပြီး ကြည့်လိုက်တော့ ဌာပနာတိုက် ပေါက်နေပြီး အထဲမှာ ဘာမှ မရှိတော့ပါဘူးဗျာ။ ကျုပ်လည်း စိတ်မကောင်းဖြစ်လိုက်တာ မပြောပါနဲ့တော့ စစ်ဗိုလ်ကြီးရယ်။

အင်း … ထူးဆန်းတာကတော့ အဲဒီည ကစပြီး ကျုပ်အိပ်တဲ့အခါ အိပ်မက်ထဲမှာ မိဖုရားရှင်ဝိုင်းနဲ့ လူကြီးသုံးယောက် အမြဲရောက်ရောက်လာတယ်ဗျ။ ပြီးရင် စစ်ဗိုလ်ကြီးအကြောင်း ပြော၊ စစ်ဗိုလ်ကြီးနေတဲ့ ရန်ကုန်မြို့လိပ်စာကို ပေးပြီး စစ်ဗိုလ်ကြီးဆီမှာ အကူအညီ တောင်းဖို့ လွှတ်တော့တာပါပဲ။ တစ်ညလည်း မဟုတ် ည တိုင်းလာလာပြောနေကြတော့ ကျုပ်လည်း မနေဝံ့တော့ဘဲ ရွာထဲမှာ လမ်းစရိတ် အလှူခံပြီး ရန်ကုန်ဆင်းခဲ့ရတာပေါ့ဗျာ။

ရန်ကုန်ကိုလည်း တစ်ခါမှ မရောက်ဖူးတော့ မနည်းကို မေးစမ်းပြီး စစ်ဗိုလ်ကြီးဆီကို ရောက်အောင် လာခဲ့ရပါတယ်ဗျာ''

ဟု ဦးလုံးဆိုသူ လူထွားကြီးက ပြောလိုက်လေ၏။

''ဒါထက် ဦးမင်း အဲဒီလူတွေရဲ့ ပုံပန်းသဏ္ဌာန်တို့ နာမည်တို့ရော မှတ်မိသေးလား''

ဟု ကိုသံဟိတ်က ပြာခံခွက်ထဲသို့ စီးကရက်တိုကို ထိုးချေရင်း မေးလိုက်လေ၏။





''ကုလားဖြူနှစ်ယောက်မှာ တစ်ယောက်က ရစ်ချက်တဲ့ဗျ။ နောက်တစ်ယောက်က ဒေးဗစ်လို့ သူတို့အချင်းချင်း ခေါ်သံကြားလိုက်ရတယ်။ ကို မြန်မာကောင်ကတော့ ပူကလေး မောင်ကျော့ကိုးလို့ ခေါ်သံကြားလိုက်ရပါတယ်''

ဟု ထိုလူကြီးက ပြောလျှင် ကိုသံဟိတ်သည် ခေါင်းညိတ်လိုက်ပြီး

''ကဲ … ဦးမင်း၊ စိတ်ချလက်ချသာ ပြန်ပေတော့။ ဒီအချိန်လောက်နဲ့တော့ သူတို့တွေ ဒီပစ္စည်းကို အပြင်ဘက်ရောက်အောင် မထုတ်နိုင်သေးပါဘူး။ ကျွန်တော် ပြန်ရအောင် ယူပေးပါမယ်။ ဘုရားဌာပနာထားတဲ့ မိဖုရားရဲ့ ရုပ်တုကလေးရရင်သာ ဘယ်ကို လာပို့ရမယ်ဆိုတာ အမိန့်ရှိခဲ့ပါ''

ဟု ပြောလေ၏။ ကျွန်ုပ်လည်း၊ ထားမှနေရင်း ကိုသံဟိတ်သည် အာမခံရဲလှချေ၏ဟုပင် တွေးလိုက်မိလေ၏။ ကိုသံဟိတ်၏ မျက်နှာကား အလွန်ပင် အေးအေးဆေးဆေး ရှိလှတော့၏။

အမရပူရသားကြီးသည် ရှင်ဝိုင်းဘုရား ရှိရာအရပ်ကို အသေးစိတ် လမ်းညွှန်ပြောပြလေ၏။

ကိုသံဟိတ်သည် ဦးလုံးပြောသမျှကို သူ၏ မှတ်စုစာအုပ်တွင် ရေးမှတ်ယူနေသည်သာမကဘဲ လမ်းကြောင်းပြ မြေပုံတစ်ခုကိုပင် စာအုပ်ထဲတွင် ဆွဲယူထားလိုက်လေ၏။

ကိစ္စအားလုံးပြီးသောအခါ ဦးလုံးသည် သူ၏ လွယ်အိတ်ဖောင်းဖောင်းကြီးကို လွယ်ကာ လှေကားမှ ခြေသံမကြားအောင် နင်း၍ဆင်းသွားလေတော့၏။ ထိုအခါတွင်မှ ကျွန်ုပ်က ကိုသံဟိတ်ကို –

''ဘယ်လိုလဲ ကိုသံဟိတ်ရဲ့၊ သူပြောတဲ့ ဒေဝစ္စရာရုပ်ကလေးဟာ ဆော်တော်ကို အဖိုးတန်မယ့်ပုံရှိတယ်ဗျ။ အဲဒါကို ပြန်ရဖို့ လွယ်လွယ်ကလေး အာမခံလိုက်တာ တဆိတ်လွန်များသွားသလားလို့''

ဟု ကျွန်ုပ်က ကိုသံဟိတ်ကို ပြောလိုက်လေ၏။ ကျွန်ုပ် ပြောသောစကားထဲတွင် အပြစ်တင်သော လေသံကလေး ပါသွားသည်ကို ကျွန်ုပ် သတိထားလိုက်မိတော့၏။ သို့သော် ကျွန်ုပ် စိတ်ထဲတွင် အမှန်စကယ်



www.burmeseclassic.com

www.burmeseclassic.com



နားမလည်သောကြောင့် ပြောလိုက်ခြင်း ဖြစ်လေရာ စကားကို ပြန်မပြင်တော့ပေ။

ကိုသံဟိတ်မှာ ကျွန်ုပ် ပြောသောစကားကို ကြားသောအခါ မည်သို့မျှ ဖြစ်ပုံမရဘဲ ပြုံး၍ပင်နေလေ၏။

"လွယ်လွယ်အာမခံလိုက်တာ မဟုတ်ပါဘူး မောင်တောအုပ်ရဲ့ ကျုပ်အထင်သာ မှန်မယ်ဆိုရင် ဒီနှစ်ရက် သုံးရက်အတွင်းမှာပဲ မိုးရှားရှင်ပိုင်းရဲ့ ဒေဝစ္စရာရုပ်ကလေး ကျုပ်တို့လက်ထဲ ရောက်လာမှာပါလေ မပူပါနဲ့"

ဟု ကိုသံဟိတ်က ခပ်အေးအေး အမူအယာနှင့် ပြန်ပြောလေ၏။

●

## ဒေဝစ္စရာည

ထိုနေ့ညနေပိုင်းမှ ပြီးလျှင် ကိုသံဟိတ်သည် အပြင်သို့ ဆက်တိုက်ထွက်လေတော့၏။ ညသို့လျှင် အတော်မိုးချုပ်မှ ပြန်ရောက်လာ၏။ ကျွန်ုပ်လည်း သူပင်ပန်းလာသည်ကို ရိပ်မိသဖြင့် အမေးအမြန်း သိပ်မထူဘဲ ဘာသာပင် နေလိုက်လေ၏။ ထိုစဉ်က ကျွန်ုပ်တို့နှစ်ယောက်က အိမ်မှာ ချက်ပြုတ်စားခြင်း မပြုဘဲ ဆိပ်ကမ်းသာလမ်းထဲမှ ဆိုင်ကြီးတစ်ဆိုင်က တစ်လလုံး တာဝန်ယူကာ ချိုင့်ပို့ပေးလေ၏။

ကိုသံဟိတ်သည် တစ်ခါတစ်ရံတွင် အပြင်မှ စားလာခဲ့ပြီး တစ်ခါတစ်ရံတွင် ဘာမျှ စားလာပုံမပေါ်ဘဲ အိမ်တွင်ရှိသော အစားအသောက်များကို အငမ်းမရ စားသောက်လေ၏။ တစ်ညသမြောက်ညတွင် ကိုသံဟိတ်သည် အတော်ညဉ့်နက်သည့်တွင် ပြန်မရောက်လာသောကြောင့် ကျွန်ုပ်သည် လည်တဆန့်ဆန့် ဖြစ်နေလေ၏။ ထိုအချိန်တွင် –

"ဒေါက် ဒေါက် ဒေါက်"

ဟူသော တံခါးခေါက်သံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်သည် ကိုသံဟိတ် ပြန်လာလေပြီဟု ဝမ်းသာသွားပြီး တံခါး ပြေးဖွင့်လိုက်သောအခါ တံခါးဝတွင် ရပ်နေသူမှာ ကိုသံဟိတ်မဟုတ်ဘဲ ကုလားတစ်ယောက် ဖြစ်နေသည်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် စိတ်ပျက်သွားကာ –

"ဘာကိစ္စရှိသလဲ"

ဟု ဟိန္ဒူဘာသာဖြင့် မေးလိုက်လေ၏။ အိမ်ဝမှ ကုလားမှာ သူ၏ ဆံပင်ပွပွကြီးအတွင်း လက်ထိုးကာကုတ်လိုက်ပြီး သူ၏ ထူလဗျစ်နိုင်လှသော ပသိုင်းမွေး၊ မုတ်ဆိတ်မွေးနှင့် နှုတ်ခမ်းမွေးများကြားမှ သွားဖြူဖြူများပေါ်အောင် ပြုံးလိုက်ပြီးမှ ဟိန္ဒူဘာသာဖြင့် –

"ဒီအိမ်မှာ တောအုပ်ဆိုတဲ့လူ ရှိသလား"

ဟု မေးလေ၏။ ကျွန်ုပ်လည်း အံ့ဩသွားကာ –

"အေး ... တောအုပ်ဆိုတာ ငါပဲ၊ မင်း ဘာကိစ္စရှိသလဲ"

ဟု ခပ်ဆတ်ဆတ် ပြန်မေးလိုက်မိလေ၏။ ထိုအခါ အိမ်ဝမှ ကုလားက သူ၏ ကုတ်အင်္ကျီအိတ်ထဲမှ လက်နှစ်ဖက် နှိုက်ကာ မျက်ခုံးကို ဟန်ပါပါပင့်၍ ကျွန်ုပ်ကို ကြည့်နေလေ၏။ ကျွန်ုပ်လည်း အိမ်ဝတွင် လာ၍ အချိန်မရွေး အခါမရွေး အိုက်တင်လုပ်နေသော ထိုကုလားကို မြင်ပြင်းကပ်လာသဖြင့် –

"ဟေ့ကောင် ဘာကိစ္စလဲ မေးနေတာ မကြားဘူးလား"

ဟု ခပ်ဆတ်ဆတ် ထပ်ပြောလိုက်လေလျှင် ကုလားမှာ –

"ဟား ဟား ဟား ဟား"

ဟု အော်ရယ်လိုက်ပြီး –

"မောင်တောအုပ်၊ ကျုပ်ပါကွ"

ဟု ကိုသံဟိတ်၏ အသံပေါ်လာလေရာ ကျွန်ုပ်လည်း အလွန်အံ့ဩသွားရလေတော့၏။ ပြီးတော့မှ ကိုသံဟိတ် ရုပ်ဖျက်ထားပါလားဟု တွေးမိပြီး တစ်သက်နှင့် တစ်ကိုယ် ဤမျှ ရုပ်ဖျက်ကောင်းသည်ကို မမြင်ဖူးသဖြင့် ငေးကြည့်နေမိတော့၏။

ကိုသံဟိတ်သည် ရယ်ရင်းမှ အိမ်ထဲသို့ ဝင်လာကာ ကျွန်ုပ်အား ပခုံးကို သိုင်းဖက်လိုက်လေတော့၏။





"ကိုသံဟိတ် ရုပ်ဖျက်ထားတာ တယ်ကောင်းပါလား။ ကျွန်တော်ဖြင့် လုံးဝကို မမှတ်မိဘူး ဖြစ်နေတာ"

ဟု ပြောလိုက်လျှင် –

"ရုပ်ဖျက်တယ်ဆိုတာ ရုပ်တင်ဖျက်လို့ မရဘူး မောင်တောအုပ်ရဲ့၊ အမူအရာတွေရော အသံပါ ဖျက်နိုင်ရတယ်။ ဒါတွေကို ကျုပ်က စစ်တပ်ထဲမှာ နေစဉ်ကတည်းက တတ်ခဲ့တာပါ"

ဟု ကိုသံဟိတ်က ပြန်ပြောလေ၏။ ပြီးလျှင် ဧည့်ခန်းမှ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ်ဝင်ထိုင်လိုက်ပြီး –

"အားလုံးတော့ ပြီးသွားပြီ မောင်တောအုပ်ရေ။ မိဖုရားရှင်ဝိုင်းရဲ့ ရွှေစင်ရုပ်ကလေးကို ပြန်ယူဖို့ပဲ ရှိတော့တယ်ကွယ့်။ ဒါပေမယ့် ကျုပ်ဘစ်ယောက်တည်းနဲ့တော့ မလုံလောက်ပေဘူး။ မောင်တောအုပ်ပါ လိုက်ရလိမ့်မယ်။ လိုအပ်ရင် စွန့်စားရမှာနော်၊ လူသတ်ရတဲ့အထိတော့ ရောက်မယ် မထင်ပါဘူးလေ"

ဟု ကိုသံဟိတ်က လေးလေးနက်နက် ပြောလေ၏။

"ဟာ ... ဝမ်းသာလိုက်တာ ကိုသံဟိတ်ရယ်၊ ဘယ်လောက်စွန့်စားရစွန့်စားရပါဗျာ။ ပြီးတော့ လူသတ်ဖို့လိုရင်လည်း သတ်ကြရုံပေါ့။ ကျွန်တော့်အတွက်တော့ စိတ်ချထားစမ်းပါ။ ကိုသံဟိတ်နဲ့သာ တွဲပြီး စွန့်စားရမယ်ဆိုရင် ကျွန်တော်ကတော့ တိမ်ပေါ် တက်လိုက်ရမယ်ဆိုရင်တောင် တက်လိုက်ဖို့ အဆင်သင့်ပါဗျာ"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်ရာ ကိုသံဟိတ်က ကျေနပ်စွာ ပြုံးလိုက်ပြီး –

"ကြိုက်ပြီ မောင်တောအုပ်ရေ ကြိုက်သွားပြီ။ ကဲ ... ဒီညတော့ဖြင့် ကောင်းကောင်း အိပ်ပေတော့ မနက်ဖြန်ညဆိုရင်တော့ အိပ်ချင်မှ အိပ်ရလိမ့်မယ်"

ဟု ပြောကာ သူ၏အိပ်ခန်းထဲသို့ ဝင်သွားလေ၏။

ကျွန်ုပ်မှာ မကြာခင် ကိုသံဟိတ်နှင့် လက်တွဲပြီး စွန့်စားရတော့မည့်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စအတွက် တွေးကာ ဝမ်းသာနေသဖြင့် ထိုညအဖို့ ကောင်းစွာပင် အိပ်မပျော်ခဲ့တော့ပေ။

နောက်နေ့တွင် ကျွန်ုပ်သည် အိပ်ရာမှ စောစောမထနိုင်တော့ဘဲ အတော်နေမြင့်မှ နိုးလာခဲ့သော့၏။ ကျွန်ုပ် အိပ်ခန်းထဲမှ ထွက်လာသော အချိန်တွင် ကိုသံဟိတ်သည် ညှီခန်းရှိ ဆိုဖာပေါ်တွင် အကျအန ထိုင်ကာ ရန်ကုန်ဂေဇက်သတင်းစာကို ဖတ်နေလေ၏။ ကျွန်ုပ်ကို လှမ်းမြင်လိုက်သော အခါ –

"မောင်တောအုပ်ဟောင် နိုးလာမှကို။ ကဲ ... ရေလေး မိုးလေးချိုးလိုက်ပေသော့။ ပြီးရင် ထမင်းစားခန်းမှာ လက်ဖက်ရည်နဲ့ နံပြားပူပူလေး စားလိုက်သောက်လိုက်ရအောင်။ ကျုပ် ခုပဲ အောက်ဆင်း ဂယ်ထားတာ။ မောင်တောအုပ် အိပ်ရေးဝပါစေဆိုပြီး မနိုးဘဲထားတာ"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ခေါင်းညိတ်ပြလိုက်ပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့လေတော့၏။

ကျွန်ုပ် ရေမိုးချိုး အဝတ်အစားလဲကာ ထမင်းစားခန်း၌ ဆုံမိကြသောအခါ ကိုသံဟိတ်ဝယ်ထားသော လက်ဖက်ရည်ပူပူလေးကို အရသာရှိစွာ သောက်ရလေ၏။

"ဒီညတော့ ကျုပ်ကို စွန့်စားရတော့မှာပဲ မောင်တောအုပ်ရေ။ (၃) ရက်လုံးလုံး ကျုပ် စုံစမ်းလိုက်တာ ရွှေစင်ရုပ်ကလေး ရှိတဲ့နေရာကို အတိအကျ သိလာခဲ့ပြီကွယ့်။ အလုံဘက်က ဆူပါပင်လမ်းမှာရှိတဲ့ ခြံဝင်းကျယ်ကြီးတစ်ခုထဲမှာ ရှေးဟောင်းအိမ် မည်းမည်းကြီးတစ်လုံးရှိတယ်။ အဲဒီမှာ ရစ်ချတ်ဆိုတဲ့ အင်္ဂလိပ်တစ်ယောက် နေနေတယ်။ သူနဲ့ တွဲဖက်အကောင် ဒေးဗစ်ဆိုတာက စပါတ်လမ်းက တိုက်ခန်းတစ်ခုမှာ နေတာကွ။ ရွှေစင်ရုပ်ကို လက်ထောက်ချတဲ့ ကျောက်ဒိုးဆိုတဲ့ကောင်က ဦးဖိုးလုံးတို့ ရွာမှာ ငယ်ငယ်က နေသွားဖူးတဲ့အကောင်ကွ။ ဒါကြောင့် လူပြောသူပြောနဲ့ ဒီရွှေစင်ရုပ်ကလေး အကြောင်းကို ကောင်းကောင်း ကြားဖူးနေလေတော့ ဟိုမျက်နှာဖြူနှစ်ယောက်ကို ဒီအကောင်က လက်ယောက် ချတော့တာပေါ့ကွာ။ ရစ်ချတ်နဲ့





ဒေးဗစ် ဆိုတဲ့ အကောင်နှစ်ယောက်ကလည်း ဒီအလုပ်မျိုးကို လုပ်ဖူးပုံရတယ်ကွ။ ကျုပ်တို့က ဒီညမှာမှရအောင် မယူနိုင်ရင် အလွန်အဖိုးတန်တဲ့ မြန်မာ့အမွေအနှစ်တစ်ခု တိုင်းတစ်ပါးကို ပါတော့မှာကွယ့်။ မနက်ဖြန်မှာ ဘုံဘေကို ထွက်မယ့် သင်္ဘောနဲ့ ရွှေစင်ရုပ်ကလေးကို ထုတ်သွားတော့မယ်။

ဒီည ဒီကောင်သုံးယောက် ဝေစုခွဲကြလိမ့်မယ်။ အဲဒီအချိန်မှာ ရအောင် ဝင်ယူရမှာပဲ မောင်တောအုပ်။ တော်တော်တော့ စွန့်ရလိမ့်မယ်၊ အိမ်အနေအထားနဲ့ ဝင်လမ်းထွက်လမ်းကိုတော့ ကျုပ် အားလုံး လေ့လာပြီးပါပြီ"

ဟု ကိုသံဟိတ်က အကြောင်းစုံ ပြောပြလေ၏။

ကျွန်ုပ်လည်း ဘာမှမပြောဘဲ ခေါင်းညိတ်ပြလိုက်လေတော့၏။

ထိုနေ့ည (၇) နာရီတိတိတွင် ကိုသံဟိတ်နှင့် ကျွန်ုပ်သည် ရထားသုံးတစ်စီးနှင့် အလုံသို့ ရောက်လာခဲ့လေ၏။ ဆောင်းရာ သီဖြစ်သောကြောင့် လမ်းပေါ်တွင် မြူများဆိုင်းနေကာ လူသွားလူလာပင် အတော် နည်းနေသေသည်။

ကျွန်ုပ်တို့လည်း ဆူပါပင်လမ်းကြီးအတိုင်း ဝင်လာခဲ့ကြရာ အတန်ငယ် မှောင်ရိပ်ကြသော နေရာသို့ ရောက်လာလျှင် ခြံဝင်းကျယ်ကြီးတစ်ခုကို မြင်ရလေ၏။ ခြံကြီး၏ အလယ်တွင်လည်း အိမ်မည်းမည်းကြီးတစ်လုံးကို တွေ့ရလေ၏။ အိမ်ကြီးမှာ အဆောင်များ ထုတ်ထားသဖြင့် အလွန်ပင် ခံ့ညားလှပေ၏။

'မောင်တောအုပ်ရေ ကျုပ်တို့ ဝင်ရမှာတော့ ဒီအိမ်ပဲကွယ့်၊ ဒါပေမယ့် ရှေ့ကဝင်လို့တော့ မရနိုင်ဘူး။ ခြံဘေးမှာ ပတ်သွားတဲ့ လမ်းကလေးတစ်ခု မြင်လား။ အဲဒီလမ်းလေးက ဝင်ပြီး ဘေးဘက်ကို ပတ်သွားရလိမ့်မယ်၊ ကဲ ... လာ'

ဟု ကိုသံဟိတ်က ပြောပြောဆိုဆို ခြံဝင်းကြီး၏ ဘေးဘက်မှ လူသွားလမ်းကလေးသို့ ဆင်းသွားလေ၏။

ကျွန်ုပ်တို့နှစ်ယောက်စလုံးသည် အနက်ရောင်အကျႌရှည်နှင့် ခနက်



www.burmeseclassic.com

www.burmeseclassic.com



ရောင် ဘောင်းဘီရှည်များ ဝတ်ထားပြီး ဖိနပ်မှာလည်း နက်ပြာရောင် ကင်းပတ်ဖိနပ်များ စီးထားကြရာ မှောင်ရိပ်သို့ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ပျောက်သွားကြတော့၏။

''မောင်တောအုပ်ရေ အုတ်တံတိုင်းက လူတစ်ရပ်လောက်ပဲ မြင့်တာဆိုတော့ တက်ဖို့ မခက်လှပါဘူး။ ဒါပေမယ့် အထဲမှာ တော်တော်ကြီးတဲ့ ခွေးကြီးနှစ်ကောင် ရှိတယ်ကွယ့်။ ဒီအတိုင်း ဝင်လို့ မရပေဘူး''

ဟု ကိုသံဟိတ်က ပြောလေရာ ကျွန်ုပ်သည် ကျောထဲတွင် စိမ့်သွားလေတော့၏။

''ဘာမှမပူပါနဲ့ ကျုပ် စီစဉ်ထားပါတယ်''

ဟု ပြောကာ လက်ဆွဲအိတ်ထဲမှ တစ်ခုခုကို ဆွဲထုတ်လိုက်လေ၏။

''ကဲ . . . မောင်တောအုပ်ရေ ဝင်းတံတိုင်းနားကို ခဏကပ်ပြီး ထိုင်ပေးပေတော့။ ကျုပ် မောင်တောအုပ်ရဲ့ ပခုံးပေါ်ကို တက်ရပ်ပြီး ခြံထဲကို ကြည့်ရမယ်''

ဟုပြောလျှင် ကျွန်ုပ်လည်း ဝင်းတံတိုင်း အနားကို တိုးကာ ဒူးနှစ်လုံးထောက်၍ ထိုင်ပေးလိုက်လေတော့၏။

ကိုသံဟိတ်သည် ပေါ့ပါးစွာဖြင့် ကျွန်ုပ်၏ ပခုံးနှစ်ဖက်ပေါ် တက်ရပ်ကာ ခြံဝင်းထဲသို့ ကြည့်လေ၏။

ခဏကြာလျှင် ခြံထဲသို့ တစ်စုံတစ်ခုအား ပစ်သွင်းလိုက်သည်ကို ကျွန်ုပ် သိလိုက်လေ၏။ ထိုအချိန်တွင် ခြံထဲမှ ခွေးကြီးများ၏ မာန်ဖီသံကို ကြားလိုက်ရပြီး ကိုသံဟိတ်က တစ်စုံတစ်ခုကို ထပ်ပစ်လိုက်သည်ကို သိလိုက်ရ၏။

ကိုသံဟိတ်သည် အောက်သို့ ပြန်ဆင်းကာ လက်တွင် စွပ်ထားသော လက်အိတ်ကို ချွတ်ပြီး စက္ကူတစ်ခုနှင့် ပတ်၍ လက်ဆွဲအိတ်ထဲသို့ ပြန်ထည့်လေ၏။

''ကိုသံဟိတ် ခြံထဲကို ဘာတွေ ပစ်သွင်းလိုက်တာလဲ''





ဟု ကျွန်ုပ်က လေသံဖြင့် မေးလိုက်လေ၏။

''အမဲသားတုံးတွေလေ မောင်တောအုပ်ရဲ့။ အလွန်ပြင်းတဲ့ အဆိပ်ထည့်ထားတဲ့ အမဲသားတုံးတွေပေါ့။ ဘယ်လောက်ကြီးတဲ့ သတ္တဝါဖြစ်ဖြစ် ဝမ်းထဲရောက်တာနဲ့ တုံးခနဲ လဲပြီး ကိစ္စချောတဲ့ အဆိပ်ပေါ့။ အခုလောက်ဆိုရင် ဟိုနှစ်ကောင်လည်း ကိစ္စတုံးလောက်ပါပြီ။ ကဲ . . . အထဲကို ဝင်ရအောင် လုပ်ပေတော့''

ဟု ပြောပြောဆိုဆို အုတ်တံတိုင်းပေါ်ကို ခုန်တက်လေ၏။

ကျွန်ုပ်တို့ တက်သောနေရာသည် အတွင်းမှ သရက်ပင်ကြီးတစ်ပင်ရှိနေလေရာ ကျွန်ုပ်တို့ ဝင်လာသည်ကို အလွယ်တကူ သိစရာမရှိပေ။ ကိုသံဟိတ်သည် ဤနေရာကို သေသေချာချာ ရွေးချယ်ထားပုံရလေ၏။

ကျွန်ုပ်တို့ ခြံဝင်းထဲသို့ရောက်လျှင် သရက်ပင်ကြီးအရင်းတွင် စန့်စန့်ကြီး သေနေသော အယ်လ်ဖေးရှင်း ခွေးကြီးနှစ်ကောင်ကို တွေ့ရလေ၏။

ကိုသံဟိတ်သည် ခြေသံလုံအောင် နင်း၍ တိုက်ခံအိမ်ကြီး အနီးသို့ ကပ်လေ၏။ ကျွန်ုပ်လည်း သူ့နောက်သို့ ထက်ကြပ်မကွာ လိုက်ခဲ့လေ၏။ အိမ်သားသို့ ရောက်လျှင် မြေပြင်အပေါ် တစ်ထွာခန့် ကပ်၍ ဖောက်ထားသော မှန်ပြတင်းပေါက်တစ်ခုကို တွေ့ရလေရာ မြေအောက်ခန်း၏ ပြတင်းပေါက်မှန်း ကျွန်ုပ် သဘောပေါက်သွားလေ၏။

ကိုသံဟိတ်သည် အိတ်ထဲမှ အသင့်ပြုလုပ်လာသော ကော်သုတ်ထားသည့် စက္ကူကို မှန်ပေါ်တွင် ကပ်လိုက်၏။ ကျွန်ုပ်ကလည်း အလိုက်သင့် ဖိပေးလိုက်လေ၏။ ကိုသံဟိတ်က သူ့အိတ်ကပ်ထဲမှ တစ်စုံတစ်ခုကို နှိုက်ယူကာ မှန်ပေါ်တွင် အဝိုင်းရာကလေး ခြစ်လိုက်လေသည်။ မှန်ချပ်အဝိုင်းကလေးသည် စက္ကူတွင် ကပ်၍ ကျွန်ုပ်လက်ထဲသို့ ပါလာလေတော့၏။ သည်တော့မှ ကိုသံဟိတ်သည် မှန်ဖြတ်စိန်နှင့် ဖြတ်လိုက်မှန်း ကျွန်ုပ် သဘောပေါက်ခဲ့ရလေ၏။

ပေါက်သွားသော မှန်ပေါက်ကလေးမှ လက်နှိုက်ကာ တံခါးမင်းတုပ်ကို ဖြုတ်လိုက်လျှင် ပြတင်းတံခါး ပွင့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ယောက်လည်း ပြတင်းပေါက်မှ စမ်းကာ လျှောဆင်းလိုက်လျှင် မြေတိုက်တွင်းသို့ ရောက်သွားလေ၏။ ခဏငြိမ်၍ ရပ်နေလိုက်သောအခါ အခန်းထဲသို့ မြင်လာရလေ၏။ ကိုသံဟိတ်သည် ပါလာသော လက်နှိပ်ဓာတ်မီးကို လက်ကိုင်ပဝါနှင့်အုပ်ကာ အောက်သို့ ခပ်စိုက် စိုက်ထား၍ ဖွင့်လိုက်လျှင် ကျွန်ုပ်တို့ နှစ်ယောက်စလုံး အလွန်အံ့ဩသွားကြရလေ၏။

ကျွန်ုပ်တို့ ရှေ့တည့်တည့်မှ တိုင်တစ်တိုင်တွင် လူတစ်ယောက်အား ကြိုးများဖြင့် တုပ်ထားသည်ကို တွေ့ရလေ၏။ ထိုသူမှာ ကုလားတစ်ယောက်ဖြစ်ပြီး ဗလကောင်းကောင်း ထောင်ထောင်မောင်းမောင်း ရှိလေ၏။ မှုန်ပြပြ ဓာတ်မီးရောင်အောက်တွင် ဝင်းလက်နေသော မျက်လုံးများနှင့် ကျွန်ုပ်တို့အား စိုက်ကြည့်နေလေ၏။ ပြီးလျှင်

"ကျုပ်ကို ကယ်ပါ"

ဟု ဟိန္ဒူဘာသာဖြင့် အသံကို နှိမ့်ပြီး ပြောလိုက်လေ၏။ ,

"မင်း ဘယ်သူလဲ"

ဟု ကိုသံဟိတ်က အနားသို့ တိုးပြီး လေသံဖြင့် မေးလေ၏။

"ကျွန်တော် အိန္ဒိယက လာတာပါ။ မမနေ့က ဒီခြံဝမှာ ခြံထဲကို ဝင်လာတဲ့ ရထားလုံးက ကျွန်တော့်ကို ပွတ်တိုက်သွားလို့ စိတ်ဆိုးပြီး လှမ်းဆဲလိုက်ရာကနေ ရန်ပွဲဖြစ်ပြီး သူတို့ တစ်ခြံလုံးက ကျွန်တော့်ကို ဝိုင်းရိုက်ခံရပြီး သတိမေ့သွားတယ်။ သတိရလို့ ကြည့်လိုက်တော့ ဒီမှာ ကြိုးတုပ်ခံထားရတယ်။ ဒီနေ့တစ်နေ့လုံး ကျွန်တော့်ကို တစ်ယောက်ပြီးတစ်ယောက် လာရိုက်ကြတယ်။ မိတ်ဆွေကြီးတို့ မှန်ကို ဖောက်နေကတည်းက ကျွန်တော် သိနေပါတယ်။ ကျွန်တော့်ကို ကယ်ပါ၊ ဒီကောင်တွေကို ကျွန်တော် ချပေးပါ့မယ်"

ဟု ကုလားကြီးက ပြောလျှင် ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း ကြိုးများကို လျှင်မြန်စွာ ဖြေပေးလိုက်ကြလေ၏။

ပြီးလျှင် အပေါ်သို့ တက်သော လှေကားမှ တက်ခဲ့ကြလေ၏။ ရှေးဟောင်း ပန်းပွင့်မျိုးစုံ ထည့်ထားသော အလှပြဗီရိုကြီးများ ရှိသည့်





…န်းကျယ်ကြီးထဲသို့ ကျွန်ုပ်တို့ သုံးယောက် ရောက်လာခဲ့ကြ လေ၏။

ဗီရိုကြီးများနောက်သို့ ဝင်၍ ငြိမ်နေလိုက်ကြလေ၏။ အခန်းကြီး၏ …ယ်တွင် ထမင်းစားပွဲကြီး ခင်းကျင်းထားသည်ကို တွေ့ရသဖြင့် ဤအခန်း …ထဲတွင် မကြာမီ စားပွဲကျင်းပတော့မည်ကို သိလိုက်ရလေ၏။

ကျွန်ုပ် တွေး၍မှ မဆုံးမီပင် လူသံများ ကြားလိုက်ရပြီး နှုတ်ခမ်းမွေး …ားနှင့် အင်္ဂလိပ်ကြီး နှစ်ယောက်သည် စကားတပြောပြောနှင့် အခန်းထဲ …ို့ ဝင်လာခဲ့လေ၏။ ရစ်ချတ်နှင့် ဒေးဗစ်ဆိုသူ ဖြစ်လိမ့်မည်ဟု ထင်လိုက် …သေ၏။ ၎င်းတို့နောက်တွင် မြန်မာတစ်ယောက်သည် ဥရောပဝတ်စုံကို …သို့ကားယား ဝတ်ကာ ဝတ်လာလေ၏။ ရှေ့ဆုံးမှ အင်္ဂလိပ်ကြီးက …က်သို့လှည့်ကာ ရှုံ့တွန့်တွန့် ဖြစ်နေသော မြန်မာအား –

"ကမ်းအင် မောင်ကျော်ဒိုး ကမ်း အင်"

ဟု လှည့်ပြောလေ၏။ ထိုအခါတွင်မှ ဥရောပဝတ်စုံကို ပုံမကျ …မကျ ဝတ်ထားသော ကျော်ဒိုးဆိုသူက ရင်ကို မသိမသာ ကော့၍ …န်းကြီးထဲသို့ ဝင်သွားလေတော့၏။

ပြီးလျှင် ညစာစားပွဲကို သုံးယောက်တည်း ကျင်းပလေတော့၏။ …စေခံများမှာလည်း ဥရောပဝတ်စုံကို ကျကျနန ဝတ်ထားသော ခပ်ထွားထွား …ပြားများ ဖြစ်လေ၏။ စုစုပေါင်း လေးယောက်၊ နောက်ထပ် မည်မျှရှိသေး …ည်ကို မသိရပေ။

အစေခံများကလည်း ဖန်ခွက်ထဲသို့ အရက်သို့ မပြတ်ငှဲ့ပေး၏။ …သောက်သူများကလည်း အားရဝမ်းသာ စားကြလေ၏။

စားသောက်၍ ပြီးသွားသောအခါတွင်မှ အစေခံများက ပန်းကန် …က်ယောက်များကို သိမ်းသွားကြလေ၏။ ထိုအချိန်တွင် အိမ်ရှင်ရစ်ချတ်ကြီး … နောက်ဘက်ဗီရိုကြီးကို ဖွင့်ကာ လက်ဆွဲသား ရေအိတ်ကြီးကို ယူလိုက် …သေ၏။

ပြီးလျှင် အတွင်းမှ ကတ္တီပါအနီနှင့် စွပ်ထားသည့် သေတ္တာကလေး …ကို ထုတ်လိုက်လေ၏။ ပြီးလျှင် အံ့ထိုးကလေးကို ဆွဲဖွင့်လိုက်ကာ အတွင်းမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေခန့်ရှိသော ရွှေစင်ရုပ်ကလေးကို ထုတ်လိုက်လေသည်။ ရွှေစင်ရု ကလေးမှာ ဖယောင်းတိုင်မီးများ၏ အလင်းရောင်အောက်တွင် ဝင်းမှဲ့နေက ‘လူတစ်ယောက်ကဲ့သို့ လက်ဝတ်ရတနာများ အစုံဝတ်ဆင်ထားလေရာ အ မပြတ်နိုင်သော ပတ္တမြားသည် မီးရောင်အောက်တွင် ရဲရဲနီနေလေတော့၏

ကျွန်ုပ်လည်း အံ့ကိုတင်းတင်း ကြိတ်လိုက်မိလေတော့၏။

“ဒီအရုပ်ကလေးရအောင် ကူညီတဲ့ လူကလေး မောင်ကျောက် ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ချင်လို့ အခုလို ညစာစားပွဲကျင်းပပြီး အ ခေါ်ရတာပါ။ နောင်ကို ဒါမျိုး သတင်းရရင် ကျွန်ုပ်ကို ချက်ချင်းလာတွေ့ပ လူကလေး မောင်ကျောက်ဒိုး သူဌေးဖြစ်အောင် ကျွန်ုပ် လုပ်ပေးပါမယ် ကဲ ... အခု ဒီကိစ္စအတွက် လူကလေး မောင်ကျောက်ဒိုး ဒါကို ယူပ

ဟု ပြောပြောဆိုဆို အိမ်ထဲမှ အဝတ်အိတ်တစ်ခုကို ထုတ်ပေးလေ ၏။

“ရွှေဒင်္ဂါးပြားတွေပါ လူကလေး။ ဒါ အပြီးမဟုတ်သေးပါဘူး မနက်ဖြန် ကျွန်ုပ် ခရီးထွက်ပါမယ်။ ဘုံဘောကတစ်ဆင့် ဘီလပ်ကို သွားမှာပ ကျွန်ုပ် ပြန်လာတဲ့ အခါကျတော့ အခုလို ဒင်နာတစ်ခု ပေးဦးမယ်။ ပြီးတော့ ရွှေဒင်္ဂါးတွေ ထပ်ပေးဦးမှာပေါ့”

ဟု ရစ်ချက်ကြီးက ပြောလိုက်လျှင် မျိုးမစစ်ကျောက်ဒိုးဆိုသူသည် ရှိခိုးမတတ် အရိုအသေပေးကာ ရွှေဒင်္ဂါးအိတ်ကို လှမ်းယူလိုက်လေ၏ ထိုအချိန်မှာပင် ကိုသံပတိတ်သည် ကြောင်တစ်ကောင်ကဲ့သို့ လွှားခနဲ ခု ထွက်သွားလေ၏။

အားလုံးကြောင်၍ ကိုသံပတိတ်ကို ကြည့်နေစဉ်မှာပင် ကိုသံပတိ သည် ထမင်းစားစားပွဲသို့ တန်းပြေးသွားကာ ရွှေစင်ရုပ်ကလေးကို ဖျပ်ခ ဆွဲယူလိုက်လေတော့၏။

ကျွန်ုပ်နှင့် ကုလားကြီးသည် ပြေးထွက်လိုက်လေ၏။ သည်တော့ ရစ်ချတ်ကြီးသည် သဘောပေါက်သွားကာ သူ့လူများကို အမိန့်ပေးလေ၏

“အသေသတ်ပစ်ကြ”





သူတို့မှာ ခုနစ်ယောက်၊ ကျွန်ုပ်တို့မှာ သုံးယောက်၊ ကိုသံပတိတ်၏ ထိုးအံကြိတ်၊ အကန်အကြောက် စလိုက်သည်နှင့် သုံးယောက်လဲသွား ပြီ။ ကျွန်ုပ်၏ မန်ဒိုလက်သီးဖြင့် တစ်ယောက်လဲသွားချိန်တွင် ကုလား ကြီး၏ လက်သီးချက်အောက်တွင် မောင်ကျောက်ဒိုး ခွေကျသွားပြန်သည်။ ကျန်ဆုံးကျန်နေသော ရစ်ချတ်ဆီသို့ ကိုသံပတိတ်က ပြေးကပ်လိုက်ပြီး ပစ်ဆီသို့ ကုလားကြီးက ဝင်ကာလိုက်သည်။ ကျွန်ုပ်က အသင့်ပါလာ သော ပေါက်ဓားကို ကိုင်၍ သားမှုကြည့်နေစဉ် ရစ်ချတ်က ဗီရိုတစ်လုံးဆီသို့ ပြေးကာ သာတီအိတ်ဗို့ ခြောက်လုံးပြူးကြီးကို ဆွဲထုတ်လိုက်လေ၏။ ထို အချိန်တွင် ကျွန်ုပ် လက်မှ ပေါက်ဓားကလေးသည် လေထဲတွင် ပျံဝဲသွားကာ ရစ်ချတ်၏လက်ကို ဖောက်ဝင်သွားလေတော့၏။ သာတီအိတ်ဗို့ကြီးလည်း ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွားလေတော့၏။

ထိုအချိန်တွင် ရွှေစင်ရုပ်ကလေးကို လက်မှာကိုင်ထားရင်း ခုန်ဝင် လာသော ကိုသံပတိတ်၏ ခြေထောက်ကန်ချက်က ရစ်ချတ်၏ မေးအောက်ကို တန်းတန်းမတ်မတ် ဝင်သွားလေရာ ရစ်ချတ်လည်း တစ်ပတ်လည်ပြီး လဲကျ သွားလေတော့၏။

ထိုစဉ်မှာပင် ကုလားကြီး၏ ကြီးမားသော လက်သီးကြီးတစ်လုံးက ပစ်၏ ပါးချိုတ်သို့ ‘ဖြောင်း’ခနဲ ဝင်သွားကာ တတောင်တွက်ချက်က ချက်သို့ ဆက်တိုက်ဝင်သွားပြန်ပြီး ‘ဘုံး အင့်’ ဟူသော အသံကြီးဖြင့် ပစ် စန့်စန့်ကြီး ဖြစ်သွားလေ၏။

ကိုသံပတိတ်လည်း စားပွဲပေါ်မှ ကတ္တီပါသေတ္တာလေးထဲသို့ ရွှေစင် ရုပ်ကလေးကို ကျကျနန ပြန်ထည့်၍ သူ့လက်ဆွဲအိတ်ကို သွားယူကာ ထည့်လိုက်လေ၏။ ကျွန်ုပ်ကလည်း စန့်စန့်ကြီးလဲနေသော မောင်ကျောက် ၏ လက်ထဲမှ တင်းတင်းကျစ်ကျစ် ဆုပ်ထားသည့် ရွှေဒင်္ဂါးအိတ်ကို လက်ချောင်းများဖြေ၍ ယူလိုက်လေတော့၏။

ကျွန်ုပ်နှင့် ကိုသံပတိတ်မှာ အိမ်မှ ထွက်လာကတည်းက ကုလားပုံစံ ဖျက်ထားကြသည်ဖြစ်ရာ မြေအောက်ခန်းမှ ကျွန်ုပ်တို့ ကယ်လာသော



www.burmeseclassic.com

www.burmeseclassic.com



ကုလားကြီးနှင့် ပေါင်းလျှင် ကုလားသုံးယောက် ဖြစ်သွားလေတော့
ကျွန်ုပ်တို့လည်း ဝင်လာခဲ့သော သရက်ပင်ကြီးအောက်သို့ ပြန်သွားက
ဝင်းတံတိုင်းကို ကျော်၍ ဆင်းခဲ့ကြလေတော့၏။

ထိုအခိုက်တွင် ဆူပါပင်လမ်းကြီးပေါ်တွင် နှင်းများ သိပ်သည်း
ကျနေပြီဖြစ်သဖြင့် ကျွန်ုပ်တို့သည် နှင်းထုထဲတွင် ချက်ချင်း ပျောက်ကွယ်သွ
ခဲ့လေတော့၏။

●

## မဟာရာဂျာ စေတမန်

ဆိပ်ကမ်းသာလမ်းအခန်းသို့ ကျွန်ုပ်တို့ ပြန်ရောက်သောအခါ ည ၁၂ နာရီရှိပေပြီ။ ဆူပါပင်လမ်းမှ ကယ်လာသော ကုလားကြီးကလည်း ကျွန်ုပ်တို့နှင့်အတူ လိုက်လာခဲ့လေသည်။

အခန်းသို့ရောက်သောအခါ ဧည့်ခန်းရှိ ဆိုဖာကြီးများပေါ်တွင် ခြေပစ်လက်ပစ်ထိုင်နေကြရင်း ဒေဝဇ္ဇရာရွှေစင်ရုပ်ကလေးကို ထုတ်၍ ကြည့်ကြရတော့၏။ ထိုအချိန်တွင် ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်၌ ထိုင်နေသော ကုလားကြီးက –

"ကျွန်တော် မသိလို့ မေးပါရစေ၊ ဆပ်တို့က ဟိုလူတွေနဲ့ ဂိုဏ်းချင်းအတူတူပဲလား။ ဒီရွှေရုပ်ကလေးကို ဓားပြအတူတူ တိုက်ထားကြတာလား"

ဟု မေးလေ၏။

ကျွန်ုပ်နှင့် ကိုသံပတ်တလည်း ကုလားကြီး၏ စကားကို ကြားသောအခါ အူတက်မတတ် ရယ်မိကြတော့၏။

"အရာကြီးရယ် မင်းနဲ့တွေ့မှပဲ ကျုပ်တို့လည်း ဓားပြတွေ ဖြစ်တော့တာပါပဲ။ ဒါထက် မင်းက အိန္ဒိယက ရောက်လာတာ ဟုတ်လား။ နာမည် ဘယ်လိုခေါ်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုသံဟိတ်က ဟိန္ဒူဘာသာဖြင့် မေးလိုက်လေသည်။ ထိုအ
ကုလားကြီးက လေးစားသော အမူအရာပြု၍ –

"ကျွန်တော့်နာမည် ရာဂျူးပါဆပ်၊ အိန္ဒိယက လာတာပါ၊ အရေး
ကြီးတဲ့ကိစ္စ ရှိလို့ လူတစ်ယောက်ကို လာရှာတာပါ"

ဟု ပြန်ပြောလေ၏။

"မင်း လာရှာတဲ့လူကို တွေ့ပြီလား"

"မတွေ့သေးပါဘူး ဆပ်၊ သတင်းတောင် စုံစမ်းလို့ မရသေးပါဘူး"

"သြော် ... အေး ... အေး၊ ကျုပ်တို့လည်း ကူပြီး စုံစမ်းပေးမှာ
ပေါ့ကွ။ ဒါထက် ဟိုကောင်တွေနဲ့ တိုက်တုန်းက မင်း သုံးတာ အိန္ဒိယလက်ဝှေ့
ဆိုတာ ကျုပ်သိတယ်။ အဲဒီလက်ဝှေ့ကို တက်တဲ့သူ အိန္ဒိယမှာ သိပ်တောင်
မရှိတော့ဘူးကွ။ မင်းက ဘယ်လိုလုပ်ပြီး တတ်ထားတာလဲ'

"သြော်... ဆပ်က အိန္ဒိယလက်ဝှေ့ကို ကောင်းကောင်း သိတာ
ကိုး။ ကျွန်တော့် ဆရာက ဂင်္ဂါမြစ်ဝှမ်းကပါ။ ဒါပေမယ့် မထင်မရှားနေတဲ့
ပုဂ္ဂိုလ်ကြီးပါပဲ။ ဒီလက် ဝှေ့ပညာကို တတ်တဲ့လူတွေကလည်း အတတ်နိုင်ဆုံး
လျှို့ဝှက်ကြပါတယ် ဆပ်"

"ဟုတ်တယ် ရာဂျူး၊ ကျုပ် ကြားဖူးပါတယ်"

ဟု ကိုသံဟိတ်က ပြန်ပြောလိုက်ပြီး ကျွန်ုပ်ဘက်သို့ လှည့်ကာ

"အိန္ဒိယ လက်ဝှေ့အကြောင်းကို မောင်တောအုပ်ကော ကြားဖူး
သလား မသိဘူး။ အင်မတန် ကြောက်စရာ ကောင်းတယ်ကွယ့်။ ကြည့်
လိုက်ရင်တော့ လက်သီးနဲ့ ဖြည်းဖြည်းလေး ထောက်လိုက်သလိုပဲ။ ဘာ
ဒဏ်ရာမှလည်း မတွေ့ရဘူး။ အတွင်းမှာ ကြေမွသွားပြီသာ မှတ်ပေတော့
ခုနက ရာဂျူးထိုးခဲ့တဲ့ ကောင်တွေ အိပ်ရာထဲမှာ တစ်ပတ်လောက် ကုယူရ
လိမ့်မယ် မောင်တောအုပ်ရဲ့"

"ဟင်"

ဟု ကျွန်ုပ်က ယောင်ယမ်းအော်လိုက်လျှင် ရာဂျူးကြီးသည်
သူ၏ မှတ်ဆိတ်ပသိုင်းများကြားမှ သွားစွယ်ဖြူဖြူကြီးများပေါ်အောင် ပြုံး





လိုက်ပြီး ကျွန်ုပ်ကို စိုက်ကြည့်ကာ ခေါင်းညိတ်ပြလေ၏။ ကိုသံဟိတ်
ပြောသော စကားကို မှန်ကန်ကြောင်း ထောက်ခံသည့် သဘောပင် ဖြစ်တော့
၏။

"ဒီမှာ ရာဂျူးကြီးရဲ့၊ ကျုပ်တို့က တားပြအဖွဲ့ဝင်တွေ မဟုတ်ပါဘူး။
ဒီရွှေရုပ်ကလေးဟာ ကျုပ်တို့ မြန်မာဘုရင်ရဲ့ ပစ္စည်းကလေးပါ။ ဒီအရုပ်ကို
ဘုရားထဲမှာ ဌာပနာထည့်ထားတာကို ဟိုအင်္ဂလိပ်နှစ်ကောင်က ဖောက်ပြီး
ခိုးသွားလို့ ကျုပ်တို့က ပြန်လုယူကြတာပါ။ ဘုရားထဲမှာ ပြန်ပြီးဌာပနာ ရ
မှာပါ"

ဟု ကိုသံဟိတ်က ရှင်းပြလျှင် –

"ဟာ ဒီကောင်တွေ အင်မတန် မိုက်ရိုင်းပါလား ဟာရို။ ဒါနဲ့များ
ဆပ်တို့က ဒီကောင်တွေကို အရှင်ထားခဲ့ရသလား။ အသေသတ်ပစ်လိုက်ရင်
ပြီးရော၊ အခုတော့ ဒီကောင်တွေ ရှိနေသေးတော့ ဆပ်တို့ ဘုရားတွေကို
လိုက်ဖောက်နေဦးမှာပေါ့"

ဟု ရာဂျူးက ဒေါသတကြီး ပြောလေတော့၏။

"မင်းပြောတာ မှန်ပါတယ်၊ ဒါပေမယ့် တို့နိုင်ငံဟာ အင်္ဂလိပ်တွေ
လက်အောက်မှာ ကျွန်သဘောက် ဖြစ်နေတယ် ဆိုတာ မေ့လို့ မဖြစ်ဘူးကွ။
ဒီကောင် နှစ်ကောင်ကို သတ်လိုက်ရင် မီးနိုးကြွက် လျှောက်လိုက်လာမှာပေါ့။
ခုလို မှတ်လောက်အောင် ဆုံးမခဲ့တော့ နောက် ဒီအလုပ်မျိုးလုပ်ဖို့ လန့်သွား
လောက်ပါပြီလေ"

ဟု ကိုသံဟိတ်က ဟိန္ဒူစကားဖြင့် ရာဂျူးကို ရှင်းပြလိုက်လေ၏။

သည်တော့မှ ရာဂျူးကြီးက ခေါင်း တဆတ်ဆတ် ညိတ်ကာ
ငြိမ်သွားလေတော့၏။

"ဒါထက် နေပါဦး ရာဂျူးရဲ့၊ မင်း လာရှာတဲ့ လူက နာမည်
ဘယ်လို ခေါ်သလဲ"

ဟု ကိုသံဟိတ်က မေးလိုက်လျှင် –



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က လက်ဖတင်နင် သံဟိတ်ပါ ဆပ်၊ စစ်ပြန်တစ်ယောက်ပဲ။ ခု ဘယ်မှာ ရှိတယ်ဆိုတာကို ကျွန်တော် အပူတပြင်း စုံစမ်းနေရပါတယ်။ ကျွန်တော့်မှာ အင်မတန် အရေးကြီးတဲ့ကိစ္စ ရှိနေလို့ပါ"

"နို့ မင်းက လက်ဖတင်နင်သံဟိတ်ကို သိလို့လား"

"ကျွန်တော် တစ်ခါမှ မမြင်ဖူးပါဘူး ဆပ်၊ ဒါကြောင့် အခု ခက်နေတာပေါ့။ သူက ကျွန်တော်တို့ မဟာရာဂျာ ချက်ကရီဘာတီနဲ့ မိတ်ဆွေတွေပါ။ ခုလည်း မဟာရာဂျာ တာဝန်ပေးလိုက်လို့ ကျွန်တော် အိန္ဒိယကနေ ဒီကို ရောက်လာရတာပါ ဆပ်"

"ဩော် မင်းက ချက်ကရီဘာတီရဲ့ လူကိုး၊ မင်း ရှာနေတဲ့ လက်ဖတင်နင် သံဟိတ်က တခြားသူ မဟုတ်ပါဘူး၊ ကျုပ်ပါပဲ"

ကိုသံဟိတ်က ပြောလိုက်လျှင် ရာဂျူးသည် မျက်လုံးကြီးများ ပြူးသွားပြီး ခေါင်းကို တွင်တွင်သာ ရမ်းလေတော့၏။

"မဟုတ်ဘူး ဆပ်၊ နာမည်တူတာ ဖြစ်မှာပါ၊ ကျွန်တော် ရှာတဲ့ လက်ဖတင်နင်သံဟိတ်ဆိုတာ မြန်မာစစ်ပါ"

ဟု ပြောလေတော့၏။ ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း ရာဂျူး၏ စကားကို ကြားသောအခါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်၍ 'တခွီးခွီး' နှင့် ရယ်မိကြတော့၏။

ခဏကြာလျှင် ကိုသံဟိတ်နှင့် ကျွန်ုပ်သည် မျက်နှာပေါ်မှ ရုပ်ဖျက်ထားသော မုတ်ဆိတ်ပသိုင်းနှင့် နှုတ်ခမ်းမွေးများကို ဖယ်ရှားလိုက်ကြပြီး မျက်နှာကိုလည်း ရေတဘက်နှင့် သုတ်လိုက်ကြရာ နဂိုရုပ်များ ပေါ်လာလေတော့၏။ ရာဂျူးကြီးသည် ကျွန်ုပ်တို့က ထူးဆန်းသော မျက်လှည့်တစ်ခုကို ပြနေသည့်အလား မျက်တောင် မခတ်နိုင်အောင် ငေးကြည့်နေလေ၏။ ပြီးမှ –

"အားပါးပါး လက်စသတ်တော့ ဒီလိုကိုး။ ကျွန်တော်ဖြင့် ဆပ်တို့ကို ကုလားတွေပဲ မှတ်နေတာ၊ ဟာ ဟုတ်ပြီ ဟုတ်ပြီ။ မဟာရာဂျာ ပြောလိုက်တဲ့ ရုပ်ရည်ဟာ ဆပ်နဲ့ တစ်ထပ်တည်းပဲ"





ဟု ကိုသံဟိတ်ကို လက်ညှိုးကြီးနှင့် ထိုးကာ ဝမ်းသာအားရ ပြောလေ၏။

"ဟုတ်တယ် ရာဂျူး၊ ကျုပ် အိန္ဒိယ စစ်တပ်မှာရှိတုန်းက မဟာရာဂျာချက်ကရီဘာတီနဲ့ ကျုပ်နဲ့ဟာ မကြာခဏ တောပစ် ထွက်ဖူးကြတယ်။ သိပ်လည်း ခင်ကြတယ်၊ ဒီတုန်းက သူက ကြင်ယာရကာစပဲ ရှိသေးတယ်။ သူ့မိဖုရားက တော်တော် လှတယ်လို့ သူများတွေ ပြောသံ ကြားခဲ့ဖူးတယ်"

ဟု ကိုသံဟိတ်က ပြောလိုက်လျှင် ရာဂျူးသည် ဆိုဖာပေါ်မှ ကြမ်းပြင်သို့ ဆင်းကာ ဒူးတုတ်၍ ထိုင်လေ၏။ ပြီးလျှင် သူ၏ အင်္ကျီဖားဖားကြီးအတွင်းသို့ နှိုက်ကာ ကိုယ်နှင့်မကွာဆောင်ထားပုံရသော စာအိတ်အညိုကြီးတစ်လုံးကို ထုတ်လိုက်လေသည်။ ချိတ်ပိတ်ကာ တံဆိပ်နှိပ်ထားသော ထိုစာအိတ်အညိုကြီးကို ကိုသံဟိတ်ထံသို့ လက်နှစ်ဖက်ဖြင့် ရိုသေစွာ လှမ်းပေးလေ၏။

ကိုသံဟိတ်သည် စာအိတ်ပေါ်မှ လိပ်စာကို ဖတ်၍ ချိတ်ပေါ်တွင် နှိပ်ထားသော တံဆိပ်ကို စစ်ဆေးလေသည်။

"ဒါဟာ ကျုပ်မိတ်ဆွေ ချက်ကရီဘာတီရဲ့ တံဆိပ်အမှန်ပဲ"

ဟု ပြောကာ စာကို ဖောက်၍ ဖတ်လေ၏။ ပြီးလျှင် –

"ကဲ ... ကဲ ... ရာဂျူး၊ ထိုင်ခုံမှာ ပြန်ထိုင်ပေတော့။ ဒီစာအရဆိုရင် မင်းတို့ရဲ့ မဟာရာဂျာမှာ တော်တော့်ကို ကြီးမားတဲ့ အကြောင်းကိစ္စပေါ်နေပေတာကို။ သူ့ရဲ့ သမီးတော်ကလေးကို ဟိမဝန္တာဂိုဏ်းကြီးက ဖမ်းသွားတယ်လို့ စာထဲမှာ ရေးထားလေရဲ့။ မဟာရာဂျာမှာ ကိုယ်ပိုင်စစ်တပ် ရှိနေတာပဲ။ မင်းတို့ လိုက်မတိုက်ကြဘူးလား"

ဟု ကိုသံဟိတ်က လေးလေးနက်နက် မေးလေ၏။

"တိုက်ပါတယ် ဆပ်၊ ဒါပေမယ့် ဟိမဝန္တာဂိုဏ်းဆိုတာ သေးသေးကွေးကွေး မဟုတ်ပါဘူး။ အိန္ဒိယတစ်နိုင်ငံလုံးက မင်းစိုးရာဇာတွေနဲ့ သူဌေးတော်တော် များများအပေါ် ဩဇာလွှမ်းထားနိုင်တဲ့ ဂိုဏ်းကြီးပါ။ ပြီးတော့ ဟိမဝန္တာဂိုဏ်းဝင်တွေဟာ ကမ္ဘာ့နေရာအသီးသီးမှာ ရှိနေပြီး လျှို့ဝှက်စွာ



www.burmeseclassic.com

www.burmeseclassic.com



နေကြပါတယ်၊ ဘယ်သူ ဟိမဝန္တာကိုဏ်းသားဆိုတာ သိဖို့ မလွယ်ပါဘူးဆပ်။ ဒီတော့ ရန်သူကို ရှာဖို့ ဘယ်လိုမှ မရနိုင်သလို ဘယ်အချိန်မှာ ဘယ်နေရာက အန္တရာယ်ပေါ်လာမယ်ဆိုတာလည်း မသိနိုင်အောင် ဖြစ်နေပါတယ် ဆပ်။ သူတို့ရဲ့ ဂိုဏ်းချုပ်ဟာ ဟိမဝန္တာတောင်တန်းကြီးပေါ်မှာ ရှိနေတယ်ဆိုတာ သိပေမယ့် အင်မတန်မှကို လျှို့ဝှက်စွာ တည်ဆောက်ထားပါတယ်။ ဘယ်နေရာမှာရှိမှန်း ဘယ်သူမှ မသိကြပါဘူး၊ သမီးတော်လေး ပါသွားတဲ့ နောက်မှာ ကျွန်တော်တို့တွေဟာ ဘယ်ကို လိုက်ပြီး တိုက်ရမှန်းတောင် မသိပါဘူး ဆပ်။ သခင်မက လမ်းပြလိုက်လို့ လိုက်ကြတဲ့ ကျွန်တော်တို့ စစ်တပ်တွေဟာ တောထဲတောင်ထဲမှာတင် ဟိမဝန္တာဂိုဏ်းသားတွေရဲ့ ရက်ရက်စက်စက် သတ်ဖြတ်တာကို ခံကြရပါတယ်၊ အခုဆိုရင် သမီးတော်ကလေးကို ထွက်ရှာရဲတဲ့သူတောင် ကျွန်တော်တို့ဆီမှာ တစ်ယောက်မှမရှိအောင် ဖြစ်နေပါပြီကွယ်''

ရာဂျူးကြီးက ခေါင်းကြီးငုံ့ကာ ဝမ်းနည်းကြေကွဲစွာ ပြောပြလေ၏။

''နို့ နေစမ်းပါဦး ရာဂျူးရဲ့၊ မင်းတို့ မဟာရာဂျာနဲ့ ဒီဂိုဏ်းကြီးနဲ့က ဘာရန်ငြိုးတွေများ ရှိလို့ သမီးတော်လေးကို ဖမ်းခေါ်သွားကြရတာလဲကွ''

ဟု ကိုသံဟိတ်က မျက်ခုံးနှစ်ဖက်ကို တွန့်ကာ မေးမြန်းလိုက်လေ၏။

''ဒီလိုပါ လက်ပတောင်နင်ဆပ်၊ ကျွန်တော် ပြောပြပါ့မယ်။ ဆပ်ကို အကြောင်းစုံ ပြောပြရမယ်လို့ မဟာရာဂျာကလည်း အမိန့်တော်ရှိလိုက်ပါတယ်၊ အဖြစ်အပျက်က ဒီလိုပါ။

မဟာရာဂျာချက်ကရီဘာတီ အုပ်ချုပ်တဲ့ (ကက်ရှ်မီးယား) ပြည်နယ်တစ်ပိုက်မှာ နှင်းတွေ အမြဲဖုံးလွှမ်းနေတဲ့ ဟိမဝန္တာတောင်တန်းကြီးဟာ အမြဲလှပနေပါတယ် ဆပ်၊ နွေဦးပေါက်ရာသီရောက်ရင် အမဲလိုက်ဝါသနာအိုး တွေဟာ ဟိမဝန္တာတောင်တန်းကြီးပေါ်တက်ပြီး သမင်ပစ်ဖို့ သေနတ်တပြင်ပြင် ဖြစ်နေတတ်ကြပါတယ်။ အဲဒီအထဲမှာ ဆပ်ရဲ့မိတ်ဆွေ ကျွန်တော်တို့ရဲ့ မဟာရာဂျာက ရှေ့ဆုံးကပါ။ တစ်ရက်မှာတော့ တောင်ပေါ်တက်ပြီး အမဲ





လိုက်ကြရာက လူစုကွဲပြီး မဟာရာဂျာ ပျောက်သွားခဲ့ပါတယ်။ အဖူးပါသွားတဲ့ စစ်သားတွေအားလုံး ပြန်ရောက်ပေမယ့် မဟာရာဂျာ ပျောက်ခြင်းမလှ ပျောက်နေပါတယ်။ ပျောက်နေတာ သုံးရက်တိတိ ကြာပါတယ်။ အားလုံး စိတ်ပူနေတုန်းမှာပဲ မဟာရာဂျာဟာ မြင်းညိုကြီးတစ်ကောင်စီးပြီး ညကြီး အချိန်မတော်မှာ ပြန်ရောက်လာပါတယ်။ ဒါပေမယ့် သူတစ်ယောက်တည်း တော့ မဟုတ်ပါဘူး ဆပ်၊ အင်မတန် ချော၊ အင်မတန်လှတဲ့ မိန်းကလေး တစ်ယောက် ပါလာပါတယ်။ အဲဒီ မိန်းကလေးနဲ့ မဟာရာဂျာဟာ လက်ထပ် ထိမ်းမြားခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ သခင်မဖြစ်လာတဲ့ မာယာ့ဝတီဟာ အတတ်ပညာတွေလည်း မျိုးစုံတတ်ပါတယ်၊ သူ့မှာ ဆွေရယ်မျိုးရယ်လို့လည်း ပြောသံ မကြားရပါဘူး။

နောက်တော့မှ မဟာရာဂျာက လူယုံဖြစ်တဲ့ ကျွန်တော့်ကို အကြောင်းစုံ ပြောပြခဲ့ပါတယ်။

သူ လက်ထပ်လိုက်တဲ့ မိဖုရားဟာ ဟိမဝန္တာဂိုဏ်းက ဂိုဏ်းချုပ် မွေးဖို့ ပညာသင် လေ့ကျင့်ထားတဲ့ မိန်းမပျို ကလေးဖြစ်တဲ့အကြောင်း၊ ဟိမဝန္တာတောင်ပေါ်မှာ မဟာရာဂျာလမ်းပျောက်သွားရင်း ဟိမဝန္တာဂိုဏ်းကြီး ရှိတဲ့နေရာကို ရောက်သွားခဲ့တဲ့အကြောင်း၊ အဆောက်အဦကြီးထဲကို တိတ်တဆိတ် နီးဝင်သွားတဲ့အခါ အင်မတန်လှတဲ့ ကျွန်တော်တို့ရဲ့ သခင်မဖြစ်လာမယ့် မိန်းကလေးနဲ့ တွေ့ပြီး မြင်မြင်ချင်းမှာပဲ တစ်ယောက်နဲ့တစ်ယောက် စွဲလမ်းသွားကြတယ်တဲ့၊ ပြီးတော့ မဟာရာဂျာကိုလည်း ဝှက်ပေးထားခဲ့တယ် ဆပ်။ နောက်တော့ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြိုက်သွားကြပြီး တစ်ညမှာ ဂိုဏ်းသားတွေ လစ်တုန်း ထွက်ပြေးလာတဲ့အကြောင်း ဘယ်လိုပဲ လျှို့ဝှက်ထားပေမယ့် တစ်နေ့ကျရင် ဟိမဝန္တာဂိုဏ်းသားတွေကတော့ သိမှာ ဖြစ်တဲ့အကြောင်း၊ မဟာရာဂျာနဲ့ နန်းတော်ထဲကို အန္တရာယ်တွေ ရောက်လာတော့မယ့်အကြောင်းတွေကို ပြောပြတယ်။ ကျွန်တော့်ကို စစ်တပ်အင်အားတိုးဖွဲ့ပြီး နေ့ညမပြတ် နန်းတော်ကို စောင့်ရှောက်ဖို့ အမိန့်ပေးတော့တာ ပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ရာဂျူးရဲ့၊ အဲဒီအဖြစ်အပျက်တွေဟာ ကျုပ်အိန္ဒိယ စစ်တပ်ထဲမှာ ရှိစဉ်ကတည်းက ဖြစ်ခဲ့တာမို့လား"

"ဟုတ်ပါတယ် ဆပ်၊ ဆပ်နဲ့ မဟာရာဂျာနဲ့ အတူတူ အမဲပစ်ထွက်တဲ့အချိန်မှာ မဟာရာဂျာ လက်ထပ်ပြီးကာစပဲ ရှိပါသေးတယ်။ ဟိမဝန္တာ ဂိုဏ်းကြီးက မရိပ်မိအောင်ဆိုပြီး ဟန်မပျက် သွားလာနေခဲ့တာပါ ဆပ်"

"အင်း ... ဟုတ်မယ်၊ ဟုတ်မယ်၊ ခုမှ ကျုပ် တွေးမိတော့တယ်။ ဒီတုန်းက အမဲပစ်ထွက်ရင်း ကျုပ်သတိထားမိတာ တစ်ခု ရှိတယ်။ မင်းတို့ မဟာရာဂျာဟာ တစ်ခါတစ်ခါ ငိုင်ငိုင်နေတတ်တယ်။ ကျုပ်က ဘာဖြစ်လို့လဲလို့ မေးရင် ပြုံးပြုံးပျာပျာနဲ့ ဘာမှမဖြစ်ကြောင်း ပြောတတ်တယ်။ ဒီကတည်းက သူ့မှာ ဒုက္ခတစ်ခုခုကို ရင်ဆိုင်နေရတယ်လို့ ကျုပ် ထင်ခဲ့မိသားပဲ။ ဒါထက် ရာဂျူးရဲ့ ဟိမဝန္တာဂိုဏ်းကြီးက ဂိုဏ်းချုပ်သခင်မလောင်းလျာလေးကို မဟာရာဂျာ ခိုးလာတာ ဘယ်တော့လောက်မှ သိသွားသလဲကွ"

ဟု ကိုသံပဲတ်က တစ်စုံတစ်ခုကို တွေးတောမိဟန်ဖြင့် မေးလေ၏။

"မဟာရာဂျာက နန်းတော်ကြီးထဲမှာပဲ မိဖုရားလေးကို ပျော်အောင်ထားပြီး နေ့ဘက်မှာ ထွက်ခွာပြမထားတော့ ဒီဂိုဏ်းက ဂိုဏ်းသားတွေလည်း ဘယ်လိုမှကို စုံစမ်းလို့ မရခဲ့ဘူးပေါ့။ နောက် မဟာရာဂျာက နန်းတော်ထဲမှာ လက်ထပ်လိုက်ပြီး ပွဲထုတ်တဲ့အခါကျတော့ တခြားအမျိုးသမီးတစ်ယောက်ကို သူနဲ့တွဲပြီး ထုတ်ပြခဲ့တယ် ဆပ်။ အပြင်ကို သွားရင်လည်း အဲဒီအမျိုးသမီးကိုပဲ အတူခေါ်သွားတယ် ဆပ်။ ဒီတော့ မဟာရာဂျာရဲ့ မိဖုရားအမှန်ကို ဘယ်သူမှ မတွေ့ဖူးကြဘူးပေါ့"

"ဟာ ... ဟုတ်လား၊ မင်းတို့ မဟာရာဂျာက တော်တော်ဉာဏ် ပြေးတာပဲကွ၊ နို့ ... နေပါဦး၊ ဒီလောက် ပိရိတဲ့ကြားထဲက ဟိမဝန္တာဂိုဏ်းက ဘယ်လိုများ သိသွားတာလဲကွ"

ဟု ကိုသံပဲတ်က သိချင်လွန်းသောအကြောင်းကို တဲ့တိုးမေးလိုက်လေတော့၏။





"ဒီလိုပါ ဆပ်၊ သမီးတော်လေး သုံးနှစ်အရောက်မှာ မဟာရာဂျာရဲ့ မိဖုရားအဖြစ် ဟန်ဆောင်ပြပေးနေတဲ့ အမျိုးသမီးဟာ မဟာရာဂျာ့အပေါ်မှာ အခွင့်အရေးတွေ တောင်းဆိုလာတော့တာပါပဲ။ သူ တောင်းဆိုတဲ့ အခွင့်အရေးတွေထဲမှာ မဟာရာဂျာ မလိုက်လျောနိုင်တာတွေ ပါလာတယ် ဆပ်။ အဲဒီမှာတင် ဒီအမျိုးသမီးက နန်းတော်ထဲကနေ ထွက်ပြေးပြီး ဟိမဝန္တာဂိုဏ်းကို သတင်းပေးလိုက်တော့တာပဲ ဆပ်။ အဲဒီအချိန်ကစပြီး မဟာရာဂျာဟာ နေ့ရောညပါ အမြဲသတိနဲ့ နေရတော့တာပါပဲ။ အပြင်သွားရင်လည်း စစ်တပ်နဲ့ကိုရံပြီး သွားရတယ်ဆပ်။ ဒီကြားထဲမှာကိုပဲ မကြာခဏ လုပ်ကြံခံရသေးတယ်။ ကံကောင်းပေလို့သာ ဒီနေ့အထိ အသက်ရှင်နေတာပါ ဆပ်"

ဟု ရာဂျူးက ပြောလေ၏။ ပြီးလျှင် ကိုသံပဲတ် တည်ထားသော ဂုလားအုတ် စီးကရက်တစ်လိပ်ကို ထုတ်၍ ရှိုက်ဖွာနေလေ၏။ ကျွန်ုပ်အဖို့မှာကား သူတို့ပြောသော အဖြစ်အပျက်များသည် ပုံပြင်ဇာတ် လမ်းတစ်ခုသဖွယ် ဖြစ်နေလေတော့၏။

"အိန္ဒိယမှာနေတုန်းက ကျုပ်ကြားဖူးတာကတော့ အဲဒီဟိမဝန္တာ ဂိုဏ်းကြီးဟာ သူတို့ဂိုဏ်းချုပ်ကို အင်မတန်ချော၊ အင်မတန်လှတဲ့ အပျိုစင်စစ်စစ်ကိုပဲ ဂိုဏ်းချုပ်ထားရတယ်ဆိုပဲ။ ပြီးတော့ ဂိုဏ်းချုပ် အရိုက်အရာ မပေးခင်မှာ သေသေချာချာကို ထိန်းသိမ်းစောင့်ရှောက်ပြီး သူတို့ ဂိုဏ်းရဲ့ လျှို့ဝှက်ချက်တွေ တတ်ထိုက်တဲ့ လျှို့ဝှက်ပညာတွေကို သင်ပေးရတယ်ဆိုပဲ ရာဂျူးရဲ့။ ကျုပ် ကြားဖူးတာ ဟုတ်ရဲ့လား မသိဘူး"

ရာဂျူးကြီးက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီး –

"ဟုတ်တယ်ဆပ်၊ ဆပ် ကြားဖူးတာ အမှန်ပါပဲ။ တကယ်တော့ သူတို့ ဂိုဏ်းကြီးဟာ ရှေးနှစ်ပေါင်း သုံးထောင်လောက်က ထွန်းကားခဲ့တဲ့ ပညာတွေကို မပျောက်ပျက်အောင်ရယ်၊ မင်းဆိုးရာဇာတွေရဲ့ အမိန့်နဲ့ မဖျက်ဆီးနိုင်အောင်ရယ်ဆိုပြီး အလွန်လျှို့ဝှက်တဲ့နေရာမှာ ထိန်းသိမ်းစောင့်ရှောက်လာတဲ့ ဂိုဏ်းကြီးတစ်ခုပါပဲဆပ်။ ဒါကတော့ သူတို့ရဲ့ မူလရည်ရွယ်ချက်ပြဆိုမယ့် နောင်ကျတော့ မင်းဆိုးရာဇာတွေ သူဌေးသူကြွယ်တွေက အဲဒီပညာ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ပညာရှင်တွေကို ကိုးကွယ်လာကြတဲ့အခါ သူတို့က ပေါ်ပေါ်ထင်ထင် ကိုးကွယ်မခံဘဲ လျှို့ဝှက်ဂိုဏ်းဝင်တွေ အများကြီး ဖြစ်လာတယ်။ ဂိုဏ်းကြီးကလည်း ဂိုဏ်းဝင်တွေကို အဆင့်အလိုက် သူတို့ဂိုဏ်းကြီးရဲ့ လျှို့ဝှက်တဲ့ ရှေးဟောင်းပညာတွေကို ထိုက်သင့်သလို ချီးမြှင့်သင်ကြားပေးလေ့ရှိတယ်။ အခု ကျွန်တော်တို့ရဲ့ မိဖုရားဟာ သူတို့ဂိုဏ်းရဲ့ လျှို့ဝှက်ပညာ တော်တော်များများနဲ့ ဂိုဏ်းရဲ့ လျှို့ဝှက်ချက်တွေကို တော်တော် သိထားသူဖြစ်လေတော့ ပေါက်ကြားသွားမှာ စိုးရိမ်ပြီး သခင်မကို လက်စတုံးပစ်ဖို့ အမြဲကြိုးစားနေပါတယ် ဆပ်။ ဒီကြားထဲမှာ မဟာရာဂျာနဲ့ သခင်မတို့က မွေးလာတဲ့ သမီးလေး ရေဆူနီဟာ နတ်ဘုရားတွေရဲ့ တိုင်းပြည်က နတ်သမီးလေးတစ်ပါး ဝင်စားသလားလို့ ထင်မှတ်ရအောင် လှတယ်ဆပ်။ အဲဒီ သမီးတော်လေး ကြီးပြင်းလာကတည်းက ဟိမဝန္တာဂိုဏ်းကြီးဟာ သမီးတော်လေး ရေဆူနီကို သခင်မအစား ဂိုဏ်းချုပ်ခန့်ဖို့ ဆုံးဖြတ်လိုက်ကြပုံရတယ် ဆပ်။ သခင်မကို အဲဒီအချိန်ကစပြီး ရန်မရှာတော့ဘူး။ ကျွန်တော်တို့တောင် အံ့ဩနေကြတယ်။ ကျွန်တော်တို့လည်း သူတို့ဂိုဏ်းက ဘာတွေ ကြံနေမှန်းမသိတော့ လန့်ပြီး အမြဲသတိ ရှိနေကြရပါတယ်။ အဲဒီကြားကနေပြီး သမီးတော်ကလေး အသက် ၁၅ နှစ်ပြည့်တဲ့နေ့မှာပဲ ရအောင် လုယူသွားကြပါတယ်။ သမီးတော်လေး မင်္ဂလာရေကန်မှာ ခေါင်းဆေးမင်္ဂလာပြုပြီး အပြန်လမ်းမှာ ဟိမဝန္တာဂိုဏ်းသားတွေနဲ့ သမီးတော်လေးရဲ့ သက်တော်စောင့်တပ်ဟာ တိုက်ပွဲအပြင်းအထန် ဖြစ်ကြတယ် ဆပ်။ သက်တော်စောင့်တွေအားလုံး ကျဆုံးသွားချိန်မှာ သမီးတော်လေးကို ခေါ်ဆောင်သွားကြပါတယ် ဆပ်''

''ဩော် ... ဒီလိုကိုး။ အခုဆိုရင် သမီးတော်လေး သူတို့လက်ထဲရောက်သွားတာ ဘယ်လောက်ကြာသွားပြီလဲ ရာဂျူး''

''အခုဆိုရင် တစ်နှစ်ကျော်သွားပါပြီ ဆပ်။ ကျွန်တော်တို့လည်း အစွမ်းကုန် ကြိုးစားပြီးပါပြီ ဆပ်။ ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး တစ်နေ့မှာ မဟာရာဂျာက ဆပ်ကို သတိရသွားတယ်။ ဆပ်ရဲ့ အစွမ်းသတ္တိကို သူ အများကြီး အားကိုးတယ်။ ဒါကြောင့် ဆပ်ကို မတွေ့တွေ့အောင် ရှာပြီး





အကြောင်းစုံပြောပြရမယ်။ ဆပ်က ကူညီချင်တဲ့ ဆန္ဒရှိရင် တစ်ပါတည်း ခေါ်ခဲ့ရမယ်လို့ ပြောပါတယ် ဆပ်။ ဒါပေမယ့် အင်မတန် ကြောက်စရာကောင်းတဲ့ဂိုဏ်းကြီးတစ်ဂိုဏ်းနဲ့ ရင်ဆိုင်ရမှာဆိုတော့ သေသေချာချာ စဉ်းစားပြီး ဆပ်ရဲ့ ဆန္ဒအရ လိုက်လိုမှ ခေါ်ခဲ့ပါလို့ အထပ်ထပ်မှာပါ သေးတယ် ဆပ်''

ရာဂျူးက သူ့စကားကို လက်စသတ်လိုက်သောအခါ ကိုသံဟိတ်က ခေါင်းကို ညိတ်လိုက်ကာ –

''ကျုပ် မိတ်ဆွေကြီး ချက်ကရိဝါဘတီ ဒီလောက်အထိ ဒုက္ခကြုံပြီး စိတ်အကြီးအကျယ် ဆင်းရဲနေရတဲ့ ကိစ္စကို ကျုပ်က ဝင်ပြီး ကူညီဖို့ စဉ်းစားနေစရာ မလိုပါဘူး ရာဂျူး။ ကျုပ်ဆုံးဖြတ်ပြီးသားပါ။ ကျုပ်နဲ့ ဟောဒီက ကျုပ်မိတ်ဆွေ မောင်တောအုပ်တို့နှစ်ယောက်စလုံး လိုက်ခဲ့မှာပါ''

ဟု ကိုသံဟိတ်က လေးနက်တည် ကြည်စွာ ပြန်ပြောလိုက်လေရာ ကျွန်ုပ်ရော ရာဂျူးပါ အံ့ဩသွားကြရလေတော့၏။

''ဟာ ဝမ်းသာလိုက်တာ လက်ဖတင်နှင်ဆပ်နဲ့ တောအုပ်ဆပ် ရယ်''

ဟု အသံတုန်တုန်ယင်ယင်ကြီးနှင့် ဝမ်းသာ အားရအော်ပြောလိုက်လေတော့၏။

ပေးလိုက်သော တာဝန်ကြီးတစ်ခုကို ကျေပွန်အောင် ဆောင်ရွက်နိုင်သဖြင့် ကျေနပ်ဝမ်းသာနေသော ရာဂျူးကြီးကို ငေးကြည့်နေရင်းမှ ကျွန်ုပ်၏ ရင်ထဲသို့ပါ အပျော်များ ကူးစက်လာပြီး ပျော်သလိုလို ဖြစ်သွားလေတော့၏။ ထိုနောက်ကြာတော့မှ ကျွန်ုပ်တို့ ရင်ဆိုင်ရမည့် ဟိမဝန္တာကြီးအကြောင်းကို တွေးလိုက်မိပြီး ကျောထဲတွင် စိမ့်ခနဲ ဖြစ်သွားလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာမခရီးသည်

ကျွန်ုပ်နှင့် ကိုသံဟိတ်သည် ဒေဝစ္ဆရာ အရုပ်ကလေးကို ဦးလုံး၏ အရောက်ပို့ပေးကြပြီး ဦးလုံး၏ အစီအစဉ်ဖြင့် ဘုရားကလေးတွင် ကျွန်ုပ် တို့ကိုယ်တိုင် ဌာပနာခဲ့ကြလေသည်။ ထို့နောက် မကြာမီ အိန္ဒိယသို့ ထွက် ကြရလေတော့၏။ ကျွန်ုပ်နှင့် ကိုသံဟိတ်တို့၏ အိန္ဒိယ ခရီးစဉ်သည် မရောက် တာကြာပြီဖြစ်သော ဌာနေဟောင်းတစ်ခုသို့ အလည်အပတ် ပြန်လည် ရောက်ရှိခြင်းပင် ဖြစ်တော့၏။ ကျွန်ုပ်တို့နှစ်ယောက်သည် ရာဂျူး၏ ဦးဆော င် မှုဖြင့် မီးသဘော်ကြီးစီးကာ ကာလကတ္တားသို့ ရောက်ခဲ့ကြလေ၏။ မဟာ ရာဂျာသည် ကျွန်ုပ်တို့ကို ရာဂျူးနှင့် တွဲ၍ ပေါ်ပေါ်ထင်ထင် မလာစေချင်သော ကြောင့် ကိုသံဟိတ်ရော ကျွန်ုပ်ပါ မုတ်ဆိတ်ပါးသိုင်းများတပ်ကာ အသက် ကြီးကြီး ကုလားကြီးများအဖြစ် ရုပ်ဖျက်၍ လိုက်ပါခဲ့ကြရလေသည်။

ကာလကတ္တားသည် ကျွန်ုပ် ယူနီဗာစီတီတက်ခဲ့သော မြို့ဖြစ်သဖြင့် ရောက်တုန်းရောက်ခိုက် လည်ချင်ပတ်ချင်သော်လည်း အလွန်အရေးကြီးသော ကိစ္စကြီးတစ်ခုကို ဆောင်ရွက်ရန် လာကြရသည် ဖြစ်သောကြောင့် နေ့ဘက်၌ အခန်းထဲမှာသာ အောင်းနေကြရပြီး ညဘက်ရောက်သောအခါတွင်မှ လူစုံ ကာ အနည်းအကျဉ်း လည်ပတ်ကြရလေ၏။





ကာလကတ္တားတွင် နှစ်ညအိပ်ပြီးသောအခါ ရာဂျူးလည်း သူ့ …နှင့် အဆက်အသွယ် ရသွားလေတော့၏။ မဟာရာဂျာ၏ အမိန့်အရ …ပ်တို့ကို တောလမ်းများမှ လူသူ မသိအောင် ခေါ်သွားရမည် ဖြစ်လေရာ …ူးသည် လမ်းတစ်လျှောက်အတွက် လိုအပ်သည်များကို ကြိုတင်စီစဉ် …ရလေ၏။

ကာလကတ္တားတွင် တတိယညအိပ်ပြီးသောအခါ လက်ခနောင်း … ဦးတည်၍ ထွက်ခဲ့ကြလေ၏။ ကာလကတ္တားမြို့ အပြင်ဘက်တွင်ရှိသော …လီဂျုဟက် ဘုရားကျောင်းသို့ သွားကြရပြီး ထိုဘုရား ကျောင်းပျက်ကြီး …တွင်းတွင် ကုလားအုပ်ကြီးသုံးကောင်နှင့် စားရေရိက္ခာကို အသင့်ပြင်ကာ …ဟာရာဂျာ၏ လူတစ်ယောက်က ကျွန်ုပ်တို့ကို စောင့်နေခဲ့လေ၏။

ထိုသူကပင် ကျွန်ုပ်တို့သွားရမည့် ခရီးလမ်းပန်းအခြေအနေကို …ပြကာ ရာဂျူးအား အရှိအသေပေး၍ ထွက်ခွာသွားလေ၏။ ကျွန်ုပ်တို့ …ယောက်လည်း ကုလားအုပ်ကြီးများပေါ်သို့တက်ကာ တောရိပ်ခို၍ ခရီး …တင်ခဲ့ကြလေတော့၏။

ဤနေရာတွင် ပြောရန်တစ်ခုရှိလေ၏။ ကျွန်ုပ်တို့အတွက် လိုအပ် …သော ရိက္ခာဆေးဝါးနှင့် ရေတို့ကို အပြည့်အစုံ စီစဉ်ပေးသည့်အပြင် ရိုင်ဖယ် …သေနတ်သုံးလက်ကိုပါ ကျည်ဆန်အလုံအလောက်နှင့် စီစဉ်ပေးလေ၏။

ထိုရိုင်ဖယ်သေနတ်များထဲတွင် တစ်လက်မှာ အမဲပစ်ဝါသနာပါ …သော ကိုသံဟိတ်အတွက် အထူးစီစဉ်ပေးထားသော (၄၅၀) နှစ်လုံးပြူးရိုင် …ယ်ကြီး ဖြစ်လေသည်။ ကိုသံဟိတ်သည် ထိုနှစ်လုံးပြူးရိုင်ဖယ်ကြီးကို …မ်းသာအားရကိုင်ကြည့်ကာ

"ရာဂျူး မင်းတို့ရဲ့ မဟာရာဂျာက ကျုပ် အမဲလိုက်ရင် ဘယ်လို …သေနတ်ကို အကြိုက်ဆုံးလဲဆိုတာ သူ မမေ့သေးတဲ့အကြောင်းကို ပြလိုက် …ဘဲကွ။ ကျုပ်နဲ့ အမဲလိုက်ရင် ကျုပ်က ဟောဒီ (၄၅၀) နှစ်လုံးပြူးရိုင်ဖယ်ကို …ကိုင်နေကျလေကွာ။ ဒီကောင်ကြီးက ဆင်တောင်ပစ်နိုင်တယ်ကွ။ တချို့ …ဆိုးတွေဆိုရင် သူ့ကို ဆင်ပစ်သေနတ်လို့တောင် ခေါ်ကြတာ၊ ကျည်ဆန်



www.burmeseclassic.com

www.burmeseclassic.com



နှစ်တောင့်ကို ဆက်တိုက်ပစ်လွှတ်နိုင်လို့ အန္တရာယ်ကြီးတဲ့သားကောင်တွေ ပစ်တဲ့နေရာမှာ သိပ်အားကိုးရတယ်လေ''

ဟု ပြောပြောဆိုဆိုနှင့် နှစ်လုံးပြူး ရိုင်ဖယ်ကြီးနှင့် ဘေးဘက်သို့ လှည့်ကာ ချိန်ကြည့်နေလေ၏။

ထိုအချိန်မှာပင် ထူးခြားသော အချင်းအရာတစ်ခုကို ကျွန်ုပ် သတိထားလိုက်မိလေ၏။ ကိုသံဟိတ်၏ မျက်နှာမှာ မကြာမီအချိန်အတွင်း စစ်မြေပြင်တွင် ရောမတိုက်ပွဲကြီးတစ်ပွဲကို တိုက်ခိုက်တော့မည့် စစ်သားကောင်းတစ်ယောက်၏ အသွင်သဏ္ဍာန်မျိုးသို့ ချက်ချင်းပြောင်းသွားလေတော့၏။

တောနွား တောင်နွားများ စစ်ကုလားအုပ်ကြီးများ၏ အနံ့အသက်များနှင့် သေနတ်များ၊ ယမ်းတောင့်များ၏ အနံ့တို့ကြောင့် ဖြစ်လေသလောဟု ကျွန်ုပ် တွေးတောနေစဉ်မှာပင် ကိုသံဟိတ်သည် ကျွန်ုပ်ဘက်သို့ လှည့်၍

''မောင်တောအုပ်ရေ မင်းတော့ ကျုပ်နဲ့ လက်တွဲမိတာများပြီလို့များ မတွေးမိဘူးလားကွယ်၊ မကြာခင်ရက်အတွင်းမှာ ဘီးလူးသရဲထက် ကြမ်းတမ်းတဲ့ ဟိမဝန္တာဂိုဏ်းသားတွေနဲ့ ကျုပ်တို့ ရင်ဆိုင်ကြရတော့မှာ''

ဟု ကျွန်ုပ်ကို နောင်ပြောင်သလို ပြောလေ၏။

ကျွန်ုပ်ကလည်း နှုတ်ခမ်းကို တွန့်ရုံမျှ ပြုံးလိုက်ပြီး –

''ကိုသံဟိတ်ရယ်၊ ကျွန်တော် ပြောပြီးပါပကောလား။ ကိုသံဟိတ်နဲ့သာဆိုရင် တိမ်ပေါ်တက်လိုက်ရမယ်ဆိုတောင် ကျွန်တော့်ဘက်က အချိန်မရွေး အသင့်ရှိပြီးသားပါဗျာ'

ဟု ပြန်ပြောလိုက်လျှင် ကိုသံဟိတ်မှာ သဘောကျသွားပြီး –

''ဟား ဟား ဟား ဟား''

ဟု အော်ရယ်လိုက်လေရာ ကုလားအုပ်များပင် ခြေလှမ်းတုံ့သွားလေတော့၏။ ကျွန်ုပ်တို့နှစ်ယောက်သည် မြန်မာလို ပြောဆိုနေကြသည်ဖြစ်ရာ ရာဂျူးမှာ မည်သို့မျှ နားမလည်နိုင်ဘဲ ငေးငေးကြီး ကြည့်နေလေတော့၏။





''ဆပ်တို့နှစ်ယောက်ကိုတော့ ကျွန်တော် အရမ်းလေးစားသွားပါပြီ ... ၊ ဒီလောက် အန္တရာယ်ကြီးတဲ့ကိစ္စကို ဆောင်ရွက်ဖို့ လာကြတဲ့ ခရီးမှာ ...င် အားရပါးရ ပြောဆိုရယ်မောနိုင်ကြတာ၊ ဒီလိုလူမျိုးတွေကို ကျွန်တော် ...ခါမှကို မမြင်ဖူးပါဘူးဗျာ။ ဒါကြောင့်လည်း ကျွန်တော်တို့ မဟာရာဂျာက ...ကိုးပေတာပဲ'

ဟု ခေါင်းတညိတ်ညိတ်နှင့် ပြောလေတော့၏။

နေဝင်ခါနီးတွင် ကျွန်ုပ်တို့လည်း ခရီး အတော်ပေါက်လာခဲ့ကြတော့ ... စမ်းချောင်းကလေးတစ်ခုအနီးသို့ ရောက်လျှင် စခန်းချရန် ရာဂျူးက ...ပြောလေ၏။

'မိုးချုပ်သွားရင် အန္တရာယ်ရှိတယ် ဆပ်။ ညဘက်ဆိုရင် သားကောင်မျိုးစုံ ထွက်လာလိမ့်မယ်။ ဒီနေရာဟာ စခန်းချဖို့ အကောင်းဆုံးပါပဲ ဆပ်'

ကိုသံဟိတ်နှင့်ကျွန်ုပ်လည်း ကုလားအုပ်များကို ဖက်သတ်ကာ ...ဆင်းလိုက်ကြလေ၏။

''ရာဂျူးရေ မင်း မပြောခင်ထဲကိုက ဒီနေရာကို ကျုပ် သဘောကျနေတာကွ။ ဒီစမ်းချောင်းအထက်ကို တက်ပြီး ညဘက်စောင့်လိုက်ရရင် အမဲကောင်းကောင်း ပစ်လို့ရမှာကွ။ ချောင်းအထက်ဘက်မှာ တောကလည်း ...တ်တော်ထူတယ်''

''ဟုတ်ကဲ့ပါ ဆပ်၊ ညစာ စားသောက်ပြီးရင် ဆပ်တို့နှစ်ယောက် ...သွားကြပါ။ ကျွန်တော် ကုလားအုပ်တွေကို စောင့်နေပါ့မယ်။ ဒါဆိုရင်တော့ ...တနေ နည်းနည်း လှမ်းတဲ့နေရာကို ရွေးပြီး မီးဖိုရလိမ့်မယ် ဆပ်။ ဒါမှ ဆပ်တို့ လွတ်လွတ်လပ်လပ် အမဲပစ်လို့ ရမှာ''

ဟုပြောလျှင် ကျွန်ုပ်တို့လည်း ကုလားအုပ်များကို ဆွဲကာ စခန်းချ...ရန် နေရာကောင်းကောင်း ရှာကြရလေ၏။ စမ်းချောင်းကလေး၏ အောက်...က် ကျောက်တုံးကြီးများ ရှိသောနေရာတွင် မြက်ခင်းကလေးလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသဖြင့် ထိုနေရာကို ရွေ့လိုက်ကြကာ တစ်ညတာအတွက် မီးဖို ရာဂျူးနှင့် ကျွန်ုပ်က ထင်းများ အရှာထွက်ကြရလေ၏။

ထင်းများ အလုံအလောက်ရသောအခါ မီးဖို၍ ညစာချက်ထား ရေချိုးကြလေ၏။ ပြီးလျှင် ညစာစားသောက်ကြပြီး ရာဂျူးနှင့် ကုလားအုပ် များအတွက် မီးဖိုကြီး ဖိုပေးခဲ့ကာ ကျွန်ုပ်နှင့် ကိုသံဟိတ်သည် သေနတ်မျ ယူ၍ စမ်းချောင်းကလေးအထက်သို့ ဆန်တက်လာခဲ့ကြလေ၏။

မိုးချုပ်လာသည်နှင့်အမျှ အအေးဓာတ်ကလည်း လွှမ်းကဲလာလေ ကျွန်ုပ်တို့ ဝတ်ထားသော ချည်ထည်အနွေးအင်္ကျီကြီးများပင် အအေးဒဏ် ကာကွယ်နိုင်ပုံမရတော့ပေ။

လကလေးကလည်း နှင်းထုကို ဖောက်၍ ဖျော့ဖျော့ကလေ သာနေလေရာ တောကြီးတစ်ခုလုံးကို မီးအိမ်မှိန်မှိန်ကလေး ထွန်းထားသည်နှ ပင် တူနေတော့၏။ ကျွန်ုပ်တို့လည်း သစ်ပင်ကြီးတစ်ပင်၏ မြစ်ပါးပျဉ် ကြီးကြားတွင် မှီ၍ စမ်းချောင်းကလေးအတွင်းသို့ မျက်တောင် မခတ်ကြည် နေကြစဉ်တွင် ဆတ်ကြီးတစ်ကောင်သည် ကျွန်ုပ်တို့ မြင်ကွင်းရှေ့တွ ဘွားခနဲ ပေါ်လာ၍ ဘေးဘီကို လှည့်ပတ်အကဲခတ်ပြီး ရေစပ်သို့ဆင်းလာ လေ၏။

ကိုသံဟိတ်သည် ကျွန်ုပ်ကို အချက်ပေးသလို ကြည့်လိုက်လေ၏ ထိုစဉ်မှာပင် မထင်မှတ်သော အဖြစ်အပျက်တစ်ခုသည် ရုတ်တရက် ပေါ်လာ လေရာ ကျွန်ုပ်တို့မှာ တစ်ယောက်ကိုတစ်ယောက် ပါးစပ် အဟောင်းသာ ကြည့်မိကြလေ၏။

ထိုအဖြစ်အပျက်မှာ အခြားမဟုတ်ပေ။ ကျွန်ုပ်တို့ ပုန်းနေသော သစ်မြစ်ပါးပျဉ်းကြီး၏ ဝဲဘက်ဆီမှ အဝါပြောက်ကြီး များပါသော ကျားသစ် ကြီးတစ်ကောင်သည် လေးဘက်ဝင်ကာ တရွေ့ရွေ့နှင့် စမ်းချောင်းထဲသို့ ဆင်းလာသည်ကို တွေ့လိုက်ရသောကြောင့်ဖြစ်၏။ ထိုကျားသစ်ကြီးမှာ စိတ်ချလက်ချ ရေသောက်နေသော ဆတ်ကြီးနှင့် နီးနိုင်သမျှ နီးအောင်





သွားလေ၏။ ကျွန်ုပ်တို့ ရှိနေသည်ကို လုံးလုံးရိပ်မိပုံမပေါ်ပေ။ ထိုအချိန်တွင် သံဟိတ်သည် အကြံတစ်ခုရသွားပုံဖြင့် ကျွန်ုပ်အနားသို့ တိုးကာ -

"မောင်တောအုပ် မလာနဲ့၊ ဆတ်ကို ခုန်အုပ်လိုက်ပြီးတော့မှ ပ်က ကျားကို ပစ်မယ်။ မောင်တောအုပ်က ဆတ်ကို ပစ်ပေတော့၊ တ်တော့ မြန်ပါစေနော်"

ဟု လေသံနှင့်ပြောလေ၏။ ကျွန်ုပ်လည်း ခေါင်းညိတ်ပြကာ ည်အသင့် ထိုးထားသော ရိုင်ဖယ်ကို ပခုံးတွင် ထောက်၍ ချိန်လိုက်လေ ကိုသံဟိတ်လည်း သစ်မြစ်ကြီးကိုမှီ၍ သူ၏ နှစ်လုံး ပြူးရိုင်ဖယ်ကြီးကို းတွင် ထောက်လေ၏။

ကျွန်ုပ်သည် အသက်ပင်မရှူမိဘဲ မျက်တောင်မခတ် ကြည့်နေစဉ် သင် ကျားသစ်ကြီးသည် ကျောက်တုံးကြီးနောက်သို့ ရောက်သွားပြီး အုပ်ရန် နောက်သို့ ကိုယ်ကိုကျုံ့လိုက်ကာ 'ဝေါင်း' ဟူသော အော်သံကြီး အတူ လွှားခနဲ ခုန်ထွက်သွားလေတော့၏။ ရေသောက်နေသော ဆတ် ကြီးလည်း လန့်ပြီး နောက်သို့ ဆုတ်လိုက်သောအခါ ဖင်ထိုင်ရက်လဲ ကျသွား လေ၏။

လဲနေရာမှ ပြန်မထနိုင်မီမှာပင် ကျားသစ်၏ ပါးစပ်ကြီးသည် ဆတ်၏ လည်ကုပ်ကို ကိုက်ပြီးသား ဖြစ်သွားလေတော့၏။

"ဒိုင်း' 'ဒိုင်း"

ဟူသော ကော်ရိုက်ယမ်းပေါက်ကွဲ သံကြီးနှစ်သံ ရှေ့ဆင့်နောက် ဆင့် ဟိန်းထွက်လာပြီးနောက် ကျားသစ်ကြီးရော ဆတ်ကြီးပါ ဘေးတိုက်လဲ ကျသွားလေတော့၏။

ကျွန်ုပ်တို့လည်း ရိုင်ဖယ်သေနတ်ကို ကျည်အသစ်ထပ်ထိုးကာ လဲကျနေသော သတ္တဝါနှစ်ကောင်ဆီသို့ ထွက်ခဲ့လေ၏။ ကိုသံဟိတ်၏ ရိုင်ဖယ်ကြီးမှာ ကျည်တစ်တောင့် အဆင်သင့်ကျန်နေသေးသည် ဖြစ်ရာ ကျည်ထပ်ထိုးရန်မလိုသဖြင့် ကိုသံဟိတ်က ကျွန်ုပ်ရှေ့မှ ရောက်သွားလေ တော့၏။



www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါကြီးများနှင့် ဝါးတစ်ရိုက်လောက်အကွာသို့ ရောက်သော အခါ ကျားသစ်ကြီးသည် ပါးစပ်ကြီးဖြဲကာ ခေါင်းထောင်၍ ကျွန်ုပ်တို့ဘက် လှည့်ကြည့်လေ၏။

"ဟင်း ဟင်း"

ဟု တိုးတိုးကလေး မာန်ဖီနေလေ၏။ ကျွန်ုပ်က လန့်ပြီး ရပ်လို ကာ သေနတ်နှင့် ထိုးချိန်လိုက်မိလေ၏။ သို့သော် ကျွန်ုပ်၏ လျင်မြန်မှုသည် များစွာနောက် ကျသွားလေပြီ။ ကိုသံဟိတ်၏ နှစ်လုံးပြူး ရိုင်ဖယ်ကြီး ကျန်နေသော ကျည်တစ်တောင့်သည် 'ဒိုင်း'ခနဲမြည်ကာ ပြောင်းဝမှ ထွက်သွားပြီးလျှင် ကျားသစ်၏ ဟထားသော ပါးစပ်ထဲသို့ တန်းဝင်သွားကာ ကျားသစ်၏ ခေါင်းသည် ကျောက်တုံးများပေါ်သို့ လန်ကျသွားလေတော့၏။

ကိုသံဟိတ်လည်း သူ၏ခါးတွင် အသင့်ပါလာသော အမဲလိုက်ဓား မြှောင်ကို ဖြုတ်၍ ဆိတ်ပေါင်းများကို စတင်လှီးဖြတ်လေတော့၏။

အတန်ကြာလျှင် ကျွန်ုပ်တို့နှစ်ယောက်သည် ကျားသစ်သားနှင့် ဆိတ်သားများကို တောင့်ကပ်ပျော့ဖတ်များနှင့် အထုပ်များထုပ်ကာ သယ်လာခဲ့ ကြလေတော့၏။

သေနတ်သံကြားလိုက်ရသဖြင့် ရာဂျူးကြီးသည် ရိုင်ဖယ်သေနတ် ကြီး ကိုင်ကာ စမ်းချောင်းကလေးအနားမှ ကျွန်ုပ်တို့ဘက်သို့ လှမ်းကြည့်နေ လေ၏။ ကျွန်ုပ်တို့ကို မြင်လိုက်တော့မှ စိတ်အေးသွားပုံဖြင့် အသားထုပ်များကို ပြေး၍သယ်သွားလေ၏။ ကျွန်ုပ်တို့လည်း အသားများကို ညတွင်းချင်း ချက် ပြုတ်ကာ စားသောက်ကြလေ၏။

ပိုသော အသားဟင်းများကို ထည့်ယူကာ နံနက်အာရုံတက်သည် နှင့် တောရိပ်ခို၍ ခရီးဆက်ခဲ့ကြပြန်လေ၏။ တောရိပ်ခိုကာ လာခဲ့ကြသော ကြောင့် သောက်ရေလည်း ပြတ်သည်ဟူ၍ မရှိဘဲ ခရီးလွန်စွာ တွင်ခဲ့လေ၏။

ဤသို့ဖြင့် လက်ခနောင်းသို့ ရောက်ခဲ့လေ၏။ လက်ခနောင်းတွင် တစ်ညသာ အိပ်ပြီး ကုလားအုပ်အသစ်များလဲ၍ ကန်ပါသို့ ခရီးဆက်ကြ





ပြန်၏။ ကန်ပါမှ တစ်ဖန် အက်ဂရာသို့ ဆက်ရပြန်၏။ အက်ဂရာမှတစ်ဆင့် ဒေလီသို့ ရောက်ကြလေ၏။

ဒေလီတွင် နှစ်ညအိပ်ပြီးလျှင် ကုလားအုပ်အသစ်များ ထပ်မံလဲကာ ဆင်းမလားသို့ ဆက်ခဲ့ကြရပြန်၏။ ပြီးလျှင် လူကူးချိုင့်ဝှမ်းနှင့် ကန်ဂရာချိုင့်ဝှမ်း သို့ ဖြတ်၍ ကက်ရှမီးယားသို့ ဝင်ခဲ့ကြလေတော့၏။ ကာလကတ္တားမှ ထွက်လာသည့် နေ့မှစ၍ တစ်လနှင့် ခုနစ်ရက်တွင် သရီနဂါသို့ ရောက်ခဲ့လေ တော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## ဆရီနဂါဇာပုံသံ

ညနေစောင်းတွင် ကျွန်ုပ်တို့ စီးလာသော စစ်ကုလားအုပ်ကြီး သုံးကောင်သည် တောထဲမှ ထွက်လာခဲ့လေ၏။ အရှေ့တွင် တောင်ကုန်းမြင့်မြင့်ကလေးတစ်ခုက ဆီးကြိုနေသည်ကို တွေ့လိုက်ရတော့၏။ ရာဂျူး၏ ကုလားအုပ်ကြီးသည် မြင်နေရသော တောင်ကုန်းကလေးပေါ်သို့ တက်သွားလေ၏။ ကျွန်ုပ်တို့၏ ကုလားအုပ်များသည် နောက်မှ လိုက်၍ တက်ကြရလေ၏။ တောင်ကုန်းလေး၏ ထိပ်ဖျားသို့ ရောက်လျှင် ရာဂျူး၏ ကုလားအုပ်ကြီးသည် ခြေစုံရပ်သွားလေတော့၏။ ကျွန်ုပ်တို့၏ ကုလားအုပ်များသည်လည်း ရပ်လိုက်ရတော့၏။

"ဟိုရှေ့မှာ မြင်နေရတဲ့ မြို့ဟာ ဆရီနဂါပါ ဆပ်၊ ကျွန်တော်တို့ရဲ့ ခရီးပန်းတိုင်ကို ရောက်ပါပြီ"

ဟု ရာဂျူးက ကိုသံဟိတ်ဘက်သို့ လှည့်ကာ ပြောလိုက်လျှင် ကျွန်ုပ်သည် ရှေ့တူရူသို့ လှမ်းကြည့်လိုက်မိလေတော့၏။

ဝင်လုဆဲနေလုံးကြီး၏ အလင်းရောင်အောက်တွင် ရွှေရည်ပက်ဖျန်းထားသကဲ့သို့ လွန်မင်းစွာ လှပနေသော မြို့ကြီးကို မြင်နေရလေ၏။

"ဟုတ်တယ် ရာဂျူး၊ ဒါဟာ တစ်ခါက ကျွန်ုပ်တို့တစ်စခန်းချခဲ့တဲ့ ဆရီနဂါပါပဲ။ အင်း ... ဒီည လပြည့်ည ထင်တယ်နော် ရာဂျူး။ အင်း





ဟုတ်တယ် ဟုတ်တယ်၊ ဒီည လပြည့်ညပဲ မောင်တောအုပ်ရေ။ ဆရီနဂါရဲ့ လပြည့်ညကို ကြုံဖို့ဆိုတာ ကျုပ်တို့အဖို့ မလွယ်ဘူးကွယ့်။ ဟောဟို မြောက်ဘက်မှာ မြင်နေရတဲ့ ဟိမဝန္တာကြီးရဲ့ အလှရယ်၊ ထင်းရှူးပင်၊ ယူကာလစ်ပင်ကြီးတွေရဲ့ကြားက မြင့်တက်လာတဲ့ လမင်းကြီးရယ်၊ ပြီးတော့ ဆရီနဂါပိုမြို့တွေရဲ့ အလှရယ်၊ အားလုံးပေါင်းလိုက်ရင် ဆရီနဂါညကို တောအုပ် တစ်သက်လုံး မေ့နိုင်တော့မယ်လို့ ကျုပ်တော့ မထင်ဘူး မောင်တောအုပ်ရေ"

ဟု ကိုသံဟိတ်က ပြောလေလျှင် –

"ဟာ လက်ဖတင်နင်ဆပ်ကလည်း အနုပညာ တယ်ဆန်တာကိုး၊ ဟား ဟား ဟား"

ဟု ရာဂျူးကြီးက အော်ရယ်လိုက်ရာ ကျွန်ုပ်လည်း ရော၍ ရယ်မိလေ၏။

ထိုသို့ စိတ်လက်ပေါ့ပါးစွာ ရယ်လိုက်ရသဖြင့် ရက်ရှည်လများ ခရီးကြမ်းနှင်လာသဖြင့် ကိုင်ရိုက်ထားသလို ဖြစ်နေသော ကျွန်ုပ်၏ ခန္ဓာကိုယ်ကြီးပင် ပေါ့ပါးသွားသလို ခံစားလိုက်ရလေ၏။

"ဒါပေမယ့် ဆပ်ရေ၊ ကျွန်တော်တို့ ဆရီနဂါကို ဒီက ကြည့်နေလို့ပဲ ပြီးမယ်ဗျို့။ မြို့ထဲကိုတော့ ဝင်လို့ရမှာ မဟုတ်သေးဘူး။ ဟိမဝန္တာကိုယ်သားတွေက မဟာရာဂျာရဲ့ နန်းတော်ကို အမြဲစောင့် ကြည့်နေတာဆိုတော့ ဆပ်တို့နှစ်ယောက်ကို အိန္ဒိယမြစ်ဝှမ်းဘက်ကလာတဲ့ မဟာရာဂျာရဲ့ မိတ်ဆွေမြို့စားကြီးတွေနဲ့တူအောင် အဝတ်အစားလဲပေးရမယ်၊ ပြီးတော့ ည မိုးချုပ်မှ ကျွန်တော်တို့ မြို့ထဲကို ဝင်ကြရမယ် ဆပ်"

ဟု ရာဂျူးက ပြောလိုက်လေ၏။

ကျွန်ုပ်တို့လည်း ရာဂျူးပြောသော စကားကို သဘောပေါက်စွာဖြင့် ခေါင်း ညိတ်ပြလိုက်ကြလေ၏။

"ဒါထက် နေပါဦး ရာဂျူးရဲ့၊ တို့ကို အဝတ်အစားလည်း ပေးတာတော့ ဟုတ်ပါပြီ၊ မြို့စားတွေ ဝတ်တဲ့ အဝတ်အစားက ဘယ်က သွားယူရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု ကိုသံဟိတ်က ရုတ်တရက် မေးလိုက်လေရာ –

"မပူပါနဲ့ ဆပ်၊ ကျွန်တော် အားလုံး စီစဉ်ခဲ့ပြီးပါပြီ။ ဒေလီမှာ ကျွန်တော်တို့ ခဏနားကြတုန်းမှာ ဆပ်တို့နှစ်ယောက်အတွက် အဝတ်အစား အကောင်းစားတွေကို ကျွန်တော် ဝယ်ခဲ့ပါတယ်။ ပြီးတော့ ဆရီနဂါကို ကျွန်တော့်တို့ ရောက်မယ့်နေ့ကိုလည်း မဟာရာဂျာဆီကို လူလွှတ်လျှောက်တင်ခိုင်းထားပါပြီ။ ဒီညဆိုရင် မဟာရာဂျာက ဆပ်တို့ကို တခမ်းတနား ကြိုနေမှာပါ"

ဟု ရာဂျူးက ပြောလိုက်လျှင် ကိုသံဟိတ်ရော ကျွန်ုပ်ပါ ရာဂျူးကို အံ့သြပြီး ကြည့်နေကြလေ၏။

"ကဲ ... ဆပ်တို့ ခဏနားပြီး တောစပ်က စမ်းချောင်းကလေးမှာ ခြေတွေ၊ လက်တွေ ဆေးကြောသုတ်သင်ပြီး ဆပ်တို့ရဲ့ ပညာနဲ့ ရုပ်ပြောင်းလိုက်ပါ။ ပြီးရင် ဟောဒီ အဝတ်အစားတွေ လဲလိုက်ပါ။ ဒါက လက်ဖတင်နင်ဆပ်အတွက်၊ ဒါက တောအုပ်ဆပ်အတွက်'

ဟု ပြောကာ အဝတ်အစားထုပ်များကို ကျွန်ုပ်တို့အား ပေးလေ၏။

ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း ကုလားအုပ်ကြီးများအပေါ်မှ ဆင်းကာ စမ်းချောင်း ကလေးဆီသို့ လာခဲ့ကြလေ၏။ နာရီဝက်သာသာခန့် ကြာသောအခါ ကိုသံဟိတ်ရော ကျွန်ုပ်ပါ ကိစ္စအားလုံး ပြီးသွားကြတော့၏။ ကျွန်ုပ်တို့နှစ်ယောက်သည် အိန္ဒိယမြို့စားများ ဝတ်သော အဝတ်အစားများနှင့် ပြိုးပြိုးပြောင်ပြောင် ဖြစ်နေသဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ရယ်မိကြတော့၏။ ပြီးလျှင် ရာဂျူး ရှိရာသို့ ပြန်လာကြလေ၏။ ရာဂျူးသည် ကျွန်ုပ်တို့ကိုကြည့်ကာ လွန်မင်းစွာ အံ့သြနေဟန်ဖြင့် ပါးစပ်ကြီးဟနေလေတော့၏။

"အားပါးပါး ဆပ်တို့ရဲ့ ရုပ်ပြောင်း ပညာကတော့ အံ့မခန်းပါပဲဗျာ၊ ကျွန်တော်တောင် ဘယ်လိုမှ ရုပ်ဖမ်းလို့မရအောင် ဖြစ်နေပြီ ဆပ်၊ တကယ့်ကို အိန္ဒိယမြစ်ဝှမ်းက မြို့စားတွေကျနေတာပဲ"

ဟု တအံ့တသြ ပြောလေ၏။ ထိုအချိန်တွင် အရှေ့ဘက်ကောင်း





ကင်မှ လမင်းကြီးသည် တောင်ကုန်းတောင်တန်းများပေါ်သို့ တရွေ့ရွေ့ ကျော်တက်လာလေရာ ခပ်ဝေးဝေးက ရွှေရောင်ဖြန်းထားသော ဆရီနဂါသည် ယခုအခါ လရောင်ခြည်အောက်တွင် ငွေရောင်ဖြန်းထားသကဲ့သို့ ရှိနေလေတော့၏။ မြောက်ဘက်တွင် ရှိသော ဖြူလွှလွှ နှင်းပြင်ကြီး ဖုံးလွှမ်းထားသည့် ဟိမဝန္တာတောင်တန်းကြီးကိုလည်း လှမ်း၍ မြင်နေရသည်ဖြစ်ရာ မီးရောင်များ တလက်လက်နှင့် ဆရီနဂါသည် လရောင်ခြည်အောက်တွင် ကြည့်၍မဝနိုင်အောင် ရှိနေလေတော့၏။

"ကဲ ... လက်ဖတင်နင်ဆပ်ရေ ကျွန်တော်တို့ သွားလို့ ရပါပြီ၊ ဒီညအဖို့တော့ ဆရီနဂါက မဟာရာဂျာရဲ့ နန်းတော်ထဲမှာ ဆပ်တို့နှစ်ယောက် ချမ်းချမ်းသာသာ နားနေရတော့မှာပါ"

ဟု ပြောပြောဆိုဆို သူ၏ ကုလားအုပ်ကြီးပေါ်သို့ တက်လေ၏။ ကျွန်ုပ်တို့နှစ်ယောက်လည်း ကုလားအုပ်ကြီးများပေါ်သို့ တက်လိုက်ကြလေသတော့၏။

ဆရီနဂါမြို့ထဲသို့ ကျွန်ုပ်တို့ ဝင်လိုက်သောအခါ မြို့သူမြို့သားများက ကျွန်ုပ်တို့ကို ဝိုင်းကြည့်ကြလေ၏။ တချို့လည်း ကျွန်ုပ်တို့ကို အရိုအသေပေးကြလေ၏။ ရာဂျူးက ရှေ့မှသွားရင်း –

"ဘေးဖယ်ကြ၊ ဘေးဖယ်ကြ၊ အိန္ဒိယမြို့စားကြီးတွေ ကြွလာတယ်"

ဟု လမ်းတစ်လျှောက် အော်သွားလေတော့၏။ လမ်းပေါ်မှ လူများလည်း ကျွန်ုပ်တို့ကို ဝိုင်းကြည့်ကာ အရိုအသေ ပေးကြလေတော့၏။

ဤသို့ဖြင့် ပြောင်ပြောင်လက်လက် အဝတ်အစားများ ဝတ်ထားသော မြို့စားကြီးနှစ်ဦးဖြစ်သည့် ကျွန်ုပ်နှင့် ကိုသံဟိတ်သည် မဟာရာဂျာ၏ နန်းတော်တံခါးဝသို့ ရောက်လာလေတော့၏။

"ဟေ့ တံခါးမှူး၊ တံခါးဖွင့်စမ်းဟေ့။ စစ်သူကြီး ရာဂျူးချန္ဒရာနဲ့ အိန္ဒိယက မြို့စားကြီးနှစ်ပါး ကြွလာတယ်"

ဟု ရာဂျူးက ဟိန္ဒူဘာသာနှင့် ပီပီသသ ကျယ်ကျယ်လောင်လောင် အော်လိုက်လေရာ တံခါးမှူးကြီးများသည် ဝုန်းခနဲ နေအောင်



www.burmeseclassic.com

www.burmeseclassic.com



တံခါးကြီးကို ဖွင့်ပေးလိုက်ကြလေ၏။ ပြီးလျှင် မြေပြင်တွင် ဒူးတုပ်ကာ ကျွန်ုပ်တို့အား အရိုအသေ ပေးကြလေတော့၏။

လွန်စွာလှပသော ပန်းဥယျာဉ်ကြီးတစ်ခုကို ဖြတ်ကျော်လိုက်သော အခါ မီးရောင်များ ထိန်ထိန်ညီးအောင် ထွန်းညှိထားသည့် ခံ့ညားထည်ဝါ လွန်းလှသော အိန္ဒိယ၏ ပိသုကာလက်ရာများနှင့် တည်ဆောက်ထားသော အဆောက်အဦကြီးတစ်ခုကို တွေ့လိုက်ရလေ၏။ ဤမျှလှပသော အဆောက် အဦမျိုးကို တစ်သက်တွင် တစ်ခါမျှ မမြင်ဖူးသဖြင့် ကျွန်ုပ်သည် ငေးမောကြည့် နေမိလေရာ –

"ဆင်းတော့လေ မောင်တောအုပ်"

ဟု ကိုသံဟိတ် သတိပေးလိုက်တော့မှ ကျွန်ုပ်သည် သတိပြန်ဝင် လာပြီး ကုလားအုပ်ပေါ်မှ ဆင်းခဲ့ရလေတော့၏။

နန်းတော်ထဲမှ ညှိကြိုခန်းမကြီးအတွင်းတွင် မီးများထိန်ညီးနေပြီး ပန်းရောင်စုံများကလည်း ကြည့်မဝနိုင်အောင် ပြင်ဆင်ထားလေ၏။ အစိမ်း ရောင်ကတ္တီပါစကြီးကို ခန်းဆီးပြုလုပ်ထားသော ညှိခန်းမကြီးထဲမှ ကနုတ် ပန်းများ ဖောက်ထားသည့် နှစ်ယောက်ထိုင် ကုလားထိုင်ကြီးပေါ်တွင် ဣန္ဒြေ ရစွာ ထိုင်နေသော မဟာရာဂျာနှင့် မိဖုရားသည် ကျွန်ုပ်တို့ ဝင်လာသောအခါ ထိုင်နေရာမှ မတ်တတ်ထရပ်လိုက်ကြလေ၏။

မဟာရာဂျာသည် ကျွန်ုပ်တို့ကို ငေးကြည့်နေကာ ကိုသံဟိတ်ကို ရှာမရနိုင်အောင် ရှိနေတော့၏။ အခြေအနေကို ချက်ချင်း သတိထားမိသော ကိုသံဟိတ်က အင်္ဂလိပ်ဘာသာဖြင့် –

"မဟာရာဂျာ ကျန်းမာပါ၏လော"

ဟု နှုတ်ဆက်လိုက်တော့မှ မဟာရာဂျာသည် ဝမ်းသာအားရ ပြုံးလိုက်ပြီး ကိုသံဟိတ်ကို ပြေး၍ဖက်လိုက်လေတော့၏။ ကိုသံဟိတ်က လည်း ပြန်၍ ဖက်ထားကာ နှစ်ပေါင်းများစွာ ကွဲနေသော မိတ်ဆွေနှစ်ယောက် ပြန်တွေ့လိုက်ရသဖြင့် အထူးဝမ်းမြောက်ဝမ်းသာ ရှိနေကြလေတော့၏။ ထို့ နောက်တွင် ကိုသံဟိတ်သည် ကျွန်ုပ်ဘက်သို့ လှည့်လိုက်ကာ –





"မဟာရာဂျာ ဒါ ကျုပ်မိတ်ဆွေ မစ္စတာတောအုပ်ပါ၊ ကျုပ်နဲ့ သေအတူ ရှင်မကွာ မွန့်စားဝံ့တဲ့သူပဲ"

ဟု အင်္ဂလိပ်လို ပြောလိုက်လျှင် မဟာရာဂျာသည် ရှေ့သို့ တစ်လှမ်းတိုး လိုက်ကာ –

"အရမ်းဝမ်းသာတယ်၊ အရမ်းလည်း အားကိုး မျှော်လင့်ပါတယ် မစ္စတာတောအုပ်ရယ်"

ဟု လက်ဆွဲနှုတ်ဆက်ရင်း ပြောလိုက်လေ၏။

ကျွန်ုပ်ကလည်း ယခုကဲ့သို့ တွေ့ကြုံရသည်ကို အလွန်ဝမ်းသာ ကြောင်း အင်္ဂလိပ်လို ပြန်ပြောလိုက်ရလေ၏။

ပြီးလျှင် မဟာရာဂျာသည် သူ၏ မိဖုရားနှင့် ကျွန်ုပ်တို့ကို မိတ်ဆက် ပေးလေ၏။ ကျွန်ုပ်တို့အတွက် ပြင်ပေးထားသော လွန်စွာလှပသည့် ထိုင်ခုံ များတွင် ဝင်၍ ထိုင်လိုက်ကြလေတော့၏။

အတန်ကြာအောင် စကားပြောဆိုကြပြီးသောအခါ မဟာရာဂျာက "မိတ်ဆွေကြီး လက်ဖတင်နုင်သံဟိတ်နဲ့ ဟောဒီက မိတ်ဆွေသစ် မစ္စတာ တောအုပ်တို့ကို နှုတ်ပုံစံအတိုင်း တွေ့ချင် မြင်ချင်ပါတယ်ဗျာ။ ပြီးတော့ ခင်ဗျားတို့ နှစ်ယောက်ကို အထူးညစာစားပွဲနှင့် တည်ခင်းဧည့်ခံဖို့ စီစဉ်ပြီး သားပါ။ ဒီတော့ ရေမိုး သန့်စင်ဖို့ ရာဂျူးကပဲ စီစဉ်ပေးလိုက်ပေတော့"

ဟု ပြောလိုက်လျှင် ကျွန်ုပ်တို့ နောက်တွင် ရှိသေစွာ ရပ်နေသော ရာဂျူးကြီးက –

"ကဲ ... ဆပ်တို့ ထပေတော့၊ ဆပ်တို့ ရေချိုးအဝတ်အစားလဲဖို့ ကျွန်တော် စီစဉ်ထားပါတယ်'

ဟု ပြောကာ ရေချိုးဆောင်သို့ ကျွန်ုပ်တို့အား ခေါ်သွားလေ၏။

ကျွန်ုပ်တို့သည် သီးသန့်ရေချိုးခန်းများသို့ဝင်ကာ အမွှေးနံ့သာ အမျိုးမျိုးနှင့် စီမံထားသော ရေကန်ကလေးများအတွင်းသို့ ဆင်း၍ ရေချိုး ရလေ၏။ အခန်းထဲတွင် လှပသော မိန်းကလေးသုံးယောက်သည် အသင့်ရှိ နေကာ ကျွန်ုပ်အား ရွှေခွက်ကလေးများနှင့် အမွှေးနံ့သာများ လောင်းပေး



www.burmeseclassic.com

www.burmeseclassic.com



ကြလေ၏။ ပြီးလျှင် ကျွန်ုပ်တို့ တိုင်းပြည်တွင် ခေါ်ဝေါ်ရာ၌ အသုံးပြုသော တရော်ကင်ပွန်းကဲ့သို့ မွှေးကြိုင်နေသည့် အရည်တစ်မျိုးနှင့် တစ်ကိုယ်လုံး ပွတ်တိုက်ကာ ချေးညှော်များ တွန်းပေးကြလေ၏။

ထိုအခိုက်မှာပင် ကျွန်ုပ်မှာ မအပ်မရာတစ်ခုကို စိတ်ထဲမှ တွေး လိုက်မိလေ၏။ မဟာရာဂျာ ဖြစ်ရရင် ဘယ်လောက်များ ကောင်းလေမလဲ ဟူ၍ ဖြစ်၏။ ပြီးလျှင် ကျွန်ုပ်သည် ကိုယ့်အတွေးကိုကိုယ် သဘောကျကာ ပြုံးလိုက်မိလေ၏။

ရေချိုးပစ်လိုက်သောအခါ ရုပ်ပြောင်းထားသော ဆေးရောင်များ လည်း ပျောက်သွားလေရာ ကျွန်ုပ်၏ နဂိုပုံစံ ပေါ်လာလေတော့၏။ ထိုအခါ ချေးတွန်းပေးနေသော မိန်းမလှလေး သုံးယောက်သည် ကျွန်ုပ်အား ငေးကြည့် နေလေ၏။ ကျွန်ုပ်လည်း အနေခက်လာသဖြင့် 'တော်ပြီ တော်ပြီ' ဟုပြောကာ အဝတ်အစား အမြန်လဲ၍ ရေချိုးဆောင်မှ ထွက်လာခဲ့လေတော့၏။ ကျွန်ုပ် အပြင်သို့ရောက်လျှင် နံရံတွင် ထွန်းထားသော မီးတိုင်ကြီး၏ အလင်းရောင် အောက်တွင် လူချောကြီး ကိုသံဟိတ်ကို မိန်းမချောလေးသုံးယောက်က တစိမ့်စိမ့်ကြည့်ကာ မွေးပွတဘက်ကြီးတစ်ထည်ဖြင့် ရေများ သုတ်ပေးနေ သည်ကို တွေ့လိုက်ရလေ၏။

ကိုသံဟိတ်သည် ကျွန်ုပ်အား လှည့်ကြည့်ကာ ရှက်ကိုးရှက်ကန်း ဖြင့် တစ်ဘက်သို့ ပြန်လှည့်သွားလေတော့၏။

ပြီးလျှင် ရာဂျူးသည် အခန်းကျယ်ကြီးတစ်ခုထဲသို့ ခေါ်သွားကာ ကျွန်ုပ်တို့အား ဥရောပဝတ်စုံများ ထုတ်ပေးလေ၏။ အဝတ်အစားများ လဲပြီး သောအခါ ချမ်းလွန်း၍ တုန်ချင်သလို ဖြစ်နေသော ကျွန်ုပ်တို့အား ရာဂျူးက လောင်းကုတ် အင်္ကျီကြီးများ တစ်ယောက်တစ်ထည်စီ ထုတ်ပေးပြန်၏။

ဒီတော့မှ ကျွန်ုပ်တို့လည်း အချမ်းသက်သာသွားကာ ရာဂျူး ဦး ဆောင်ရာ နောက်သို့ ရှူးဖိနပ်သံ တချွပ်ချွပ်မြည်အောင် နင်းရင်း လိုက်ခဲ့ လေတော့၏။ နန်းတော်၏ တောင်ဘက် အဆောင်ကြီးသို့ ရောက်သောအခါ အလွန်ခမ်းနားစွာ ပြင်ထားသော ညစာစားပွဲကြီးကို တွေ့လိုက်ရလေ၏။





ကျွန်ုပ်မှာ ခြေလှမ်းပင် တုန့်ခနဲ ဖြစ်သွားလေတော့၏။ ဤမျှ ခမ်းနားသော ဆိုးရာဇာတို့၏ ပွဲမျိုးကို ကျွန်ုပ်၏ တစ်သက်တွင် တစ်ခါမှ မတက်ဖူးသဖြင့် စိတ်ထဲတွင် ရှုံ့တွန့်တွန့် ဖြစ်နေစဉ် –

"လာလေ မောင်တောအုပ်"

ဟု ကိုသံဟိတ်၏ အသံကို ကြားလိုက်မှ အခန်းကျယ်ကြီးအတွင်း သို့ ဝင်ခဲ့ရလေတော့၏။ လွန်စွာ ကြီးကျယ်၍ ခမ်းနားသော ညစာစားပွဲကြီး၏ ထိပ်ဘက်တွင် မဟာရာဂျာနှင့် မိဖုရားက နေရာယူထားလေ၏။ ကျွန်ုပ်တို့ နှစ်ယောက်က မဟာရာဂျာတို့နှင့် မလှမ်းမကမ်းတွင် မျက်နှာချင်းဆိုင် ဝင် ထိုင်လိုက်ကြပြီး ကျွန်ုပ်၏ဘေးတွင် သေသပ်စွာ ဝတ်ဆင်ထားသော အဆောင်အယောင်အပြည့်နှင့် ရာဂျူးကြီးက နေရာယူလိုက်လေ၏။ ကိုသံ ဟိတ်၏ဘေးတွင် အခြားသော စစ်သူကြီးများက နေရာယူထိုင်လိုက်ကြလေ ၏။ ညစာစားပွဲတွင် အားလုံးဆယ့်တစ်ယောက် ရှိလေ၏။

"အင်း ... ခုမှပဲ မိတ်ဆွေကြီး လက်ဖတင်နင်သံဟိတ်ကို နဂို ရုပ်သွင်နဲ့ မြင်ရပေတော့တယ်။ ကိုယ့်လူက ခုထိ ချောတုန်းပဲကိုး။ ကျုပ်က တော့ ကိုသံဟိတ်နဲ့အတူ အမဲလိုက်ခဲ့ရတာတွေကို အမြဲ သတိရနေပါတယ် ဗျာ"

ဟု မဟာရာဂျာက ပြောပြီးလျှင် ကျွန်ုပ်ဘက်သို့ လှည့်၍ –

"ကိုသံဟိတ်ရဲ့မိတ်ဆွေ မစ္စတာ တောအုပ်ကလည်း ငယ်ပေမယ့် အလွန် သတ္တိရှိမယ့်ပုံပါပဲ။ ဒီညအဖို့ ကျုပ် အလွန် ဝမ်းသာမိတာ အမှန်ပါပဲဗျာ။ ပြီးတော့ သမီးတော်လေးကို ရအောင် ကယ်ဆယ်ပေးကြမယ့် ကိုသံဟိတ်နဲ့ ကိုတောအုပ်ကို မတွေ့တွေ့အောင် ရှာပြီး အပါခေါ်ပေးနိုင်တဲ့ တပ်မှူးရာဂျူး ချန္ဒရာကိုလည်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုမှာပါ"

ဟု မဟာရာဂျာက ပြောလိုက်လျှင် အခြားသော စစ်သူကြီးများက ဝမ်းသာအားရ လက်ခုပ်တီးကြလေ၏။ ကျွန်ုပ်တို့လည်း ရော၍ တီးလိုက် ကြလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် တစ်လျှောက်လုံး ပြုံး၍ နားထောင်နေသော မိဖုရား
က –

"ကဲ အားလုံးပဲ အေးအေးဆေးဆေး သုံးဆောင်ပါ"

ဟု ကြိုးကြာငှက်၏ အသံကဲ့သို့ လွန်စွာ သာယာသော အသံဖြင့်
ဝင်၍ ပြောလေ၏။ သည်တော့မှ ကျွန်ုပ်လည်း မိဖုရားကို မသိမသာ
ကြည့်လိုက်ရာ သည်ကမ္ဘာမှာ သည်မိန်းမ အလှဆုံးပေလောဟုပင် တွေး
လိုက်မိလောက်အောင် ဖြစ်သွားလေတော့၏။

ဒါကြောင့်လည်း ဟိမဝန္တာသခင်မကို မဟာရာဂျာ ရအောင် ယူ
ပေတာကိုးဟု တွေးလိုက်မိတော့၏။

"မောင်တောအုပ် ထည့်လေ"

ဟု ကိုသံဟိတ်က သတိပေးလိုက်တော့မှာ ကျွန်ုပ်လည်း သတိဝင်
ကာ ထမင်းဟင်းများကို ထည့်လိုက်ရလေ၏။ ထိုအချိန်တွင် ရွှေချည်ထိုးထား
သော ရောင်စုံအဝတ်အစားများကို ဝတ်ဆင်ထားသည့် နန်းတွင်းသူ အစေ
အလုပ်များက လည်တိုင်ရှည်ရှည်နှင့် အရက်အိုးကလေးများကို သယ်လာကာ
ကျွန်ုပ်တို့ရှေ့မှ အသင့်ပြင်ထားသော ဖန်ခွက်များထဲသို့ ငှဲ့ပေးလေ၏။

ထိုအချိန်တွင် ရာဂျူးကြီးက –

"တောအုပ်ဆပ် သောက်ပါ။ ဒါ ဆရီနဂါရဲ့ ထိပ်တန်းအရက်ပါ
ပင်ပန်းလာတာတွေအားလုံး ပျောက်သွားပါလိမ့်မယ်"

ဟု ပြောလေ၏။

ကျွန်ုပ်သည် ကိုသံဟိတ်ကို လှမ်းကြည့်လိုက်သောအခါ မဟာ
ရာဂျာနှင့် ခွက်ချင်းတိုက်နေသည်ကို တွေ့ရလေ၏။ ထိုအချိန်တွင် ရာဂျူးက
ကျွန်ုပ်လက်ထဲသို့ အရက်ခွက်ထည့်ပေးလိုက်ရာ ကျွန်ုပ်လည်း မတ်တတ်ရပ်၍
သူတို့နှစ်ဦး၏ အရက်ခွက်များနှင့် ထိထားလိုက်လေ၏။ ကျန်သော စစ်သူကြီး
များကလည်း ၎င်းတို့၏အရက်ခွက်များကို စားပွဲပေါ်သို့ မြှောက်ကာ မတ်
တတ်ရပ်လိုက်ကြလေ၏။

မဟာရာဂျာက စ၍ –





"ဟိမဝန္တာကိုတ်ကြီးကို ဖြတ်ကျော်ပြီး သမီးတော်လေးကို ယူဆောင်လာ
မယ့် လူစွမ်းကောင်းနှစ်ယောက် အောင်မြင်ပါစေ"

ဟုပြောလိုက်လျှင် ကျန်သောလူများကလည်း သူတို့၏ အရက်
များကို ထိလိုက်ကြပြီးနောက် မဟာရာဂျာ ပြောသည့်အတိုင်း လိုက်ပြော
ကြလေ၏။ ထိုစဉ် ကိုသံဟိတ်က –

"မိခင်နှင့် ဖခင်တို့ရဲ့ ရင်ခွင်ထဲကို မကြာမီ ပြန်ရောက်လာတော့
မယ့် သမီးတော်လေး ရေဆူနီအတွက်"

ဟု ပြောလိုက်လေ၏။ ကျွန်ုပ်ကလည်း ကိုသံဟိတ် ပြောသည့်
အတိုင်း လိုက်၍ပြောလိုက်လျှင် အားလုံးသည် ဝမ်းသာ ကျေနပ်စွာ အရက်
များကို မော့၍ သောက်လိုက်ကြလေ၏။

ထိုအချိန်တွင် မိဖုရားသည် မျက်ရည်ဝဲနေသော မျက်လုံးများနှင့်
ကိုသံဟိတ်ကို အားကိုးစွာ ငေးကြည့်လေ၏။ ထိုအချင်းအရာကို မြင်လိုက်
သော ကိုသံဟိတ်က –

"ကျွန်ုပ်၏ မိတ်ဆွေ မဟာရာဂျာ၏ ချစ်ဇနီး မာယာဝတီ၊ သင့်
သမီး ရေဆူနီအတွက် အလွန်တရာ ပူဆွေးတမ်းတနေသည်ကို သင်တို့၏
သူကြီး ရာဂျူး ပြောပြသဖြင့် ကျွန်ုပ် အားလုံး သိခဲ့ရပါပြီ။ မကြာမီကာလ
အတွင်း ကျွန်ုပ်နှင့် မောင်တောအုပ်သည် သင်၏ သမီးတော်လေးကို ပြန်
ခေါ်ဆောင်လာကာ သင့်ရင်ခွင်သို့ အရောက်ပို့ပေးပါမည်ဟု ကျွန်ုပ်
လက်ဖတင်နင်သံဟိတ် ကတိပြုပါသည်"

ဟု ကိုသံဟိတ်က စစ်သားတစ်ဦး သစ္စာပြုသကဲ့သို့ ရင်ကိုကော့
ကာ ပြောလိုက်လေ၏။

"ဝမ်းသာလိုက်တာ လက်ဖတင်နင်ရယ်။ ကျွန်မတို့မှာ သမီးတော်
လေးအတွက် အားကိုးစရာဆိုလို့ လက်ဖတင်နင်တို့ နှစ်ယောက်ပဲ ရှိပါ
တော့တယ်ရှင်"

ဟု ဝမ်းနည်းဝမ်းသာ ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . အေးအေးဆေးဆေး စားကြ သောက်ကြပါရှင်။ ကျွ
တော့ အရမ်းကို အားရှိဝမ်းသာသွားပါပြီ။ ကျွန်မသမီးလေး ရေဆွ
ရင်ခွင်ထဲမှာ ပွေ့ပိုက်လိုက်ရသလိုလို ဖြစ်သွားတာပါပဲ"

ဟု ပြောပြောဆိုဆို မိဖုရားက လက်ပြလိုက်ရာ နန်းတွင်းသူ
များက အရက်အိုးကလေးများထဲမှ အရက်ကို ကျွန်ုပ်တို့၏ ခွက်များအတွင်
လောင်းထည့်ပေးကြပြန်လေ၏။

ထိုအချိန်မှာပင် မဟာရာဂျာက လက်ခုပ်နှစ်ချက်ဆင့်၍ တီးလို
သောအခါ ကျွန်ုပ်တို့ ညစာစားသောက်နေသော အခန်းကျယ်ကြီးထဲ
ပုံများ လွယ်ထားသော တူရိယာသမားများ၊ နှဲများကိုင်ထားသော တူရိ
သမားများနှင့် လွန်စွာလှပသော ဆံရိန္ဒဂါပို့ဖြူကချေသည်များ ဝင်ရော
လာခဲ့ကြလေ၏။

အတီးသမားများနှင့် အကသမားများသည် အသီးသီး နေရာယူ
သောအခါ အလွန့်သာယာသော နှဲမှုတ်သံကလေး စတင်ပေါ်လာခဲ့လေ
၏။ ပြီးလျှင် နရီ စည်းဝါးကိုက်လှစွာ တီးလိုက်သည့် ပုံသံများနှင့်အ
ကချေသည်များအတွင်းမှ အလှဆုံး ကချေသည်မကလေးသည် ရှေ့
တရွေ့ရွေ့ ထွက်လာကာ ကျွန်ုပ်တို့အား အရိုအသေပြု၍ သီချင်းတစ်ပု
သီဆိုပြီး အလွန်လှပ၍ ကြည့်လို့မဝနိုင်သော အကကို စတင်ကပြ
တော့၏။

ကျွန်ုပ်တို့လည်း ညစာစားရင်း အတီးအမှုတ်အကအခုန်မျာ
ကြည့်ရှုကြလေ၏။ ကိုသံဟိတ်နှင့် မဟာရာဂျာမှာ တစ်ဦးနှင့်တစ်ဦး နီးကပ်
ထိုင်လိုက်ကြပြီး တစ်စုံတစ်ခုကို ဆွေးနွေးတိုင်ပင်နေကြလေ။ ကျွန်ုပ်သည်
အပြင်ဘက် ပန်းဥယျာဉ်ကြီးထဲတွင် ရွှန်းရွှန်းပပသာနေသော နှင်းဖြူဖြူ
ဖုံးနေသည့် ဟိမဝန္တာ၏ တောင်ထွတ်ကြီးများကို ကြည့်လိုက်၊ နွဲ့ပျောင်း
ကနေကြသော ဆံရိန္ဒဂါပို့ဖြူကလေးများ၏ အကကို ခံစားလိုက်နှင့် ကျွန်
နှလုံးသားတို့သည် နရီစည်းဝါး မှန်ကန်စွာ တီးခတ်လိုက်သော ဆံရိန္ဒ
ပုံသံများနှင့်အတူ လိုက်၍ ခုန်နေကာ တလှပ်လှပ်နှင့် ခံစားနေရလေတော့

## ကမ်ပူးချားမှ ဂိုဏ်းချုပ်သစ်

နောက်နေ့မှစ၍ ကျွန်ုပ်တို့နှစ်ယောက်သည် အနားမနေကြရတော့
မဟာရာဂျာ၏ မိဖုရားမာယာဝတီထံတွင် ဟိမဝန္တာဂိုဏ်းကြီးနှင့် ပတ်
က်၍ သိသင့်သမျှတို့ကို မေးမြန်းမှတ်သားခြင်း၊ သင်ကြားနာယူခြင်းများကို
လုပ်ကြရလေသည်။

မိန်းမချော မာယာဝတီသည် ဟိမဝန္တာဂိုဏ်းကြီးအတွင်းသို့ စွန့်
ဝင်ရောက်ရမည့် ကျွန်ုပ်တို့နှစ်ဦးအဖို့ တစ်ချက်ကလေး မှားသွားသည်နှင့်
ဆုံးနက် ဂိုဏ်းကြီး၏ ထုံးစံအတိုင်း မြွေစာကျွေး၍ ရက်စက်စွာ အသတ်
မည်ကို သိနေသဖြင့် ဂိုဏ်းအတွင်း သွားလာနေထိုင်ပုံ၊ တစ်ဦးနှင့်တစ်ဦး
က်ဆံရာတွင် အသုံးပြုရသည့် သင်္ကေတများ၊ ဂိုဏ်းချုပ်သခင်မနှင့် ဆက်
ရသည့် သင်္ကေတပုံစံများကို စနစ်တကျ သင်ပေးလေသည်။

ကျွန်ုပ်တို့နှစ်ယောက်ကလည်း သေဘေးနှင့် ရင်ဆိုင်ရမည့် ကိစ္စဖြစ်
သဖြင့် အမှားအယွင်းမရှိအောင်ပင် သင်ယူကြ[illegible]၏။ မာယာဝတီက
ည်း စိတ်တိုင်းမကျမချင်း ကျွန်ုပ်တို့ကို လေ့ကျင့်မှုပြုနိုင်းလေ၏။

"လက်ဖတင်နင်တို့နှစ်ယောက်က ကမ်းပူးချားနိုင်ငံမှာ ဂိုဏ်းချုပ်
ဟောင်း သေသွားလို့ မကြာခင်ကမှ ရွေးချယ်လိုက်တဲ့ ဂိုဏ်းချုပ်အသစ်နဲ့

www.burmeseclassic.com



သူ့ရဲ့တပည့်အဖြစ် ဂိုဏ်းကြီးထဲကို ဝင်ရမှာ ဖြစ်တယ်။ ကမ်ပူးချား ဂိုဏ်းချုပ်အသစ်ကို ဟိမဝန္တာဂိုဏ်းကြီးတစ်ခုလုံးက မမြင်ဖူးကြသေးတော လက်ဖတင်နှင်တို့အတွက် စိုးရိမ်စရာ ဘာမှမလိုပါဘူး။ အရေးကြီးဆုံးကတော ဂိုဏ်းကြီးထဲမှာ ဂိုဏ်းရဲ့ လျှို့ဝှက်တဲ့ ကိစ္စမှန်သမျှကို ကမ္ဘာပေါ်မှာ ပျော ကွယ်သွားပြီဖြစ်တဲ့ နေတယ်လ်ဘာသာစကားနဲ့ ပြောလေ့ရှိတယ်။ မသက် တဲ့ လူဆိုရင် လာရင်းဒေသရဲ့ ဘာသာစကားနဲ့ မေးမြန်းလေ့ရှိတယ်။ အဲ လာရင်းဒေသရဲ့ လျှို့ဝှက်ချက်တွေ၊ အဲဒီဂိုဏ်းချုပ်လာတဲ့ အရပ်ဒေသ ဂိုဏ်းသားအရေးအတွက် အရေးတကြီး ဆောင်ရွက်ခဲ့ဖူးတဲ့ ဂိုဏ်းတော်ကြီး တာဝန်တွေကိုမှန်အောင် ပြောပြနိုင်ရတယ်။ ဒီအတွက်တော့ လက်ဖတင်န တို့ ဘာမှ မစိုးရိမ်ပါနဲ့။ နောက်ထပ် တစ်လကျော်ကျော်လောက်မှာ ကမ် ချားရဲ့ ဂိုဏ်းချုပ်အသစ်ဟာ အိန္ဒိယကို ရောက်လာတော့မှာပါ။ သူတ မကပါဘူး။ ကမ္ဘာအရပ်ရပ်မှာ ရှိတဲ့ ဟိမဝန္တာရဲ့ ဂိုဏ်းချုပ်တွေအားလုံးလည် ရောက်လာကြမှာပါ။ သူတို့လာရတဲ့အကြောင်းကတော့ သမီးတော်ကလေ 'ရေဆူနီ'ကို ဟိမဝန္တာဂိုဏ်းကြီးရဲ့ သခင်မအဖြစ် မဟာဘိသေက အခ အနားကြီးကို ဂိုဏ်းတော်ကြီးရဲ့ ရှေးထုံးအစဉ်အလာအတိုင်း ကျင်းပကြ ဖြစ်လို့ပါပဲ''

ဟု မိဖုရားမာယာဝတီက ကျွန်ုပ်တို့ နားလည်အောင် ပြောပြလေ ၏။ ထိုအခါ ကိုသံဟိတ်က –

''မိဖုရား သွန်သင်ပေးလို့ ဟိမဝန္တာဂိုဏ်းကြီးနဲ့ ပတ်သက်သမျှ ကို အတော်ကလေး နားလည်တတ်ကျွမ်းခဲ့ပါပြီ။ အခုဆိုရင် ကျုပ်တို့ ယောက်ဟာ ရှေးဟောင်းနေတယ်လ်ဘာသာစကားနဲ့ ခမာစကားတွေ ဆက်ပြီး လေ့လာသင်ကြားကြဖို့ပဲ လိုတော့တယ်ဆိုတာ သိရပါပြီ။ အဲ နေရာမှာ ကျုပ်အနေနဲ့ မေးချင်းတာတစ်ခုက ကမ်ပူချားကလာတဲ့ ဂိုဏ်းချ အစစ်က ဂိုဏ်းကြီးထဲကို ရောက်လာရင် ကျုပ်တို့ ဘာဆက်လုပ်ရမ ဆိုတာပါပဲ''

ဟု ပြောလေ၏။





''ဒီအတွက်တော့ လက်ဖတင်နှင် မစိုးရိမ်ပါနဲ့။ ကမ်ပူးချားကလာ မယ့် ဂိုဏ်းချုပ်အသစ်ရဲ့နောက်မှာ ကျွန်မတို့လူတွေ ကပ်ပါလာမှာပါ။ အိန္ဒိယ ကိုရောက်တာနဲ့ တစ်ပြိုင်နက် လုံခြုံတဲ့နေရာမှာ ဖမ်းထားလိုက်လိမ့်မယ်။ ပြီးတာနဲ့ ကမ်ပူးချားက ဟိမဝန္တာဂိုဏ်းသားတွေရဲ့စာရင်း သူတို့ရဲ့ လျှို့ဝှက် သင်္ကေတ၊ အရေးကြီးတဲ့ ဆောင်ရွက်ချက်တွေကို အားလုံး ဖော်ထုတ်ပြီး ကို အမြန်ရောက်လာလိမ့်မယ်။ ဒီတော့မှ လက်ဖတင်နှင်တို့က ဒီအချက် အလက်တွေကို ယူလိုက်ပြီး ကမ်ပူးချားဂိုဏ်းချုပ်အသစ်အဖြစ်နဲ့ ဟိမဝန္တာဂိုဏ်း ကြီးထဲကို ဝင်ရမှာ ဖြစ်ပါတယ်။ သွားရမယ့်လမ်းနဲ့ နေရာအတိအကျကို အချိန်နီးတော့ ကျွန်မ ပြောပြလိုက်ပါမယ်။ တခြားလိုအပ်တာတွေကိုတော့ ဟာရာဂျာက လုပ်ပေးပါလိမ့်မယ်''

ဟု မိဖုရားမာယာဝတီက ပြောလေ၏။

နောက်တစ်နေ့မှစ၍ ကျွန်ုပ်တို့ နှစ်ယောက်သည် နေတယ်လ် စကားနှင့် ခမာစကားကို မနက်ပိုင်း ညနေပိုင်း ခွဲ၍ သင်ကြရလေတော့၏။ နေတယ်လ်စကားကို မိဖုရားကိုယ်တိုင် သင်ကြားပေး၍ ခမာစကားကိုမူ အခြားသူတစ်ဦးက သင်ပေးလေ၏။ ကျွန်ုပ်တို့နှစ်ယောက်လည်း သေအောင်နှင့် ရင်ဆိုင်ရမည့် ကိစ္စဖြစ်သဖြင့် မရမနေ ကြိုးစား၍ သင်ကြားရလေတော့၏။ ထိုသို့ဇောကပ်ကာ သင်ကြားသောကြောင့်ဟု ကျွန်ုပ် ဆင်ခြင်မိ၏။ တစ်လ ခန့်ကြာသောအခါ ကျွန်ုပ်တို့ နှစ်ယောက်စလုံးနေတယ်လ်ဘာသာစကားနှင့် ခမာဘာသာစကားကို ကျွမ်းကျွမ်းကျင်ကျင် တတ်သွားကြလေတော့၏။

ကမ္ဘာ့ဒေသအသီးသီးမှ ဂိုဏ်းချုပ်များ အိန္ဒိယသို့ တဖွဲဖွဲ ရောက် လာကြပြီဖြစ်ကြောင်း မဟာရာဂျာ၏ အယောက်တော်များထံမှ သတင်းရလေ ၏။ ထို့နောက် ကမ်ပူးချားမှ ဂိုဏ်းချုပ်အသစ်သည်လည်း မကြာမီ ရောက် လာတော့မည်ဖြစ်ကြောင်း အယောက်တော်များက သတင်းပို့လာလေတော့ ၏။

ကျွန်ုပ်တို့လည်း ခရီးထွက်ရန် အသင့်ပြင်ကြရလေပြီ။ မဟာရာဂျာ က ကျွန်ုပ်တို့အား နောက်ဆုံး တွေ့ဆုံကာ စကားတစ်ခု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေကြီး ကိုသံဟိတ်၊ ကျုပ်အနေနဲ့ ပြောချင်တာကတော့ ဒီဂိုဏ်းကြီး ရှိနေသမျှ ကျုပ်တို့ မိသားစုဟာ အမြဲတမ်း တထိတ်ထိတ်နဲ့ နေကြရမှာပဲ။ ဒီတော့ ဒီဂိုဏ်းကြီး ပြိုကွဲသွားအောင် အပြီးတိုင် ချေမှုန်းစေချင်တယ်ဗျာ။ လိုအပ်တာ မှန်သမျှကို ကျုပ် စီစဉ်ပေးပါမယ်"

"ကျုပ်လည်း ဒီအတိုင်းပဲ သဘောပေါက်ထားပါတယ်။ မိတ်ဆွေ မဟာရာဂျာတို့ကို ဒီဂိုဏ်းကြီးက ဆက်ပြီး ဒုက္ခ ပေးကြမှာပဲ။ ပထမတစ်ခါ သူတို့ရဲ့ ဂိုဏ်းချုပ် သခင်မ 'မာယာဝတီ'ကို မဟာရာဂျာက နိုးယူလာပြီး မိဖုရားမြှောက်ခဲ့တယ်။ ခုတစ်ခါလည်း ဂိုဏ်းချုပ်သခင်မလေး 'ရေဆူနီ'ကို မရရအောင် ပြန်ယူမယ်ဆိုတော့ မဟာရာဂျာတို့အပေါ်မှာ ဘယ်လိုမှ ကျေနပ်လိမ့်မယ် မဟုတ်ဘူး။ ပြီးတော့ သူတို့ဂိုဏ်းရဲ့ လျှို့ဝှက်ချက်တော်တော်များများကို သိထားတဲ့ မာယာဝတီနဲ့ ရေဆူနီကို အဓိကထားပြီး ဖျောက်ဖျက်ပစ်ကြမှာပဲ၊ ဒီတော့ အပြီးတိုင် ဖြိုဖျက်နိုင်ခဲ့ရင်တော့ အကောင်းဆုံးပဲဆိုတာ ကျုပ်လည်း တွေးမိပါတယ်"

ဟု ကိုသံဟိတ်က မျက်ခုံးနှစ်ဖက်ကို တွန့်၍ လေးလေးနက်နက် ပြောလေ၏။

ပြီးလျှင် မိဖုရားမာယာဝတီပြသော လမ်းကြောင်းများကို စာရွက်ပေါ်တွင် ချဆွဲကာ ကိုသံဟိတ်သည် သူလိုချင်သော ပုံစံများကို ပြောပြ၍ လိုချင်သော ပစ္စည်းများကို မဟာရာဂျာအား တင်ပြလေ၏။

မဟာရာဂျာထံမှ ကိုသံဟိတ် အဓိက တောင်းဆိုသော အရာမှာ ဒိုင်းနမိုက်များပင် ဖြစ်လေ၏။ ပြီးလျှင် သာသီအိတ်မှ ခြောက်လုံးပြူးနှစ်လက်နှင့် ကျည်ဆန်များ၊ ကြိုးခွေများ ဖြစ်၏။ ကျွန်ုပ်တို့၏ အပြန်ခရီးသည် အသွားခရီးကဲ့သို့ လမ်းကြောင်းများမှ တရွေ့ရွေ့ သွားကြရမည် မဟုတ်ဘဲ ကြိုရာနေရာမှ ကြုံသလို အသက်လုပြေးကြရမည် ဖြစ်သောကြောင့် ကိုသံဟိတ်သည် အမြော်အမြင်ကြီးစွာဖြင့် ကြိုးခွေများကို တောင်းဆိုခြင်း ဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ်၏ စိတ်ထဲတွင် တွေးလိုက်မိလေ၏။





မဟာရာဂျာကလည်း ကိုသံဟိတ် အလိုရှိသော ပစ္စည်းများအားလုံးကို ရစေ =ရပါမည်ဟု ကတိပြုလေ၏။

နောက်သုံးရက်ခန့်ကြာသောအခါ မဟာရာဂျာ၏ အထောက်တော် တစ်ယောက်သည် မဟာရာဂျာထံသို့ ရောက်လာကာ ကိစ္စအားလုံးကို ချောမောစွာ ဆောင်ရွက်ပြီးကြောင်း လျှောက်တင်လေ၏။ ပြီးလျှင် မိဖုရား မာယာဝတီထံသို့ အရေးကြီးသော စာရွက်စာတမ်းများနှင့် သတင်းစကားများကို လျှောက်တင်လေ၏။

မိဖုရားကလည်း ကျွန်ုပ်တို့အား ခေါ်ယူကာ ချက်ချင်း သွန်သင်လေတော့၏။ ကမ်ပူးချားဂိုဏ်းချုပ်၏အကြောင်း၊ ပထမ ဂိုဏ်းချုပ်သေဆုံးသွားသော ရောဂါအကြောင်း၊ ကမ်ပူးချားရှိ ဟိမဝန္တာဂိုဏ်းမှ ဆောင်ရွက်ချက်များကို အလွတ်မှတ်မိအောင် မှတ်ခိုင်းလေ၏။

ထို့နောက် ကမ်ပူးချားမှ လိုအပ်သော စာရွက်စာတမ်းများကို ပေးအပ်လေ၏။ ကျွန်ုပ်တို့လည်း ဟိမဝန္တာဂိုဏ်းချုပ်တို့၏ အနေအထိုင် အပြောအဆို လျှို့ဝှက်သင်္ကေတများအားလုံးကို တစ်ခုမကျန် မှတ်သား၍ စိတ်ချရပြီဖြစ်သော အချိန်တွင် ဟိမဝန္တာဂိုဏ်းကြီး လျှို့ဝှက်တည်ရှိနေသော နေရာသို့ သွားရန် လားတစ်ကောင်စီစီး၍ ခရီးစတင်ခဲ့ကြလေ၏။ ကျွန်ုပ်တို့နှင့်အတူ ကိုသံဟိတ် အလိုရှိသော ပစ္စည်းများလည်း တစ်ခုမကျန် ပါရှိခဲ့လေ၏။ ဟိမဝန္တာ၏ အအေးဒဏ်ကို ကြံ့ကြံ့ခံစားရင်းမှ လားနှစ်ကောင်ကို မနားမနေမောင်းနှင်ခဲ့ရလေ၏။

အချို့နေရာများတွင် ကမ်းပါးများတွင် အလွန်မတ်စောက်လှ၍ ကျွန်ုပ်တို့ စီးလာသော လားများကိုပင် ထားပစ်ခဲ့ရတော့မတတ် ဖြစ်ခဲ့လေ၏။ သို့သော် ကြိုးစား၍ အပြေပြစ်ဆုံးနေရာကိုရွေးကာ နှစ်ယောက်သား လားများကို တစ်ယောက်က ရှေ့မှဆွဲတင်၍ တစ်ယောက်က နောက်မှ တွန်းတင်ပေးခဲ့ရလေ၏။ ဤသို့ ခဲရာခဲဆစ် မနားတမ်း ခရီးဆက်ခဲ့ကြရာ ညနေစောင်း၍ နေဝင်ချိန်တွင် ခရီးအတော် ပေါက်ခဲ့လေ၏။ ကျွန်ုပ်တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



အဆင်သင့်တွေ့ရသော ကျောက်ဂူကြီးတစ်ခုထဲတွင် စခန်းချရန် ဆုံးဖြတ်လိုက်ကြတော့၏။

သည်တော့မှ စိတ်အေးသွားပြီး ပတ်ဝန်းကျင်ကို မော့ကြည့်လိုက်သောအခါ တောင်ကမ်းပါးယံကြီးတစ်ခုလုံးကို မျက်စိတစ်ဆုံးတိုင်အောင် နှင်းပွင့်များ ဖုံးလွှမ်းနေသည်ကို တွေ့ရလေ၏။

"မောင်တောအုပ်ရေ အလင်းရောင် ရှိတုန်း ထင်းခြောက်ရသလောက် ရှာပေတော့ပေ့။ ကျုပ်က ဒီနားမှာရှိတဲ့ ထင်းခြောက်ကလေးတွေ စုပြီး မီးမွေးထားနှင့်မယ်။ ပြီးရင် ပါလာတဲ့ ညစာကို ချက်ထားလိုက်မယ်။ မောင်တောအုပ် ပြန်လာမှ မီးလှုံဖို့ မီးဖိုကြီး ဖိုတာပေါ့"

ဟု ကိုသံဟိတ်က ပြောလိုက်လျှင် ကျွန်ုပ်လည်း လားတစ်ကောင်ကို ဆွဲ၍ တောထဲသို့ ဝင်ကာ ထင်းတုံးများ၊ ထင်းချောင်းများကို ရသလောက် စု၍ လားပေါ်တွင် အချို့ကို တင်၍ အချို့ကို ထမ်းလာခဲ့လေတော့၏။

ကျောက်ဂူကြီးသို့ ကျွန်ုပ် ပြန်ရောက်သောအခါ မှောင်ရီသန်းနေပြီဖြစ်၏။ ကျွန်ုပ်လည်း ပါလာသော ထင်းချောင်းနှင့် ထင်းတုံးများကို စုပုံကာ မီးဖိုကြီး တစ်ခုဖိုလိုက်လေ၏။

ပြီးလျှင် လားများကို အစာကျွေး၍ ကျွန်ုပ်တို့လည်း ညစာ စားကြရလေ၏။ ညစာ စားသောက်ပြီးသောအခါ မီးဖိုကြီးဘေးတွင် ပါလာသော အိတ်များကို ခေါင်းအုံးလုပ်ကာ အိပ်ကြလေ၏။ လားများလည်း မီးဖိုဘေးတွင် မီးလှုံရင်း အိပ်သွားကြတော့၏။

သန်းခေါင်ကျော်ခန့် ရောက်သောအခါ အလွန်အေးသဖြင့် ကိုသံဟိတ်ရော ကျွန်ုပ်ပါ အိပ်နေရာမှ နိုးလာကြလေတော့၏။ ညဦးက အရှိန်ကောင်းသော မီးဖိုကြီးသည် သန်းခေါင်ကျော်သောအခါ မီးကျီးခဲမျှသာ ရှိတော့လေရာ အအေးဒဏ်ကို မည်သို့မျှ မကာကွယ်နိုင်တော့ပေ။

"မောင်တောအုပ်ရေ ထထိုင်နေပေတော့၊ ဆက်အိပ်နေရင် တောင့်သွားလိမ့်မယ်"





ဟုပြောကာ အသင့်ယူလာသော ဖယောင်းတိုင်တစ်တိုင်ကို အိတ်ကြီးထဲမှ ဆွဲထုတ်ကာ မီးထွန်းလိုက်လေ၏။

ထို့နောက် ကိုသံဟိတ်က ဘရမ်ဒီ ပုလင်းကို ထုတ်ကာ အဖုံးဖွင့်၍ တစ်ငုံသောက်လေ၏။ ပြီးလျှင် ကျွန်ုပ်အား လှမ်းပေးလိုက်ရာ ကျွန်ုပ်လည်း ယူ၍ တစ်ငုံမော့သောက်လိုက်လေ၏။

ထိုအချိန်တွင် အတော်ကလေး နွေးသွားသဖြင့် အရက်သေစာသည်လည်း သူ့နေရာနှင့်သူ အတော်ကလေး အကျိုးပြုပေတာပဲဟု တွေးလိုက်မိတော့၏။ ကျွန်ုပ်တို့လည်း ထိုညအဖို့ ထပ်၍ မအိပ်ရဲတော့ဘဲ ဘရမ်ဒီ အရှိန်ကလေး ကျသွားလိုက် နည်းနည်း ထပ်သောက်လိုက် ပြုလုပ်ကာ တစ်ယောက်ကိုတစ်ယောက် နေတယ်လ် ဘာသာစကားနှင့် အပြန်အလှန် ပြောလိုက်ကြ ခမာစကားနှင့် ဟိမဝန္တာကိုထားကြီးအကြောင်းကို ပြောလိုက်ကြ ပြုလုပ်ရင်း မိုးလင်းလေတော့၏။

မိုးလင်းသောအခါ မီးဖို၍ ညက ကျန်သော အစားအသောက်များကို နွေးကာ နံနက်စာစားလိုက်ကြရလေ၏။ ကျွန်ုပ်တို့ နံနက်စာစားနေစဉ်တွင် လားတစ်ကောင်သည် ဒယီးဒယိုင်နှင့် ဂူထဲမှ ထွက်လာသော်လည်း နောက်တစ်ကောင်သည် ထွက်မလာသဖြင့် ဂူထဲသို့ ဝင်ကြည့်လိုက်သောအခါ တောင့်၍ သေနေသည်ကို တွေ့လိုက်ကြရလေ၏။

ကျွန်ုပ်တို့လည်း ဘာမျှ မတတ်နိုင်တော့ဘဲ ကျန်နေသော လားပေါ်သို့ ဝန်စည်စလယ်များ တင်ကာ လူများက လမ်းလျှောက်ကြရလေတော့၏။

ဒုတိယညတွင် ကျွန်ုပ်တို့သည် ကျောက်ဂူကြီးတစ်လုံးမှာပင် အိပ်ကြရသော်လည်း ထိုတောင်ကြီးတွင် သစ်ပင်တစ်ပင်မှ မရှိသဖြင့် မီးဖိုရန် ဘာမျှ မရှိပေ။ ကျွန်ုပ်တို့လည်း ညစာအဖြစ် နေ့လယ်က ကျန်နေသော အစားအသောက်များကိုပင် ချွေတာ၍ စားကာ ရေသောက်ပြီး အိပ်ကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာလျှင် မေးခနဲ အိပ်ပျော်သွားလေတော့၏။ မည်မျှကြာအောင် အိပ်ပျော်သွားသည်ကို မသိရဘဲ ကျွန်ုပ်၏ နားထဲတွင် ကျားတစ်ကောင်၏ မာန်ဖီသံကို ကြားလိုက်ရသဖြင့် အိပ်မက်မက်နေသလိုလိုနှင့် နိုးလာလေ၏။

ထိုသို့ နိုးလာသောအခါ ဂူအဝသို့ လရောင်ထိုးနေသဖြင့် လင်းနေသော နေရာကလေးကို မျက်စိအကြည့်က ရောက်သွားလေရာ ကျွန်ုပ်မှာ လန့်ပြီး အော်မိတော့မလို ဖြစ်သွားလျှင် ကျွန်ုပ်၏ ပါးစပ်ပေါ်သို့ လက်ဝါးတစ်ခုက ဖျလာပြီး ပိတ်ထားလေ၏။

"မောင်တောအုပ် မလှုပ်နဲ့ ငြိမ်နေ၊ ဒီကောင်ကို ကျုပ် ပစ်မလို့"

ဟု ကိုသံဟိတ်၏ လေသံနှင့် သတိပေးလိုက်သောကြောင့် ကျွန်ုပ်လည်း ငြိမ်နေလိုက်မိလေ၏။

ကျွန်ုပ် မြင်လိုက်သော အရာမှာ အိပ်ပျော်နေသော ကျွန်ုပ်တို့၏ လားကလေးကို ကျားသစ်ကြီးတစ်ကောင်က ခြေထောက်ကြီးကားယားခွကာ အားရပါးရ စားသောက်နေခြင်းပင် ဖြစ်လေ၏။ လရောင်အောက်တွင် ကျားသစ်၏ အစက်အပြောက်များကိုပင် တွေ့နေရလေ၏။

သည်တော့မှ ကျွန်ုပ် တွေးလိုက်မိလေ၏။ ကျွန်ုပ်တို့ အိပ်နေစဉ် ကျားသစ်သည် ဂူထဲသို့ ဝင်လာပုံရ၏။ ဂူဝတွင် အိပ်ပျော်နေသော ကျွန်ုပ်တို့၏ လားကလေးကို တွေ့သောအခါ လည်မျိုကို ခဲ၍ ကိုက်သတ်လိုက်ပုံပေါ်လေသည်။ လားကလေးမှာလည်း အားနည်းချိနဲ့နေသောကြောင့် အော်ပင် မအော်နိုင်ဘဲ သေသွားပုံရလေ၏။

အကယ်၍ ဂူဝတွင် လားကလေးကို မတွေ့ခဲ့လျှင် ဂူထဲသို့ ဝင်လာ၍ ကျွန်ုပ်တို့ နှစ်ယောက်အနက် တစ်ယောက်ကို ကိုက်သတ်မည်မှာ မြေကြီး လက်ခတ်မလွဲ ဖြစ်တော့၏ဟု တွေးမိသောအခါ ကျွန်ုပ်သည် အကြီးအကျယ် တုန်လှုပ်သွားလေတော့၏။

ကျားသစ်ကြီးမှာလည်း အစာကို မာန်ဖီ၍ စားနေသောကြောင့် ကိုသံဟိတ်ကို သတိပြုမိပုံမပေါ်ပေ။ ကိုသံဟိတ်အနေဖြင့် ကျားသစ်ကို





ခြောက်လုံးပြူးနှင့် ပစ်မည်ဟုကိစ္စသည် လွန်စွာမိုက်မဲသော အမှုဖြစ်မှန်း ကျွန်ုပ်သိသော်လည်း မေးချိန်မရလိုက်တော့ပေ။

"ဒိုင်း၊ ဒိုင်း၊ ဒိုင်း"

ဟူသော သာတီအိတ်ကြီး၏ ယမ်းပေါက်ကွဲသံ သုံးချက်ဆက်တိုက် ထွက်လာပြီးနောက် ကျားသစ်သည်

"ဝေါင်း၊ ဝေါင်း"

ဟု အော်လိုက်ကာ တစ်ပတ်ကျွမ်းပစ်၍ ခုန်လိုက်လေ၏။ ကျွန်ုပ်မှာ ရုတ်တရက် အသက်ရှူရပ်သလို ဖြစ်သွားခဲ့လေတော့၏။

သို့သော် ကျားသစ်သည် ကျွမ်းပစ်၍ ကျသွားသောနေရာမှ ပြန်မထနိုင်တော့ဘဲ ခေါင်းကြီးသာ ထောင်၍ မာန်ဖီနေလေတော့၏။ လရောင်အောက်တွင် မြင်နေရသော ကျွန်ုပ်တို့၏ လားကလေးသည်လည်း အရိုးစုသာ ကျန်နေလေတော့၏။

ကိုသံဟိတ်သည် ကျောက်တုံး အကွယ်မှ ထသွားကာ ပါးစပ်ဖြဲ၍ မာန်ဖီနေသော ကျားသစ်ကို သေနတ်ဖြင့် ထိုးချိန်ကာ ဆက်တိုက်ပစ်ပြန်၏။

"ဒိုင်း၊ ဒိုင်း၊ ဒိုင်း"

ဟူသော အသံကြီးသုံးချက်သည် ဂူထဲတွင် ဟိန်းသွားကာ ကျားသစ်လည်း ငြိမ်သက်သွားလေ၏။

ထိုအချိန်တွင်မှ ကျွန်ုပ်လည်း ခုန်ထလာကာ ဂူဝသို့ ထွက်ခဲ့လေတော့၏။

"မောင်တောအုပ်ရဲ့ ကျုပ်ပစ်တာ ဘယ်နှချက်လို့ ထင်သလဲ"

ဟု ကိုသံဟိတ်က မေးလေ၏။

ကိုသံဟိတ် ခြောက်ချက်တိတိ ပစ်လိုက်မှန်း ကျွန်ုပ် သေသေချာချာ ကြားလိုက်ရသည်ဖြစ်သောကြောင့် –

"ခြောက်ချက်လေ ကိုသံဟိတ်"

ဟု ပြန်ပြောလိုက်လေ၏။

"မဟုတ်ပါဘူး မောင်တောအုပ်ရဲ့၊ လာ ကျုပ်ပြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ကျားသစ်သေကြီးနားသို့ သွားလေ၏။

"ဟောဒီ လက်ပြင်မှာတစ်ချက်၊ ဒီခေါင်းမှာ တစ်ချက်"

ဟုပြလျှင် တစ်ချက် ကျွန်ုပ်လည်း သေသေချာချာ ကြည့်လိုက်ရာ သူ ပြောသည့်အတိုင်း ဒဏ်ရာနှစ်ချက်သာ တွေ့ရလေ၏။ ထိုအခါတွင်မှ ပထမပစ်လိုက်သော သုံးချက်သည် တစ်နေရာတည်းသာ မှန်၍ နောက်ပစ်သော သုံးချက်သည်လည်း တစ်နေရာတည်းသာ မှန်သွားမှန်း သိရလေ၏။

"ကိုသံဟိတ် ဒီလောက် လက်ဖြောင့်မှန်း ခုမှ သိတော့တယ်ဗျာ"

ဟု ကျွန်ုပ်က ချီးမွမ်းလိုက်ရာ –

"အဲဒါကြောင့် ဒီကျားသစ်ကြီးကို ခြောက်လုံးပြူးနဲ့ ပစ်ရဲတာပေါ့ မောင်တောအုပ်ရယ်။ ခြောက်ချက်ပစ်တာ ခြောက်နေရာ မှန်သွားရင် ဘယ်သေလိမ့်မလဲ။ ကျွန်ုပ်တို့နှစ်ယောက် ပြေးပေါက်တောင် ရှိမှာ မဟုတ်တော့ဘူး။ ခုလို ကျည်ရာတစ်ခုတည်းကို သုံးချက်ဆင့်ဝင်သွားတော့ အမဲပစ်ရိုင်ဖယ်ထက်တောင် ပြင်းသွားတော့တာပေါ့"

ဟု ကိုသံဟိတ်က ရှင်းပြလေ၏။

"ကျုပ် စစ်တပ်ထဲမှာတုန်းကဆိုရင် ကျုပ်ကို တခြား စစ်ဗိုလ်တွေက သာတိအိတ်သံဟိတ်လို့တောင် နာမည်ပေးထားကြတာ မောင်တောအုပ်ရဲ့"

ဟု ထပ်မံပြောပြလျှင် –

"ခေါ်ထိုက်ပါတယ် ကိုသံဟိတ်ရယ်၊ အခုတော့ ကျွန်တော့်မျက်မြင်ကိုယ်တွေ့ပါပဲဗျာ"

ဟု ကျွန်ုပ်က ပြန်ပြောလိုက်လေတော့၏။

ထိုညအဖို့ ကျွန်ုပ်တို့လည်း နောက်ထပ် ကျားသစ်များ ထပ်၍ ရောက်လာမည်ကို စိုးရိမ်သဖြင့် မအိပ်ထုံကြတော့ပေ။ ခြောက်လုံးပြူးနှစ်လက်ကို ကျည်ဆန် အပြည့်ထည့်ကာ မိုးအလင်းထိုင်နေကြရ တော့၏။

သို့သော် မိုးလင်းသွားသည်အထိ မည်သည့်အန္တရာယ်မှ မကြုံတွေ့ရတော့ပေ။ ကျွန်ုပ်တို့လည်း လားတစ်ကောင်မျှ မရှိတော့သဖြင့် ဝန်စည်





...ည်များကို လျှော့ပစ်ကာ မယူမဖြစ်သော ပစ္စည်းများကိုသာ ယူ၍ နှစ် ...သောက်ခွဲသယ်ကာ ခရီးဆက်ကြရလေ၏။

ထိုနေ့ နေ့လယ်စာ စားသောက်ပြီး နှစ်နာရီခန့် ဆက်လျှောက် ...ိုက်သောအခါ ကျွန်ုပ်တို့ ရှေ့မြင်ကွင်းတွင် နေရောင်ဖြင့် အရောင်တဖိတ်ဖိတ် ...တောက်နေသော အဆောက်အဦကြီးတစ်ခုကို တောင်ကမ်း ပါးကြီးတစ်ခုပေါ် ...တွင် တွေ့လိုက်ရလေတော့၏။

"ဟာ ရောက်ပြီ မောင်တောအုပ်ရေ။ အဲဒါ ဟိမဝန္တာကိုဏ်းတော် ကြီးရဲ့ ဗဟိုဌာနကြီးပဲကွယ့်"

ဟု ကိုသံဟိတ်က ပြောလေ၏။

ထို့နောက် ကျွန်ုပ်တို့လည်း၊ လမ်းကြောင်းများကို မှတ်သားကာ ...ုကာလစ်ပင်ကြီးနှစ်ပင်အောက်မှ ကျောက်ဂူကြီးထဲတွင် နှင်းပွင့်များကို တူး၍ ...ဒိုင်းနမိုက်များ၊ သေနတ်များ၊ ကြိုးခွေများကို မြှုပ်ခဲ့ကြလေ၏။

ပြီးလျှင် အသင့်ပါလာသော ခမာအဝတ်အစားများကို လဲကာ ...ို့အပ်သော စာရွက်စာတမ်းများကို အိတ်တွင်ထည့်၍ တောင်ကမ်းပါးယံကြီး ကို ကွေ့ပတ်ကာ ဖောက်ထားသော လမ်းကလေးအတိုင်း တောင်ကြီးပေါ်သို့ ...တက်ခဲ့ကြလေ၏။

ဟိမဝန္တာကိုဏ်းကြီး၏ ဗဟိုအဆောက်အဦကြီးသည် နန်းတော်ကြီး ...ဘမျှ ခမ်းနားထည် ဝါနေသည်ကို တွေ့လိုက်ရလေရာ ကျွန်ုပ်မှာ ရင်ထဲတွင် အားခနဲ ဖြစ်သွားလေတော့၏။ ပြီးမှ စိတ်ကို တင်းကာ ခရီးဆက်ခဲ့ရလေ၏။

ဤသို့ဖြင့် ကျွန်ုပ်တို့နှစ်ယောက်သည် ဂိုဏ်းတော်ကြီး၏ အဝင် ...ဘံခါးဝသို့ ရောက်ခဲ့လေတော့၏။

●

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဂိုဏ်းတော်မှ ကြိုဆိုခြင်း

BURMESE CLASSIC .com

"ဟေ့ ဘယ်သူတွေလဲ၊ ရပ်လိုက်စမ်း"

ဟူသော ဟိန္ဒူဘာသာနှင့် မေးသည့် အသံကြီးတစ်သံ ပေါ်လာလျှင် ကျွန်ုပ်သည် တုန်သွားလေတော့၏။ ကိုသံဟိတ်မှာမူ မည်သို့မျှ ဖြစ်ဟန်မတူဘဲ –

"ဘိသေက သဘင်ကို ကြွလာတဲ့ ကမ်ပူးချားက ဂိုဏ်းချုပ်ကြီးနဲ့ သူ့တပည့်ပါ"

ဟု ကိုသံဟိတ်က အော်ပြောလိုက်လေ၏။

"ကမ်းပူးချားက ဂိုဏ်းချုပ်ကြီး ကွယ်လွန်သွားပြီ မဟုတ်လော"

ဟု ထိုအသံကြီးက ဆက်မေးပြန်၏။

"မှန်ပါတယ်၊ ကျုပ်က ဟိမဝန္တာသခင်မရဲ့ အမိန့်တော် တံဆိပ်တုံးနဲ့ ခန့်ထားခြင်းခံရတဲ့ ဂိုဏ်းချုပ်အသစ်ပါ"

ဟု ကိုသံဟိတ်က ပြန်ပြောလေ၏။

"ဒါဆို အမိန့်တော်တံဆိပ်တုံးပါရဲ့လား"

ဟု မေးပြန်၏။

"ပါပါတယ်"

ဟု ကိုသံဟိတ်က ပြောလိုက်လျှင် တံခါးကြီးသည် 'ကျွီ' ခနဲ မြည်၍ ပွင့်သွားလေတော့၏။





ထူးထူးဆန်းဆန်း အဝတ်အစားများကို ဝတ်ဆင်ထားသော လူထွားထွားကြီးနှစ်ယောက်သည် အတွင်းမှ ထွက်လာကြလေ၏။ သူတို့၏ မျက်နှာများမှာ ကျောက်ရုပ်ကြီးများ၏ မျက်နှာကဲ့သို့ မလှုပ်ရှားဘဲ တင်း၍နေလေ၏။

အဆိုပါ ကျောက်ရုပ်မျက်နှာကြီးနှစ်ခုသည် ကျွန်ုပ်နှင့် ကိုသံဟိတ်ကို ခြေဆုံး၊ ခေါင်းဆုံးအကဲခတ်ကြည့်နေလေ၏။

ကိုသံဟိတ်သည် အိတ်ထဲမှ အမိန့်တော်တံဆိပ်တုံးကို ထုတ်၍ ပြလိုက်လေ၏။ ထိုအခါ ကျောက်ရုပ်မျက်နှာကြီးနှစ်ခုက တံဆိပ်တုံးကို သေသေချာချာ ကြည့်ကာ ဦးညွှတ်လိုက်ကြတော့၏။ ပြီးလျှင် –

"အရှင်တို့ အထဲကို ကြွလို့ရပါပြီ"

ဟု ပြောလိုက်တော့၏။ ဤအချိန်ကျမှပင် ကျွန်ုပ်၏ ရင်ထဲမှ တစ်ဆို့ဆို့ ဖြစ်နေသော အလုံးကြီးသည် လျှောခနဲ ကျသွားလေတော့၏။

ကျောက်ရုပ်မျက်နှာကြီး နှစ်ယောက်အနက်မှ တစ်ယောက်က နေရစ်ခဲ့ပြီး တစ်ယောက်က ကျွန်ုပ်တို့ကို ဦးဆောင်၍ ခေါ်လာလေတော့၏။

ကျွန်ုပ်တို့လည်း ထိုသူ၏ နောက်မှ လိုက်ခဲ့ကြရကာ ခမ်းနားထည်ဝါလှသော အဆောက်အဦကြီးထဲသို့ရောက်လျှင် ခေါင်းတုံးပြောင်နှင့် လူကြီးတစ်ဦးက အသင့်စောင့်နေလေ၏။

ကျွန်ုပ်တို့အား ခေါ်လာသော ကျောက်ရုပ်မျက်နှာကြီးက ခေါင်းတုံးကြီးအား ကျွန်ုပ်တို့အကြောင်းကို ပြောပြကာ အပ်လိုက်လေ၏။

သည်တော့မှ ခေါင်းတုံးကြီးက ကိုသံဟိတ်ကို ဦးညွှတ်ကာ –

"ကြွပါအရှင်၊ အရှင်တို့အတွက် နေရာအဆင်သင့် ပြင်ထားပါတယ်"

ဟု ပြောကာ အပေါ်ထပ်သို့ ခေါ်သွားလေ၏။ လှေကားထစ်ပေါင်း များစွာ ထစ်ပြည့်သောအခါ ပိတ်ထားသော တံခါးကြီးတစ်ချပ်၏ ရှေ့သို့ ရောက်လာလေ၏။ ထိုအခါ ကျွန်ုပ်တို့အား ခေါ်လာသော ခေါင်းတုံးကြီးက သူ၏ လက်သီးဆုပ်ကြီးများနှင့် တံခါးကြီးက သူ၏လက်သီးဆုပ်ကြီးများနှင့် တံခါးကြီးကို 'ဒုံး ဒုံး' ဟု နှစ်ချက်ဆင့်ထုလိုက်လေ၏။ တံခါးကြီးသည် 'ကျွီ' ခနဲ



www.burmeseclassic.com

www.burmeseclassic.com



မြည်ကာ ပွင့်သွားလျှင် အတွင်း၌ အခြားခေါင်းတုံးကြီး တစ်ယောက်က
စောင့်နေလေ၏။

ခေါ်လာသော ခေါင်းတုံးကြီးက အတွင်းမှ ခေါင်းတုံးကို အကျိ
ကြောင်း ပြောလိုက်သောအခါ အတွင်းမှ ခေါင်းတုံးကြီးက ဦးညွှတ်
အရိုအသေပေးပြန်၏။ ပြီးလျှင် တံခါးကြီးကို ကျွမ်းခနဲ မြည်အောင် ပိတ်လိုက်ပြ
ကျွန်ုပ်တို့အား ခေါ်သွားပြန်၏။

အချိုးအကွေ့များကို သုံးခါခန့် ပြုပြီးသောအခါ လှေကားကြီ
တစ်ခုကို တက်ရလေ၏။ စုစုပေါင်း ၄၉ ထစ်တက်ပြီးသောအခါ ပိတ်ထားသော
တံခါးကြီးတစ်ခုရှေ့သို့ ရောက်သွားပြန်၏။

ထိုအခါ ခေါ်လာသော ခေါင်းတုံးကြီးက တံခါးကို လက်သီးဆု
ကြီးနှင့် ထုပြန်၏။ တံခါးကြီးလည်း ပွင့်လာပြန်၏။ အတွင်းမှ ခေါင်းတ
ကြီးတစ်ယောက်ကို တွေ့ပြန်၏။ ခေါ်လာသော ခေါင်းတုံးကြီးက ပြန်သွားပြ
၏။ အတွင်းမှ ခေါင်းတုံးက တံခါးကြီးကိုပြန်ပိတ်ကာ ကျွန်ုပ်တို့ကို ခေါ်သွားပြ
၏။ အချိုးအကွေ့များစွာကို ကျော်သွားပြီးနောက် လှေကားကြီးကို တက်ရပြ
၏။

ဤသို့ဖြင့် ကျွန်ုပ်နှင့် ကိုသံဟိတ်သည် လှေကား ၄၉ ထစ်
ကြိမ် တက်ခဲ့ရ၍ တံခါးပေါင်း ၇ ခုကို ဖြတ်ခဲ့ကာ ခေါင်းတုံးပေါင်း
ယောက်ကို တွေ့ကြုံခဲ့ရပြီးနောက် အခန်းကြီးတစ်ခုသို့ ရောက်ခဲ့လေ
အခန်းကြီးထဲတွင် ကျွန်ုပ်တို့အတွက် အိပ်စက်နားနေရန် အိပ်ရာ ကော
ကောင်း ရေချိုးရန် အခန်းသီးသန့် အိပ်သာသီးသန့်နှင့် မီးအိမ်နှစ်လုံးကိုလည်
ထွန်းညှိပေးထားလေ၏။

"အရှင်တို့ ဒီမှာ နားနေတော်မူကြပါ၊ မကြာမီ စားကောင်းသော
ဖွယ်များ ပို့လိုက်ပါမယ်၊ အကြောင်းကိစ္စရှိ၍ ခိုင်းစေလိုလျှင် ဟောဟို
ကျောက်မောင်းကို ထုလိုက်ပါ၊ အစေခံ ရောက်လာပါလိမ့်မယ်၊ ဒီညအ
ဟောဒီ ပြတင်းတံခါးမှ ဟိမဝန္တာရဲ့ အလှကို ခံစားရင်း ကောင်းစွာ အိ
စက်နားနေကြပါကုန်လော့"





ဟု ရိုသေစွာ ပြော၍ နောက်ဆုံး ခေါင်းတုံးသည် ထွက်သွားလေ
သော့၏။

ကိုသံဟိတ်သည် ထိုခေါင်းတုံး ထွက်သွားသည်နှင့် တံခါးကို
တ်ထားလိုက်လေ၏။

"မောင်တောအုပ်ရေ ကျုပ်တို့ရဲ့ အလာခရီးတော့ ချောချော
ာမောပြီး ဆုံးခဲ့ပြီကွယ့်။ အပြန်ခရီး အောင်မြင်ထမြောက်ဖို့ပဲ ကျန်တော့
သယ်"

ဟု ကိုသံဟိတ်က ပြောလေ၏။

"ကျွန်တော့်ကိုတော့ ကြိုက်သလိုသာ သုံးပါ ကိုသံဟိတ်။ ကျရာ
ာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ဖို့ အဆင်သင့်ပါပဲ"

ဟုပြောလိုက်လျှင် ကိုသံဟိတ်သည် ခေါင်းညိတ်ကာ ပြုံးလိုက်
သေ၏။

ကျွန်ုပ်တို့နှစ်ယောက် ရေချိုးပြီးကြသောအခါ တံခါးခေါက်သံကြား
ဖြင့် ကျွန်ုပ်က ဖွင့်ပေးလိုက်ရလေ၏။

"အရှင်တို့ ညနေစာ သုံးဆောင်ဖို့ အဆင်သင့် ဖြစ်ပါပြီလား"

ဟု ခေါင်းတုံးတစ်ယောက်က လာ၍ မေးလေ၏။

အဆင်သင့် ဖြစ်နေကြောင်း ကျွန်ုပ်တို့က ပြောလိုက်လျှင် လှည့်၍
ိသွားပြီး ခဏအကြာ၌ ညစာများကို ယူလာခဲ့လေ၏။

ညစာ ယူလာသူများမှာ ထူးဆန်းသော အဝတ်အစားများကို
တ်ထားသည့် မိန်းကလေးနှစ်ယောက် ဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်
လေ၏။

အခန်းထဲတွင် အဆင်သင့်ရှိနေပြီးသော ကျောက်စားပွဲကြီးပေါ်တွင်
မင်းပွဲ ဟင်းပွဲများကို တည်ခင်းလိုက်ကြလေ၏။ အစားအသောက်များ
ားလုံးသက် သတ်လွတ်ဖြစ်သော်လည်း ကျွန်ုပ်တို့နှစ်ယောက်စလုံးမှာ
ာလောင်နေကြသဖြင့် အားရပါးရ စားသောက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



သားမှ စောင့်ကြည့်နေကြသော မိန်းကလေးနှစ်ယောက်နှင့် ခေါ[င်း]တုံးကြီးများမှာ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ကျေကျေနပ်[နပ်] ပြုံးလိုက်ကြလေ။ သည်တော့မှ ကျွန်ုပ်သည် သဘောပေါက်သွားခဲ့လေတော့၏။ ကျွန်ုပ်တို့သည် ဟိမဝန္တာဂိုဏ်းချုပ်အစစ် မဟုတ်လျှင် သက်သတ်လွ[တ်] ဟင်းလျာများကို အားရပါးရ စားနိုင်မည် မဟုတ်ဘဲ အမြဲတမ်း သက်သ[တ်] လွတ်စားရသည့် ဂိုဏ်းချုပ်ကြီးများသာ အားရပါးရ စားနိုင်ကြပေလိမ့်မည်

ယခုမူ ကျွန်ုပ်တို့မှာ ဆာလောင်နေသောကြောင့် အားရပါး[ရ] စားမိသည်မှာ ကျွန်ုပ်တို့အတွက် ကံကောင်းသွားခြင်းပင် ဖြစ်လေတော့[၏]။

ထိုအခြေအနေကို ရိပ်မိသဖြင့် ကိုသံဟိတ်ရော ကျွန်ုပ်ပါ အားရပါး[ရ] စားပြကြလေတော့၏။

ကျွန်ုပ်သည် ဟိမဝန္တာတောင်ပေါ်တွင် ခရီးသွားခဲ့ရစဉ်က နှစ်ညတိတိ မအိပ်စက်နိုင်ခဲ့သောကြောင့် ထိုညအဖို့ စားပြီးသည်နှင့် အိပ်ပျော်သွား[ကြ] လေတော့၏။

ကျွန်ုပ်တို့ နိုးလာ၍ မျက်နှာသစ်ပြီးကြသောအခါ တံခါးခေါက်[သံ] ပေါ်လာသဖြင့် တံခါးကို ဖွင့်ပေးလိုက်လျှင် ခေါင်းတုံးကြီးတစ်ယောက်သည် တံခါးဝတွင် ရပ်နေကာ –

"အရှင်တို့လည်း ခရီးတော်တော် ပန်းလာပုံရတယ်။ ကျွန်ုပ် နံနက်စာပို့ဖို့ လာခေါ်တာ နှစ်ခေါက်ရှိသွားပြီ။ အရှင်တို့ မနိုးသေးတာနဲ့ စော[င့်] နေရပါတယ်"

ဟု ပြုံးလျက် ပြောလေ၏။

"ဟုတ်တယ်ကွယ်၊ ကျွန်ုပ်တို့ ခရီး ပန်းလာတာနဲ့ အိပ်ပျော်သွား လိုက်ကြတာ ခုမှပဲ နိုးလာတော့တယ်"

ဟု ကိုသံဟိတ်က ပြန်ဖြေလေ၏။ အခုအချိန်အထိ နေတယ်[...] ဘာသာစကားနှင့် ပြောဆိုခြင်းကို ကျွန်ုပ်တို့ မကြားရသေးပေ။

"ကောင်းပါတယ် အရှင်၊ အိပ်ရေးဝတော့ လန်းဆန်းတာပေါ့ အခုပဲ အရှင်တို့အတွက် နံနက်စာ ယူလာခဲ့ပါမယ်"





ဟု ပြောကာ ခေါင်းတုံးကြီး ပျောက်သွားလေ၏။ မကြာမီမှာပင် [မိန်း]ကလေး နှစ်ယောက် အစားအစာများ ယူလာပြန်လေ၏။ သို့သော် [...]က မိန်းကလေးများ မဟုတ်ကြပေ။

ကျွန်ုပ်တို့လည်း သက်သတ်လွတ် အစားအစာများကို အားရပါးရ [စား]ပြကြရပြန်၏။ ကျွန်ုပ်တို့ နံနက်စာစားပြီး ခဏအကြာတွင် ရွှေချည် [...]ကအကျီပွပွကြီးနှင့် ဘောင်းဘီရှေ့နားကွပ်ပွပွကြီးကို ဝတ်ဆင်ထားသော [...]ရှာ ထွားကျိုင်းသည့် လူကြီးတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

ကျွန်ုပ်တို့လည်း မိဖုရား မာယာဝတီ မှာထားသည်ကို ချက်ချင်း [သ]တိရသွားကာ ဂိုဏ်းတော်ကြီး၏ အရေးပါသူတစ်ယောက်ကို နှုတ်ဆက်[ရ]မည့် သင်္ကေတဖြင့် နှုတ်ဆက်လိုက်ကြလေ၏။

လူထွားကြီးက ကျေနပ်စွာ ပြုံးလိုက်ပြီး ကိုသံဟိတ်ဘက်သို့ [လှ]ည့်ကာ ခမာဘာသာစကားဖြင့် မေးလေ၏။

"ထူးခြားသော ဘာများလဲ ဂိုဏ်းချုပ်သစ်ကြီးရဲ့"

"ဟို ထိုင်ပိဋကတ်တိုက်ကြီးပါ သခင်"

ဟု ကိုသံဟိတ်က မိဖုရားသွန်သင်ထားသော အမူအရာဖြင့် [လျှို့]ဝှက်စကားကို ဖြေလေ၏။

"ဘယ်နေရာမှာလဲဗျ"

"ဗီယန်ရှင်းက ခေတ်ဆက်ဆက် ဘုရားကျောင်းမှာပါ"

"ဘာတွေ မြှုပ်ထားတာလဲ"

"နီလာတွေပါ သခင်"

"ဘာလို့ မြှုပ်ထားတာလဲ"

"ဗုဒ္ဓရဲ့ ကျမ်းဂန်တွေနဲ့ လျှို့ဝှက်တဲ့ ရှေးပညာရပ်တွေ ရှိနေလို့ [...]ဖော်ထားတာပါ"

"ဘာစောင့်သလဲ"

"ကုမ္ဘာဏ်စောင့်ပါတယ် သခင်"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ဂိုဏ်းချုပ် ဘာရောဂါနဲ့ သေသလဲ"

"လေသင်တုန်း ဖြတ်သွားလို့ပါ သခင်"

"သင်တို့မှာ အဖွဲ့ဝင်ပေါင်း ဘယ်လောက်ရှိပြီလဲ"

"ခြောက်ဆယ့်ကိုးယောက်ပါ"

"စာရင်းအင်းတွေ ပါရဲ့လား"

"အဆင်သင့်ပါ သခင်"

ဟု ပြောပြောဆိုဆို ကိုသံဟိတ်က သူ၏ အင်္ကျီအတွင်းမှ လျှို့ဝှက် အိတ်ကို နှိုက်ကာ ထုတ်ပေးလိုက်လေ၏။ ဂိုဏ်းတော်ကြီး၏ ဂိုဏ်းထောက် ကြီးက စစ်ဆေးကာ –

"မှန်ပါတယ်" ဟု ပြောကာ –

"အခုနောက်ဆုံး ဘာတာဝန် ထမ်းခဲ့ရသလဲ" ဟု ဆက်မေးပြန်၏

"ဂိုဏ်းသားသုံးဆယ်ကို ပညာခြောက်ဆင့် တပ်ပေးရပါတယ် သခင်"

ဟု ကိုသံဟိတ်က ဖြေလိုက်လျှင် ဂိုဏ်းထောက်ကြီးက ကျေနပ်စွာ ဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ကာ –

"အားလုံး ပြည့်စုံပါတယ် ဂိုဏ်းချုပ်သစ်။ ဒါပေမယ့် ဂိုဏ်းချုပ် အသစ်ဟာ ဟိမဝန္တာသခင်မကို ဖူးမြော်ခွင့်ရဖို့တော့ ဒီအတိုင်း မဖြစ်နိုင်ပါဘူး စစ်ဆေးမှုတွေ လုပ်ဖို့ ကျန်ပါသေးတယ်။ အဲဒါတွေကလည်း ကြောက်စရာ မလိုပါဘူး။ သင်သာ ဂိုဏ်းချုပ်အစစ်အမှန်ဆိုရင် ကျော်လွှားနိုင်မှာပါ။ သင်ဟာ အတုအယောင်ဖြစ်ရင်တော့ စမ်းသပ်နေစဉ်မှာပဲ အဖြေပေါ်လာပါလိမ့်မယ် ကျွန်ုပ်ကတော့ သင့်ကို ယုံသွားပါပြီ။ ဒါပေမယ့် သင်လည်း သိမှာပါ ဂိုဏ်းရဲ့ အစဉ်အလာအတိုင်းတော့ သခင်မနဲ့ မတွေ့ဆုံမီ အစစ်ဆေးခံရမှာပဲ"

ဟု ပြောလေလျှင် ကျွန်ုပ်မှာ ရင်ထဲ ထိတ်သွားလေတော့၏

"စစ်ပါ သခင်၊ ဘယ်လို စစ်ဆေးမှုမျိုးမဆို ကျွန်တော် ခံနိုင် ပါတယ်"





ဟု ကိုသံဟိတ်က ရဲရဲတွာ ဆိုလိုက်လျှင် ဂိုဏ်းထောက်ကြီးက ကိုသံဟိတ်ကို ပခုံးအား ပုတ်၍ ကျေနပ်သွားလေတော့၏။

"ကဲ ... သင်ရော သင့်တပည့်ပါ လွတ်လွတ်လပ်လပ် နားစံနေပါ။ ညရောက်လျှင်တော့ သင့်ကို ပထမအဆင့် စမ်းသပ်ဖို့ လာခေါ်ကြပါလိမ့်မယ်"

"ကောင်းပါပြီ သခင်"

ဟု ကိုသံဟိတ်က မိုးရားသင်သားသော သကော်တဖြင့် နေ့စိတကျ နှုတ်ဆက်လေ၏။

ကျွန်ုပ်ကလည်း တပည့်တစ်ဦး၏ သဏ္ဌာန်ဖြင့် ဂိုဏ်းထောက်ကြီး ကို အရိုအသေပေးလိုက်လျှင် လူထွားကြီးမှာ အခန်းထဲမှ ထွက်ခွာသွားလေ တော့၏။

www.burmeseclassic.com

www.burmeseclassic.com

၆

## ဂိုဏ်းချုပ်သစ်ကို စမ်းသပ်ခြင်း

ထိုနေ့ နေ့လယ်စာ စားသောက်ပြီးသောအခါ မိုက်လေးပြီး အိပ်ပျော်သွားကြလေတော့၏။ နှင်းတောထဲမှ ဝက်ဝံကြီးနှစ်ကောင် ကိုက်ကြသည့် အသံကြီးကြောင့် ကိုသံဟိတ်ရော ကျွန်ုပ်ပါ အိပ်ရာမှ နိုးခဲ့ကြလေ၏။

ကျွန်ုပ်တို့နှစ်ယောက် နိုးလာသောအခါ နေအတော် စောင်းနေပြီဖြစ်သဖြင့် ရေမချိုးတော့ဘဲ မျက်နှာသစ်ခြင်း၊ ခြေလက် ဆေးကြောခြင်းများကိုသာ ပြုကြလေ၏။

နေဝင်ပြီးသွားသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့အား ထူးဆန်းသော အဝတ်အစားများ ဝတ်ထားသည့် မိန်းကလေးများက ညစာလာ၍ ကျွေးပြန်၏။ ထိုအချိန်တွင် ကိုသံဟိတ်က ဟိန္ဒူဘာသာစကားဖြင့် –

"နေဦး ကလေးမရဲ့။ ကျုပ်တဲ့နိုင်ငံတွေက ဂိုဏ်းချုပ်တွေရော မရောက်ကြသေးဘူးလားကွယ့်"

ဟု မေးလိုက်လေ၏။ ထိုအခါ မိန်းကလေးက မပြောချင် ပြောချင်ဖြင့် –

"မသိပါဘူးရှင်"

ဟု ပြေလေ၏။ တစ်ဆက်တည်းမှာပင် အခြားတစ်ယောက်က ကိုသံဟိတ်ကို ဒူးကလေးညွှတ်၍ ရှိသေစွာ ပြောလေ၏။





"ဟိမဝန္တာဂိုဏ်းတော်ကြီးမှာ အပို စကားတွေ မပြောရပါဘူးအရှင်။ ကိုယ့်ကိစ္စကို ကိုယ်ဆောင်ရွက်ပြီးရင် တိုးတိုးတိတ်တိတ် ထွက်ခွာသွားရပါတယ်။ ဒီဂိုဏ်းတော်ကြီးရဲ့ အဓိကစည်းကမ်းချက်က လျှို့ဝှက်မှုဆိုတာ အရှင် မေ့သွားလို့လား"

"ဟာ ... ကျုပ်က ဒီတစ်ခါပဲ ရောက်ဖူးသေးတဲ့ ကမ္ဘာ့ဂိုဏ်းချုပ်အသစ်ပါ ကလေးမရယ်"

ဟု ကိုသံဟိတ်က ပြန်ပြောလိုက်တော့မှ –

"သြော် ... ဒါကြောင့်ကိုး၊ ဒါဆိုရင်တော့ ခွင့်လွှတ်ပါတယ်အရှင်။ နောင်ကို သတိထားတော်မူပါ"

ဟု ပြန်ပြောကာ ထွက်ခွာသွားကြလေ၏။

ကျွန်ုပ်တို့နှစ်ယောက် ညစာစားပြီး၍ တစ်နာရီခန့်ကြာသောအခါ အခန်းတံခါးခေါက်သံပေါ်လာလေ၏။ ပြီးလျှင် မနက်က ရောက်လာခဲ့သော ဘူထွားကြီးနှင့် ခေါင်းတုံးကြီးနှစ်ယောက် ရောက်လာလေတော့၏။

"ကမ္ဘာ့ဂိုဏ်းချုပ်သစ်ကြီးကို ပထမအဆင့် စမ်းသပ်မှုကြီး ပြုရပါလိမ့်မယ်။ အသင့်ဖြစ်ပြီလော"

ဟု ဂိုဏ်းထောက်ကြီးက မေးလေ၏။ ထိုအခါ ကိုသံဟိတ်က ဆိုင်းမတွပင် ပြန်ပြောလိုက်လေ၏။

"အဆင်သင့်ဖြစ်ပါပြီ သခင်"

ထိုအခါ ဂိုဏ်းထောက်ကြီးက ကျေနပ်စွာ ခေါင်းညိတ်ပြလိုက်ပြီး

"ယုံကြည်ပြီသားပါ၊ ဂိုဏ်းချုပ်သစ်ကြီး။ ထုံးစံအရသာ စမ်းသပ်မှုပါ။ သင့်တပည့်ကတော့ လိုက်ပါခွင့် မရှိပေဘူး။ ဒီတစ်ညတော့ ဒီအခန်းထဲမှာ သင်တစ်ယောက်တည်း အိပ်ပေတော့"

ဟု ကျွန်ုပ်ဘက်သို့လှည့်၍ ပြောလိုက်လေ၏။

ကျွန်ုပ်ကလည်း တပည့်တို့ပြုရသည့် နာခံကြောင်း သင်္ကေတကို အမှားအယွင်း မရှိအောင် ပြုလုပ်ပြလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုသံဟိတ်သည် ကျွန်ုပ်အား တစ်ချက်လှည့်ကြည့်ကာ ခမ်း စကားဖြင့်

"စိတ်ချလက်ချအိပ်ပါ"

ဟု ပြောလိုက်ပြီး လိုက်ပါသွားလေတော့၏။ ထိုညက ကိုသံဟိတ်သည် တစ်ညလုံး ပြန်မရောက်လာခဲ့ပေ။ ကျွန်ုပ်လည်း အိပ်၍မရဘဲ ပြတင်းပေါက်မှ လသာနေသော ကောင်းကင်ကြီးကို မော့ကြည့်လိုက်၊ နှင်းဖြူဖြူများ မျက်စိတစ်ဆုံးတိုင်အောင် ဖုံးနေသော ဟိမဝန္တာတောင်ကြီးကို ငေးကြည့်လိုက် အိပ်ရာပေါ်တွင် ပြန်လှဲလိုက်ဖြင့်သာ မိုးစင်စင် လင်းခဲ့ရလေတော့၏။

အကယ်၍သာ ကိုသံဟိတ်သည် စမ်းသပ်မှုကို မအောင်မြင်ခဲ့ပါက ရက်စက်ရာတွင် အလွန်နာမည်ကြီးလှသော ဟိမဝန္တာဂိုဏ်းကြီး၏ အတွင်းမှ မည်သို့မျှ လွတ်အောင် ထွက်နိုင်တော့မည် မဟုတ်ပေ။

ထိုသို့ မထွက်နိုင်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်တို့အား ဤကမ္ဘာပေါ်တွင် ကြားမျှ မကြားဖူးသော နည်းစနစ်များနှင့် ညှဉ်းပန်း သတ်ဖြတ်ကြပေလိမ့်မည်ဟု တွေးလိုက်တိုင်း ကျောထဲမှ တစိမ့်စိမ့် ဖြစ်လာကာ ကြက်သီးများလည်း ထလာလေတော့၏။

နံနက် နေထွက်လာသောအချိန်တွင် တံခါးခေါက်သံ ပေါ်လာသဖြင့် ကျွန်ုပ်လည်း ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားလေတော့၏။ ပြီးလျှင် ချက်ချင်းပြေး၍ တံခါး ဖွင့်လိုက်လေရာ ကိုသံဟိတ်၏ ပြုံးနေသော မျက်နှာကို မြင်လိုက်ရလေရာ ရင်ထဲမှ အလုံးကြီးတစ်ခု ကျသွားသကဲ့သို့ ခံစားလိုက်ရလေတော့၏။

ကိုသံဟိတ်အား လိုက်ပို့သော ခေါင်းတုံးကြီးနှစ်ယောက်သည် ကိုသံဟိတ်ကို ရိုသေစွာ နှုတ်ဆက်ပြီး ပြန်သွားကြလေ၏။ ကျွန်ုပ်၏ စိတ်ထဲတွင် ခေါင်းတုံးကြီးများသည် မနေ့ကနှင့်မတူဘဲ ကိုသံဟိတ်ကို ပို၍ ရိုသေလာကြသည်ဟု ထင်သဖြင့် တံခါးကို ခပ်မြန်မြန် ပိတ်လိုက်ပြီးနောက်

"ဒီကောင်တွေ ပုံစံပြောင်းလာသလိုပဲ"

ဟု ပါးစပ်မှ ပြောလိုက်မိရာ -





"ဟုတ်တာပေါ့ မောင်တောအုပ်ရယ်။ ကျုပ်က သူတို့ရဲ့ ရက်ရက်စက်စက် စမ်းသပ်မှုကို သာသာကလေး ကျော်လွှားနိုင်ခဲ့ပေတာကိုး"

ဟု ပြောလေ၏။

"ရက်ရက်စက်စက် စမ်းသပ်မှု ဟုတ်လား ကိုသံဟိတ်ရဲ့။ ကျုပ်ဖြင့်မှာ ကိုသံဟိတ်ကို စိတ်ပူပြီး တစ်ညလုံးကို အိပ်မပျော်ခဲ့ပါဘူး"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် -

"ကျုပ် ထင်သေးပဲ၊ မောင်တောအုပ်ရဲ့မျက်နှာကို တွေ့လိုက်ကတည်းက အိပ်ရေး တော်တော် ပျက်ထားသလားလို့ တွေးနေတာ၊ ဟုတ်တော့ ဟုတ်တယ် မောင်တောအုပ်ရဲ့။ သူတို့ စမ်းသပ်တာကိုသာ မအောင်မြင်ရင် ကျုပ်နဲ့ မောင်တောအုပ် ဒီမနက်တွေ့ဖို့ကို မရှိတော့တာကွယ့်"

ဟု ကိုသံဟိတ်က ပြောလေ၏။

"ဟာ ... ဘယ်လိုများ စမ်းသပ်ကြတာလဲဗျာ"

ဟု ကျွန်ုပ်က စိုးရိမ်ပူပန်စွာ မေးလိုက်လျှင် -

"ဒီလို မောင်တောအုပ်ရဲ့၊ ကျုပ်ကို ဒီကနေ ခေါ်သွားပြီး အခန်းကျယ်ကြီးတစ်ခုထဲကို လိုက်ပို့ကြတယ်။ မီးအိမ်မှိန် မှိန်လေးတစ်လုံး ထွန်းထားထာကလွဲရင် အခန်းထဲမှာ ဘာပစ္စည်းမှ မရှိဘူး။ အဲ ... ရှိနေတာကတော့ မြွေဟောက်ကြီးတွေ၊ မြွေပွေးကြီးတွေနဲ့ အဆိပ်ပြင်းလှပါပေ့ဆိုတဲ့ ဆင်ပစ်မြွေတွေ အကောင်တစ်ရာ လောက်ရှိလိမ့်မယ် မောင်တောအုပ်ရဲ့"

"ဗျာ"

ဟု ကျွန်ုပ်မှာ ယောင်အော်လိုက်မိလေတော့၏။

"ဟုတ်တယ် မောင်တောအုပ်၊ လိုက်ပို့တဲ့ကောင်တွေကလည်း ရက်စက်ပါပေ့ဗျာ။ ကျုပ်ကို အခန်းထဲ တွန်းထိုးလိုက်ပြီး တံခါးကြီးကို ဂျိမ်းဆို ပိတ်လိုက်ပါလေရောဗျာ။ အခန်းထဲမှာ မီးအိမ်ကလေးတစ်လုံးရယ်၊ မြွေဆိုး အကောင်တစ်ရာကျော်ရယ်၊ ကျုပ်ရယ် ဒါပဲ ရှိနေတော့တယ်"

"ဟာ ... ဒီမြွေတွေ ကိုသံဟိတ်ကို ဝိုင်းမကိုက်ကြဘူးလား"

ဟု ကျွန်ုပ်က အသံတုန်တုန်ယင်ယင်နှင့် မေးလိုက်လေလျှင် -



www.burmeseclassic.com

www.burmeseclassic.com



"မိဖုရား မာယာဝတီရဲ့ ကျေးဇူးကြောင့်ပေါ့ မောင်တောအုပ်ရယ်။ မိဖုရားက ကျုပ်ကို အလှူ့ဗုက်ဆုံး အချက်တွေကို နှစ်ကိုယ်ကြား သင်ပေးထားတယ်။ သူ သင်ပေးတဲ့ ဂါထာကို ကျုပ်လည်း ကြောက်လန့်လန့်နဲ့ ရွတ်ရတော့တာပဲ မောင်တောအုပ်ရေ။ မိဖုရားသင်ပေးတဲ့ ဂါထာဟာ အဟုတ်ကို စွမ်းတာကွယ့်။ ကျုပ်လည်း ဂါထာကို ရွတ်လိုက်ရော မြွေတွေဟာ ကြောက်လန့်ပြီး ကျုပ်နဲ့ဝေးတဲ့ အခန်းထောင့်မှာ သွားစုနေကြတယ်။ ကျုပ်လည်း ဂါထာကို ရပ်တောင် မရပ်ရဲဘူး။ အမြှုပ်ထအောင် ရွတ်နေရတော့တာပါပဲ။ ဒါနဲ့တင် ကျုပ်က စိတ်မချဘဲ ကျုပ် ဘောင်းဘီအိတ်ထဲမှာ ဗုက်ယူလာတဲ့ ဆေးပုလင်းလေးကိုထုတ်ပြီး ကျုပ် ထိုင်တဲ့နေရာလေးမှာ စည်းချသလို ဆေးမှုန့်တွေကို ဖြူးထားလိုက်တယ်။ ဒီဆေးကတော့ တခြားမဟုတ်ပါဘူးကွယ်၊ အင်္ဂရုတ် ဆရာကြီးတွေ သုံးတဲ့ စိန်ရယ်၊ ဆေးခန်းရယ်၊ ကန့်ရယ်၊ ဟင်းရိုင်ရယ်ကို အမှုန့်ပြုပြီး ရောထားတာပါပဲ။ မြွေတွေ ဒီအနံ့ရရင် အနားမကပ်ရဲဘူးလို့ ကျုပ် ကြားဖူးတာနဲ့ လုပ်ယူလာတာလေ။ မိဖုရားရဲ့ ဂါထာကလည်း စွမ်း၊ ကျုပ်ရဲ့ မင်းလေးပါးလို့ ခေါ်တဲ့ဆေးကလည်း စွမ်းလေတော့ မြွေဆိုးတွေ ကျုပ်အနားကို တစ်ကောင်မှ မကပ်ရဲရှာကြပါဘူးကွာ။ ကျုပ်ကိုတောင် သူတို့က ကြောက်နေတဲ့ပုံပါပဲ။ ကျုပ်လည်း ဒီအကောင်တွေကို တစ်ချက်မှ အလစ်မပေးရဲတာနဲ့ တစ်ညလုံး ဇုတ်တုတ် မှိုးလင်းခဲ့ရတာပါပဲ မောင်တောအုပ်ရယ်'

ဟု ကိုသံဟိတ်က ဖြစ်ကြောင်းကုန်စင်ကို တစ်ခုမကျန် ပြောပြလေတော့၏။

"ဖြစ်မှဖြစ်ရလေ ကိုသံဟိတ်ရယ်၊ တော်တော့်ကို ရက်စက်တဲ့ ဂိုဏ်းကြီးပဲဗျာ။ ဒါ စမ်းသပ်တာပဲ ရှိသေးတာနော်၊ သတ်ပစ်မှာများဆိုရင် ဘယ်လောက် ရက်စက်မလဲ မဆိုနိုင်ဘူးဗျာ"

"ဟုတ်တယ် မောင်တောအုပ်ရဲ့၊ မင်း တွေးတာ အမှန်ပဲ။ ကဲလေ ဖြစ်လာကြုံလာမှတော့ တွေးပူမနေနဲ့တော့ကွယ်။ လာမယ့်ဘေး ပြေးတွေ့လိုက်ရုံပဲပေါ့"





ထိုသို့ ကျွန်ုပ်တို့ စကားပြောနေစဉ်မှာပင် တံခါးခေါက်သပြင့် ဖွင့်ပေးလိုက်သောအခါ နံနက်စာ လာကျွေးကြလေတော့၏။

နံနက်စာလာပို့သော မိန်းကလေးများသည် ယခင်နေ့များနှင့် မတူဘဲ ကိုသံဟိတ်ကို ပို၍ရိုသေစွာ ဆက်ဆံကြလေ၏။ ကျွန်ုပ်တို့လည်း ဆာဆာနှင့် နံနက်စာကို အားရပါးရ စားကြပြန်လေ၏။ ပြီးလျှင် ညက အိပ်ရေးပျက်ထားသောကြောင့် တစ်ချိုးတည်း အိပ်ပစ်လိုက်ကြလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

# ကိုသံဟိတ်၏ ဒုတိယအတွေ့အကြုံ

ကျွန်ုပ်တို့ နေ့လယ်စာ စားပြီးသောအချိန်တွင် အစိမ်းရောင်တွင် ရွှေချည်ဖောက်ထားပြီး အနားများကို ရွှေချည်နှင့် ကွပ်ထားသည့် ဆောင်းဘီ မွမွကြီးကို ဝတ်ထားသော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများနှင့် ဆံပင်ရှည် ကုလားကြီးတစ်ယောက်သည် အခန်းထဲသို့ ဝင်လာကာ –

"ကမ်ပူးချား ကိုယ်စားလှယ်တော်ကြီး ဒီညတော့ မီးကျင်း (၉) ကျင်းကို ဖြတ်ရလိမ့်မယ်။ ပြင်စရာရှိတာ ပြင်ထားပေတော့"

ဟု ပြောပြီးလျှင် ပြန်ထွက်သွားလေ၏။

ကျွန်ုပ်လည်း ဘုရားတလိုက်မိတော့၏။

"ဖြစ်ပါ့မလား ကိုသံဟိတ်ရယ်၊ အခုနေ ပြေးပေါက်ကလေး ဘာလေး ရှာပြီး ပြေးကြရင် မတော်ဘူးလားဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် –

"မစိုးရိမ်ပါနဲ့ မောင်တောအုပ်ရဲ့၊ မိဖုရားက ဒီကိစ္စတွေ ကြိုသိပြီးသားမို့လို့ ကျုပ်ကို အားလုံးစီစဉ်ပေးလိုက်ပါတယ်ကွယ့်"

ဟု ပြန်ပြောလေ၏။ သူ့ကို ကြည့်လိုက်သောအခါ ဘာကိုမျှ စိုးရိမ်ပုံမရဘဲ လေကလေးတချွန်ချွန်နှင့် လုပ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရလေ၏။





ကိုသံဟိတ်သည် အမှန်တကယ် ရဲရင့်သူပင် ဖြစ်လေသလော။ သို့မဟုတ် စောစောက အစိမ်းရောင်ဝတ်ဂိုဏ်းထောက်ကြီး ပြောသွားသော မီးကျင်း (၉) ကျင်း ဖြတ်ရမည်ဆိုသော စကားကြောင့် အတွင်းစိတ်ကိုများ ထိသွားလေသလောဟု တွေးလိုက်မိလေ၏။

သူ့ကို သေသေချာချာ အကဲခတ်ကြည့်လေ ဘာကိုမျှ မစိုးရိမ်သည့် ပုံစံက ပေါ်လာလေဖြစ်နေတော့၏။

ထိုနေ့ည သန်းခေါင်မတိုင်မီတွင် ကိုသံဟိတ်သည် သူ၏ အိတ်ကြီးထဲမှ ဆေးမြစ်တစ်ခုကို ထုတ်ကာ –

"ကဲ ... မောင်တောအုပ်၊ ဒီဆေးမြစ်ကို ရေချိုးခန်းထဲက ကျောက်ခုံမှာ များများရအောင် သွေးပေတော့"

ဟု ခိုင်းလေ၏။ ကျွန်ုပ်လည်း သူ ပေးသော ဆေးမြစ်ကို သွေးပြီးသောအခါ ကိုသံဟိတ်သည် သူ၏ခြေဖဝါးများမှစ၍ ခြေထောက်အစအဆုံးကို လိမ်းခိုင်းလေ၏။ ပြီးလျှင် ကျွန်ုပ်တို့အား ကျောင်းတော်ကြီးအတွင်းစီးရန် ထုတ်ပေးထားသော အဝတ်ဖိနပ်ကလေးကို စီးထားလေ၏။

"ဒါ ဘာဆေးမြစ်များလဲ ကိုသံဟိတ်ရဲ့"

ဟု ကျွန်ုပ်က မေးလိုက်လျှင် –

"တစ္ဆေခြေထောက်လို့ ခေါ်တယ် မောင်တောအုပ်ရဲ့။ ကျုပ် စစ်တပ်ထဲမှာ လုပ်တုန်းက ဟောဒီ အိန္ဒိယကပဲ ရခဲ့တာကွယ့်။ မီးအပူကို လုံးဝ ကာကွယ်တဲ့ အစွမ်းရှိတယ်။ ပြီးတော့ မိဖုရားသင်ပေးလိုက်တဲ့ မီးနိုင်ဂါထာလည်း ကျုပ် မပြတ်ရွတ်နေပါတယ်။ ဘာမှ မစိုးရိမ်ပါနဲ့၊ အဆင်ပြေမှာပါ"

ဟု ပြောလေ၏။

သန်းခေါင်ကျော်သောအခါ မုတ်ဆိတ်ဝရုဇ်နှင့် အစိမ်းရောင်ဝတ် ဂိုဏ်းချုပ်ကြီး ရောက်လာကာ –

"ကမ်ပူးချားဂိုဏ်းချုပ်ကြီး မီးကျင်း (၉) ကျင်းဖြတ်ဖို့ အချိန်တန်ပါပြီ။ သင်၏ တပည့်ကိုလည်း ခေါ်လာခွင့် ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလျှင် ကျွန်ုပ်ပါ လိုက်ခဲ့ရတော့၏။

ကျွန်ုပ်တို့လည်း လွန်စွာကြီးကျယ် ခမ်းနားလှသော အဆောက်အဦကြီး၏ မြေညီထပ်သို့ ဆင်းခဲ့ကြရလေ၏။

အောက်ဆုံးထပ်သို့ ရောက်သောအခါ ခန်းမကျယ်ကြီးတစ်ခုထဲတွင် အကျယ်နှစ်ပေ၊ အရှည် ပေငါးဆယ်ခန့်ရှိသော မီးကျီးခဲများ ရဲနေအောင် ထည့်ထားသည့် ဖလားကြီးများကို တွေ့ရလေ၏။

လွန်စွာ ကျယ်ဝန်းရှည်လျားသော ခန်းမကြီးထဲတွင် မီးကျင်းများ စီတန်း ပြုလုပ်ထားသည်မှာ ကော်ဇောအနီကြီး ခင်းထားသည်နှင့်ပင် တူသေးတော့၏။ မီးကျင်းတစ်ခုနှင်တစ်ခုကြားတွင် နှစ်ပေခန့် ခြားထားလေရာ မီးကျင်းတစ်ခုနှင့် တစ်ခုကြား၌ ကိုသံဟိတ်အဖို့ ခေတ္တနား နေလို့ရနိုင်သည်ကို တွေ့ရလေ၏။

ခေါင်းတုံးကြီးတစ်ဦး ရောက်လာပြီး ကိုသံဟိတ်ကို အဝတ်အစား လဲပေးလေ၏။ ကိုသံဟိတ်၏ခါးတွင် နံကယ်ပိုင်းကလေးတစ်ခုသာ ဝတ်ဆင်ထားရပြီး တစ်ကိုယ်လုံးတွင် အခြားမည်သည့် အဝတ်အစားမျှ ဝတ်မထားရပေ။ အစိမ်းရောင်ဝတ်ဂိုဏ်းထောက်ကြီးသည် ကိုသံဟိတ်၏ ခေါင်းပေါ်တွင် ပန်းရောင်စုံများ သီထားသော ငွေဖြင့် ပြုလုပ်ထားသည့် သရဖူတစ်ခုကို ဆောင်းပေးလေ၏။ ပြီးလျှင် အနီရောင် ပန်းကုံးများကို ကိုသံဟိတ်၏ လည်ပင်းတွင် ဆွဲပေးပြန်၏။ နောက်ဆုံးတွင်မူ ခရင်းခွပုံသဏ္ဌာန် လှံရှည်ကြီး တစ်ချောင်းကို ကိုသံဟိတ်၏ လက်ထဲသို့ ထည့်ပေးလိုက်လေ၏။

လှံတံမှာ တစ်ခုလုံး သံနှင့်ပြုလုပ်ထားသဖြင့် မီးထဲလမ်းလျှောက်နေစဉ်ကို သံဟိတ်အနေဖြင့် တောင်ဝှေးသဖွယ် အသုံးပြုနိုင်မည်ကို ကျွန်ုပ် သတိထားမိလေ၏။

ဂိုဏ်းထောက်ကြီးက ကိုသံဟိတ်၏ မျက်နှာကို စေ့စေ့ကြည့်ကာ

"ကမ်ပူးချား ဂိုဏ်းချုပ်ကြီး အဆင်သင့် ဖြစ်ပါပြီလား"

ဟု မေးလေ၏။

"အဆင်သင့်ဖြစ်ပါပြီ"





ဟု ကိုသံဟိတ်က အေးဆေးစွာ ပြန်ပြောလျှင် ဂိုဏ်းထောက်သည် ကိုသံဟိတ်ကို စေ့စေ့ကြည့်ပြန်လေ၏။ ကျွန်ုပ် ကိုယ်တိုင်ပင် ကိုသံဟိတ်ကို ကြည့်၍ အံ့သြမိလေ၏။ မီးကျင်း (၉) ကျင်းကို ဖြတ်ကျော်ရမည့် ကိုသံဟိတ်၏ မျက်နှာပေါ်တွင် မီးပေါ်သို့ လျှောက်ရမည့်သူ၏ စိုးရိမ်သည့် ပုံစံ တွေ့ရတဲ့ အေးမြလှသည့် စမ်းချောင်းကလေးထဲသို့ လျှောက်ရမည့်သူပမာ သန်းဆန်းရွှင်ကြည်နေသည်ကို တွေ့ရလေ၏။

"ကမ်ပူးချား ဂိုဏ်းချုပ်အသစ်ကြီးရဲ့ သတ္တိနဲ့ သမာဓိကိုတော့ ကျုပ် အလွန်ပဲ အံ့သြမိပါတယ်။ ဒီလိုထူးခြားတဲ့ လူတစ်ယောက်ရဲ့ သတင်းကို ဟိမဝန္တာသခင်မဆီအရောက် ကျုပ်ကိုယ်တိုင် အစီရင်ခံပေးပါ့မယ်"

ဟု ဂိုဏ်းထောက်ကြီးက သူ၏ မုတ်ဆိတ်ရှည်ကြီးကို လက်နှင့် သပ်ပြီး ပြောလိုက်လေ၏။

"ကဲ . . . ဂိုဏ်းချုပ်ကြီး စတင်လျှောက် လှမ်းနိုင်ပါပြီ"

ဟု ဂိုဏ်းထောက်ကြီးက ပြောလိုက်သောအခါ ကိုသံဟိတ်သည် ပထမဆုံး မီးကျင်း၏ ထိပ်တွင် ခြေစုံရပ်ကာ မျက်စိကို မှိတ်၍ တစ်စုံတစ်ခုကို ရွတ်ဖတ်နေလေ၏။

ထိုအချိန်တွင် ကျွန်ုပ်၏ ရင်ထဲမှ တဒိန်းဒိန်းမြည်ကာ ခုန်နေသော နှလုံးခုန်သံသည် မီးကျင်းလျှောက်သည့် အခန်းကျယ်ကြီးတစ်ခုလုံး ဟိန်းနေသလားဟုပင် ထင်လိုက်မိတော့၏။ ရင်ထဲတွင်လည်း အေးစိမ့်နေကာ တလှပ်လှပ် ဖြစ်နေတော့၏။ ကိုသံဟိတ်သာတစ်ခုခု ဖြစ်ရင်တော့ အနီးဆုံးမှ ခေါင်းတုံးကြီးကို မီးပုံထဲသို့ တွန်းချကာ တိုက်ပွဲကို လက်ဦးမှုယူရန်လည်း စိတ်ထဲတွင် တွေးလိုက်မိလေတော့၏။ စိုးရိမ်စိတ်၊ ကြောက်စိတ်၊ တိုက်ခိုက်လိုစိတ်များဖြင့် ကျွန်ုပ်၏ စိတ်သည် ဗလောင်ဆူ၍ နေလေတော့၏။ ထိုအချိန်မှာပင် ကိုသံဟိတ်၏ ညာခြေထောက်သည် ဖြည်းဖြည်းကလေး ကြွလာပြီး မီးကျင်းပေါ်သို့ တင်၍ လှံတံကြီး တခေါက်ခေါက်ထောက်ကာ မနားတမ်း လျှောက်သွားလေတော့၏။ မီးကျင်းကြီးဆုံးသောအခါ နေရာလပ်ကလေးတွင် ခြေစုံရပ်၍ တစ်စုံတစ်ရာကို ရွတ်ဖတ်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းထောက်ကြီးသည် သူ၏မုတ်ဆိတ်မွေးရှည်ကြီးကို သပ်
ပြုံးပြုံးကြီး ပြုလုပ်၍ –

"ဂိုဏ်းချုပ်ကြီးရဲ့တပည့်၊ သင်သည့် ဤကဲ့သို့သော ဂိုဏ်းချုပ်
ယောက်ရဲ့ တပည့်ဖြစ်ရသည်မှာ အလွန်ကံကောင်းလှပေတယ်"

ဟု ကျွန်ုပ်ဘက်သို့လှည့်၍ ပြောလိုက်ရာ ကျွန်ုပ်ကလည်း မိဖု
မာယာဝတီ သွန်သင်ထားသည့် သင်္ကေတများဖြင့် စနစ်တကျ အရိုအသေ
ပြုလုပ်ရလေ၏။

ခဏကြာသောအခါ ကိုသံဟိတ်သည် မီးကျင်းကို ဖြတ်လျှော
လေတော့၏။ မီးကျင်းခဲများနှင့် ရဲရဲနီနေသော ကျင်းကြီးဆုံးသွားသောအ
နေရာလပ်ကလေးတွင် ခေတ္တနား၍ ရွတ်ဖတ်ပြန်၏။ ပြီးလျှင် တတိယ
ကျင်းကို ဖြတ်ပြန်၏။ ဤသို့ဖြင့် ကိုသံဟိတ်သည် မီးလမ်းမကြီးအတို
မီးကျင်း (၉) ကျင်းကို အနှောင့်အယှက်မရှိ ဖြတ်ကျော်ပြီးသွားသောအချိန်တွ
မိုးလင်းစပြုနေပေပြီ။ ကိုသံဟိတ် နောက်ဆုံး မီးကျင်းကို ဖြတ်ကျော်ပြီးသွ
သောအခါ မီးကျင်းထိပ်မှ ခေါင်းတုံးကြီးနှစ်ယောက်က အမွှေးနံ့သာရည်များ
ရောစပ်ထားသည့် လူ့ခန္ဓာကိုယ်ကို ပူလောင်မှုမှ ချက်ချင်းသက်သာ ပျော
ကင်းစေသော ဆေးရည်တစ်မျိုးကို ခေါင်းမှစ၍ လောင်းပေးလေ၏။ ဝိုသေ
ရည်၏ အစွမ်းထက်ပုံကို ဂိုဏ်းထောက်ကြီးက ကျွန်ုပ်အား ပြောပြခြ
ဖြစ်၏။ ကိုသံဟိတ်၏ အသွင်မှာ ချက်ချင်း လန်းဆန်းလာလေတော့၏
ဆေးရည်လောင်းပေးသော ခေါင်းတုံးကြီးနှစ်ယောက်က ကိုသံဟိတ်ကို
ညွှတ်၍ လိုက်လိုက်လှဲလှဲ အရိုအသေပြုကြလေ၏။

ဂိုဏ်းထောက်ကြီးလည်း မီးကျင်းလျှောက်သော အခန်းကြီးအတွ
မှ လှည့်ထွက်သွားလေ၏။ ခေါင်းတုံးကြီးတစ်ယောက်က ကျွန်ုပ်တို့အ
အပေါ်ဘပ်ရှိ ကျွန်ုပ်တို့ အခန်းသို့ လှေကားခုနစ်ဆင့်ကို ဖြတ်ကျော်က
ပြန်ခေါ်ခဲ့လေ၏။

အခန်းတံခါးပိတ်ပြီးသောအခါ ကိုသံဟိတ်၏ ခြေထောက်များ
ကြည့်လိုက်လေရာ အဖုပေါက်ခြင်း၊ အပိန့်ထခြင်းစသော မီးလောင်ဒဏ်





များ မတွေ့ရဘဲ မူလအတိုင်းပင် ရှိနေသဖြင့် –

"ဘယ့်နှယ်လဲ ကိုသံဟိတ်၊ တော်တော်ပူသလား"

ဟု ကျွန်ုပ်က မေးလိုက်ရာ –

"မပူပါဘူး မောင်တောအုပ်ရဲ့၊ နွေ့နွေ့ကလေးလောက်ပဲ ရှိတာပါ"

ဟု ပြန်ပြောလျှင် ကျွန်ုပ်လည်း လွန်စွာ အံ့သြသွားမိလေတော့၏။

●

www.burmeseclassic.com

www.burmeseclassic.com

## ကိုသံဟိတ်၏ တတိယအတွေ့အကြုံ

နောက်တစ်ညတွင် လွန်စွာအရပ်ပုသော ဂိုဏ်းထောက်ကြီးတစ်
က ကိုသံဟိတ်ကို ခေါ်သွားပြန်၏။ ထိုဂိုဏ်းထောက်ကြီးမှာ အနီရော
ရွှေနားကွပ်အကျီနှင့် အနီရောင် ရွှေရေးဘောင်းဘီပွပွကြီးကို ဝတ်ထား
မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ဆံပင်နှင့် မျက်ခုံးမွေးများမှာ ဖွေးဖွေးဖြူနေလေ
သူသည် အရပ်မည်မျှ ပုသည်ဆိုရသော် သူ၏ မုတ်ဆိတ်ဖြူကြီးသည်
မြေပြင်တွင် မထိတထိသာ ရှိလေတော့၏။

ကျွန်ုပ်ကပါ လိုက်ပါရန် အသင့်ပြင်လိုက်သောအခါ ထိုဂိုဏ်း
ထောက်လူပုကြီးက –

"သင် လိုက်လို့မရပေဘူး၊ ဒီအခန်းထဲမှာပဲ နေခဲ့ပါ"

ဟု ကျွန်ုပ်ကို တားမြစ်လေ၏။ ကျွန်ုပ်လည်း မည်သို့မျှ မတတ်
တော့ဘဲ နေခဲ့ရလေတော့၏။ ထိုညတွင်လည်း ကျွန်ုပ်သည် ပြတင်းတံခါး
လရောင်အောက်တွင် လွှမ်းဆွတ်ဖွယ်ကောင်းလောက်အောင် လှပနေသော
ဟိမဝန္တာတောင်ကြီးကို ငေးကြည့်ရင်းဖြင့် တစ်ည ကုန်ဆုံးခဲ့ရပြန်လေ
သည်တစ်ကြိမ်တွင် ကိုသံဟိတ်အား မည်သို့ စမ်းသည်မည်
မသိရဘဲ အဆင်မှပြေပါ့မလားဟု တွေးပူမိလေတော့၏။ ထိုအတွေး





ထဲတွင် တစ်ညလုံး ခြောက်လှန့်နေသည်ဖြစ်ရာ ထိုညအဖို့ ကျွန်ုပ်မှာ
ရာထဲသို့ တစ်ကြိမ်မျှပင် တုံးလုံးမလှဲနိုင်ခဲ့တော့ပေ။ အိပ်မပျော်သည့်ည
မှ ခပ်လှမ်းလှမ်း နေရာတစ်နေရာတွင် ရန်ပွဲအကြီးအကျယ် ဖြစ်နေသော
ကြီးနှစ်ကောင်၏ မာန်ဖီသံကြီးများ၊ ဟိန်းဟောက်သံကြီးများကို ကြား
သည်ဖြစ်ရာ ကျွန်ုပ်မှာ ပို၍ စိတ်ခြောက်ခြားခဲ့ရလေတော့၏။

ဤသို့ဖြင့် တစ်ညတာ ကုန်ဆုံးခဲ့ရလေသည်။ နံနက်မိုးစင်စင်လင်း
ည်နှင့် တစ်ပြိုင်နက် တံခါးခေါက်သံပေါ်လာလေ၏။ ကျွန်ုပ်လည်း ပြေး၍
ဖွင့်ပေးလိုက်ရာ ကိုသံဟိတ် ဝင်လာလေတော့၏။ သည်တော့မှ ကျွန်ုပ်
ည်း စိတ်အေးသွားရလေတော့၏။

သို့ရာတွင် ကိုသံဟိတ်ကို ကြည့်လိုက်သောအခါ ကျွန်ုပ်မှာ လွန်စွာ
သွားရလေတော့၏။ အဝါရောင်ဖျော့ဖျော့တွင် ရွှေချည်များအပြည့်ထိုး
သော ကော်လံထောင်ရင်ဖုံးအကျီကို ဝတ်ထားပြီး ဘောင်းဘီမှာလည်း
ည်အပြည့် ထိုးထားသည့် အကျီနှင့် တစ်ရောင်တည်း ဖြစ်လေ၏။

နဂိုကပင် ဝင်းဝါသော အသားပိုင်ရှင်ဖြစ်သည့် ကိုသံဟိတ်သည်
လို အဝတ်အစားများကို ဝတ်ဆင်ထားသောအခါ ကိုသံဟိတ်မှာ အလွန်
ကြည့်ကောင်းသော လူတစ်ယောက် ဖြစ်နေလေတော့၏။

"ခုမှပဲ စိတ်အေးရတော့တယ်ဗျာ။ ခုတော့လည်း ပြောင်ပြောင်လက်
က်တွေ ဖြစ်လာတော့တာပဲကိုး။ ဒါက ဘယ်လို သဘောများလဲ ကိုသံ
တ်ရဲ့"

ဟု ကျွန်ုပ်က မေးလိုက်လျှင် –

"စမ်းသပ်မှုတွေအားလုံး ပြီးသွားပြီဆိုတော့ ကျုပ်ကို ဂိုဏ်းချုပ်
ပ်အဖြစ် အသိအမှတ်ပြုလိုက်ပါပြီတဲ့။ ပြီးတော့ စမ်းသပ်စဉ်မှာ အလွန်
တွ်ကောင်းပြီး အလွန် တည်ငြိမ်မှုရှိတဲ့အတွက် ပထမတန်းဂိုဏ်းချုပ်အဖြစ်
တ်မှတ်လိုက်တယ်တဲ့။ ဒီအဝတ်အစားတွေဟာ ပထမတန်းဂိုဏ်းချုပ်တွေ
ချီးမြှင့်တဲ့ အဆောင်အယောင်လို့ ပြောတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



''ပထမတန်းဂိုဏ်းချုပ်ဖြစ်တော့ သူတို့ဟာက ဘာများထူးသွား
သလဲဗျာ''

''ထူးတယ် မောင်တောအုပ်ရဲ့၊ သူတို့တွေရဲ့အထွတ်အထိပ်ဖြစ်တဲ့
ဟိမဝန္တာသခင်မရဲ့ တိုက်ရိုက်တွေ့ခွင့်၊ ပြောဆိုခွင့် ရှိတယ်တဲ့''

''ဟာ ... ဒီလိုဆိုတော့လည်း ဟန်သားပဲဗျ''

''ဒါပေါ့ မောင်တောအုပ်ရဲ့၊ ကျုပ်တို့အတွက်တော့ အကွက်ပိုကျ
လာတာပေါ့''

ဟု ကိုသံဟိတ်က ပြောလျှင် –

'နို့ ... နေပါဦး ကိုသံဟိတ်ရဲ့။ ညက ခေါ်သွားပြီး ဘယ်လိုများ
စမ်းသပ်ကြတာလဲဗျ''

ဟု ကျွန်ုပ်က မေးလေ၏။

''မပြောပါနဲ့တော့ မောင်တောအုပ်ရယ်၊ ညကတော့ အဆိုးဆုံး
ပါပဲကွယ်။ ကျုပ်ကို ခေါ်သွားပြီး အခန်းတစ်ခုထဲကို ပို့လိုက်တယ်။ အဲဒီအခန်း
က တော်တော်လုံတဲ့ အခန်းတစ်ခုပဲကွယ့်။ ဒါပေမယ့် လေဝင်လေထွက်တော့
ကောင်းကောင်း ရှိနေတယ်။ အဲဒီမှာ ပြောရဦးမယ် မောင်တောအုပ်ရဲ့
အခန်းဆိုပေမယ့် အုတ်ရေကန်ကြီးတစ်ခုပါပဲကွယ်။ ကျုပ်ကို လှေကားတစ်
က တက်ခိုင်းပြီး လူဝင်ပေါက်ကလေးကနေ ကြိုးနဲ့ လျှောဆင်းခိုင်းကြ
တယ်။ ပြီးတော့ ကြိုးကို ဆွဲတင်ပြီး သိမ်းသွားတော့တာပါပဲ။ တော်တော်
ကြာတော့ အဲဒီရေကန်လို အခန်းကြီးထဲမှာ မိုးတွေ ရွာချပြီး လျှပ်စီးတွေလက်
မိုးကြိုးတွေ ပစ်တော့တာပဲကွယ့်၊ ဒီလျှပ်စီးတွေ ဘယ်လိုလက်သလဲ၊ မိုးတွေ
ဘယ်လိုရွာသလဲ။ ပြီးတော့ မိုးကြိုးတွေ ဘယ်လိုပစ်သလဲဆိုတာ ကျုပ်
တွေးလို့ကို မရခဲ့ဘူး။ ဒီတော့မှ မိဖုရားသင်ပေးတဲ့အထဲက မိုးကြိုးစက်ဆိုတာ
ဒါပဲဖြစ်မယ်လို့ တွေးလိုက်မိပြီး ခံနိုင်ရေရှိအောင် ပြင်ရတော့တာပါပဲ။ ရေကန်
လို အခန်းထဲကို မိုးတွေ ရွာချနေတော့ ရေတွေ တဖြည်းဖြည်း ပြည့်လာတာ
ပေါ့ မောင်တောအုပ်ရဲ့။ ကျုပ်လည်း ထိုင်နေလို့မရတော့ မတ်တတ်ရပ်နေ
တယ်၊ တဖြည်းဖြည်း ရေတွေ ပြည့်လာတော့ ကျုပ် မတ်တတ်ရပ်လိုက်





ခေါင်းလွတ်ရုံလေး ရှိတော့တယ်ကွယ့်။ အဲဒီအချိန်ကျတော့မှ မိုးအရွာ
ရပ်သွားတယ်။ ကျုပ်လည်း တစ်ညလုံး ရေထဲမှာ မတ်တတ်ရပ်နေလိုက်၊
ညောင်းလွန်းလာရင် ရေပေါ်မှာ ကိုယ်ဖော့ပြီး ပက်လက်လှန်နေလိုက်နဲ့
နေခဲ့ရတယ်။ အအေးဒဏ်ကို ကာဖို့အတွက်တော့ ခန္ဓာကိုယ်ရဲ့ တစ်နေရာ
တည်းကို အာရုံစူးစိုက်ထားတဲ့ သိုင်းသမားတွေရဲ့ နည်းကိုပဲ သုံးပြီး ကာ
ကွယ်ထားရတာပေါ့။ အဲဒီနည်းက အလွန်ကောင်းတာ မောင်တောအုပ်ရဲ့။
ရေထဲမှာတောင် ခန္ဓာကိုယ်က ပူလာတာပဲ။ ဒီလိုနဲ့ မိုးလင်းသွားရော ဆို
ပါတော့ကွယ်''

''ဖြစ်မှဖြစ်ရလေဗျာ၊ တော်တော် ရက်စက်တဲ့ ဂိုဏ်းကြီးပါပဲဗျာ''

''ရက်စက်တယ်လို့ ပြောရင်လည်း ရတာပေါ့လေ။ ဒါပေမယ့်
သူတို့ဂိုဏ်းကြီးရဲ့ ဂိုဏ်းချုပ်ဆိုတဲ့လူတွေကို လက်ရွေးစင်တွေပဲ လိုချင်တဲ့
သဘောပေါ့ကွယ်။ အခုဂိုဏ်းချုပ်ဆိုတဲ့ လူတွေက ဒါတွေကို ကျော်လွှားနိုင်
တဲ့သူတွေချည်းပဲတဲ့။ ဒါပေမယ့် သူတို့ကတော့ ဂိုဏ်းပညာတွေကို နှစ်ပေါင်း
များစွာ အဆင့်ဆင့် တက်ယူလာကြတာဆိုတော့ သိပ်မခက်ခဲတော့ဘူးပေါ့
လေ''

ဟု ကိုသံဟိတ်က ရှင်းပြလေ၏။

''ဒါဆိုရင် အခု ဒီကိုရောက်နေတဲ့ ဂိုဏ်းချုပ်ကြီးတွေဟာ ခေသူတွေ
မဟုတ်ကြဘူးပေါ့။ ကျွန်တော်တို့တွေအကြောင်း ကြုံလာရင် ရင်ဆိုင်ရမယ့်သူ
တွေဟာ သိပ်မလွယ်တဲ့သူတွေချည်းပါလား ကိုသံဟိတ်ရယ်''

ဟု ကျွန်ုပ်က ပြောလိုက်လျှင် –

''ဟုတ်တယ် မောင်တောအုပ်၊ ဒီတော့ ကျုပ်တို့က လက်ဦးမှုရ
အောင် ယူရလိမ့်မယ်။ ဒီလိုမှ မလုပ်နိုင်ရင်တောင် ကျုပ်တို့နှစ်ယောက်
အရှုံးကောင် ကျနိုမှာ မဟုတ်ဘူး ထင်တယ်''

ဟု ကိုသံဟိတ်ကိုယ်တိုင်က ပြောလိုက်လေရာ ကျွန်ုပ်သည်
ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားလေတော့၏။

''ဒေါက် ... ဒေါက် ... ဒေါက်''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ စကားကောင်းနေစဉ်မှာပင် တံခါးလာခေါက်သဖြင့် ပြောလက်စ စကားကို ရပ်ထားလိုက်ရလေတော့၏။ တံခါးဖွင့်ပေးလိုက်သောအခါ ကျွန်ုပ်တို့ထံသို့ တစ်ခါမျှ မလာရောက်ဖူးသော ပုဂ္ဂိုလ်ကြီးနှစ်ယောက်ကို တွေ့ရလေ၏။ ရွှေစလွယ်များ လွယ်ထားပြီး လက်ထဲတွင် နဂါးခေါင်းတပ်ထားသော တောင်ဝှေးကြီးများ ကိုင်ထားသည်ကို တွေ့ရလေရာ မိဖုရား ပြောသော ပုရောဟိတ်ကြီးနှစ်ယောက်ကို ချက်ချင်း သတိရသွားသဖြင့် ကိုသံဟိတ်ရော ကျွန်ုပ်ပါ ပျာပျာသလဲ မတ်တတ်ရပ်ကာ အရိုအသေ ပေးလိုက်ရလေ၏။

ပုရောဟိတ်ကြီးများသည် ဤဂိုဏ်းကြီးတွင် ဟိမဝန္တာသခင်မပြီးလျှင် အဆင့်အမြင့်ဆုံးဖြစ်သော မိဖုရားမာယာဝတီ မှာလိုက်သည်ကို သတိရသည့်အပြင် သူတို့ကို အရိုအသေပေးရသော သင်္ကေတမှာလည်း သိးသန့်ရှိသဖြင့် ကျွန်ုပ်တို့သည် အမှားအယွင်းမရှိအောင် ပြုလုပ်ကြရလေ၏။ ထိုအခါ ပုရောဟိတ်ကြီးနှစ်ယောက်က ကျေကျေနပ်နပ် ခေါင်းညိတ်၍ –

"ကမ်ပူးချားက လာတဲ့ ဂိုဏ်းချုပ်ကြီးနဲ့ တပည့်ဖြစ်သူဟာ ဒီညမှာ မယ်တော် ခါတ်ခန်းကို ဦးတိုက်ကြရမယ်။ ပြီးရင် သင်တို့ကို သခင်မက လက်ခံတွေ့ဆုံလိမ့်မယ်။ ဒီနေ့ည ညစာ စားအပြီးမှာ အသင့်ပြင်ထားပါ။ ကျုပ်တို့နှစ်ယောက် လာခေါ်မယ်"

ဟု ပြော၍ လှည့်ထွက်သွားလေ၏။

"ကဲ ... မောင်တောအုပ်ရေ ရှေ့လုပ်ငန်းစဉ်ကတော့ အခြေအနေကို ကြည့်ပြီး လုပ်ကြရမှာပဲ။ ခုထိတော့ ချောချောမောမော ဖြစ်သွားတာပဲ၊ ဝမ်းသာရတော့မှာပေါ့ကွာ"

ဟု ကိုသံဟိတ်က ပြောလိုက်ပြီးနောက် ကျွန်ုပ်တို့ နှစ်ယောက်သည် လာပို့မည့် နံနက်စာကို မျှော်နေကြလေတော့၏။

ထိုနေ့အဖို့ ကျွန်ုပ်တို့သည် တစ်နေ့လုံး အိပ်ပျော်သွားကြလေရာ ညနေအတော်စောင်းတော့မှ နိုးလာခဲ့လေတော့၏။ ညနေစာ စားသောက်ပြီးသောအခါ ကျွန်ုပ်တို့သည် အဝတ်အစား ကျကျနန ဝတ်ကာ လာအခေါ်ကို စောင့်နေကြရလေ၏။ ကိုသံဟိတ်က သူ့အား ချီးမြှင့်ထားသော ရွှေရောင်





အပြောင်ပြောင်နှင့် အဝတ်အစားများကို ဝတ်၍ ကျွန်ုပ်က ခမာအဝတ်အစားအသစ်ကို ထုတ်၍ ဝတ်ထားခဲ့လေ၏။

မကြာမီမှာပင် ပုရောဟိတ်ကြီးနှစ်ယောက်ကိုယ်တိုင် ရောက်လာ၍ ကျွန်ုပ်တို့ကို ခေါ်သွားလေ၏။ အပေါ်ထပ်သို့ (၄၉) ထပ်ရှိသော လှေကားနှစ်ဆင့်တက်ပြီးသောအခါ ဂိုဏ်းတော် အဆောက်အဦကြီး၏ အပေါ်ဆုံးထပ်သို့ ရောက်ခဲ့လေ၏။

ပုရောဟိတ်ကြီးနှစ်ဦးက သူတို့၏ နဂါးတောင်ဝှေးကြီးများကို တဒေါက်ဒေါက် ထောက်ကာ ရှေ့မှ သွားနေသလို ကျွန်ုပ်တို့နှစ်ယောက်ကလည်း နောက်မှ တကောက်ကောက် လိုက်ခဲ့ကြလေ၏။

ထောင့်ချိုးများစွာကို ချိုးကွေ့လွန်မြောက်လာသောအခါ ပုရောဟိတ်ကြီး နှစ်ဦးက ရပ်တန့်လိုက်ကြလေ၏။ ကျွန်ုပ်တို့လည်း ရပ်လိုက်ကြလေ၏။ ထိုအချိန်တွင် ပုရောဟိတ်ကြီးနှစ်ဦးအနက် တစ်ဦးက သူ၏ နဂါးတောင်ဝှေးကြီးနှင့် ပိတ်ထားသော သံတံခါးကြီးကို ထိုးလိုက်ကာ နေတယ်လ်ဘာသာစကားနှင့် "တံခါးပွင့်စေ" ဟု ပြောလိုက်လေ၏။ တံခါးရွက်ကြီးနှစ်ခုသည် ဘေးတစ်ဘက်ဆီသို့ ရွေ့သွားကာ 'ဂျိမ်း'ခနဲ မြည်၍ ပွင့်သွားလေ၏။

ကျွန်ုပ်လည်း ဖွင့်ပေးသူမရှိဘဲ အလိုလို ပွင့်သွားသော တံခါးကြီးကို ကြည့်ကာ အံ့သြနေလေတော့၏။ ပုရောဟိတ်ကြီးများလည်း အခန်းထဲသို့ ဝင်သွားလေ၏။ ကျွန်ုပ်တို့နှစ်ယောက်လည်း ဝင်လိုက်သွားကြရလေ၏။ သို့သော် ကျွန်ုပ်တို့ရှေ့တွင် ကြေးနီနှင့် ပြုလုပ်ထားပြီး ရှေးဟောင်းအီဂျစ်လက်ရာ ရုပ်ကြွများ ထုထားသည့် တံခါးကြီးက ပိတ်ထားပြန်၏။

သည်တစ်ကြိမ်တွင် ပထမတံခါးကို ဖွင့်သော ပုရောဟိတ်ကြီးက နောက်ဆုတ်ပေးလိုက်သောအခါ အရပ်ပိုမြင့်သော ပုရောဟိတ်ကြီးက ရှေ့သို့ တိုးသွားပြီး သူ၏ နဂါးတောင်ဝှေးကြီးနှင့် တံခါးကို ထောက်ကာ နေတယ်လ်ဘာသာ စကားဖြင့်ပင် –

"မယ်တော်ကို ဖူးမြော်ဖို့ လာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်လျှင် ကြေးတံခါးကြီးမှာ ဘေးတစ်ဘက်တစ်ချက်သို့ ရွှေ့သွားလေတော့၏။ ကျွန်ုပ်လည်း ဂိုဏ်းကြီးတစ်ခုကို ရင်ဆိုင်ရမည့် အရေးအား တွေး၍ ကြောက်သွားမိလေတော့၏။

ပွင့်သွားသော တံခါးအတွင်းသို့ ဝင်လိုက်သောအခါ နံရံတစ်ခုလုံး ရွှေပြားများ ကပ်ထား၍ အမိုးတန်ကျောက်မျက်များ မြှုပ်ထားသည်ကို တွေ့လိုက်ရ၏။ အခန်းကြီး၏ အမိုးမျက်နှာကြက်ကို အသွင်သဏ္ဌာန်အမျိုးမျိုးနှင့် ထုလုပ်ထားသော မိန်းမရုပ်တုများအား တိုင်သဖွယ်ပြုလုပ်၍ ထောက်ထားလေ၏။ အခန်းကြီး၏ အဆုံးနံရံအနီးရှိ ရတနာပလ္လင်ထက်တွင် မျက်နှာကို ဇာပဝါလွှမ်းထားသော ရွှေသားစစ်စစ်ဖြင့် ပြုလုပ်ထားသည့် မယ်တော်ရုပ်တုကို တွေ့ရလေ၏။

"ဒါဟာ ဂန္ဓာရီပညာအားလုံးရဲ့ အထွတ်အထိပ်ဖြစ်တဲ့ အိုက်ဇစ်မယ်တော်ပဲ ဂိုဏ်းချုပ်ကြီးရဲ့။ ဂိုဏ်းချုပ်ကြီးတို့လို ပညာရည် ပြည့်ဝသွားတဲ့သူမှ ဖူးခွင့်ရတယ်။ ဂိုဏ်းချုပ်ကြီးရဲ့ အရှိန်အဝါကြောင့် ဂိုဏ်းချုပ်ကြီးရဲ့ တပည့်က ဖူးခွင့်ရသွားတာပေါ့။ အင်မတန် ကောင်းတဲ့ နရဏီရွှေနဲ့ သွန်းလောင်းထားတဲ့ ပုံတော်ပဲ။ မျက်နှာပေါ်က ဇာပဝါကို သာမန်လူတွေ ကိုင်တွယ်ခွင့်မရဘူး။ ကိုင်မိရင်လည်း အသေဆိုးနဲ့ သေလေ့ရှိတယ်"

ဟု ရှင်းပြကာ ကျွန်ုပ်တို့အား ဖူးမြော်နိုင်းလေ၏။

ကျွန်ုပ်တို့လည်း မိဖုရားမာယာဒေဝီ သွန်သင်သည့်အတိုင်း ကျွန်ုပ်တို့နှစ်ယောက်က အိုက်ဇစ်မယ်တော်ကို အမှားအယွင်းမရှိအောင် မုဒြာအမျိုးမျိုးနှင့် ဦးတည်မြော်လိုက်ကြလေ၏။

ပုရောဟိတ်ကြီး နှစ်ယောက်က ကျွန်ုပ်တို့ကို ကြည့်ကာ အားရကျေနပ်စွာဖြင့် –

"ပညာရည်ပြည့်ဝလှပါပေတယ်။ ဒီအတင်းကို ဟိမဝန္တာသခင်မအား ကျွန်ုပ်တို့ကိုယ်တိုင် လျှောက်တင်ပါမယ်"

ဟု ပြောကြလေ၏။

မယ်တော်အား ဦးတိုက်ဖူးမြော်ပြီးသွားသောအခါ ကျွန်ုပ်တို့ကို





ဆက်လက် ခေါ်ဆောင်သွားကြပြန်၏။ အခန်းကြီးတစ်ခုလုံးကို အစိမ်းရောင် ကော်ဇောကြီး အပြည့်ခင်းထားသည့် အခန်းကြီးတစ်ခုထဲသို့ ရောက်သွားပြန်၏။ ကော်ဇောအစိမ်းကြီး၏ အဆုံးတွင် ရတနာများ စီခြယ်ထားသည့် ရွှေသလွန်တစ်ခုကို တွေ့ရလေ၏။

အိစက်နူးညံ့သော အစိမ်းရောင်အခင်းကို ခင်းထား၍ ရွှေသလွန်၏ လက်ယာဘက်တွင် ရွှေပန်းအိုးကြီးတစ်လုံးကို ခုံအမြင့်ကလေးတစ်လုံးပေါ်တွင် တင်ထားပြီး ပန်းအိုးထဲတွင် ရွှေရောင်အတိပြီးသည့် ကြာပန်းများ ထိုးထားသည်ကို တွေ့ရလေ၏။ ကျွန်ုပ်၏တစ်သက်တွင် ကြာနီ၊ ကြာဖြူတို့ကို တွေ့ဖူးသော်လည်း ရွှေရောင်ကြာပန်းကို တစ်ခါမျှ မမြင်ဖူးသဖြင့် အံ့ဩစွာ ငေးကြည့်နေမိလေတော့၏။

"ဂိုဏ်းချုပ်ကြီးတို့ ဆရာတပည့် ဟောဒီရတနာသလွန်ရှေ့မှာ ဒူးထောက် ခစားနေပါ။ ဟိမဝန္တာသခင်မဘုရား မကြာမီ ကြွလာပါလိမ့်မယ်"

ဟု ပုရောဟိတ်ကြီးနှစ်ဦးက ပြောကာ ကျွန်ုပ်တို့အား ထားခဲ့လေတော့၏။

"မောင်ဘော်အုပ် ကြာပန်းတွေကို စိတ်ဝင်စားနေတယ် ထင်တယ်။ အဲဒါ တစ်ကမ္ဘာလုံး ဘယ်မှာမှ မရှိဘူးကွယ့်။ ဟောဒီ ဟိမဝန္တာက ရေအိုင်ကြီးတွေမှာပေါက်တဲ့ ဘောင်ပေါ် ရွှေကြာပန်းတွေပဲကွယ့်။ ကျုပ်လည်း ကြားဖူးရုံပဲ ရှိတာပါ။ တစ်ခါမှ မမြင်ဖူးပါဘူး"

ဟု ကိုသံဟိတ်က ပြောလိုက်လျှင် ကျွန်ုပ်မှာ ပို၍ပင် စိတ်ဝင်စားသွားလေ၏။ ကျွန်ုပ်တို့နှစ်ဦး ရွှေကြာပန်းများကို ငေးမောကြည့်နေစဉ်မှာပင် ခြေသံများ ကြားရသဖြင့် ကျွန်ုပ်တို့လည်း ခေါင်းငုံ့ထားလိုက်ရလေ၏။

အခန်းထဲသို့ ဝင်လာသော ခြေသံများကို ကြားလိုက်ရပြီးနောက် ခဏကြာမှ နေတယ်ဘာသာစကားဖြင့် သာယာလှသော အသံတစ်သံ ပေါ်ထွက်လာလေ၏။

"ကမ်ဘူးချားဂိုဏ်းချုပ်သစ်ကြီး၊ သင်၏သတင်းကို သခင်မ ကြားခဲ့ရပါပြီ။ သတ္တိ ဗျတ္တိပြည့်စုံသည့်အပြင် ပညာ သမာဓိပါ အလွန်အဆင့်မြင့်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို ကျွန်ုပ်၏ ပုရောဟိတ်များ၊ ဂိုဏ်းတော်ကြီးများ၏ လျှောက်တင်မှုကြောင့် သိထားခဲ့ပေပြီ။ သို့အတွက်ကြောင့်လည်း သင်နှင့် သင်၏တပည့်ကို ယခုကဲ့သို့ ခေါ်ယူတွေ့ဆုံ၍ အဖူးမြော်ခံခြင်း ဖြစ်ပေတယ်။ ကဲ နှစ်ဦးစလုံးက ကျွန်ုပ်အား ဖူးမြော်ကြစေ''

ဟု အမိန့်ပေးလိုက်သောအခါ ကျွန်ုပ်တို့နှစ်ယောက်လည်း မိဖုရားမာယာဝတီ၏ သွန်သင်မှုအတိုင်း ဂိုဏ်းတော်ကြီး၏ အဆင့်အမြင့်ဆုံး သင်္ကေတ မုဒြာများကို အသုံးပြု၍ သခင်မကို ဖူးမြော်လိုက်ကြလေ၏။ ကျွန်ုပ်တို့ ဖူးမြော်၍ ပြီးသွားသောအခါ သခင်မထံမှ မည်သည့်စကားသံမျှ ထွက်ပေါ်မလာဘဲ တိတ်ဆိတ်နေသဖြင့် ကျွန်ုပ်၏ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားလေ၏။ တစ်ခုခုများ မှားသွားလေသလားဟူသော အတွေးနှင့် သခင်မ၏ မျက်နှာကို မော့ကြည့်လိုက်သောအခါ ဟိမဝန္တာသခင်မသည် ကိုသံဟိတ်ကို စေ့စေ့ကြည့်နေသည်ကို တွေ့ရလေ၏။ ကျွန်ုပ်လည်း လွန်စွာ အံ့သြသွားခဲ့ရလေ၏။ ပြီးမှ သူ၏မျက်နှာပေါ်မှ ဇလွှာကို လက်ဖြင့် တပြည်းပြည်း ဖယ်ရှားလိုက်လေရာ -

''ဟာ'' ဟုပင် ယောင်၍ အော်မိတော့မည်ကဲ့သို့ ဖြစ်သွားရလေတော့၏။ ကျွန်ုပ်၏ စိတ်ထဲတွင် လူမှ ဟုတ်ပါလေစ။ နတ်ပြည်နတ်ရွာမှ နတ်သမီးပေလောဟု တွေးလိုက်မိသည်အထိ ဖြစ်ခဲ့ရလေ၏။

ဖောင်းခြင်း၊ ပိန်ခြင်း မရှိဘဲ ပြည့်ဝသည်ဆိုရုံမျှရှိသော မျက်နှာပေါ်တွင် ဖြောင့်စင်းနေသော နှာတံ၊ မည်းနက်နေသော မျက်ခုံးကွေးကွေး နှစ်ခုအောက်မှ တဖျတ်ဖျတ် တောက်ပနေသည့် မဟူရာ မျက်နက်ဝန်းနှစ်စုံ၊ ရှည်လျားကော့ညွတ်နေသော မျက်တောင်ကြီးများ၊ ထူလွန်း၊ ပါးလွန်းခြင်း မရှိသည့် လေးကိုင်းသဖွယ် ကော့ညွတ်သွယ်၍ နှင်းဆီငုံကလေးတစ်ခု တင်ထားသည့်နှယ် မနီလွန်း၊ မဖျော့လွန်းသော ဖူးဖူးလုံးလုံး နှုတ်ခမ်းနှစ်လွှာနှင့် မချွန်လွန်း မပြားလွန်းသော မေးစေ့ကလေး၊ ပတ္တမြားလည်ဆွဲကြီး ဆင်မြန်းထားသော ကျော့ရှင်းလှသည့် လည်တိုင်အပြင် ရတနာမျိုးစုံစီခြယ်ထားသည့် ရွှေသရဖူ၏အောက်မှ ပျော့ပျောင်းဖြောင့်စင်းသော ပိတုန်းရောင်





ဆံကေသာ၊ ဝင်းဝါ၍ ပန်းတစ်ပွင့်၏ ပွင့်ဖတ်ကဲ့သို့ နူးညံ့နေသော အသားအရေ၊ မဆူမကြုံ မနိမ့်မမြင့်ရှိသော အရပ်နှင့် နတ်ဒေဝတာတို့ပင် ထုဆစ်၍ မမီနိုင်အောင် လှပသော ကိုယ်လုံးတို့ ပေါင်းစပ်ထားလေရာ အလှတရား၏ သခင်မဟု ခေါ်နိုင်လောက်ပေတော့သည်။ အလှဘုရင်မတစ်ပါး ဖြစ်သော ဟိမဝန္တာသခင်မကို ဖူးမြော်နေစဉ်တွင် ကျွန်ုပ်၏ အသက်ရှူခြင်းသည် မြန်လိုက်၊ နှေးလိုက်၊ ရပ်နေလိုက်ဖြင့် အကြိမ်ကြိမ် ဖြစ်သွားပြီးမှ ကျွန်ုပ်လည်း သတိဝင်လာကာ ဣန္ဒြေဆယ်လိုက်ရလေတော့၏။

ကိုသံဟိတ်ကို စောင်းငဲ့၍ ကြည့်လိုက်သောအခါ မည်သို့မျှ ဖြစ်ပုံမပေါ်ဘဲ တည်ငြိမ်အေးဆေးစွာ ဖူးမြော်နေသည်ကို တွေ့ရလေ၏၊ ဟိမဝန္တာသခင်မသည် ကိုသံဟိတ်ကို အတန်ကြာ စေ့ကြည့်နေခိုက်တွင် သူမ၏မျက်လုံးများ၌ အကြင်နာ အရိပ်အရောင်များ၊ ချစ်ခြင်းမေတ္တာ၏ အရိပ်အယောင်များကို တွေ့လိုက်ရသည်ဟု ကျွန်ုပ် ထင်လိုက်မိလေ၏။ သခင်မ၏ ရတနာသလွန် ဘေးပတ်လည်တွင် မတ်တတ်ရပ်ကာ ခစားနေသည့် မိန်းမလှလေး (၁၂) ဦးသည်ပင် အံ့သြစွာဖြင့် သူတို့၏ သခင်မကို မသိမသာ အကဲခတ်နေကြလေ၏။ ခဏကြာသောအခါတွင်မှ သခင်မသည် ဣန္ဒြေကိုဆောင်လိုက်ကာ -

''ကမ်ပူးချားဂိုဏ်းချုပ်ကြီးရဲ့ ရုပ်သွင်သဏ္ဌာန်ဟာ ထူးခြားပါပေတယ်၊ ဂိုဏ်းတော်ကြီးများထံမှ ရသော သတင်းများသည် ဟုတ်မှန်မည်ဟု ကျွန်ုပ် ယုံကြည်သွားပေပြီ။ ထို့အတွက်ကြောင့် အထူးအခွင့်အရေးပေးရန် ကျွန်ုပ် ဆုံးဖြတ်လိုက်တယ်။ ဂိုဏ်းချုပ်ကြီး သခင်မအနီးသို့ တိုးလာခဲ့ပေတော့''

ဟု ပြောလိုက်ရာ ကိုသံဟိတ်သည် ဟိမဝန္တာသခင်မနှင့် လက်တစ်ကမ်းအကွာသို့ ရွှေ့သွားလေတော့၏။ ထိုအချိန်တွင် သခင်မက လက်ဖဝါးကလေး ဖြန့်လိုက်လေရာ သခင်မ၏ ရံရွေတော်မိန်းကလေးတစ်ဦးက အနီးသို့ ကပ်သွားပြီး ရွှေလင်ပန်းကလေးတစ်ခုကို ပေးလိုက်လေ၏။ သခင်မအား



www.burmeseclassic.com

www.burmeseclassic.com



ရွှေလင်ပန်းကလေးထဲမှ ရွှေသားအစစ်နှင့် ပြုလုပ်ထားသော ခပ်ကြီးကြ
အဝိုင်းပြားလေးတစ်ခုကို ပေးလိုက်လေ၏။

"ဒီတံဆိပ်တော်ကို ယူထားပါ ကမ်ပူးချားဂိုဏ်းချုပ်။ ဒီတံဆိ
တော်ပါရင် ပောဒီဂိုဏ်းတော်ကြီးအတွင်းမှာ အဟန့်အတား မရှိ ဝင်နိ
ထွက်နိုင်တယ်။ ပြီးတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ ဂိုဏ်းသားတွေကိုလည်
တံဆိပ်တော်ရဲ့ အရှိန်အဝါနဲ့ ခိုင်းစေခွင့်ရှိတယ်။ ဒါဟာ သင်တို့ကို ပထ
တန်းစား ဂိုဏ်းချုပ်တွေ ပေါ်ပေါက်လာတဲ့အခါကျတော့မှ ချီးမြှင့်ရတ
ဖြစ်တယ်၊ အခုဆိုရင် ဒီတံဆိပ်တော်ရတဲ့ သူဟာ လက်ဆယ်ချောင်းတော
မပြည့်သေးဘူး"

ဟု လွန်စွာ သာယာသော အသံဖြင့် ပြောလေ၏။

ပြီးလျှင် သခင်မသည် ကိုသံဟိတ်ကို စောင်းငဲ့ကြည့်လိုက်က
မတ်တတ်ထရပ်လိုက်ပြီး လှပနွဲ့နှောင်းသည့် ကိုယ်လုံးကလေးကို ယိမ်းကာ
ကာဖြင့် အခန်းထဲမှ ထွက်ခွာသွားလေရာ ရံရွှေတော် (၁၂) ပါးကလည်
ဘေးမှ ခြံရံ၍ လိုက်သွားကြလေတော့၏။

ကျွန်ုပ်နှင့် ကိုသံဟိတ်သာ အခန်းကြီးထဲ ကျန်ရစ်ခဲ့လေ၏။ ထ
အချိန်မှာပင် ကျွန်ုပ်တို့အား ခေါ်လာခဲ့သော ပရောဟိတ်ကြီးနှစ်ပါးသည
သူတို့၏ နဂါးတောင်ဝှေးကြီးများကို တဒေါက်ဒေါက် ထောက်ကာ အခန်
ထဲသို့ ဝင်လာလေ၏။ ကျွန်ုပ်တို့နှစ်ယောက်လည်း ပြာပြာသလဲ အရိုအသေ
ပြုလိုက်ကြလေ၏။

"ကဲ ... ဂိုဏ်းချုပ်ကြီးတို့နှစ်ယောက် အခန်းကို ပြန်နိုင်ပါပြ

ဟုပြော၍ ရှေ့မှ သွားလေရာ ကျွန်ုပ်တို့လည်း နောက်မှ လိုက
ခဲ့ရလေ၏။

လှေကားနှစ်ဆင့် ပြန့်ဆင်းပြီးနောက် ကျွန်ုပ်တို့အခန်းသို့ ပို့ပေးခဲ့လျှ
ကျွန်ုပ်တို့လည်း အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်ကြလေတော့၏။

●



## လရောင်အောက်မှ တယောသံ

ထိုညက ကျွန်ုပ်တို့နှစ်ယောက်စလုံး အိပ်ရေးဝအောင် အိပ်ကြရ
လေ၏။ နောက်တစ်နေ့ညတွင် ဟိမဝန္တာသခင်မ၏ ဘေး၌ ခစားရသော
ရံရွှေတော်အချောအလှကလေးနှစ်ယောက်သည် ကျွန်ုပ်တို့၏ အခန်းတံခါးကို
ခေါက်ကာ ရောက်လာခဲ့ကြလေ၏။

ကျွန်ုပ်တို့နှစ်ယောက်လည်း အံ့သြစွာဖြင့် ငေးကြည့်နေတုန်းမှာပင်

"သခင်မ အမိန့်ရှိလိုက်သည်၊ သင်တို့နှစ်ယောက် သခင်မထံသို့
ယခု ချက်ချင်း အခစားဝင်ရမည်"

ဟု ပြောလေလျှင် ကျွန်ုပ်တို့လည်း ချက်ချင်း ထ၍ လိုက်ခဲ့ရလေ
တော့၏။

သခင်မစံမြန်းရာ ဂိုဏ်းတော်ကြီး၏ အပေါ်ဆုံးထပ်သို့ ရောက်သော
အခါ လှေကားထိပ်မှ ရံရွှေတော်ကလေးတစ်ဦးက စောင့်နေကာ ကျွန်ုပ်တို့အား
ခေါ်လာသော ရံရွှေတော်နှစ်ဦးအား ဆီး၍ ပြောလေ၏။

"ဧည့်သည်တွေကို သခင်မရဲ့ဥယျာဉ်ကို ခေါ်ခဲ့ဖို့ အမိန့်ရှိထားတယ်"

ခေါ်လာသော ရံရွှေတော်နှစ်ယောက်လည်း သခင်မအမိန့်ကို ဦး
ကလေးများ ညွှတ်ကာ နာခံလိုက်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်၏စိတ်ထဲတွင် သခင်မ၏ ဥယျာဉ်တော်ဟုဆိုသဖြင့် အ... ရောက်ပြီးမှ ကိုးထပ်တိတိ ပြန်ဆင်း၍ မြေပြင်သို့ ပြန်သွားရမည်ဟု ထ... လိုက်သဖြင့် မောသွားလေတော့၏။ သို့သော် ကျွန်ုပ် ထင်သကဲ့သို့ မဟုတ်... အခန်းတံခါးတစ်ခုကို ဖွင့်လိုက်ကြကာ ကျွန်ုပ်တို့အား အထဲသို့ ဝင်နိုင်းလေ... အခန်းထဲတွင် လှေကားတစ်ခုကို တွေ့လိုက်ရသဖြင့် ကျွန်ုပ်၏ စိတ်ထဲတွ... အံ့ဩသွားရပြန်၏။

လှေကား (၄၉) ထစ်တိတိ တက်လိုက်သောအခါ ဂိုဏ်းတော်... အဆောက်အဦကြီး၏ ခေါင်းမိုးပေါ်သို့ ရောက်လာလေ၏။

"ဟာ" ဟုပင် ကျွန်ုပ်မှာ ယောင်၍ အော်လိုက်မိလေ၏။ အဘယ... ကြောင့်ဆိုသော် ခေါင်မိုးဟု ကျွန်ုပ်ထင်ထားသော နေရာသည် ကျွန်ုပ်... တစ်သက်တွင် တစ်ခါမျှ မမြင်ဖူးလောက်အောင် လှပလွန်းသော ရော... ပန်းဥယျာဉ်ကြီးတစ်ခု ဖြစ်နေသောကြောင့် ဖြစ်လေ၏။

ခေါင်မိုးပေါ်တွင် မြေပြင်ကြီးတစ်ခုကို ဖန်တီးကာ ပန်းရောင်စုံတို့... စိုက်ထားလေ၏။ မည်သို့သော အတတ်ပညာကို အသုံးပြုထားလေသည်... တော့ မသိ။ ပန်းပင်များအားလုံးသည် တစ်ပင်မကျန် ဖူးပွင့်ဝေဆာနေလေ... ပန်းချုံများကြားတွင် ခုံတန်းကလေးများလည်း ရှိသည့်အပြင် တစ်နေရာတွ... ရေအပြာများ ပြည့်နေသည့် ရေကန်တစ်ခုလည်း တွေ့ရလေ၏။

ကောင်းကင်တွင် လမင်းကြီးကလည်း ထိန်လင်းအောင် သာ... ပြီဖြစ်လေရာ ပန်းဥယျာဉ်ကြီးသည် နတ်ဘုံ နတ်နန်းတစ်ခုသဖွယ် ဖြစ်... လေတော့၏။ ထိုစဉ်မှာပင် –

"ဆာရာနဲ့ မာလာဂိုဏ်းချုပ်ကြီးကို သည်ဘက်ခေါ်ခဲ့ကြပါ"

ဟု သခင်မ၏ အသံလွင်လွင်ကလေးကို ကြားလိုက်ရလေ... မွှေးမွှေးလှုပ်အောင်ပွင့်၍ မွှေးရနံ့များ သင်းထုံပျံ့နေသည့် စပယ်ချုံကြီးများအနီ... ခုံတန်းကလေးတွင် ဟိမဝန္တာသခင်မသည် ကျွန်ုပ်တို့အား စောင့်နေသည်... တွေ့ရလေ၏။

အပြာနုရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်၍ အရောင်တဖျတ်ဖျ...





...က်နေသည့် သရဖူကြီးကို ဆောင်းထားသည့် သခင်မကို ယခုအချိန် ...တွေ့လိုက်ရသော သူတစ်ယောက်အနေနှင့် ကောင်းမှုချ နတ်သမီးတစ်ပါးဟုပင် ...ထင်လေလိမ့်မည်။

သခင်မ၏ ရှေ့သုံးတောင်အကွာလောက်တွင် ခုံတန်းရှည်တစ်ခု ...ထားသော်လည်း ကျွန်ုပ်တို့မှာ ဝင်မထိုင်ရဲကြပေ။ သကော်တနှင့် အရို ...သေပြုကာ နေတယ်လိဘာသာဖြင့် –

"သခင်မ ကျန်းမာပါစေ"

ဟု ကိုသံဟိတ်က နှုတ်ဆက်လိုက်ရာ –

"ဂိုဏ်းချုပ်သစ်က ဂိုဏ်းစည်းကမ်းကို အလွန်လိုက်နာပေတာပဲ။ ...ဲ ... ဟိုခုံတန်းမှာ ထိုင်ပေတော့"

ဟု လက်ပြလိုက်သော်လည်း ကျွန်ုပ်တို့မှာ မထိုင်ရဲအောင် ဖြစ်နေ ...တော့၏။

"ထိုင်လေ ဂိုဏ်းချုပ်ကြီးရဲ့။ သခင်မကိုယ်တိုင် ခွင့်ပြုနေပြီပဲဟာ"

ဟု ထပ်ပြောတော့မှ ကိုသံဟိတ်က မဝံ့မရဲပုံစံဖြင့် ဝင်ထိုင်လေ၏။ ...ကျွန်ုပ်မှာ ဂိုဏ်းချုပ်နှင့် တစ်ပြေးတည်း မထိုင်ရသဖြင့် မတ်တတ်ရပ်နေ ...လေ၏။

"ဆာရာရေ ဂိုဏ်းချုပ်ကြီးရဲ့ တပည့် ထိုင်ဖို့ ခုံတန်းတစ်ခု ယူခဲ့ပါ ...ကွယ်"

ဟု အမိန့်ပေးလိုက်လျှင် ရံရွေတော်ကလေး ဆာရာက ခုံရှည် ...ကလေးတစ်ခု ယူလာကာ ကျွန်ုပ်ကို ခင်းပေးလေ၏။

"ဂိုဏ်းချုပ်ကြီးကို မေးရဦးမယ်၊ ဟိမဝန္တာဂိုဏ်းရဲ့ ပညာစဉ်ထဲမှာ ...ဂိုဏ်းချုပ်အဆင့်ကို ရောက်လာတဲ့ ပညာရှင်တွေဟာ တူရိယာတစ်မျိုးမျိုးကို ...ကျွမ်းကျင်ရတယ် ဟုတ်လား"

ဟု သခင်မက ကိုသံဟိတ်ကို မေးလေ၏။

"မှန်ပါတယ် သခင်မ၊ တတ်မြောက် ရပါတယ်"

ဟု ကိုသံဟိတ်က ပြန်ဖြေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဂိုဏ်းချုပ်ကြီးက ဘယ်တူရိယာကို ကျွမ်းကျင်မှု ရှိသလဲ"

ဟု သခင်မက မေးပြန်၏။

"ကျွန်ုပ်အနေနဲ့ တယောကို ကျွမ်းကျင်ပါတယ် သခင်မ"

ဟု ကိုသံဟိတ်က ပြန်ဖြေလေ၏။

"သြော် . . . ဂိုဏ်းချုပ်ကြီးရဲ့ ကျွမ်းကျင်မှုက အဆင့်မြင့်ပေတာပဲ။ တယောဆိုတဲ့ တူရိယာဟာ ကမ္ဘာတစ်ဝှမ်းလုံးက နိုင်ငံတိုင်းမှာ တောရောမြို့ ခံစားနိုင်ကြတဲ့ တူရိယာပေပဲ။ တူရိယာတွေအားလုံးထဲမှာကို အဆင့်အမြင့်ဆုံးပဲ မဟုတ်လား။ သင့်ရဲ့ တယောလက်သံနဲ့ သခင်မကို ဖျော်ဖြေနိုင်ပါ့မလား"

ဟု သခင်မက မေးလေ၏။

"အခုလို အခွင့်အရေး ပေးတဲ့အတွက် ဝမ်းသာလှပါတယ် သခင်မ"

ဟု ကိုသံဟိတ်က ပြန်၍ပြောလိုက်လေလျှင် –

"ဆာရာနဲ့မာလာ တူရိယာခန်းထဲက အကောင်းဆုံး တယောတစ်လက်ကို ယူခဲ့ပါကွယ်"

ဟု အမိန့်ပေးလေ၏။

ရံရွေတော်များလည်း တယောကို ယူလာပေးကြလေ၏။ ကိုသံဟိတ်သည် လွန်စွာလှပသော ယွန်းတယောကလေးကို သေသေချာချာ ကြည့်ကာ ကြိုးအတင်းအလျော့ကို စမ်းကြည့်လေ၏။

ပြီးလျှင် ဘိုးတံကိုတင်ကာ စ၍ထိုးလေ၏။ ကိုသံဟိတ်ထိုးသော တေးသွားမှာ အိန္ဒိယတေးသွားတစ်ပုဒ်ဖြစ်ပြီး အလွန်တရာ လှပသည့် နတ်သမီးတစ်ပါး၏ အလှဘွဲ့ဖြစ်တော့၏။

လရောင်အောက်ရှိ ရောင်စုံပန်းခင်းကြီးအတွင်းမှ ရေကန်ပြာပြာကလေးပြီးလျှင် ဖွေးဖွေးလှုပ်အောင် ပွင့်နေသော စပယ်ပန်းရုံကြီးများ နံ့သာမှ အပြာရောင် ဝတ်စုံနှင့် ပုံ့ပုံ့ကလေးထိုင်နေသော နတ်သမီးလေးတစ်ပါး ထို့နောက်တော့ ရောင်စုံပန်းရုံကလေးများကြားတွင် လိပ်ပြာကလေးများ မျှဝဲသကဲ့သို့ တလူလူ လျှောက်သွားနေကြသည့် ရံရွေတော်ကလေးများ





တော့မှ အားလုံးကို ဖမ်းစားထားနိုင်သော ကိုသံဟိတ်၏ တယောသံနွဲ့နွဲ့။

ဤအရာများကို ခံစားနေရသော ကျွန်ုပ်သည်ပင် ရင်ထဲတွင် လိုက်လိုက် ခံစားလာရလေတော့၏။ ကိုသံဟိတ်၏ တယောသံရပ်သွားသောအခါ ရံရွေတော်ကလေးများက ကိုသံဟိတ်ဘက်သို့လှည့်ကာ ဦးညွတ်ကြလေ၏။ သခင်မကမူ ဆုလာဘ်အဖြစ် အပြုံးလှလှကလေးတစ်ပွင့်ကို ပေးလေသည်။

"ဂိုဏ်းချုပ်ကြီးက တယောထိုး အလွန် ကောင်းပေတာပဲ။ ဘာလဲ ခံစားမှုရှိလို့လား"

ဟု သခင်မက မေးလျှင် ကိုသံဟိတ်သည် လရောင်အောက်မှ လှလွန်းသော သခင်မ၏ မျက်နှာတော်ကို စိုက်၍ကြည့်ကာ ခေါင်းကို ညိတ်ရုံကလေး ညိတ်ပြလိုက်လေ၏။

ထိုအပြုအမူကို သခင်မသည် သဘောကျသွားပုံရလေ၏။ သွားလှလှကလေးများပေါ်သည်အထိ ကြည်ကြည်နူးနူး ပြုံးလိုက်သည်ကို ကျွန်ုပ် သတိထားလိုက်မိလေ၏။ ထို့နောက် ကိုသံဟိတ်သည် နောက်ထပ် တေးသွားတစ်ခုကို ပြောင်းလိုက်ကာ ဘိုးတံကို ခပ်ဖိဖိကလေး ဆွဲပြန်လေ၏။

သည်တစ်ကြိမ်တွင် ချစ်ခြင်းမေတ္တာကို ဖွဲ့နွဲ့ထားသော တေးသီချင်းတစ်ပုဒ် ဖြစ်ပြီး အိန္ဒိယသီချင်းပင် ဖြစ်လေ၏။ သည်တစ်ကြိမ်တွင် သခင်မသည် ကောင်းကင်မှ လမင်းကြီးကို ငေးကြည့်နေကာ မျက်ရည်စများပင် ဝဲနေလေတော့၏။ သခင်မ၏ မျက်နှာပေါ်တွင် တစ်ခုခုအတွက် ယူကျုံးမရခံစားနေရသည်ကို ကျွန်ုပ် တွေ့လိုက်ရလေ၏။

ထို့နောက်တွင် ပန်းနှင့် လိပ်ပြာတို့၏ သဘာဝကို ဖွဲ့ဆိုထားသော ဟိန္ဒူသီချင်းတစ်ပုဒ်ကို ကိုသံဟိတ်က ဘိုးတံကလေးနွဲ့ကာနွဲ့ကာ ထိုးပြန်လေ၏။

ဤသို့ဖြင့် လမင်းကြီး မှုန်းတည့်လေပြီ။ သခင်မသည် ကိုသံဟိတ်ကို နားစေကာ ထွေရာလေးပါး စကားများကို ပြောလေ၏။

ထိုသို့ပြောသည့်အထဲတွင် သူမသည် အရွယ်မတိုင်မီကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းတော်ကြီးရဲ့ သခင်မတာဝန်ကို ဘမ်းရွက်ခဲ့ရသည့်အကြောင်း၊ သခင် အဖြစ်ရထားသည့် အိမ်ရှေ့စံသခင်မ မာယာဝတီကို မဟာရာဇ်ဂျာတစ်ဦးက ခိုးယူသွားသည့်အကြောင်း၊ ထို့ကြောင့် သူမသည် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ရှေ့စံသခင်မဖြစ်ခဲ့ရပြီး ထိုမှတစ်ဖန် သခင်မဖြစ်လာခဲ့ရသည့်အကြောင်း၊ အိမ်ရှေ့စံသခင်မ မာယာဝတီ ထွက်ပြေးသွားပြီးသည့်နောက်တွင် ဂိုဏ်းတော် ကြီးသည် စည်းကမ်း ပိတင်းကျပ်လာကာ လူစိမ်းများအတွင်းသို့ လုံး ဝင်ခွင့်မရတော့ဘဲ အထပ်ထပ် စစ်ဆေးသည့်အကြောင်း၊ အဖြစ်ရှိလျှင်လည်း ယခင်လို မဟုတ်တော့ဘဲ ရက်ရက်စက်စက် အပြစ်ပေးသည့်အကြောင်း၊ ဂိုဏ်းတော်ကြီးမှ ထွက်ပြေးသွားသော အိမ်ရှေ့စံ သခင်မ မာယာဝတီ၏ သမီးတော်ကလေး ရေဆုနီကို ဂိုဏ်းတော်ကြီး၏ အိမ်ရှေ့စံသခင်မအဖြစ် မကြာမီ ဘိသိက်သွန်းတော့မည့် 'ဘိသေကပွဲ'ကြီးအကြောင်း၊ ထိုဘိသေကပွဲ ကြီးမှာ စုံစုံညီညီ တက်ရောက်ရန်အတွက် ယခုလို နိုင်ငံတကာမှ ဂိုဏ်းချုပ် ကြီးများကို ဆင့်ခေါ်လိုက်ရကြောင်းများကို ပြောပြလေ၏။

ကိုသံဟိတ်လည်း ဂိုဏ်းတော်ကြီး သည်နေရာတွင် တည်ဆောက် ခဲ့သည့် နှစ်ကာလကို မေးမြန်းလေ၏။ သခင်မကလည်း သူ မှတ်သားထား သည့်အတိုင်း ဖြေလေ၏။

"သည်ဂိုဏ်းတော်ကြီးကို နောင်နှစ်ပေါင်းများစွာ ကြာသည့်တိုင် အောင် သည်နေရာမှာပဲ ဆက်လက်ထားရှိမည်လော"

ဟု ကိုသံဟိတ်က ထပ်၍ မေးပြန်၏။

"အဲဒီအချက်က သည်ဂိုဏ်းကြီးရဲ့ အရေးအကြီးဆုံး လျှို့ဝှက်ချက် ဖြစ်ပါတယ်။ ဂိုဏ်းချုပ်ကြီးကတော့ ဂိုဏ်းတော်ကြီးအပေါ်မှာ အင်မတန် လေးစားပုံ လည်းရတယ်၊ ပညာမှာလည်း အလွန် ပြည့်ဝပေတယ်၊ ဒါကြောင့် သခင်မ ပြောပြပါမယ်။ သည်ဂိုဏ်းတော်ကြီးရဲ့ ဘိုးဘွားအစဉ်အဆက်က ညွှန်ကြားချက်ထဲမှာတော့ တစ်နေ့သော အချိန်တွင် ဂိုဏ်းတော်ကြီး၏ အဆောက်အဦကြီးကို အလွန်ပြင်းထန်သော လက်နက်တို့နှင့် ဖျက်ဆီးမည့်သူ ပေါ်လာလိမ့်မည်။ ထိုအချိန်အခါတွင် ဂိုဏ်းတော်ကြီးကို အီဂျစ်နိုင်ငံရှိ





ပုမ်ကြီးများဆီသို့ ရွှေ့ပြောင်းရမည်လို့ ပါရှိပေတယ် ဂိုဏ်းချုပ်ကြီးရဲ့။ ဒါ သမယ့် အချိန်ကာလကို အတိအကျ ညွှန်ပြထားတာမျိုးတော့ မပါပေဘူး"

ဟု သခင်မကပြောလျှင် ကျွန်ုပ်မှာ ကျောထဲမှ တစိမ့်စိမ့် ဖြစ် သွားလေတော့၏။

"ကဲ ... ဂိုဏ်းချုပ်ကြီးလည်း သခင်မကို ဖျော်ဖြေနေရလို့ ပင် ပန်းလှပါပြီလေ။ အချိန်လည်း လင့်လှပါပြီ၊ နားနေရာ အခန်းကို ပြန်ပြီး အိပ်စက်ကြပေတော့"

ဟု အမိန့်ရှိလေလျှင် ကျွန်ုပ်တို့လည်း သခင်မကို ဂိုဏ်း၏ထုံးစံ အတိုင်း အရိုအသေပေးလိုက်ကြလေ၏။

ကျွန်ုပ်တို့အား ခေါ်လာခဲ့သော ရှံရွှေတော်မကလေးနှစ်ဦးကပင် ကျွန်ုပ်တို့အား အခန်းဝသို့ရောက်အောင် ပြန်ပို့ပေးခဲ့ကြလေ၏။

ထိုညက ကျွန်ုပ်သည် ရှေ့ဆက်ရမည့် ကိစ္စများအတွက် ရင်လေး ကာ အိပ်မပျော်ခဲ့ပေ။ ကိုသံဟိတ်သည်လည်း သူ၏ အိပ်ရာပေါ်တွင် လူးလူး တလိမ့်လိမ့်နှင့် ဖြစ်နေသည်ကို ကျွန်ုပ် သတိထားခဲ့မိလေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

## အိမ်ရှေ့စံသခင်မကလေး

နောက်တစ်နေ့ နေ့လယ်စာ စားပြီးချိန်တွင် ဆရာနှင့် မာလာ ရောက်လာကြပြန်၏။ သခင်မထံသို့ အခစားဝင်ရန် အမိန့်တော်ပါရှိကြော ပြောပြကြလေ၏။

ကျွန်ုပ်တို့နှစ်ယောက်လည်း အဝတ်အစားများ ပြုပြင်ဝတ်ဆင်ကြ နောက် ရှံရွှေတော်ကလေးနှစ်ယောက်နှင့်အတူ ဂိုဏ်းတော်ကြီး၏ နဝမထပ် တက်ခဲ့ကြရလေ၏။

ကျွန်ုပ်တို့ကို ပထမဆုံးတွေ့ဆုံခဲ့သော ရတနာသလွန်တော်ရှိ အခန်းကျယ်ကြီးသို့ ခေါ်ဆောင်သွားကြလေတော့၏။ ကျွန်ုပ်တို့ ရောက် ခဏကြာသောအခါ ဟိမဝန္တာသခင်မသည် အစိမ်းရောင်ဝတ်စုံဖြင့် ကြွမြန်း ခဲ့လေ၏။

သခင်မ၏ ဝတ်ရုံရှည်ကြီးသည် အလွန်တစ်ရာ လှပသော ဖော မျိုးနှင့်ချုပ်လုပ်ထားပြီး အနားတွင် ရွှေချည်ဖောက်ထားလေရာ လွန်စွာ လှပတင့်တယ်နေလေတော့၏။ ရှံရွှေတော်ကလေးနှစ်ပါးက သခင်မ၏ ဝ စုံရှည်အနားကို မ,၍ လိုက်လာကြလေ၏။ အခြားသော ရှံရွှေတော်များ လည်း ဂိုဏ်းတော်ကြီး၏ ဓလေ့ထုံးစံနှင့်အညီ ခေါင်းမြီးယပ်တောင်၊ ရတ





ရွှေကျိုင်းနှင့် ရွှေသားအစစ်ဖြင့် ပြုလုပ်ထားသည့် သောက်တော်ရေဘူး ရွှေပလားတို့ကို ဆောင်ယူ၍ ဝန်းရံလိုက်ပါခဲ့လေ၏။

သခင်မသည် ရတနာသလွန်ထက်ဝယ် ကျက်သရေရှိစွာ စံမြန်း လေ၏။ ထိုအခါ ကျွန်ုပ်တို့နှစ်ဦးက ဂိုဏ်းတော်ကြီး၏ ထုံးစံအတိုင်း မုဒြာ အသွင်မျိုးမျိုးနှင့် အရိုအသေပြုကြရလေ၏။ ပြီးလျှင် –

"ဂိုဏ်းချုပ်ကြီးတို့ကို အခုလို အခေါ်တော်ရှိရတာကတော့ တခြား ဟုတ်ပေဘူး။ သခင်မဟာ ဒီဂိုဏ်းတော်ကြီးရဲ့ တာဝန်ဝတ္တရားတွေကို ထမ်းဆောင်ရင်း နေလာခဲ့ရတာ ကြာခဲ့လေပြီ ဂိုဏ်းချုပ်ကြီးရဲ့။ ဒီဂိုဏ်းတော် ကြီးတည်ရာ ဟိမဝန္တာမှာပဲ အချိန်တော်တော်များများ ကုန်ဆုံးခဲ့ရပေတယ်။ တစ်ခါတစ်ရံတော့ ရုပ်ဖျက်ပြီး အိန္ဒိယကို သွားလည်ရတယ်။ တစ်ခါတစ်ခါ တော့ တိဘက်ကို ဂိုဏ်းတော်ကြီးရဲ့ ကိစ္စနဲ့ သွားခဲ့ရတယ်။ အဲဒါကလွဲရင် ဘယ်ကိုမှ မရောက်ပေဘူး။ ဂိုဏ်းချုပ်ကြီးတို့ကတော့ ပြင်ပမှာနေကြသူတွေ ဆိုတော့ နေရာဒေသအနှံ့ ရောက်ဖူးပေလိမ့်မယ် ထင်တယ်။ ဒီတော့ ကမ္ဘာ့ဒေသ အသီးသီးက လူတွေအကြောင်း၊ မြို့ရွာတိုင်းပြည်တွေအကြောင်း သခင်မကို ဗဟုသုတပွားများစေဖို့ ပြောပြစေလိုတယ်။ ဂိုဏ်းချုပ်ကြီး ပြော သမျှကို သခင်မ ကောင်းမွန်စွာ နားထောင်ဖို့ အသင့်ရှိပါတယ်"

ဟု ဟိမဝန္တာသခင်မက အမိန့်တော် ရှိလေ၏။ ကိုသံဟိတ်လည်း ကမ္ဘာ့ဒေသအသီးသီးမှ တိုင်းပြည်များ၊ လူမျိုးများ၊ ဓလေ့စရိုက်များ၊ ရာသီ ဥတုကွာခြားပုံများ၊ လုပ်ကိုင်စားသောက်ကြပုံများ၊ ကိုးကွယ်သည့် ဓလေ့စရိုက် များကို စီကာပတ်ကုံး ပြောပြရလေ၏။

ထိုသို့ ပြောပြသည့်အထဲတွင် တောင်အမေရိကတိုက်၏ အနောက် ပိုင်းတွင်ရှိသော အင်ဒီးစ်တောင်တန်းကြီးအကြောင်း၊ ထိုတောင်တန်းကြီးသည် ဟိမဝန္တာကဲ့သို့ပင် အစဉ်အမြဲ ဆီးနှင်းများ ဖုံးလွှမ်းနေသည့်အကြောင်း၊ တောင်ရိုးကြီးနှစ်ခုကြားတွင် မြင့်မားကျယ်ပြန့်သည့် ကုန်းမြေကြီးရှိပြီး ထို ကုန်းမြေကြီးပေါ်တွင် 'ပြူနို' ဟုခေါ်သည့် 'ဗိုလီးဗီးယား' တိုင်းပြည်ရှိကြောင်း၊ ဗိုလီးဗီးယားတိုင်းပြည်မှာ အလွန်မြင့်သော ကုန်းမြင့်ကြီးပေါ်တွင် ရှိသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်ကို ကြည့်လိုသော် အပေါ်သို့မမော့မကြည့်ရဘဲ အောက်သို့ ငုံ့ကြည့် ရသည့်အကြောင်း။ ထိုတိုင်းပြည်တွင် တီတီကာကာဟုခေါ်သော ရေအိုင် ရှိ၍ အလွန်ကြီးမားကျယ်ပြန့်လှသောကြောင့် မြစ်ကြီးတစ်စင်းသဖွယ် နေပြီး မီးသင်္ဘောများသည် ထိုရေအိုင်ကြီးအတွင်း မောင်းနှင်သွားလာ ကြသဖြင့် တိမ်တိုက်များပေါ်တွင် သင်္ဘောကြီးမောင်းနှင်နေသကဲ့သို့ ဖြစ် ကြောင်းစသည်ဖြင့် လွန်စွာထူးဆန်းသော ဗိုလီးဗီးယားတိုင်းပြည်အကြောင်း သခင်မသည် အထူး စိတ်ဝင်စားသဖြင့် မျက်လုံးကလေးများ ဝိုင်းနေအော စူးစိုက်နားထောင်လေတော့၏။ ကိုသံဟိတ်ကလည်း သူ ကြားဖူးမှတ်သ ဖူးသမျှ ဗဟုသုတများကို သခင်မအား ဆက်၍ ပြောပြလေ၏။

ထိုသို့ ပြောပြသည့်အထဲတွင် နွေရာသီတွင် နေဝင်သည့် အရှင်းမရှိဘဲ နေ့ရောညပါ အမြဲထွန်းလင်းနေသည့် မြောက်ဝင်ရိုးစွန်းအနီး လက်ပလင်ဟုခေါ်သော ပြည်နယ်တစ်ခုအကြောင်း။

လွန်စွာပူပြင်းလှသော ဆာဟာရသဲကန္တာရကြီးနှင့် ၎င်းအတွင် အိုအေစစ်ပေါင်းများစွာတွင် လူနေရပ်ရွာများ တည်ဆောက်နေထိုင်ကြသော အာရပ်လူမျိုးများအကြောင်း။

တောင်အမေရိကတိုက် တောင်ပိုင်းရှိ စိမ်းလန်းစိုပြေ၍ ညီညာပြ ပြူးသော မြက်ခင်းကြီးများပေါ်များသည့်ဒေသတွင် နွားများ ထောင်သောင်း က မွေးမြူကြပုံနှင့် ၎င်းနွားများကို ထိန်းကျောင်းကြရသော မြင်းစီးသည့်အရ တွင် သူမတူအောင် ကျွမ်းကျင်သည့် ကောင်းဘွိုင်ခေါ် နွားကျောင်းသားများ အကြောင်း။

စသည်ဖြင့် ပြောပြလေရာ ဟိမဝန္တာသခင်မနှင့် သူမ၏ ရံရွေတော် မိန်းမချောကလေးများမှာ အလွန်စိတ်ဝင်စားကြလေ၏။

ကျွန်ုပ်သည်ပင် ကိုသံဟိတ် ပြောပြသော အကြောင်းအရာများကို အလွန်စိတ်ဝင်စားသဖြင့် ဗဟုသုတစုံလှပါပေသည်ဟု တွေးတောကာ ကိုသံ ဟိတ်ကို စိတ်ထဲမှ ကြိတ်၍ ချီးမွမ်းလိုက်မိတော့၏။

ထို့နောက် သခင်မကလည်း သူ ရောက်ခဲ့ဖူးသော တိဘက်ပြည်





အကြောင်း အလွန်ရိုးသားလှသည့် တိဘက်လူမျိုးများအကြောင်း တိဘက် ဘုန်းတော်ကြီးများ ပညာစွမ်းထက်မြက်ပုံတို့ကို ပြန်၍ ပြောပြလေ၏။

ထိုသို့ပြောပြနေရာမှ မကြာမီတွင် အိမ်ရှေ့စံသခင်မအဖြစ် ဘိသိက် သွန်းတော့မည့် သခင်မလေး 'ရေဆူနီ' အကြောင်းကို ရောက်သွားလေတော့ ၏။ ထိုအချိန်တွင် ကိုသံဟိတ်က ပေါ်လာသော အခွင့်အရေးကို လက် မလွှတ်ဘဲ ဟိမဝန္တာသခင်မအနေနှင့် အခွင့်အရေးပေးမည်ဆိုလျှင် အိမ်ရှေ့စံ လောင်းလျာ သခင်မလေး ရေဆူနီအား တွေ့မြင်လိုကြောင်း ဥပါယ်တံမျဉ်နှင့် လျှောက်ထားလေ၏။

သခင်မကလည်း သဘောထားကြီးစွာဖြင့် 'ခွင့်ပေးပါမည်'ဟု ဆို လေ၏။ သို့နှင့် ကျွန်ုပ်တို့သည် သခင်မလေး ရေဆူနီ စံမြန်းနေသည့် ရှစ် ထပ်သို့ ဆင်းလာကြရတော့၏။ ကျွန်ုပ်တို့ကို ရံရွေတော်ကလေး ဆာရာ တစ်ဦးတည်းသာ လိုက်ပါပို့ဆောင်လေ၏။

ကြေးကွင်းနီနီကြီးနှစ်ကွင်း ထပ်ထားသော ရုပ်ကြွရုပ်လုံးများ ထု ဆစ်ထားသည့် တံခါးကြီးတစ်ခု၏ အရှေ့သို့ ရောက်သောအခါ ဆာရာက အနားတွင် အဆင်သင့်ချထားသော လက်ခက်သစ်သားချောင်းကို ကောက်ယူ လိုက်သော တံခါးကြီးအား သုံးချက်ဆက်တိုက် ထုရိုက်လေ၏။

ခဏကြာလျှင် အတွင်းမှ တံခါးမင်း တုပ်ဖြုတ်သံပေါ်လာပြီး တံခါး ကြီးနှစ်ချပ်ကို ဆွဲ၍ ဖွင့်ပေးလေ၏။ တံခါးဖွင့်ပေးသူမှာ ဆာရာ့အရွယ်လောက် ပင်ရှိသော မိန်းမချောလေးတစ်ဦးပင် ဖြစ်လေ၏။ ဆာရာက သခင်မ၏ အမိန့်ကို ပြောပြလိုက်ရာ အခန်းတွင်းမှ မိန်းကလေးက အမိန့်တော်ကို ဒူး ကလေး ညွတ်၍ ခံယူလေ၏။ ပြီးလျှင် အတွင်းသို့ လှည့်ဝင်သွားလေ၏။ ကျွန်ုပ်တို့လည်း အခန်းတွင်းသို့ မဝင်ရသေးဘဲ ရပ်နေကြရလေ၏။

သို့သော် မကြာမီမှာပင် မိန်းမချောကလေးသည် တံခါးဝသို့ ပြန် ရောက်လာကာ -

"သခင်မလေးက ညွှန်ခန်းမှာ စောင့်နေဖို့ အမိန့်တော် ရှိလိုက် ပါတယ်။ မကြာခင်မှာ သခင်မကလေး ထွက်ခဲ့တော်မူလာပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှိသေစွာ ပြောလေ၏။

ထိုအခါ ဆာရာက ကိုသံဟိတ်ဘက်သို့ လှည့်လိုက်ကာ –

"ဟိမဝန္တာသခင်မကိုယ်တိုင် အရေးပေးခြင်းခံရတဲ့ ဂိုဏ်းချုပ်ကြီး။ အခန်းတွင်းသို့ ကြွပေတော့။ သခင်မကလေးကို ဖူးမြော်ပြီး သခင်မကလေးက လက်ခံတွေ့ဆုံနေသမျှ သင်တို့ ဒီမှာ နေနိုင်ပါတယ်။ ဒါထက် သခင်မက သင်တို့အား ပြောပြရန် အမိန့်တော်ရှိလိုက်ပါသေးတယ်။ သင်တို့ အခန်းထဲမှာ ချည်းနေရာ ညည်းငွေ့လာရင် ဒီဂိုဏ်းတော်ကြီးရဲ့ အဆောက်အဦ အတွင်း နေရာအနှံ့နဲ့ အဆောက်အဦအပြင်ဘက် ဝင်းတော်ကြီးအတွင်းမှာ လှည့်ပတ်လေ့လာရင်း အပန်းဖြေနိုင်ပါတယ်။ သင်တို့ လွတ်လွတ်လပ်လပ် သွားလာဖို့ သခင်မက ဝင်းတော်မှူးများကို အမိန့်ထုတ်ထားပါလိမ့်မယ်။ အကယ်၍ ဟန့်တားသူများရှိလျှင်လည်း သင်တို့ကို သခင်မ ချီးမြှင့်ထားသော အတွင်းတော်ရွှေတံဆိပ်တုံးကို ပြလိုက်ပါ။ လွတ်လပ်စွာ သွားလာနိုင်ပါလိမ့်မယ်"

ဟု ပြောလေ၏။

ကျွန်ုပ်တို့နှစ်ယောက်ကလည်း ဂိုဏ်းထုံးစံအတိုင်း –

"သခင်မ သက်တော်ရာကျော် ရှည်ပါစေ"

ဟု နေတယ်လ်ဘာသာစကားဖြင့် ပြောလိုက်လျှင် ဆာရာလည်း လှည့်၍ ပြန်သွားလေတော့၏။

အတွင်းမှ ရုံရွှေတော်ကလေးက ဟိန္ဒူဘာသာဖြင့်ပင် အတွင်းသို့ ကြွရောက်ရန် ရိုရိုသေသေ ပြောလေ၏။

ကျွန်ုပ်တို့လည်း အခန်းတွင်းသို့ဝင်ခဲ့ရာ အလွန်ကျယ်သော အခန်းကြီးတစ်ခု ဖြစ်နေသည်ကို အံ့သြစွာ တွေ့မြင်ရလေ၏။

အခန်းကြီးထဲတွင် အခန်းများ ထပ်မံဖွဲ့ထားပြီး အချို့နေရာများတွင် ကတ္တီပါ အစိမ်းရောင်များဖြင့် ခန်းဆီးကာထားသည်ကို တွေ့ရလေ၏။

ကြမ်းပြင်တွင်လည်း အစိမ်းရောင် ကော်ဇောကြီးကို ခင်းထားလေရာ ဟိမဝန္တာသခင်မ၏ ညှိ့ခန်းဆောင်နှင့် ပြင်ဆင်ပုံတူနေသည်ကို ကျွန်ုပ် အနေနှင့် သတိထားမိလေ၏။





ညှိ့ခန်းကြီး၏ထိပ်ဆုံးတွင် ရတနာစုံစီခြယ်ထားသည့် ရွှေသလွန် တစ်ခုရှိနေပြီး နောက်တွင် ကတ္တီပါအစိမ်းရောင်ကို နောက်ခံကပ်ထားလေ၏။

ခဏကြာလျှင် သခင်မလေး ရေဆူနီသည် ပန်းရောင်ဝတ်ရုံရှည် ကလေး ဝတ်ကာ ရုံရွှေတော် (၇) ယောက်ခြံရံ၍ ထွက်လာခဲ့လေတော့၏။

ကျွန်ုပ်တို့လည်း မာယာဝတီ သွန်သင်ထားသည့်အတိုင်း နှုတ်ဆက် ကြလေ၏။ သခင်မလေး ရေဆူနီသည် အသက် (၁၆) နှစ်အရွယ်မျှသာ ရှိသေးသော နုနယ်လှပသည့် ကလေးမလေးတစ်ဦးပင် ဖြစ်လေ၏။

ဤမျှ ချစ်စရာကောင်း၍ နတ်သမီးတစ်ပါးလိုလှပသော ဤသမီးတော်ကလေး ဆုံးရှုံးရသည့်အတွက် အမိအဖများ ဖြစ်ကြသည့် မဟာရာဂျာ ချက်ကရီဘာတီနှင့် မိဖုရား မာယာဝတီတို့မှာ သည်းအူပြတ်မျှ ခံစားရလိမ့်မည်ကို ယုံမှားဖွယ် မရှိတော့ပေ။

ကိုသံဟိတ်လည်း နေတယ်လ်ဘာသာဖြင့် မိမိမှာ ကမ်ပူးချားနိုင်ငံမှ ဂိုဏ်းချုပ်အသစ်ဖြစ်ကြောင်း၊ ဂိုဏ်းချုပ်အသစ်တို့၏ ထုံးစံအတိုင်း စမ်းသပ်မှုအမျိုးမျိုးကို အောင်မြင်ခဲ့သည့်အကြောင်း၊ မိမိ၏ ပညာသမာဓိကို သဘောကျသဖြင့် သခင်မက အထူးအခွင့်အရေးပေး ဆက်ဆံသည့်အကြောင်းများကို နားထောင်ကောင်းအောင် လျှောက်တင်လေ၏။ ထိုသို့ လျှောက်တင်နေစဉ် လက်ဟန်ခြေဟန်တို့ဖြင့် စိတ်ပါလက်ပါ ပြောနေသည်ကို တွေ့ရသဖြင့် ကျွန်ုပ်လည်း အံ့သြသွားကာ ကိုသံဟိတ်ကို သတိထား ကြည့်လိုက်မိလေ၏။

သည်တော့မှ ကိုသံဟိတ်သည် မိဖုရားမာယာဝတီ သင်ပေးလိုက်သော လျှို့ဝှက်သင်္ကေတများကိုသုံးကာ သခင်မလေးကို အကြောင်းကြားနေမှန်း သိလိုက်ရလေ၏။

သခင်မလေးသည် ကိုသံဟိတ်၏ လျှို့ဝှက်သင်္ကေတများကို မြင်တွေ့လိုက်သောအခါ ဤသင်္ကေတများသည် သူမ၏ မိခင်နှင့် သူမတို့နှစ်ဦးသာ တတ်မြောက်သည့် သင်္ကေတများဖြစ်နေသဖြင့် ကျွန်ုပ်တို့သည် သူမ၏ မိဘများထံမှ လွှတ်လိုက်သူများဖြစ်သဖြင့် ချက်ချင်း သဘောပေါက်သွား



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။ ကျွန်ုပ်မှာလည်း ထိုသင်္ကေတများကို ကိုသံဟိတ်နှင့်အတူ သင်ခဲ့ရသည်ဖြစ်ရာ ကောင်းစွာ သဘောပေါက်လေ၏။

ထိုအခါ ရေဆူနီကလည်း ဂိုဏ်းတော်ကြီး၏ ပညာများကို သင်ယူရသည်မှာ လွန်စွာစိတ်ဝင်စားဖို့ကောင်းကြောင်း၊ ယခုအချိန်တွင် အိမ်ရှေ့စံသခင်မတစ်ဦး တတ်မြောက်ရမည့် ပညာအဆင့်အတန်းကို ကောင်းစွာတတ်မြောက်ခဲ့ပြီဖြစ်သဖြင့် မကြာမီရက်အတွင်းတွင် မိမိသည် အိမ်ရှေ့စံသခင်မအဖြစ် ဘိသေကပွဲဆင်ယင်ကာ ဂိုဏ်းတော်ကြီး၏ တာဝန်များကို စတင်ထမ်းရွက်ရတော့မည်ဖြစ်ကြောင်း၊ သည့်အတွက် အလွန်ကျေနပ်ပီတိဖြစ်ကြောင်းများကို သူမ၏ရုံရွှေတော်များကြားအောင် ပြောပြနေသည်ကို ကျွန်ုပ် သတိထားမိလေ၏။

ဤအချက်ကို ထောက်ခြင်းအားဖြင့် သူမ၏ ရုံရွှေတော်များထဲတွင် ဟိမဝန္တာသခင်မ၏ လူယုံများ ပါရှိနေကြောင်း ကျွန်ုပ်တို့ကို သိစေလိုခြင်းဖြစ်ကြောင်း ကျွန်ုပ် သဘောပေါက်ခဲ့လေ၏။ ကျွန်ုပ်ကဲ့သို့ပင် ကိုသံဟိတ်လည်း ကောင်းစွာ သဘောပေါက်ပုံရလေ၏။

ရေဆူနီသည် ထိုအကြောင်းများကို ပြောပြနေရင်းမှ လက်ဟန်ခြေဟန်ပြုလုပ်သလိုဖြင့် လျှို့ဝှက်သင်္ကေတများကို ပြုလေ၏။

ကိုသံဟိတ်နှင့် ရေဆူနီတို့တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ကြသော သင်္ကေတများ၏ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေ၏။

"ကျုပ်တို့ကို သင့်မိဘများ စေလွှတ်လိုက်ပါသည်"

"ကျွန်ုပ် ကောင်းစွာ သဘောပေါက်ပါသည် ကယ်တင်ရှင်"

"စိတ်အေးအေးထားပါ။ ဒီကနေ မကြာမီ ကယ်ထုတ်သွားပါမည်"

"ယုံကြည်ပါတယ်၊ ဒီဂိုဏ်းကြီးထဲကိုရောက်အောင် ဝင်လာပြီး အခုလို အခြေအနေရောက်အောင် စမ်းဆောင်နိုင်တာကို ကြည့်ခြင်းအားဖြင့် သင်တို့၏ အစွမ်းမည့်မျှကြီးသည်ကို ကျွန်ုပ် ကောင်းစွာသိသည်"

"ဘိသေကပွဲနေ့မှာ သင် အိမ်ပြန်ရမယ်"





"ကောင်းပါပြီ၊ သင် စီစဉ်ပါတော့၊ မိဘများကို ကျွန်ုပ် တွေ့မြင်လိုလှပါပြီ"

"သတိနဲ့နေပါ၊ အမှုအရာ မပျက်ပါစေနဲ့"

"ကောင်းပါပြီ၊ သင်တို့လည်း သတိထားပါ။ ဒီဂိုဏ်းကြီးဟာ အင်မတန် ရက်စက်တယ်။ တစ်ချက်မှားတာနဲ့ သင်တို့ အသက်ရှင်လမ်း မရှိတော့ဘူး"

"ကောင်းပါပြီ သမီးတော်လေး"

ဤသို့ သူတို့ ဆက်သွယ်ပြောဆိုနေကြသည်ကို ရုံရွှေတော်ကလေးများမှာ စိုးစဉ်းမျှ ရိပ်မိပုံမပေါ်ကြပေ။ ကိုသံဟိတ်သည် သမီးတော်ကလေးနှင့် စကားပြောနေစဉ် ဘေးဘက်မှ ရုံရွှေတော်ကလေးကို မကြာခဏ လှမ်းကြည့်အကဲခတ်နေသည်ကို ကျွန်ုပ် သတိထားမိလေ၏။ ဘယ်အတွက်ကြောင့် ကိုသံဟိတ်သည် ထိုရုံရွှေတော်ကလေးကို အကဲခတ်နေမှန်း ကျွန်ုပ် မသိပေ။

ပြီးလျှင် စကားစဖြတ်ကာ သမီးတော်ကလေးကို ထုံးတမ်းစဉ်လာမပျက် အရိုအသေပေးပြီး နှုတ်ဆက်ခဲ့ကြလေသည်။

ကျွန်ုပ်တို့လည်း သမီးတော်ကလေး ရေဆူနီထံမှ ပြန်လာသောအခါ လမ်းကြောင်းကို အသေးစိတ်မှတ်ရလေတော့၏။ ထိုအချိန်တွင် ကျွန်ုပ်တို့သည် လွတ်လပ်စွာ သွားလာခွင့်ရထားပြီဖြစ်သော ကြောင့်ရေဆူနီ နေထိုင်သော ရှစ်ထပ်တွင် အသေးစိတ် လေ့လာမှတ်သားကြရလေ၏။

ပြီးတော့မှ ကျွန်ုပ်တို့ အခန်းရှိရာ ခုနစ်ထပ်သို့ ဆင်းခဲ့လေ၏။ အခန်းသို့ ပြန်ရောက်သောအခါ ခဏသာနားကြပြီး လွန်စွာကြီးမားရှဲ ခမ်းနားလှသော ဝင်းတော်ကြီးကို လေ့လာရန် လှေကားခုနစ် ထပ်ဆင်းခဲ့ကြလေ၏။ တစ်လမ်းလုံး ကျွန်ုပ်တို့ကို တွေ့သမျှ ဝင်းတော်မှူးများ၊ တံခါးမှူးများသည် သီးကြိုကာ အရိုအသေပြု၍ တံခါးများ ဖွင့်ပေးကြလေ၏။

အောက်ဆုံးထပ်သို့ ရောက်သောအခါ ဝင်ပေါက်တံခါးမကြီးကို စောင့်သည့် အစောင့်လေးဦးသည် ကျွန်ုပ်တို့အား အကဲခတ်နေကြသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုသံဟိတ်က အတွင်းတော် ရွှေတံဆိပ်တုံးကို ထုတ်ပြလိုက်ရာ အားလုံး လက်အုပ်ချီကြလေ၏။ ကိုသံဟိတ်က လက်ဟန်ဖြင့် တံခါးဖွင့်ရန် ပြောလိုက်လေရာ တံခါးမှူးများသည် တံခါးကို ပျာပျာသလဲ ဖွင့်ပေးလိုက်ကြတော့၏။

ကျွန်ုပ်တို့နှစ်ယောက်လည်း မြေပြင်ပေါ်သို့ ရောက်လာကြကာ သစ်ပင်ကြီးများ ပြည့်နေအောင် စိုက်ထားသည့် ဝင်းတော်ကြီးအတွင်း လှည့်လည်ကာ ကြည့်ကြလေ၏။ ကိုသံဟိတ်က ဝင်းတံတိုင်းကြီးကို လိုက်၍ကြည့်နေကာ ဆားဘီသို့ ကြည့်လေ၏။ ကျွန်ုပ်တို့နောက်ဘက်တွင် လူတစ်ရပ်မက မြင့်သော ချုံပုတ်ကြီးများက ဖုံးကွယ်နေသည်ဖြစ်ရာ ကိုသံဟိတ်သည် စိတ်ချသွားပုံရလေ၏။

သူ၏ ဘောင်းဘီအိတ်ထဲမှ တံစို့ ပြားပြားကလေးတစ်ချောင်းကို ထုတ်ယူကာ အင်းဂတေ ပွဲနေသည့်နေရာမှ ကျောက်သားအုတ်ခဲတစ်ခုကို ကော်ထုတ်ကြည့်လေ၏။ အတော်ကလေး ခဲရာခဲဆစ် ပြုလုပ်ပြီးသောအခါ ထိုကျောက်အုတ်ကြီးမှာ လှုပ်လာလေတော့၏။ ကိုသံဟိတ်သည် ထိုကျောက်အုတ်ကြီးကို နွှဲ၍ ထုတ်လိုက်ပြီးသောအခါ အခြားကျောက်အုတ်များသည် လွယ်ကူစွာ ထုတ်၍ရသွားလေတော့၏။

ဤသို့နှင့် မှောင်ရီသန်းချိန်လောက်တွင် လူတစ်ယောက် ဝမ်းလျားထိုးကာ ထွက်နိုင်လောက်သည့် အပေါက်ကြီးဖြစ်သွားလေတော့၏။ ကျွန်ုပ်တို့လည်း ထိုအပေါက်ကို ကျောက်အုတ်များဖြင့် နေသားတကျ ပြန်စီကာ ပိတ်ထားလိုက်ကြလေ၏။

"ကဲ ... မောင်တောအုပ်။ ဒီနေရာကို သေသေချာချာ မှတ်ထားပေတော့။ ဘိသေကပွဲကျင်းပတဲ့အချိန်မှာ ရေဆူနီကို ခေါ်ပြီး ဒီအပေါက်က ပြေးရလိမ့်မယ်"

ဟု ကိုသံဟိတ်က ပြောလျှင် -

"ဟင် ရေဆူနီပျောက်သွားတာ သိရင် ဘယ်လိုလုပ်မလဲ"

ဟု ကျွန်ုပ်က စိုးရိမ်စွာဖြင့် မေးလိုက်မိတော့၏။





"မပူနဲ့ မောင်တောအုပ်၊ အဲဒီကိစ္စအတွက် ကျုပ် စီစဉ်မယ်။ သိကို မသိစေရဘူး"

"ဒါဆို ကိုသံဟိတ်က ကျွန်တော်တို့နဲ့ တစ်ပါတည်း မလိုက်ခဲ့ဘူးပေါ့"

"ဟုတ်တယ် မောင်တောအုပ်။ ကျွန်ုပ်က ဒီအဆောက်အဦကြီးကို ဒိုင်းနမိုက်နဲ့ခွဲပြီး ဖြိုဖျက်ရဦးမှာဆိုတော့ ကျုပ်က ကျန်နေခဲ့ရလိမ့်မယ်။ ဒါပေမယ့် မောင်တောအုပ် မပူပါနဲ့၊ ဒီက ကိစ္စပြီးတာနဲ့ တစ်ပြိုင်နက် မောင်တောအုပ်တို့ကို မီအောင် ကျုပ် လိုက်ခဲ့ပါမယ်"

ဟု ကိုသံဟိတ်က ပြန်ပြောလျှင် ကျွန်ုပ်လည်း သမီးတော်ကလေးကို ခေါ်၍ ပြေးရမည့်အပေါက်ကို နေရာမမှားရအောင် သေသေချာချာ မှတ်သားလိုက်ရလေ၏။

ထို့နောက် ကျွန်ုပ်တို့သည် ဟန့်တားသူမရှိဘဲ အခန်းသို့ ပြန်ရောက်ခဲ့ကြကာ ညစာစား၍ အနားယူကြရလေ၏။

●

www.burmeseclassic.com

www.burmeseclassic.com

## လမ်းကြောင်းရွေးပြီ

နောက်တစ်နေ့မနက်တွင် ကျွန်ုပ်နှင့် ကိုသံပတ်သည် ဝင်းတော်မှူး အား အတွင်းတော်တံဆိပ်ပြ၍ ဝင်းတော်ကြီးမှ ထွက်လာခဲ့လေ၏။

ပြီးလျှင် ကျွန်ုပ်တို့ ပစ္စည်းများ ဝှက်ထားခဲ့သော ကျောက်ဂူသို့ သုတ်ခြေတင်ရလေ၏။ နှင်းပွင့်များ တူးလိုက်သောအခါ ကျွန်ုပ်တို့၏ ကြိုးခွေ များသည်လည်းကောင်း၊ ဒိုင်းနမိုက်နှင့် သေနတ်များ ထည့်ထားသည့် အိတ် များသည်လည်းကောင်း၊ ခြေရာလက်ရာမပျက် ရှိနေလေရာ ယူဆောင်လာခဲ့ ကြရတော့၏။

ဝင်းတော်ကြီးကို ပတ်သွားကာ ကျွန်ုပ်တို့ ဖောက်ထားသော အပေါက်အနီးရှိ ချုံပုတ်ကြီးတစ်ခုထဲတွင် ပစ္စည်းများကို လုံခြုံစွာ ဝှက်ထား ခဲ့ပြီးနောက် ဝင်းတော်ကြီး၏ ဝင်ပေါက်မှ ဣန္ဒြေရရ ပြန်ဝင်ခဲ့ကြလေတော့၏။

ကျွန်ုပ်တို့လည်း ထိုနေ့တစ်နေ့လုံး အဆောက်အဦကြီးတစ်ခုလုံးကို အသေးစိတ်လှည့်လည်၍ ကြည့်ကြလေ၏။ ကိုသံပတ်လည်း ဒိုင်းနမိုက် ဖောက်ရမည့် နေရာများကို မှတ်သားလေ့လာနေတော့၏။

ပြီးလျှင် ဖောက်ထားသောအပေါက်မှ သမီးတော်လေးကို ခေါ် ၍ပြေးလျှင် မည်သည့်ဘက်သို့ ဦးတည်ပြေးရမည်ကို ကိုသံပတ်က ပြတင်း





ပေါက်မှ သေသေချာချာ ပြသလေ၏။ ကျွန်ုပ်ကလည်း အောက်ဆုံးထပ်မှ နောက်ဘက်တံခါးကြီး ဖွင့်ပုံဖွင့်နည်းကို လေ့လာမှတ်သားထားရလေ၏။

ကျွန်ုပ်၏တာဝန်မှာ သမီးတော်လေး ရေဆူနီကိုခေါ်၍ လွတ်အောင် ပြေးရမည် ဖြစ်သောကြောင့် တစ်စက်ကလေးမျှ ပေါ့လျော့၍မရကြောင်း တွေးမိလေ၏။ သို့သော် ကျွန်ုပ်၏ စိတ်ထဲတွင် မည်သို့သော အခက်အခဲ တွေ့ကြုံရသည် ဖြစ်စေ ရင်ဆိုင်၍ သမီးတော်ကလေးကို မဟာရာဂျာတို့ထံသို့ အရောက်ပို့ပေးမည် ဟု ယတိပြတ်ဆုံးဖြတ်ထားလိုက်လေ၏။

"မောင်တောအုပ်ရေ ညစာ ထမင်းစားပြီးရင်တော့ ဒိုင်းနမိုက်တွေကို အခန်းထဲရောက်အောင် သယ်ရမှာပဲ။ သတိ ဝီရိယတော့ ရှိပါစေကွယ့်နော်"

ဟု ကိုသံပတ်က ကျွန်ုပ်ကို သတိပေးလေ၏။ ညစာစားပြီးသော အခါ ကျွန်ုပ်တို့သည် ဝင်းကြီးအတွင်းသို့ ဆင်းခဲ့ကြလေ၏။ ကျွန်ုပ်တို့အား ညဝတ်အိပ်ရန် ထုတ်ပေးထားသော အကျီရှည်ပွပွကြီးများကို အပေါ်မှ ထပ်ဝတ်လာခဲ့ကြလေ၏။ ဝင်းတော်ကြီး၏နောက်ဘက်သို့ ရောက်သောအခါ ချုံပုတ်များကို အကာအကွယ်ယူကာ ဖောက်ထားသော ကျောက်အုတ်များကို ထုတ်ယူ၍ ကျွန်ုပ်က အပြင်သို့ ဝမ်းလျားထိုးကာ ထွက်ခဲ့ရလေ၏။

ပြီးလျှင် ကျွန်ုပ်တို့ ပစ္စည်းဝှက်ထားသော ချုံပုတ်ကြီးအတွင်းသို့ ဝင်ကာ ဒိုင်းနမိုက်များ၊ သေနတ်များကို ယူခဲ့ရလေ၏။

ဝင်းအတွင်းသို့ ပြန်ရောက်သောအခါ သေနတ်နှင့် ကျည်ဆန်များ ကို စနစ်တကျ ဝှက်လိုက်ကြရလေ၏။ ထို့နောက် ဒိုင်းနမိုက်များကို ကို သံပတ်၏ ကိုယ်တွင်လည်းကောင်း၊ ကျွန်ုပ်၏ကိုယ်တွင်လည်းကောင်း ကြိုးများနှင့်သိကာ ချိတ်လိုက်ကြရလေ၏။

ပြီးမှ အပေါ်မှ အကျီပွကြီးများကို ပြန်ဝတ်ကာ အပေါက်ကို သေသေချာချာ ပြန်ပိတ်ခဲ့ကြတော့၏။ အစောင့်များ မြင်သာအောင် ဝင်း တော်ကြီးအရှေ့ဘက်မှ အဆောက်အဦကြီးရှေ့တွင် ဟိုလျှောက်သည် လျှောက်၊ ဟိုကြည့်သည်ကြည့်ပြုလုပ်ကာ အတွင်းသို့ ပြန်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းသို့ ပြန်ရောက်ပြီးလျှင် ဒိုင်းနမိုက်နှင့် သေနတ်များကို ဝှ
ကြရလေ၏။ ကျွန်ုပ်တို့နှစ်ယောက် လက်နက်များ ဝှက်ပြီးသည့်အချိန်မှာ
တံခါးခေါက်သံပေါ်သဖြင့် ကျွန်ုပ်မှာ လန့်သွားလေတော့၏။

တံခါးဖွင့်ပေးလိုက်သောအခါ ဝတ်ရုံအစိမ်းဝတ်ထားသော ဂိုဏ်
ထောက်တစ်ယောက်ဝင်လာပြီး ရှေးခေတ်က ဘုရင်များ၏ စာချွန်လွှာကဲ့
အဝတ်စပေါ်တွင် စာရေးထားသော စာချွန်လိပ်ကလေးကို ဖြည်လိုက်က

"ပညာအဆင့်မြင့်မားလှသော ကမ်ပူချားဂိုဏ်းချုပ်ကြီး၊ ဟိမဝန္တ
သခင်မရဲ့ အမိန့်စာပါတယ်၊ နာခံရန် အသင့်ပြင်ပါ"

ဟု ထိုဂိုဏ်းထောက်ကြီးက ပြောလျှင် ကိုသံဟိတ်ရော ကျွန်ုပ်
မိဖုရား မာယာဝတီ သင်ပေးထားသည့်အတိုင်း မဆိုင်းမတွေ ထောက်ထိုင်လိုက်
လေ၏။

"ဟိမဝန္တာ ဂိုဏ်းတော်ကြီး၏ ဖိတ်ကြားချက်အရ ကြွရောက်လာ
ကြသော အတိုင်းတိုင်း အပြည်ပြည်မှ ဂိုဏ်းချုပ်ကြီးများသည် ဤဂိုဏ်
တော်ကြီးသို့ သတ်မှတ်သည့်ရက်တွင် အားလုံး စုံညီစွာ ရောက်လာ
ပြီဖြစ်သဖြင့် မနက်ဖြန် နံနက် နေထွက်သည့်အချိန်တွင် ဂိုဏ်းတော်ကြီး
အစည်းအဝေး ခန်းမကြီးရှိရာ လေးထပ်သို့ မပျက်မကွက် အရောက်လာ
ကြရမည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ဟိမဝန္တာဂိုဏ်းကြီး၏ သခင်မ အမိန့်
တော်"

ဟု ဂိုဏ်းထောက်ကြီးက အမိန့်တော်ကို ဖတ်ပြလိုက်သောအ
ကျွန်ုပ်တို့နှစ်ဦးက ဂိုဏ်းထုံးစံနှင့်အညီ ညာလက်ဖဝါးဖြင့် ဘယ်ဘက်ရင်အုံ
အုပ်ပြလိုက်ကြလေ၏။ ဤသင်္ကေတမှာ အမိန့်တော်ကို နာခံပါမည်
ပြသသော သင်္ကေတပင် ဖြစ်လေ၏။

ထိုအခါ ဂိုဏ်းထောက်ကြီးက ကိုသံဟိတ်အတွက် အဝါရောင်ဝ
စုံနှင့် လိုက်ဖက်မည့် အဝါရောင်ရွှေချည်ထိုး ခေါင်းစွပ်တစ်ခုကိုလည်းကော
ကျွန်ုပ်အတွက် နက်ပြာရောင် ခေါင်းစွပ်တစ်ခုကိုလည်းကောင်း ပေးခဲ့လေ

"အစည်းအဝေးခန်းကိုလာလျှင် ဒီမျက်နှာဖုံးခေါင်းစွပ်ကို စွပ်ခဲ့





တို့သည် လျှို့ဝှက်ဂိုဏ်းသားများဖြစ်သဖြင့် တစ်ဦးနှင့်တစ်ဦး၊ သိခွင့်မရှိကြ
ပြီးတော့ ဂိုဏ်းချုပ်ကြီးများကသာ ခန်းမထဲရှိ ထိုင်ခုံများတွင် ကိုယ့်နိုင်ငံ
လိုက် ဝင်ထိုင်ရမှာ ဖြစ်ပါတယ်၊ တပည့်အနေနဲ့က ဝင်ထိုင်ခွင့်မရှိပါဘူး။
ည်းအဝေး ခန်းမကြီးရဲ့ အောက်ပတ်ပတ်လည်မှာ မတ်တတ်ရပ်နေကြရမှာ
ဖြစ်ပါတယ်"

ဟုပြောကာ ချာခနဲ လှည့်ထွက်သွားလေတော့၏။

ကျွန်ုပ်တို့နှစ်ယောက်လည်း ခေါင်းစွပ်များကို စွပ်ကြည့်ကာ မျက်
ပေါက်၊ နှာခေါင်းပေါက်နှင့် ပါးစပ်ပေါက်ပါသော ခေါင်းစွပ်များကို လှေ
ကြပြီး ထိုညအဖို့ နှစ်ခြိုက်စွာ အိပ်လိုက်ကြလေတော့။

●

www.burmeseclassic.com

## ဂိုဏ်းတော်ကြီး၏ ညည်းဝေးပွဲ

လေးထပ်တွင်ရှိသော အစည်းဝေးခန်းမကြီးသို့ ကျွန်ုပ်တို့ ရော
သောအခါ ဂိုဏ်းချုပ်အချို့သည် မိမိ၏ အဆင့်အတန်းနှင့် လျော်ညီ
ထုတ်ပေးထားသော ဝတ်စုံများကို ဝတ်၍ မျက်နှာဖုံးခေါင်းစွပ်များကို
ထားကြသည်ကို တွေ့ရလေ၏။ ကိုသံပတိတ်သည် ခန်းမအလယ်မှ ထိုင်ခုံမျ
တွင် ဝင်ရောက်ထိုင်လိုက်ပြီး ကျွန်ုပ်ကမူ တခြားနိုင်ငံမှ တပည့်အဆ
ရှိသူများနှင့် ရော၍ နံရံဘေးတွင် ရပ်နေလိုက်ရလေ၏။ အခန်းနံရံများတွ
မီးတိုင်များ ထွန်းထားလေရာ ခန်းမကြီးတစ်ခုလုံး လင်းထိန်နေလေ
တပြည်းပြည်းနှင့် ခန်းမကြီးထဲမှ ထိုင်ခုံများလည်း ပြည့်သွားကာ မတ်တ
ရပ်နေသူများမှာလည်း အခန်းကြီး တစ်ပတ်လုံးပြည့်သွားလေ၏။

အတန်ကြာလျှင် မီးတိုင်များ လင်းနေအောင် ထွန်းထားသည
ရှေ့ဆုံးမှ စင်မြင့်ကြီးပေါ်သို့ နဂါးတောင်ဝှေးကိုင် ဆောင်ထားသော ပ
ဟိတ်ကြီးနှစ်ဦး တက်လာလေ၏။ ထိုပရောဟိတ်ကြီးများမှာ ကျွန်ုပ်တို့အ
သခင်မဆီသို့ ခေါ်သွားပေးသော ပရောဟိတ်ကြီးများပင် ဖြစ်လေ၏။

"မကြာခင်အချိန်မှာ ဟိမဝန္တာဂိုဏ်းတော်ကြီးရဲ့ အစည်းအဝေးပွဲကြ
စတော့မှာ ဖြစ်တယ်၊ ဒီစင်မြင့်ပေါ်ကို ဟိမဝန္တာသခင်မ ကြွလာတော့မှ





ပါတယ်။ အဲဒီလို သခင်မ ကြွလာတဲ့အချိန်မှာ ဂိုဏ်းချုပ်ကြီးတွေအား
ကာ မတ်တတ်ရပ်ပြီး အရိုအသေ ပေးရပါ့မယ်'

ဟု ပရောဟိတ်ကြီးတစ်ယောက်က အသံကျယ်ကြီးနှင့် ပြောလိုက်
ခန်းမကြီးအတွင်း ဟိန်းထွက်သွားလေ၏။

ဂိုဏ်းချုပ်များရော၊ ကျွန်ုပ်တို့တပည့် ဖြစ်သူများပါ ငြိမ်သက်သွား
ကြလေတော့၏။ ခဏအကြာတွင် ခရုသင်းမှုတ်သံများ ပေါ်လာလေ၏။

''အားလုံး မတ်တတ်ရပ်ကြပါ၊ ဟိမဝန္တာသခင်မ ကြွလာပါပြီ''

ဟု ပရောဟိတ်ကြီးက အော်လိုက်လျှင် ဂိုဏ်းချုပ်များအားလုံး
တတ်ရပ်လိုက်ကြလေ၏။

သခင်မသည် အနက်ရောင်ဝတ်စုံရှည်ကြီးကို ဝတ်ထားကာ ခေါင်း
တွင်လည်း ဖာပဝါအနက်ကို လွှမ်းခြုံထားလေ၏။ အနက်ရောင် ဝတ်စုံ
တွင် ရွှေချည်များ အပြည့်ထိုးထားလေရာ မီးရောင်အောက်တွင် တလက်
တောက်ပနေလေ၏။ မျက်နှာကို အုပ်ထားသော ဖာပဝါပေါ်တွင်
နာမျိုးစုံစီထားသည့် ရွှေသရဖူကို ဆောင်းထားပြီး လည်တိုင်တွင် အလွန်
င်းသည့် စိန်ကြီးတစ်လုံး မြှုပ်ထားသော လည်ဆွဲရှည်ကြီးကို ဆွဲထား
၏။ လက်တွင် ရွှေအစစ်နှင့် ပြုလုပ်ထားသည့် ကြယ်တစ်ပွင့်ပါသော
ချိုင်းတန်ကို ကိုင်ထားလေ၏။

စင်မြင့်အလယ်မှ ရတနာများစီခြယ်ထားသည့် ရတနာထိုင်ခုံတော်
ငြိမ်ငြိမ်သက်သက် ထိုင်လိုက်စဉ်တွင် ဂိုဏ်းချုပ်များက ဂိုဏ်းတော်ကြီး၏
မှတ်ထားသော မုဒြာသင်္ကေတဖြင့် သခင်မကို အရိုအသေ ပြုကြလေ

ပရောဟိတ်ကြီးနှစ်ပါးနှင့် သခင်မအား ခြံရံ၍ လိုက်ပါလာသော
တော်နှစ်ပါးကလည်း မိမိတို့ဆိုင်ရာ မုဒြာသင်္ကေတများဖြင့် အရိုအသေပြု
ရလေ၏။

ကျွန်ုပ်တို့ တပည့်အဆင့်ရှိသူများကလည်း မိမိတို့အဆင့်ဆိုင်ရာ
ကေတဖြင့် အရိုအသေ ပေးကြရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ခရုသင်းမှုတ်သော အသံများသည် တစ်ပြိုင်နက်ထ... ထွက်ပေါ်လာလေ၏။ သခင်မကမူ ရတနာထိုင်ခုံတွင် ထိုင်လျက်က သူ... ဓွေကျိုင်းတန်ကို မြှောက်ကာ အရိုအသေပြုခြင်းကို ခံယူလေ၏။

ထို့နောက် သခင်မက လက်ပြလိုက်သောအခါ ဂိုဏ်းချုပ်ကြီးများ... ထိုင်ခုံတွင် ထိုင်လိုက်ကြလေ၏။ ထိုအချိန်တွင် ပရောဟိတ်ကြီးက ဂိုဏ်းတေ... ကြီး၏ စည်းဝေးပွဲကြီးကို စတင်ပြီးဖြစ်ကြောင်း ကြေညာလေ၏။

ပြီးလျှင် အစည်းအဝေးကြီးတစ်ခုနှင့် တစ်ခုကြားတွင် (၁၀) နှစ်... သည့်အကြောင်း၊ ယခုအခါ ဂိုဏ်းတော်ကြီး၏ အိမ်ရှေ့စံသခင်မအ... လျာထားသော သခင်မကလေးသည် သက်တော်တစ်ဆယ့်ခြောက်နှစ်ပြည့်... ဖြစ်သဖြင့် ဘိသေကပွဲဆင်ယင်ရန် အချိန်ကာလနှင့် ကြုံကြိုက်နေသော... ကြောင့် စည်းဝေးပွဲကို တစ်နှစ်စော၍ (၉) နှစ်နှင့်ပင် ကျင်းပလိုက်ရသည့်... အကြောင်းကို ရှင်းပြလေ၏။

ပြီးလျှင် ၁၀ နှစ်တာကာလအတွင်း ဂိုဏ်းတော်ကြီး၏ တိုးတက်... မှုအခြေအနေ၊ ပြုပြင်ရန်လိုသည့်အကြောင်းအရာများ၊ ပညာစခန်းတ... ရောက်မှုအားနည်းကြသည့်အကြောင်း၊ ယခုထက်ပို၍ ပညာစခန်းကို တ... ကြဖို့ တိုက်တွန်းလိုသည့် အကြောင်းများကို အသေးစိတ် ပြောလေ၏...

ထို့နောက် ဂိုဏ်းတော်ကြီး၏ ဂိုဏ်းချုပ်ကြီးများ၊ ဂိုဏ်းဝင်မျ... အနေနှင့် ရှေးအစဉ်အလာမပျက် လိုက်နာကြရမည့်အကြောင်း၊ မိမိတို့အနေ... တာဝန်ယူထိန်းသိမ်းနေကြသည့် ဂိုဏ်းတော်ကြီး၏ ပညာများကို ကျစ်လျစ်... သိုဝှက်ထားကြရန် ဂိုဏ်းဝင်များကို လျှို့ဝှက်စွာ လက်ခံပြီးလျှင် ပညာရပ်... ကို လျှို့ဝှက်စွာ ဖြန့်ဖြူးပေးရန်တို့ကို မှာကြားလေ၏။

ပြီးလျှင် ဘိသေကပွဲသဘင်ကို ကြေညာလေတော့၏။

"ကြွလာတဲ့ ဂိုဏ်းချုပ်ကြီးများ သိစေလိုသည်မှာ မနက်... နေထွက်စ အချိန်သည် အလွန်ကောင်းမြတ်လှသော အခါသမယ ဖြစ်နေ... တယ်။ ဂိုဏ်းတော်ကြီးရဲ့ ရှေးအစဉ်အလာအတိုင်း ဘိသေကသဘင် ဆ... ယင်ဖို့ နက္ခတ်အနေအထားအားလုံး ပြည့်စုံနေပါတယ်။ ဒါကြောင့် မနက်...





နက် အရုဏ်တက်အချိန်မှာ ဂိုဏ်းချုပ်ကြီးများအားလုံး ဒီခန်းမထဲမှာ ကြွရောက်လာရပါတယ်။ နေထွက်ထွက်ခြင်းအချိန်မှာ အိမ်ရှေ့စံ သခင်မကလေးကို ဘိသိက်သွန်းလောင်း၍ ဘိသေကသဘင်ကို မင်္ဂလာရှိစွာ စီရင်မှာဖြစ်ပါတယ်'

ဟု ပရောဟိတ်ကြီးက အသံကျယ်ကြီးနှင့် ပြောလိုက်ပြီးလျှင် နောက်သို့ ဆုတ်သွားလေ၏။ ထိုအချိန်တွင် သခင်မက သူမ၏ လက်ထဲမှ ဓွေကျိုင်းတုတ်ကို တုံးလုံးလှဲ၍ကိုင်ကာ မြှောက်ပြလိုက်သည့်အခါ ဒုတိယ ပရောဟိတ်ကြီးက ရှေ့သို့ ထွက်လာပြီး –

"ကြွရောက်လာတဲ့ ဂိုဏ်းချုပ်ကြီးတို့ အခုတစ်ကြိမ် အစည်းအဝေးပွဲကို ကျင်းပဖို့ ခေါ်ယူတဲ့အခါမှာ ဂိုဏ်းတော်ကြီးအနေနဲ့ အဖြစ်အပျက်တစ်ခုကို ကြုံရပါတယ်။ အဲဒါကတော့ နိုင်ငံတစ်ခုက ဂိုဏ်းချုပ်နဲ့ သူ့တပည့်တို့ကို ဒီစည်းဝေးပွဲကြီးအလာမှာ မသမာတဲ့ လူတစ်စုက အိန္ဒိယကနေ စောင့်ပြီး ဖမ်းသွားခဲ့ပါတယ်"

"ဟာ"

ကျွန်ုပ်၏ ပါးစပ်မှ တိုးတိုးကလေး အော်လိုက်မိလေ၏။ ရင်ထဲတွင်လည်း တဒိန်းဒိန်း ခုန်သွားလေတော့၏။

"အဲဒီလို ဖမ်းသွားပြီးတဲ့နောက် အဲဒီ လူယုတ်မာတွေထဲ လူနှစ်ယောက်ဟာ အဖမ်းခံထားရတဲ့ ဂိုဏ်းချုပ်ကြီးနဲ့ သူ့တပည့်အဖြစ် အယောင်ဆောင်ပြီး ဂိုဏ်းတော်ကြီးထဲကို ရောက်လာခဲ့ပါတယ်"

"ဘုရား ... ဘုရား သွားပါပြီ"

ဟု ကျွန်ုပ်စိတ်ထဲမှ ပြောလိုက်မိလေတော့၏။

"ကျုပ်တို့ ဂိုဏ်းတော်ကြီးအနေနဲ့ အားလုံးကြို သိထားသော်လည်း မသိဟန်ဆောင်ပြီး လွှတ်ထားခဲ့ပါတယ်။ သူတို့တွေ ဘာအကြံနဲ့ လာတယ်ဆိုတာ သိချင်လို့ပါ။ ဒီတော့ သူတို့နှစ်ယောက်ကလည်း တဖြည်းဖြည်း အတင့်ရဲလာပါတယ်။ မနေ့ကတော့ သူတို့ ဘာရည်ရွယ်ချက်နဲ့ လာတယ်ဆိုတာကို ကျုပ်တို့ သိသွားပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



“အောင်မယ်လေး ဘုရား ကယ်ပါ၊ ဒီတစ်ခါတော့ မရှုမလှ သေရပါတော့မယ်” ဟု ကျွန်ုပ်က တွေးလိုက်မိလေတော့၏။ လက်ဖျားများလည်း အေးစက်လာလေ၏။

“အခုတော့ သူတို့ကို ဖမ်းလိုက်ပါပြီ”

“ဟင်း ... တော်ပါသေးရဲ့၊ တို့မှ မဟုတ်တာ”

ဟု ကျွန်ုပ် စိတ်တွင်းမှ ပြောလိုက်မိလေ၏။

“သူတို့လာတဲ့ ရည်ရွယ်ချက်က ဂိုဏ်းတော်ကြီးရဲ့ စာပေတိုက်ကြီးထဲက ကမ္ဘာအနှံ့အပြားမှာရှိတဲ့ ဥစ္စာသိုက်ကြီးတွေရဲ့နေရာကို ခိုးကူးဖို့ ဝင်လာကြတာပါ။ အဲဒီတော့ ဂိုဏ်းတော်ကြီးရဲ့ ထုံးစံအတိုင်း ဂိုဏ်းတော်ကြီးရဲ့ ရန်သူတွေကို သုတ်သင်ပစ်ရပါလိမ့်မယ်။ အဲဒီတော့ ဂိုဏ်းချုပ်ကြီးတွေရော တပည့်တွေပါ နှစ်ထပ်က ပြစ်ဒဏ်ခန်းမကို သွားကြပါ။ သခင်မ ပြန်ကြွစဉ်မှာ အားလုံး အရိုအသေပေးကြရမယ်။ ဂိုဏ်းတော်ကြီးရဲ့ အစည်းအဝေးကို ဒီနေ့အတွက် နားလိုက်ပါပြီ။ မနက်ဖြန် ဘိသေကပွဲအပြီးမှာ စည်းဝေးပွဲကို ဆက်ပြီး ကျင်းပမှာ ဖြစ်ပါတယ်”

ဟု ဂိုဏ်းထောက်ကြီးက ပြောလိုက်လျှင် ခရုသင်းမှုတ်သံများ ပေါ်လာလေ၏။

သခင်မလည်း ရတနာထိုင်ခုံမှ မတ်တတ်ထရပ်လိုက်လေ၏။ ဂိုဏ်းချုပ်ကြီးများလည်း တစ်ညီတစ်ညွတ်လည်း မတ်တတ်ရပ်ကာ အရိုအသေပေးကြလေ၏။ ပရောဟိတ်ကြီးများ၊ ရံရွေတော်များနှင့် ကျွန်ုပ်တို့တပည့်များကပါ အရိုအသေပေးလိုက်ကြလေ၏။

သခင်မသည် စင်မြင့်ပေးမှ ဆင်းသွားလေတော့၏။ ဂိုဏ်းချုပ်ကြီးများနှင့် ကျွန်ုပ်တို့အားလုံးသည် နှစ်ထပ်သို့ ဆင်းလာခဲ့တော့၏။

ပြစ်ဒဏ်ခန်းမကြီးမှာ စပိန်နိုင်ငံမှ နွားရိုင်းသတ်ပွဲကဲ့သို့ စက်ဝိုင်းပုံချိုင့်ကြီးက အလယ်မှာရှိပြီး အုတ်တံတိုင်းကြီး ကာထားကာ အုတ်တံတိုင်းဘေးပတ်လည်တွင် ပွဲကြည့်စင်ကြီးက ပတ်ထားလေ၏။ အားလုံးသော ဂိုဏ်းချုပ်ကြီးများက ပွဲကြည့်စင်ကဲ့သို့ စင်ကြီးများပေါ်တွင် ဝင်၍ ထိုင်လိုက်





ကြပြီး ကျွန်ုပ်တို့ တပည့်များက ဘေးမှ အုတ်နံရံများကို ကပ်ကာ ရပ်နေကြရလေ၏။

ထိုအချိန်တွင် ဟိမဝန္တာသခင်မသည် ခန်းမကြီးထဲသို့ ဝင်လာကာ တရားစီရင်သော ခုံမြင့်ကြီးပေါ်တွင် ဝင်၍ထိုင်လေ၏။ သည့်တစ်ကြိမ်တွင် ရံရွေတော်များ ပါမလာဘဲ ခေါင်းတုံးကြီးလေးယောက်က ခြံရံ၍ လိုက်လာခဲ့လေ၏။

အားလုံးသည် လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်နေကြလေ၏။ ထိုအချိန်တွင် အစိမ်းရောင်ဝတ် ဂိုဏ်းထောက်ကြီးတစ်ယောက်သည် ရှေ့သို့ ထွက်လာကာ သခင်ကို အရိုအသေပြု၍ –

“ဂိုဏ်းချုပ်တွေနဲ့ တပည့်တွေ၊ သခင်မကို အရိုအသေပေးကြပါ”

ဟု အော်ပြောလျှင် ဂိုဏ်းချုပ်ကြီးများသည် ထိုင်နေရာမှ ထလိုက်ကြကာ အရိုအသေ ပေးကြရပြန်၏။

“အားလုံး မတ်တတ်ရပ်နေကြပါ။ ဟိမဝန္တာသခင်မရဲ့ အမိန့်တော်ပြန်တမ်းကို ဖတ်ကြားပါမယ်”

“လွန်စွာမြင့်မြတ်သော အတတ်ပညာတို့ဖြင့် စုဆေးရာ ဤဂိုဏ်းတော်ကြီး အတွင်းသို့ ခိုး၍ဝင်ရောက်ခြင်း၊ ကျွန်ုပ်တို့၏ ဂိုဏ်းချုပ်ကြီးနှင့် တပည့်ဖြစ်သူကို ဖမ်းဆီးထားခြင်း၊ ဂိုဏ်းတော်ကြီး၏ လျှို့ဝှက်ချက်တစ်ခုဖြစ်သော ဥစ္စာသိုက်တို့၏ တည်နေရာကို ခိုးယူခြင်းစသော ပြစ်ဒဏ်များကြောင့် ရာဇဝတ်သားနှစ်ဦးအား မြွေစာကျွေးရန် ကျွန်ုပ် ဟိမဝန္တာသခင်မက အမိန့်တော် ချမှတ်လိုက်သည်”

ဟု ဂိုဏ်းထောက်ကြီးမှ အမိန့်တော်ကို ဖတ်ကြားလိုက်သောအခါ

“ဟိမဝန္တာသခင်မ သက်တော်ရာ ကျော်ရှည်ပါစေ”

ဟု တစ်ညီတစ်ညွတ်တည်း အော်ဟစ်လိုက်ကြလေ၏။ ပြီးလျှင် ကိုယ့်နေရာတွင် ကိုယ်ပြန်ထိုင်လိုက်ကြလေ၏။

စက်ဝိုင်းပုံချိုင့်ခွက်ကြီးကို ကျွန်ုပ်တို့က အပေါ်မှ ငုံ့ကြည့်နေကြရလေ၏။ ကျင်းကြီး၏ အလယ်တွင် အုတ်ခုံတစ်ခုကို တွေ့ရ၏။ ထိုအုတ်ခုံမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းသဏ္ဍာန် ဖြစ်၏။

ထိုစဉ်မှာပင် ခေါင်းတုံးကြီးများက လူနှစ်ယောက်ကို ခေါ်ထုတ်လာလေ၏။ ထိုသူများမှာလည်း ခေါင်းစွပ်များ စွပ်ထားသဖြင့် မည်သူမည်ဝါဟူ၍ မသိရပေ။ ဒယီးဒယိုင်နှင့် ပါလာသော ထိုသူနှစ်ယောက်ကို ခေါင်းတုံးကြီးများက အုတ်ခုံပေါ်သို့ မ,တင်လိုက်ကြလေ၏။ ထိုသူနှစ်ယောက်မှာ မည်သို့မျှ တုတ်နှောင်ထားခြင်း မရှိသော်လည်း ထွက်ပြေးရန်လည်း မကြိုးစား။ ရုန်းကန်ရန်လည်း မကြိုးစားကြဘဲ သတိလစ်မျောနေသူများကဲ့သို့ တောင့်တောင့်ကြီး ရပ်နေကြလေ၏။

ထိုအချိန်တွင် ခေါင်းတုံးကြီးများသည် ပြန်ထွက်သွားကြပြီး တံခါးကြီးကို ပြန်ပိတ်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့ အောက်ဘက်ဆီမှ သံတံခါးကြီးတစ်ခုကို မ,တင်လိုက်သည့် အသံကို ကြားလိုက်ရပြီးနောက် အားလုံးငြိမ်သက်သွားပြန်၏။

ခဏကြာသောအခါ မည်သည့်နေရာမှ မှုတ်လိုက်မှန်း မသိသော အိန္ဒိယနိုင်ငံမှ မြွေအလမ္ပာယ်ဆရာများ သုံးသည့် ပုလွေမှုတ်သံတစ်သံ ထွက်လာလေ၏။

ထိုစဉ်မှာပင် ကြမ်းပြင်နှင့်ဖိ၍ ပွတ်သပ်သည့် အသံကြီးများ ကြားလိုက်ရပြီး ကျွန်ုပ်တို့ ငုံ့ကြည့်နေသော ကျင်းကြီးထဲသို့ မြွေကြီးနှစ်ကောင်သည် လျှော၍ ထွက်လာလေ၏။

"အောင်မယ်လေး"

ဟုပင် ကျွန်ုပ် အသံထွက်အော်လိုက်မိလေ၏။ ကျွန်ုပ်ကဲ့သို့ပင် အခြားသူများထံမှလည်း လန့်အော်လိုက်သော အသံများကို ကြားရလေ၏။

ကျွန်ုပ်တစ်သက်တွင် မြွေအမျိုးမျိုးကို မြင်ဖူးသော်လည်း ဤမျှကြီးမားသော မြွေမျိုးကိုမူ တစ်ခါမျှ မြင်ဖူးခြင်း မရှိခဲ့ပေ။ မြွေကြီးများ၏ လုံးပတ်မှာ ထန်းပင်လုံးခန့် ရှိလေရာ ကျွန်ုပ်ငယ်စဉ်က လူကြီးများ ပြောပြသည့် ပုံပြင်များထဲမှ ထန်းလုံးမြွေဆိုသည်မှာ ဤမြွေမျိုးပင် ဖြစ်လေမည်ဟု တွေးလိုက်မိလေ၏။





မြွေကြီးများသည် ပုလွေသံကို နားထောင်နေပုံရ၏။ ထိုအချိန်တွင် ပုလွေသံသည် သံစဉ် ပြောင်းသွားလေရာ မြွေကြီးများသည်

"ရှူး ရှူး ရှူး ရှူး"

ဟု နှာမှုတ်သံများ ပြုလိုက်ကြလေ၏။ ထိုအချိန်တွင် အုတ်ခုံပေါ်မှ လူနှစ်ယောက်မှ လှုပ်လည်း မလှုပ်၊ ထွက်လည်း မပြေးဘဲ အိပ်မောကျနေသူများကဲ့သို့ ဖြစ်နေကော့၏။

မြွေကြီးများသည် အုတ်ခုံပေါ်သို့ ခေါင်းထိုးတင်လိုက်ကာ လျှောခနဲ တက်သွားလေ၏။ ပြီးလျှင် အုတ်ခုံပေါ်တွင် တောင့်တောင့်ကြီး ရပ်နေသော လူနှစ်ယောက်ကို တစ်ကောင်စီ ရစ်ပတ်ကြလေ၏။

ကျွန်ုပ်၏ ရင်ထဲတွင် အသည်းအူများပင် ပြောင်းပြန်လန်ကုန်လေသလော့မသိ။ အသက်ရှူကျပ်သလို မောကျပ်ကျပ်ကြီး ဖြစ်လာလေ၏။ ကျွန်ုပ်၏ ဘေးမှ ကျွန်ုပ်ကဲ့သို့ တပည့်အဆင့်ရှိသူတစ်ယောက်သည် ကျွန်ုပ်၏ လက်ကို ယောင်၍ ဆုတ်ကိုင်ထားလိုက်သည်မှာ ပြုတ်တူများ၊ ပလာယာများနှင့် ညှပ်ထားသည်ကဲ့သို့ ဖြစ်နေလေရာ ကျွန်ုပ်မှာ ရုန်းလို့ပင် မရနိုင်အောင် ဖြစ်နေတော့၏။ ထိုသို့ ကြည့်နေစဉ်မှာပင် မြွေကြီးများသည် လူတစ်ကိုယ်လုံးကို ပတ်မိသွားကြပြီး ဆွဲဆန့်လိုက်လေ၏။

ကျွန်ုပ်သည် ထ၍ အော်လိုက်မိတော့မည်ကဲ့သို့ ဖြစ်သွားစဉ် ကျွန်ုပ်ကို ဆုတ်ထားသူမှာ တောင့်တောင့်ကြီးဖြစ်သွားသဖြင့် ကျွန်ုပ်က အသာပုတ်လိုက်တော့မှ သတိပြန်ဝင်သွားလေ၏။ ကျွန်ုပ်သာ ထိုသို့ သတိမထားမိလျှင် ထိုသူမှာ မေ့မျောကာ လဲကျသွားပေလိမ့်မည်။

လူကောင်ကြီးများမှာ မြွေကြီးများက အကြိမ်ကြိမ် ဆွဲဆန့်လိုက်သောအခါ ရှည်ရှည်ကြီးများ ဖြစ်သွားကြလေတော့၏။ ထိုအချိန်တွင်မှ မြွေကြီးများသည် ပျော့ဖတ်ဖတ်ကြီး ဖြစ်နေသော လူကောင်များကို ခေါင်းမှစ၍ မြိုကြလေရာ ကျွန်ုပ်မှ ဆက်၍ပင် ကြည့်စိတ်မရှိသော်လည်း အခန်းထဲမှ ထွက်မသွားရဲသောကြောင့်သာ ငြိမ်နေရလေတော့၏။

ထိုမြင်ကွင်းကို ကျေကျေနပ်နပ် ကြည့်နေသော ဟိမဝန္တာသခင်မကို



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမြင်လိုက်မိသောအခါ ကျွန်ုပ်သည် လွန်စွာ အံ့သြမိလေတော့၏။ ဤမျှ လှပသော မိန်းမလှကလေးသည် ဤမျှ ရက်စက်ကြမ်းကြုတ်သော အမိန့်ကို ဤသို့ချမပျက် ထုတ်ပြန်၍ တစ်မိုင်စိမ်အရသာခံ ကြည့်နေနိုင်သည်ကို မည်သို့ နားလည်ရမှန်း မသိတော့ပေ။

ထိုအချိန်တွင် မဟာရာဂျာ၏ သမီးတော်ကလေး ရေဆူနီ၏မျက်နှာ ကလေးသည် ကျွန်ုပ်၏ မျက်စိထဲတွင် ပေါ်လာကာ သမီးတော်ကလေးကို ဤကဲ့သို့သော ရက်စက်ကြမ်းကြုတ်သည့်ဘဝသို့ ရောက်သွားမည်ကို အလွန် စိုးရိမ်မိလေတော့၏။ ကျွန်ုပ်လည်း စိတ်ထဲတွင် သန္နိဋ္ဌာန်တစ်ခုကို အပြီးချလိုက် တော့၏။ ထိုသန္နိဋ္ဌာန်မှာ သမီးတော်လေးကို ကျွန်ုပ်၏ အသက်နှင့် လဲ၍ရ အောင် ကယ်ထုတ်မည်ဟူ၍ပင် ဖြစ်လေတော့၏။

ထိုနေ့က အခန်းသို့ ပြန်ရောက်သောအခါ ကျွန်ုပ်က ကျွန်ုပ်၏ ခံစားရမှုများကို ပြန်ပြောပြသောအခါ ကိုသံဟိတ်ကလည်း

"ဟုတ်တယ် မောင်တောအုပ်၊ မနေ့ကအထိ ကျုပ်စိတ်ထဲမှာ တစ်စက်မှ မပျော်ဘူး။ ဒီအဆောက်အဦကို ဒိုင်းနမိုက်တွေနဲ့ ခွဲပစ်လိုက် တဲ့အချိန်မှာ သခင်မတစ်ယောက် အန္တရာယ်က လွတ်မှ လွတ်ပါ့မလားလို့ တွေးပြီး စိတ်ဆင်းရဲနေခဲ့တာ။ အခုတော့ ကျုပ်စိတ်ထဲမှာ ဘာမှကို မရှိတော့ ဘူး မောင်တောအုပ်ရေ၊ အခု ချက်ချင်းတောင် ထပြီး ခွဲပစ်လိုက်ချင်နေတာ"

ဟု ကိုသံဟိတ်က ပြောလေ၏။

ထိုနေ့တစ်နေ့လုံး ကျွန်ုပ်တို့မှာ အစားလည်း မစားနိုင်၊ အိပ်လည်း မအိပ်နိုင်အောင် ရှိနေကြလေ၏။ ညနေစောင်းသောအခါ ကိုသံဟိတ်သည် သူတစ်ယောက်တည်း ရေဆူနီ၏အခန်းသို့ သွားလေ၏။ အတွင်းရွှေတံဆိပ် ဖြင့် တံခါးဖွင့်နိုင်းကာ ရေဆူနီကို ဝင်တွေ့ပြီးလျှင် ထူးဆန်းသော ဆေးတစ် မျိုးကို ပေးခဲ့ကြောင်း၊ နောက်တစ်နေ့ အစီအစဉ်များကို ထွေရာလေးပါး ပြောဟန်ဆောင်၍ လျှို့ဝှက်သင်္ကေတဖြင့် အားလုံးစီစဉ်ညွှန် ကြားခဲ့ကြောင်း ကျွန်ုပ်အား ပြန်ပြောပြလေ၏။

●

## ဟိမဝန္တာမှအပြန်

ဂိုဏ်းတော်ကြီးအတွင်း၌ ကျွန်ုပ်တို့ရှိနေစဉ်ကာလအတွင်း ဂိုဏ်း ချုပ်များ တစ်ယောက်နှင့်တစ်ယောက် တွေ့ခွင့်မရှိပေ။ မည်သူသည် မည် သည့်နေရာတွင် ရှိနေမှန်း မသိပေ။ ကျွန်ုပ်တို့ကိုသာ မရောက်ဖူးသေးသော နေရာဖြစ်သဖြင့် လည်ပတ်ကြည့်ရှုခွင့်ကို သခင်မ၏ အတွင်းတော် တံဆိပ် ချီးမြှင့်၍ အခွင့်အရေးပေးထားခြင်း ဖြစ်၏။

အခြားဂိုဏ်းချုပ်များမှာ မိမိအားပေးထားသော အခန်းတွင်းမှ အပြင် သို့ ထွက်ခွင့် အရှင်းမပြုခဲ့ပေ။ ခေါင်းတုံးကြီးများက နေရာအနှံ့ မပြတ်အောင် စောင့်ကြည့်နေကြလေ၏။

ဤနေ့သည်ကား ဘိသေကသဘင် ရှိသဖြင့် ကြိုတောင့်ကြိုခဲ နေ့ထူးနေ့မြတ် ဖြစ်လေရာ အစောင့်ခေါင်းတုံးများလည်း ယခင်နေ့များလောက် တင်းတင်းကျပ်ကျပ် စောင့်နေခြင်း မပြုကြတော့ပေ။

ကိုသံဟိတ်က သူ စီစဉ်ထားပုံကို ကျွန်ုပ်အား ပြောပြလေ၏။

"မောင်တောအုပ်၊ မနေ့ကညနေမှာ ကျုပ် ရေဆူနီဆီကို ရောက် တယ်။ အင်မတန် ထူးဆန်းတဲ့ ဆေးတစ်မျိုးကိုလည်း ရေဆူနီကို ပေးခဲ့တယ်။ အဲဒီဆေးက လူတစ်ယောက်ရဲ့ ဝမ်းထဲရောက်တာနဲ့ တစ်ပြိုင်နက်တည်းမှာ



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူဟာ မိန်းမောသွားတယ်ကွယ့်။ သတိမေ့တာမျိုးလည်း မဟုတ်ဘူး။ ဘာကိုမှ ရေရေရာရာ မသိတော့ဘဲ သိသလို မသိသလိုနဲ့ ဖြစ်သွားတယ်။ ဝေဝေဝါးဝါး အသိမျိုးပဲ သူ့မှာ ရှိတယ်။ အဲဒီဆေးနဲ့ အလုပ်စဖို့ ရေဆူနီကလေးကို ကျုပ် သေသေချာချာ ပြောခဲ့တယ်ကွယ့်"

"ဟင် ဒီဆေးနဲ့ ရေဆူနီက ဘာလုပ်ရမှာလဲဗျ။ သူ သောက်ရမှာလား"

ဟု ကျွန်ုပ်က နားမလည်သလို မေးလိုက်တော့၏။

"ဟာ ... မဟုတ်ဘူးလေ မောင်တောအုပ်ရဲ့။ ဟိုနေ့က ရေဆူနီကလေးကို ဝင်ပြီး တွေ့တဲ့အချိန်မှာ သူ့ရဲ့ ဘယ်ဘက်က ရုံ့ရွှေတော်ကလေးကို မောင်တောအုပ် သတိထားမိသလား မသိဘူး"

"ဪ ... သိပြီ ကိုသံဟိတ်၊ ရေဆူနီက သူ့ကို အာနီကာလို့ ခေါ်သံကြားလိုက်ရတယ်။ ပြီးတော့ အဲဒီနေ့က ကိုသံဟိတ် အာနီကာလေးကို မကြာမကြာ အကဲခတ်ကြည့်နေတာလည်း ကျွန်တော် သတိထားမိတယ်ဗျ"

"ဟာ ... ဟုတ်တာပေါ့ မောင်တောအုပ်ရဲ့။ အဲဒီအာနီကာနဲ့ ရေဆူနီဟာ ကိုယ်လုံးလေးရော၊ အရပ်ကလေးပါ ပုံစံတူကြတယ်လေ။ မောင်တောအုပ် အမှတ်တမဲ့ ဖြစ်သွားလို့ သတိမထားမိတာ ဖြစ်လိမ့်မယ်။ ကျုပ်က အဲဒီနေ့ကတည်းက ဘယ်လိုလုပ်ရမယ်ဆိုတာ ချက်ချင်း တွေးလိုက်မိတယ်ကွယ့်။ ဒီမနက် ဘိသေကပွဲ တက်ဖို့အတွက် ရေဆူနီရဲ့ အခန်းထဲမှာ အာနီကာက ရေဆူနီကို ဘိသေက ဝတ်စုံကြီး ဝတ်ဆင်ပေးရမယ်။ ကျန်တဲ့ ရုံ့ရွှေတော်တွေကို ရေဆူနီက ဥပါယ်တံမျဉ်နဲ့ အပြင်ကို နိုင်းစေထားရမယ်။ လူရှင်းတဲ့အချိန်မှာ အာနီကာကို ဆေးခပ်ထားတဲ့ အစားအသောက်တစ်ခု ကျွေးရမယ်။ အာနီကာ မိန်းမောသွားတဲ့အခါ ဘိသေကဝတ်စုံကို အာနီကာကို ဝတ်ပေးလိုက်ပြီး ညဉ့်ခန်းက ရတနာသလွန်မှာ သွားထိုင်နိုင်းရမယ်။ ရေဆူနီကတော့ အာနီကာရဲ့ အဝတ်တွေကိုလည်း ဝတ်ပြီး ရုံ့ရွှေတော်တွေ ပြန်မလာခင် တစ်နေရာမှာ ဝင်ပုန်းနေရမယ်"

ဟု ကိုသံဟိတ်က ပြောပြလေ၏။





"နေပါဦး ကိုသံဟိတ်ရဲ့၊ ကျန်တဲ့ ရုံ့ရွှေတော်တွေကို ရေဆူနီက တစ်နေရာကို နိုင်းလိုက်မယ်။ သူတို့ ပြန်လာတော့ ဘိသေက ဝတ်စုံအပြည့်နဲ့ အပဝါလေးမျက်နှာမှာ အုပ်ချထားပြီး ရွှေသရဖူလေးဆောင်း၊ ရတနာသလွန်မှာ ငြိမ်ငြိမ်ကလေး ထိုင်နေတဲ့ အာနီကာကို ရေဆူနီ သခင်မကလေးလို့ပဲ ထင်ကြမယ်။ အဲဒါကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် အာနီကာ ပျောက်နေတဲ့အတွက် သံသယ ဖြစ်မသွားနိုင်ဘူးလားဗျ"

ဟု ကျွန်ုပ်က မေးလိုက်လေ၏။

"မဖြစ်နိုင်ပါဘူး မောင်တောအုပ်၊ အခုလောက်ဆိုရင် ကျုပ် ပြောထားတဲ့အတိုင်း ရေဆူနီက လုပ်ငန်းတောင် စ,နေလောက်ပြီကွယ့်။ မကြာခင်မှာ အရုဏ်တက်မယ်။ နေမထွက်ခင် အရုဏ်တက်မှာ အစည်းဝေးခန်းမထဲကို အားလုံးသွားကြရမှာလေဗျာ။ အခုလို မှောင်မှောင်မည်းမည်းနဲ့ မီးတိုင်ကလေးတွေ မလင်းတလင်းအောက်မှာ ဘိသေက ဝတ်စုံ ဝတ်ထားတာဟာ ရေဆူနီ ဟုတ်မဟုတ်ဆိုတာ ဘယ်သူမှ မသိနိုင်သလို အာနီကာ ပျောက်နေတာလည်း သူ့သခင်မက တစ်နေရာရာကို နိုင်းလိုက်တယ်လို့ပဲ ထင်မှာပေါ့ဗျာ"

ဟု ကိုသံဟိတ်က ပြောလိုက်လျှင် ကျွန်ုပ်လည်း အချိန်အလွန်နီးနေပြီဖြစ်သဖြင့် သေနတ်တွင် ကျည်အပြည့်ထိုးပြီး ပိုသော ကျည်ဆန်အိတ်ကို ဘောင်းဘီအိတ်ထဲသို့ သေသေချာချာ ထည့်လိုက်လေတော့၏။

ကိုသံဟိတ်ကလည်း သူ့ဒိုင်းနမိုက်များကို သေသေချာချာ စစ်ဆေးလေ၏။ ကျွန်ုပ်သည် ကိုသံဟိတ်၏ ညွှန်ကြားချက်အတိုင်း သူ့ကို ထုတ်ပေးထားသည့် ရွှေချည်ထိုးအင်္ကျီဘောင်းဘီများကို ဝတ်ထားရလေ၏။ ပြီးလျှင် သူ့အတွက် ထုတ်ပေးထားသော ခေါင်းစွပ်ကို စွပ်လိုက်ရလေ၏။

ကျွန်ုပ်အတွက် ပေးထားသော ခေါင်းစွပ်နှင့် အဝတ်အစားများကို ခေါက်၍ ထားရလေ၏။ ကျွန်ုပ်၏ အဝတ်အစားများနှင့် ခေါင်းစွပ်မှာ ရေဆူနီအတွက် ဖြစ်လေ၏။

"ကဲ ... ပြီးပြီလား မောင်တောအုပ်၊ ပြီးရင် သွားကြမယ်။ ကျုပ်တို့က လှေကားရင်းကနေ ပုန်းပြီး စောင့်နေရမယ်။ အရုဏ်တက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် အာနီကာတို့ကို ရေဆူနီအမှတ်နဲ့ လာခေါ်သွားကြလိမ့်မယ်။ အာနီကာကလည်း မိန်းမောပြီး ပါသွားမှာပဲ။ အဲဒီအချိန်မှာ ရေဆူနီဟာ ပုန်းနေတဲ့နေရာကနေ ပြန်ထွက်လာလိမ့်မယ်။ သူ့ကို မောင်တောအုပ်ရဲ့ အဝတ်အစားတွေ ခပ်မြန်မြန် လဲပေးရမှာပဲ၊ ကဲ ... သွားစို့"

ဟု ပြောကာ ကိုသံဟိတ်နှင့် ကျွန်ုပ်သည် အခန်းထဲမှ ထွက်လာခဲ့လေတော့၏။

ကျွန်ုပ်တို့ လှေကားရင်းတွင် ပုန်းနေကြ၍ သိပ်မကြာမီမှာပင် ရေဆူနီကလေးသည် ရှုတ်ထပ်မှ ပြေးဆင်းလာလေ၏။ ကိုသံဟိတ်နှင့် ကျွန်ုပ်လည်း ပုန်းနေရာမှ ပြေးထွက်လာကာ ရေဆူနီအား လှေကားထောင့်မှောင်ရိပ်သို့ ခေါ်လာ၍ ကျွန်ုပ်၏ အဝတ်အစားများကို အပြန်လဲခိုင်းလိုက်ရလေ၏။

ရေဆူနီကလည်း ချက်ချင်း ပြုလုပ်လိုက်လေ၏။ ယခုအချိန်တွင် ကျွန်ုပ်က ကမ်ပူးချားဂိုဏ်းချုပ် ဖြစ်နေပြီး ရေဆူနီက ဂိုဏ်းချုပ်ကြီး၏ တပည့် ဖြစ်နေလေတော့၏။

"ကဲ ... မောင်တောအုပ်၊ သမီးတော် ကလေးကို အသက်နဲ့လဲပြီး စောင့်ရှောက်ခေါ်သွားပေတော့။ ဘာပဲကြုံကြုံ မောင်တောအုပ်အနေနဲ့ လက်ဦးမှုရအောင် ယူပေတော့။ ကဲ ... သွားကြ သွားကြ။ နောက်ဘက်က တံခါးမကြီးကို အသံမကြားအောင် ဖွင့်ထွက်သွား မောင်တောအုပ်ရေ"

ဟုပြောကာ ကျွန်ုပ်၏ ပခုံးအား ပုတ်လိုက်လျှင် ကျွန်ုပ်လည်း သမီးတော်ကလေး၏ လက်ကို ဆွဲ၍ ဣန္ဒြေရရ ထွက်လာခဲ့လေ၏။

လှေကားများ တစ်ဆင့်ပြီးတစ်ဆင့် ဆင်းလာခဲ့စဉ် ကျွန်ုပ်တို့နှင့်တွေ့သော ခေါင်းတုံးကြီးများသည် ကျွန်ုပ်လည်း ကမ်ပူးချားဂိုဏ်းချုပ်ကြီးဟုပင် ထင်ကာ အရိုအသေ ပေးသွားကြလေ၏။

အရုဏ်တက်ချိန်ပင်ရှိသေးသဖြင့် အဆောက်အဦကြီးထဲတွင် မီးတိုင်များ၏ ခပ်မှိန်မှိန် အလင်းရောင်သာရှိသဖြင့် သမီးတော်ကလေးကိုလည်း ကမ်ပူးချား ဂိုဏ်းချုပ်ကြီး၏တပည့်ဟုပင် ထင်ကာ မည်သူမျှ သေသေချာချာ မကြည့်ကြပေ။





ဤသို့ဖြင့် အနောက်ဘက်တံခါးမကြီးဆီသို့ ချောချောမောမော ရောက်လာကာ တံခါးမင်းတုပ်ကြီးအား အသံမပြည်အောင် ဖွင့်နိုင်ခဲ့တော့၏။ အပြင်သို့ထွက်လိုက်သည်နှင့် စိမ့်သွားအောင် အေးသည့် ဟိဝန္တာ၏ အအေးဓာတ်က ကျွန်ုပ်တို့အား ဆီးကြိုနေတော့၏။

ကျွန်ုပ်လည်း အနောက်ဘက်မှ အုတ်တံတိုင်းဆီသို့ အမြန်သွားကာ ချောက်ထားသော အုတ်ခဲများကို ဖယ်ထုတ်၍ သမီးတော်ကလေးကို ဝမ်းလျှား ဆိုးထွက်ခိုင်းလိုက်၏။ ပြီးမှ ကျွန်ုပ် ထွက်လိုက်တော့၏။ ချုံပုတ်ကြီးထဲမှာ ဝှက်ထားသော ကျွန်ုပ်၏ ရိက္ခာအိတ်နှင့် ကြိုးခွေကို ထုတ်ယူလိုက်ရလေ၏။ ကိုသံဟိတ်၏ အိတ်ကိုမူ သူ့အတိုင်းထားရစ်ခဲ့တော့၏။

ထိုအချိန်မှစ၍ နှင်းပွင့်များကိုဖြတ်ကာ ကျွန်ုပ်နှင့်သမီးတော်ကလေး တို့သည် ပြေးကြရလေတော့၏။ တမောပြေးလိုက်၊ ရပ်လိုက်နှင့် ခရီးအတန် ငယ် ပေါက်လာခဲ့လေ၏။ ထိုအချိန်တွင် ကျွန်ုပ်တို့နှစ်ယောက်သည် တောင် ကမ်းပါးကြီးတစ်ခုကို ခဲရာခဲဆစ် ဆင်းပြီးကြလေပြီ၊ သမီးတော်ကလေးလည်း အတော်မောပြီဖြစ်သဖြင့် နှင်းပွင့်များ ဖုံးနေသည့် ချုံပုတ်ကြီးတစ်ခုအောက်တွင် ထိုင်ကာ သမီးတော်ကလေးကို ကျွန်ုပ်၏အိတ်ထဲမှာ ရေဘူးနှင့် ဘီစကွတ် မုန့်များ ကျွေးရလေ၏။

ထိုအချိန်မှာပင် အလွန်ပြင်းထန် ကျယ်လောင်သော ပေါက်ကွဲသံ ကြီးများကို ဆက်တိုက်ကြားလိုက်ရလျှင် သမီးတော်ကလေးမှာ လန့်ပြီး ကျွန်ုပ်၏ လက်ကို ဆုပ်ထားလေ၏။

'မကြောက်ပါနဲ့ သမီးတော်ကလေး၊ ကျုပ်ရဲ့မိတ်ဆွေကြီး ကိုသံ ဟိတ်က ဂိုဏ်းတောင်ကြီးကို ဒိုင်းနမိုက်နဲ့ ခွဲလိုက်တာပါ။ ကဲ ... သမီးတော် လေးရေ ခုချိန်ကစပြီး ကျုပ်တို့နောက်ကို အန္တရာယ်တွေ လိုက်လာနိုင်ပြီး ပြေးကြဦးစို့"

ဟု ကျွန်ုပ်က ပြော၍ သမီးတော်လေးကို ထူပေးလိုက်လျှင် သမီးတော်ကလေးမှာ ကျွန်ုပ်နှင့်အတူ ပြေးရပြန်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ ပထမကြားရသော အသံထက် ပိုမိုပြင်းထန်သော ပေါက်ကွဲသံကြီး တစ်ချက်ကို ကြားလိုက်ရလေသည်။ ကျွန်ုပ်တို့လည်း မနားရဲတော့ဘဲ ဆက်၍ ပြေးကြရလေတော့၏။ တောင်တစ်လုံးတွေ့တိုင်း ကုတ်ဖွဲ့တက်ကာ တောင်ထိပ် ရောက်သွားလျှင်လည်း နှင်းပွင့်များကြား ခဲရာခဲဆစ် ကုပ်တွယ်ကာ ဆင်းကြရပြန်၏။

ကွမ်းတစ်ယာညက်ခန့် ဆက်တိုက် ပြေးလိုက်မိသော အချိန်တွင် ကျွန်ုပ်တို့နောက်မှ လူသံများ ကြားလိုက်ရလေ၏။

"ဟော ... ဦးရေ လူသံတွေ ကြားတယ်။ သူတို့တွေ လိုက်လာ ကြပြီ ထင်တယ်"

ဟု သမီးတော်ကလေး ကြောက်ကြောက်လန့်လန့်နှင့် ပြောလေ၏။ ကျွန်ုပ်လည်း အတွင်းအိတ်တွင် ဝှက်ယူလာသော သာတိအိတ်ခြော လုံးပြူးကို ဆွဲထုတ်လိုက်ကာ –

"မကြောက်ပါနဲ့ သမီးတော်ကလေး။ ဦးအနေနဲ့ သမီးတော်ကလေး ကို အကာအကွယ် ပေးနိုင်ပါတယ်"

ဟု သမီးတော်ကလေးကို အားပေးပြောနေစဉ်မှာပင် သမီးတော် ကလေး၏ နောက်ဘက်တွင်ရှိသော ကျောက်ချပ်ကြီးနှစ်ခုကြားမှ လွန်စွာ ကြီးသော ဝက်ဝံကြီးတစ်ကောင်သည် လှိမ့်ချလာကာ သမီးတော်ကလေး အား ခုန်အုပ်ရန် ပြင်နေတော့၏။ ကျွန်ုပ်လည်း ဘာကိုမျှ စဉ်းစားချိန်မရတော့ ဘဲ သေနတ်နှင့် ထိုးပစ်လိုက်ရလေတော့၏။

"ဒိုင်း ... ဒိုင်း" ဟူသော အသံကြီးနှစ်သံသည် ဟိမဝန္တာတောင် ကြီးပေါ်တွင် ဟိန်းထွက်သွားလေတော့၏။ ဝက်ဝံကြီးလည်း နောက်သို့ လန်ကျကာ ငြိမ်သွားလေတော့၏။ သမီးတော်ကလေးမှာ လန့်ပြီး ကျွန်ုပ်ကို ဖက်ထားလေ၏။

"မကြောက်နဲ့ သမီးတော်လေး၊ ဝက်ဝံကြီးကို ပစ်လိုက်တာ ဒါပေမယ့် ဒီသေနတ်သံကြောင့် လိုက်လာတဲ့သူတွေက ကျုပ်တို့ရှိတဲ့နေရာ သိသွားကြလိမ့်မယ်။ ကဲ ... ပြေးကြစို့ သမီးတော်လေးရေ"





ဟု ပြောကာ သမီးတော်ကလေး၏ လက်ကို ဆွဲ၍ ပြေးရပြန်လေ ၏။

ကျွန်ုပ် ထင်သည့်အတိုင်းပင် လူသံများသည် ကျွန်ုပ်တို့ဘက်သို့ ရောက်လာလေတော့၏။ ကျွန်ုပ်တစ်ယောက်တည်း ပြေးလျှင် လွတ်နိုင် အောင်လည်း သမီးတော်ကလေး ပါလာသဖြင့် ခရီးမတွင်အောင် ဖြစ်နေသော တော့၏။

ကျွန်ုပ်လည်း နောက်က လိုက်လာသူများ၏ အသံသည် နီးသည် ထက်နီးလာသဖြင့် နောက်ဆုံးတွင် သမီးတော်ကလေးကို ပခုံးတွင်ထမ်း၍ ပြေးခဲ့ရလေ၏။ သို့သော် သေနတ်က တစ်ဖက်ရိက္ခာအိတ်ကြီးကတစ်ဖက်နှင့် သမီးတော်ကလေးကို ထမ်း၍ပြေးသောအခါ ခရီးက မပေါက်အောင် ဖြစ်နေ လေ၏။ ထိုအချိန်တွင် တောင်ကုန်း ခပ်မြင့်မြင့်တစ်ခုကို လှမ်းမြင်လိုက်သဖြင့် ကျွန်ုပ်သည် သမီးတော်ကလေးကို လက်ဆွဲကာ တောင်ကုန်းပေါ်သို့ တက်ခဲ့ လေတော့၏။

တောင်ကုန်းပေါ်တွင် နှင်းပွင့်များ ဖုံးနေသည့် ကျောက်တုံးကြီးများ နှင့် ကျောက်ချပ်ကြီးများရှိလေရာ ကျွန်ုပ်တို့လည်း ကျောက်တုံးကြီးများ နောက်တွင် ကပ်၍နေလိုက်ကြလေ၏။ ပြီးလျှင် ကျွန်ုပ်သည် ဝက်ဝံကြီးပစ်ခဲ့ သော ကျည်နှစ်တောင့်အစားအသစ် နှစ်တောင့်ကို ထပ်ထိုးကာ သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်လေ၏။ ယခုအချိန်တွင် သမီးတော် ကလေးရော ကျွန်ုပ်ပါ ခေါင်းစွပ်များချွတ်၍ လွှင့်ပစ်ခဲ့ကြပြီဖြစ်သဖြင့် သမီး တော်ကလေး၏ မျက်နှာကလေးပေါ်တွင် ချွေးများ ရွှဲနေကာ ကြောက်ရွံ့စိုး ရိမ်နေသည်ကို တွေ့နေရလေ၏။

"မကြောက်ပါနဲ့ သမီးတော်ကလေး၊ ကျုပ်တစ်ယောက်လုံး ရှိ နေတာပဲ၊ မကြောက်နဲ့"

ဟု အားပေးလိုက်ရလေ၏။

ထိုအချိန်မှာပင် ကျွန်ုပ်တို့ ပုန်းနေသော တောင်ကုန်းအောက်သို့ လိုက်လာသောလူများ ရောက်လာကြလေ၏။ ဆူညံ ဆူညံနှင့် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ပေါက် အော်ဟစ်ပြောဆိုနေကြလေ၏။ တချို့က ကျွန်ုပ်တို့ ပုန်းနေသေ
တောင်ကုန်းပေါ်သို့ တက်ရှာမည်ဟု ပြောနေပြီး တချို့ကလည်း အချိန်နှော
သွားမည်ဖြစ်သောကြောင့် တက်မရှာဖို့ ပြောနေ၏။ ကျွန်ုပ်လည်း သေနတ်
သာ ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တော့၏။

ထိုကဲ့သို့ တောင်ကုန်းပေါ် တက်ရှာမည်။ ဆက်သွားမည်န
အငြင်းပွားကြပြီးနောက် ခေါင်းဆောင်လာသူက ဆက်လိုက်ရန် ဆုံးဖြ
လိုက်သဖြင့် ဆူညံဆူညံနှင့် ပြောဆိုကာ ထွက်သွားကြလေတော့၏။

သည်တော့မှ ကျွန်ုပ်လည်း ဟင်းချနိုင်ကာ သမီးတော်ကလေး
လက်ကိုဆဲကာ သူတို့နှင့် လမ်းကြောင်းလွှဲ၍ ပြေးခဲ့ရလေတော့၏။

ထိုသို့ ပြေးလာရင်းမှ ကိုသံဟိတ်ကို သတိရသွားလေ၏။ ကို
ဟိတ်တစ်ယောက် ဒိုင်းနမိုက်များခွဲရင်း တစ်ခုခု ဖြစ်သွားလေသလာ
အန္တရာယ်မှ ကင်းပါ့မလား။ ဒါမှမဟုတ် ဒိုင်းနမိုက်ခွဲပြီး အလွတ်ပြေးတုန်းမှ
ဝိုင်းဖမ်းလိုက်ကြလေသလား။ ဖမ်းလို့ကတော့ တစ်ခါတည်း စီရင်လိုက်
တော်ပါသေးရဲ့။ ဟိုနေ့ကလို မြွေစာကျွေးမှဖြင့် မတွေးရဲလောက်အောင်ပါပဲ
တွေးလိုက်မိသောအခါ ကျွန်ုပ်၏ ခြေလှမ်းများသည် ပို၍ သွက်လာခဲ့လေ

သမီးတော်ကလေးမှာ နုနုနယ်နယ်ကလေးဖြစ်သောကြောင့် ဟိ
ဝန္တာ ခရီးကြမ်းကို မနည်းအံ့တုနေရလေတော့၏။ ထိုသို့ သွားရင်းမှ ည
စောင်းခါနီးတွင် ခပ်လှမ်းလှမ်းမှ တောင်ချိုင့်လွင်ပြင်ကြီးတစ်ခုကို လှမ်းမြင်ရ
မီးခိုးတလူလူ ထွက်နေသည့် ရွာကလေးတစ်ရွာကိုပါ တွေ့လိုက်ရသ
ကျွန်ုပ်လည်း အားတက်သွားမိလေတော့၏။

သို့ဖြင့် ပတ်ဝန်းကျင်ကို သေသေချာချာ အကဲခတ်ပြီး တောင်က
ပါးကို ကြိုးဖြင့် ဆင်းခဲ့ကြလေ၏။ ရွာအနီးသို့ ရောက်သောအခါ သမီးတေ
ကလေးကို ချုံကြီးတစ်ခုအနီးတွင် ပုန်းနေစေ၍ ကျွန်ုပ်သည် ရွာထဲသို့
ခဲ့လေ၏။

ကျွန်ုပ်တွင် ကိုသံဟိတ် ပေးလိုက်သော ရွှေဒင်္ဂါးပြားများပါလေ
လုံခြုံစိတ်ချရသည့် အိမ်တစ်အိမ်သို့ဝင်ကာ ရွှေဒင်္ဂါးပြားသုံးပြားပေး၍ ကျ





တို့အတွက် အိန္ဒိယလယ်သမားများဝတ်သည့် အဝတ်အစားများ တစ်ယောက်
တစ်စုံ ပေးရန် ယခုညအတွက် ညစာကျွေးရန်၊ အိပ်ရာနေရာစီစဉ်ပေးရန်နှင့်
ရန်သူများ လိုက်ပါလာကာ ကျွန်ုပ်တို့အား လုံခြုံအောင်ကောင်းအောင် ဝှက်ပေးရန်
တို့ကို စည်းရုံးပြောဆိုလေရာ အဆင်ပြေသဖြင့် ကျွန်ုပ်နှင့် သမီးတော်လေးတို့
အတွက် အိမ်ကြီးတစ်လုံး၏ နောက်ဘက်မှ မြေသားအခင်းနှင့် သက်ဘယ်မိုး
နံ့ရံကာ တဲပိုင်းကလေးတစ်လုံး စီစဉ်ပေးလေ၏။

ပြီးလျှင် မီးလှုံရန် ထင်းအပြည့်အစုံကို ပေးလေ၏။ ကျွန်ုပ်လည်း
အခြေအနေအားလုံး စိတ်ချရသဖြင့် သမီးတော်လေး ရေဆူနိုကို သွား၍ခေါ်
လိုက်ကာ ရေမိုးချိုးစေ၍ အိန္ဒိယလယ်သူမများကဲ့သို့ ဝတ်ဆင်စေ၏။

ကျွန်ုပ်ကိုယ်တိုင်လည်း အိန္ဒိယလယ်သမား အဝတ်အစားများကို
ပြောင်းလဲဝတ်လိုက်လာ၏။ ပြီးလျှင် ကျွန်ုပ်တို့အတွက် ယူလာပေးသော
နံ့များ၊ ညစာ ထမင်းဟင်းများကို သမီးတော်လေးအား ကျွေးရလေ၏။
ညစာ စားသောက်ပြီးသောအခါ သမီးတော်လေးအတွက် မီးဖိုပေး၍ အိပ်ရာ
ခင်းပေးကာ ကျွန်ုပ်၏ သမီးအရင်းကလေးကဲ့သို့ ဂရုတစိုက် အိပ်နိုင်းရလေ၏။

ကျွန်ုပ်ကိုယ်တိုင်မှာကား သေနတ်ကို မောင်းတင်ကာ မီးဖိုအနီးတွင်
ထိုင်၍ ငိုက်လိုက်နိုးလိုက်ဖြင့် မိုးလင်းခဲ့ရလေ၏။

ကျွန်ုပ်လည်း တစ်ညတာတည်းခိုရသော အိမ်မှ လွန်စွာစိတ်
ကောင်းရှိသည့် လယ်သမားကြီးသည် လမ်းညွှန်ပေးလိုက်သဖြင့် အနီးဆုံးလမ်း
ကြောင်းကို သိသွားကာ နေလုံးကြီး ထွက်လာချိန်တွင် အစားအသောက်များ
ားကာ တောင်ပေါ်သို့ ပြန်တက်ခဲ့လေ၏။

ထိုအချိန်တွင် သမီးတော်ကလေးမှာ အိပ်ရေးဝအောင် အိပ်ပစ်လိုက်
ပြီး အစားအသောက်များလည်း ကောင်းကောင်းမွန်မွန် စားခဲ့ရသဖြင့်
န်းဆန်းနေသည်ကို တွေ့ရလေ၏။

ထိုနေ့က တစ်မနက်လုံး ခရီးဆက်ခဲ့ပြီးနောက် သမီးတော်ကလေး
မ်းနယ်လာသောကြောင့် ကျောက်ဂူကြီးတစ်ခုတွင် ဝင်၍ သိပ်ထားရလေ
တော့၏။ မွန်းလွဲချိန်လောက် ရောက်သောအခါတွင် ခွေးသံများ ကြားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ခေါင်းမမ်းကြီးသွားကာ သမီးတော်ကလေးကိုနိုး၍ ပြေးကြရပြန်၏။

အတော်ကလေး ပြေးမိသောအချိန်တွင် နောက်သို့လှည့်ကြည့်လိုက်သောအခါ နွားပေါက်ကလေးအရွယ်လောက်ရှိသော ခွေးကြီးနှစ်ကောင်နှင့် ခေါင်းတုံးကြီး ဆယ်ယောက်တို့သည် တောင်ကမ်းပါးတစ်ခု ခပ်သုတ်သုတ် ဆင်းလာသည်ကို တွေ့ရလေ၏။

ခွေးကြီးနှစ်ကောင်သည် ကျွန်ုပ်တို့၏ အနံ့ကို ရသွားပုံရလေ၏ ဝူးဝူးဝါးဝါး မြည်ဟိန်းကာ တစ်ရှိန်ထိုး ပြေးလာသည်မှာ ကျွန်ုပ်တို့နှင့် ကိုက်သုံးဆယ်မျှသာ လိုတော့၏။ ခေါင်းတုံးကြီးများမှာကား တောင်ခွယ်တစ်ခုတွင် ပျောက်ကွယ်နေသေး၏။

ကျွန်ုပ်လည်း သမီးတော်ကလေး၏ လက်ကိုဆွဲကာ တစ်ရှိန်ထိုး ပြေးရင်း တုံ့ခနဲ ရပ်သွားလေတော့၏။

"ဟာ ... ချောက်ကြီးပါလား။ အောက်မှာလည်း ချောင်းတစ်ခု"

ဟု ပြော၍ လှည့်ကြည့်လိုက်သောအခါတွင် ခွေးကြီးနှစ်ကောင်မှာ အတော် ပင်နီးလာပြီဖြစ်သဖြင့် သမီးတော်ကလေးကို ကျွန်ုပ်၏နောက်သို့ ပို့ထားလိုက်ပြီး သေနတ်ကို အသင့်ပြင်ထားလိုက်လေတော့၏။ သို့သော် ကျွန်ုပ်တွေးထားသကဲ့သို့ ဖြစ်မလာဘဲ ခွေးကြီးနှစ်ကောင်မှာ ပြိုင်တူခုန်ဝင်လာလေရာ ကျွန်ုပ်သည် တစ်ကောင်၏ ဖြဲထားသော ပါးစပ်ကြီးထဲသို့ ကျည်တစ်တောင့်ကို ပစ်သွင်းလိုက်ရာ နောက်သို့လန့်၍ ပြုတ်ကျသွားလေ၏။

နောက်တစ်ကောင်ကိုမူ မည်သို့မျှ ကာကွယ်နိုင်မည် မဟုတ်မှန်းသိသဖြင့် ဖြစ်လိုရာဖြစ်စေဟုပင် သဘောထားလိုက်ရလေ၏။

ထိုစဉ်မှာပင် မယုံနိုင်လောက်သော အဖြစ်တစ်ခုကို ကြုံလိုက်ရလေတော့၏။

'ဒိုင်း'ခနဲမြည်သွားသော သေနတ်သံတစ်ချက်ကို ကြားလိုက်ရပြီး ဒုတိယ ခွေးကြီးသည် ကျွန်ုပ်၏ မျက်နှာအနီးရောက်မှ ချာလပတ်လည်ကာ ဘုန်းခနဲ ကျသွားလေတော့၏။ ကျွန်ုပ် အံ့ဩနေစဉ်မှာပင် ကျွန်ုပ်တို့အနီး





တောင်ကမ်းပါးပေါ်မှ လျှောဆင်းလာသော ကိုသံဟိတ်ကို တွေ့လိုက်ရလေ၏။

ထိုအချိန်တွင် ကျွန်ုပ်၏ ရင်ထဲတွင် ဝမ်းသာလိုက်သည်မှာ ပြောပြနိုင်လောက်ပင် ဖြစ်သွားလေတော့၏။

"ဟာ ... ကိုသံဟိတ်"

ဟု ကျွန်ုပ်သည် အော်ခေါ်မိလေတော့၏။

"မောင်တောအုပ် သမီးတော်ကလေးကို ဟိုသစ်ပင်ကြီးနောက်မှာ ကွယ်နေပစေ"

ဟု ကိုသံဟိတ်က လှမ်းအော်ရင်း နောက်မှ လိုက်လာသော ခေါင်းတုံးကြီးများကို သေနတ်နှင့် လှမ်းပစ်လေ၏။ ကျွန်ုပ်ကလည်း ကျွန်ုပ်လက်ထဲမှ သေနတ်နှင့် လှမ်းပစ်လေ၏။ ခေါင်းတုံးကြီးတစ်ယောက် လဲကျသွားပြီးနောက် ကျန်လူများသည် တန့်သွားလေ၏။

ထိုစဉ်မှာပင် တောင်ကမ်းပါးမှ နောက်ထပ်ခေါင်းတုံးကြီး ဆယ်ယောက်လောက် ထပ်မံဆင်းလာသည်ကို တွေ့လိုက်ရသဖြင့် –

"မောင်တောအုပ်ရေ အခြေအနေတော့ မကောင်းဘူးကွယ့်။ ဒီကောင်တွေ လူစုပြီး ကျုပ်တို့ကို အတင်းဝင်လုံးလိမ့်မယ်။ ဒီကောင်တွေက အသံခံဖို့ နည်းနည်းမှာ ဝန်လေးတာ မဟုတ်ဘူးကွယ့်။ ဒီတော့ သမီးတော်လေးကို ခေါ်ပြီး ကမ်းပါးကနေ ချောင်းထဲကို ခုန်ချပေတော့။ ပြီးရင် ဟိုဘက်ကမ်းကို ရောက်အောင် ကူးပေတော့။ ကျုပ် ဒီက ကာပစ်ပေးမယ်။ မောင်တောအုပ်ရဲ့ သေနတ် ကျုပ်ကို ပေးခဲ့၊ ကျည်ဆန်ကုန်အောင်ပစ်ပြီးမှ ကျုပ် ခုန်ချပြီးလိုက်ခဲ့မယ်။ ကဲ ... သွား ... သွား အချိန်မရှိတော့ဘူး"

ဟု ကိုသံဟိတ်က ပြောလေလျှင် ကျွန်ုပ်လည်း စဉ်းစားမနေတော့ဘဲ ကိုသံဟိတ်ကို သေနတ်ပေး၍ သမီးတော်ကလေးကို သွားခေါ်ကာ ကမ်းပါးမှ ခုန်ချလိုက်လေတော့၏။

ရေထဲသို့ ဝုန်းခနဲ ကျသွားသောအခါ စိမ့်ခနဲ ဖြစ်သွားလေတော့၏။ ရေမှာ အံ့ဩစရာကောင်းလောက်အောင် အေးနေတော့၏။ ရေစီးလည်း



www.burmeseclassic.com

www.burmeseclassic.com



အလွန်သန်လှသဖြင့် ကျွန်ုပ်သည် သမီးတော်ကလေး၏ လက်ကို မလွှတ်ခဲ့ဘဲ တစ်ဘက်ကမ်းသို့ ကြိုးစားကူးနေရလေ၏။

ထိုစဉ်မှာလည်း ကမ်းပါးကြီးပေါ်မှ သေနတ်သံများ အဆက်မပြတ်ကြားနေရလေ၏။ ကျွန်ုပ်တို့လည်း တစ်ဘက်ကမ်းသို့ ရောက်သွားပြီး ကမ်းစပ်မှ ချုံပုတ်ကြီးများကိုကွယ်၍ တစ်ဘက်ကမ်းသို့ လှမ်းကြည့်လိုက်ရာ ခေါင်းတုံးကြီးများ ညာသံပေး၍ အော်သံကို ကြားလိုက်ရပြီး သေနတ်သံ သုံးလေးချက် ဆက်တိုက်ပေါ်လာကာ ကိုသံဟိတ် ရေထဲသို့ ခုန်ချလာသည်ကို တွေ့ရလေ၏။

ကိုသံဟိတ်လည်း ရေထဲအရောက် ခေါင်းတုံးကြီးများလည်း ကမ်းပါးထိပ်သို့ ရောက်လာကာ လုံရှည်ကြီးများနှင့် ကိုသံဟိတ်ကို ဝိုင်းပစ်ကြလေ၏။

ကျွန်ုပ်လည်း ဘယ်အချက်များ ရေထဲမှ သွေးကွက်ကြီးများ ပေါ်လာမလဲဟု အသည်းတယားယားနှင့် ကြည့်နေမိတော့၏။ ထိုစဉ်မှာပင် ကိုသံဟိတ်သည် ရေထဲသို့ ငုပ်ကာ ပျောက်သွားလေတော့၏။

ခေါင်းတုံးကြီးများလည်း ကမ်းပါးကြီးပေါ်မှ အတန်ကြာ ရပ်ကြည့်နေကြပြီးနောက် လှည့်ပြန်သွားကြလေတော့၏။ ခဏကြာသောအခါ ခပ်လှမ်းလှမ်း ချုံပုတ်ကြီးများအကြားမှ ကိုသံဟိတ် ထွက်လာသည်ကို တွေ့လိုက်ရသဖြင့် သမီးတော်ကလေးမှာ ဝမ်းသာအားရ လက်ခုပ်တီးလိုက်လေတော့၏။

လမ်းတွင်တွေ့သော ရွာကလေးတစ်ရွာတွင် ရွှေဒင်္ဂါးပြားများ ပေး၍ တည်းခိုကာ အဝတ်အစားများ လဲလိုက်ကြရလေ၏။ ထိုရွာကလေးမှ ထွက်ခွာခဲ့ပြီးနောက် တစ်နေ့ညသို့ရောက်လျှင် ကျွန်ုပ်တို့သည် ဆရီနဂါသို့ ပြန်ရောက်ကြလေတော့၏။ သမီးတော်ကလေး ရေဆူနီကိုလည်း မဟာရာဂျာနှင့် မိဖုရား မာယာဝတီတို့၏ရင်ခွင်သို့ ဘေးကင်းစွာ အပ်နှံနိုင်ခဲ့လေ၏။

တစ်နှစ်ကျော်ကြာအောင် ပျောက်ဆုံးနေသော သမီးကြောက်ရွံ့နေခဲ့ရသည့် ရန်သူများလက်မှ လွတ်မြောက်ခဲ့ရခြင်း၊ ဤတစ်သက် ပြန်ဆုံရတော့မည် မဟုတ်ဟု ထင်မှတ်ထားကြသော သမီးတော်ကလေးမှာလည်း





ဘေးအန္တရာယ် ကင်းရှင်းစွာ ပြန်လည်ရောက်ရှိလာခြင်းတို့ကြောင့် ဝမ်းသာပျော်ရွှင်နေကြကာ ဆရီနဂါမြို့ကြီးအတွင်းတွင် မဏ္ဍပ်ကြီးထိုးပြီး လှည်းနေလှအောင်း မြင်းစောင်းမကျန် အယုတ်အလတ် မမြွတ်မရွေး ဖိတ်ကြားကာ အလှူကြီးပေး လှူကျွေးလေတော့၏။

ကျွန်ုပ်နှင့် ကိုသံဟိတ်လည်း အလှူပွဲကြီးကို ကြည့်ကာ အလွန်ပီတိဖြစ်ကြရလေ၏။ ရာဂျူးကြီးကလည်း သမီးတော်ကလေးကို ပခုံးပေါ်တွင် ထမ်း၍ အလှူပွဲကြီးတွင် လျှောက်သွားနေလေ၏။ အပျိုကြီးဖားဖား ဖြစ်နေပြီဖြစ်သော ရေဆူနီကလည်း ကလေးလေးကဲ့သို့ ရာဂျူး၏ ပခုံးပေါ်မှ လိုက်နေလေတော့၏။

ထိုအလှူပွဲကြီး ပြီးလျှင်ပြီးချင်းမှာပင် မဟာရာဂျာနှင့် မိဖုရားတို့သည် ကိုသံဟိတ်နှင့် ကျွန်ုပ်ကို နန်းတော်ဝင်းကြီးအတွင်း၌ ခမ်းခမ်းနားနား ဂုဏ်ပြုပွဲ ပြုလုပ်လေ၏။ ရတနာပစ္စည်းများလည်း လက်ဆောင်ပေးလေ၏။

ကျွန်ုပ်တို့ ဆရီနဂါမှ အပြန်တွင် နန်းတွင်းသူ နန်းတွင်းသားအားလုံးသည် လမ်းတစ်လျှောက်မှ အရိုအသေပေး၍ နှုတ်ဆက်ကြလေ၏။ ရာဂျူးနှင့် သမီးတော်ကလေး ရေဆူနီတို့မှာ မျက်ရည်ဝဲသော မျက်လုံးကြီးများနှင့် ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြလေတော့၏။

ကျွန်ုပ်တို့လည်း မြန်မာပြည်သို့ တန်းမပြန်သေးဘဲ ဗုဒ္ဓဂါယာသို့ဝင်ကာ ဘုရားဖူးကြလေ၏။ ပြီးတော့မှ မီးသင်္ဘောကြီး စီးကာ ရန်ကုန်သို့ ပြန်လာခဲ့ကြလေသတည်း။

ဝေမင်းအိမ်

www.burmeseclassic.com